
http://www.dhammadownload.com



http://www.dhammadownload.com

# သာမဏေကျော်

# တောင်ကိုရီးယားသို့ ဝိပဿနာခရီး

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက် ● ၃၂၀၂၃၇၀၄၀၇

မျက်နှာဖုံးခွင့်ပြုချက် ● ၃၂၀၁၅၃၀၂၀၇

အုပ်ရေ ● ၁၀၀၀

တန်ဖိုး ● ၁၃၀၀ ကျပ်

ပုံနှိပ်ခြင်း ● ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ
ပထမအကြိမ်

မျက်နှာဖုံးနှင့် ● ဦးအောင်ထက် (၀၈၀၀၃)
အတွင်းပုံနှိပ် အောင်ပါရမီပုံနှိပ်တိုက်
အမှတ်-၁၂၇၊ အခန်း-၃၊ ၅၂-လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ ● ဦးကျော်ဟင်း (၀၉၁၀)
ယုံကြည်ချက်စာပေ
အမှတ် (၁၁၁)၊ ၃၃-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းဖလင် ● ကိုမြင့်သူ

မျက်နှာဖုံးဒီဇိုင်း ● ကိုအောင်လွင်


## သာမဏေကျော်စာပေ


သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်
(လှော်ကားဥယျာဉ်အနီး)
မှော်ဘီမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၇၀၉၆၈၀

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | မြန်မာမှ ကိုရီးယားသို့ | ၁ |
| ၂။ | နာမည်ကြီး (၂) ခု | ၃ |
| ၃။ | သူတို့ (၃) ပါး | ၅ |
| ၄။ | ခုံခုံမင်မင် | ၇ |
| ၅။ | အလှသရဖူ | ၉ |
| ၆။ | ဆေးရုံသံသရာ | ၁၁ |
| ၇။ | အာဆန်ဆေးရုံကြီးပေါ်က အချောလေးတွေ | ၁၃ |
| ၈။ | သူတို့ရဲ့ ကျေးဇူးတွေ | ၁၅ |
| ၉။ | အဟော ဒုက္ခံ | ၁၇ |
| ၁၀။ | ဝ လုံးတွေ | ၁၉ |
| ၁၁။ | ဟန်နဲ့ ဝမ် | ၂၁ |
| ၁၂။ | ဆေးရုံကြီးပေါ်က ဘုရားခန်း | ၂၃ |
| ၁၃။ | နွေးနွေးထွေးထွေး လှိုက်လှိုက်လှဲလှဲ | ၂၅ |
| ၁၄။ | ဖွင့်ပွဲ | ၂၈ |
| ၁၅။ | ဖွင့်ပွဲရဲ့ နောက်နေ့ | ၃၀ |
| ၁၆။ | ကြီးမားလှပါပေတယ် | ၃၂ |
| ၁၇။ | ယောဂီ | ၃၄ |

http://www.dhammadownload.com


၁၈။ သေချင်သေ ၃၆
၁၉။ သစ်ပင်နဲ့ယောဂီ ၃၈
၂၀။ အခြေခံ ၄၀
၂၁။ အမေးအဖြေ ၄၂
၂၂။ ပန်းလှလှတွေ ပွင့်လာစေဖို့ ၄၄
၂၃။ အချိန်ဇယား ၄၈
၂၄။ ရှက်မိပါတယ် ၅၀
၂၅။ အံ့ဩစရာတွေပါပဲ ၅၂
၂၆။ သတင်းထောက်တွေ ၅၄
၂၇။ စိတ်ကူးယဉ်စာအုပ်လေး ၅၆
၂၈။ အားလုံး အားလုံး အနိစ္စ ၅၈
၂၉။ ညွန့်ထဲက လူ ၂ ယောက် ၆၀
၃၀။ အလေ့အလာ ၆၂
၃၁။ အကောင်းဆုံး မိတ်ဆွေ ၆၄
၃၂။ မြင်တွေ့ရသမျှ ၆၆
၃၃။ နတ်သုဓာလိုပဲ ၆၈
၃၄။ သုသာန်နားက ပန်းဘုရင်မ ၇၀
၃၅။ အယဉ်နဲ့အလှ ၇၂
၃၆။ အလှချင်းပြိုင် ၇၄
၃၇။ အမှတ်တရစကား ၇၆
၃၈။ တော်ပါသေးရဲ့ ၇၈
၃၉။ ကွမ်းသွေးနဲ့ဆေးလိပ်တို ၈၀
၄၀။ မဟာဂန္ဓာရုံရဲ့လက်ာလေး ၈၂
၄၁။ ကူညီပေးရပါတယ် ၈၄

http://www.dhammadownload.com


၄၂။ ကရုဏာသက်စရာ ၈၆

၄၃။ အင်တာနက်ထဲ ၈၈

၄၄။ သူ့အလှ ကိုယ့်အလှ ၉၀

၄၅။ ဒါပေမဲ့ ၉၂

၄၆။ စောင်းသင်သူ ၂ ဦး ၉၄

၄၇။ အမြွှာညီနောင်ရဲ့ဖခင် ပါမောက္ခ ၉၆

၄၈။ မဟာယာန ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ၉၈

၄၉။ ဘုန်းကြီးကျောင်း အစားအစာ ၁၀၀

၅၀။ အတွေး အဝေးကို ပြေးပြီ ၁၀၂

၅၁။ ခင်မင်မှုနဲ့ အရသာ ၁၀၄

၅၂။ နန်းတော်ကြီး ၁၀၆

၅၃။ မြင်ပါများရင် ၁၀၈

၅၄။ ဝိပဿနာနဲ့ ကင်ချီ ၁၁၀

၅၅။ ဒီပဲယင်းဆရာတော်ကြီးရဲ့ လင်္ကာလေး ၁၁၂

၅၆။ အနှစ်ချုပ် ၁၁၄

၅၇။ ဆရာဝန်ကြီး ၁၁၆

၅၈။ ပဟေဠိ ၁၁၈

၅၉။ ကင်ချီ ၁၂၀

၆၀။ အခေါ်အဝေါ် ၁၂၃

၆၁။ ဘုန်းကြီး ဦးတောက်ထိန် ၁၂၅

၆၂။ ကင်ချီကို မုန်းချင်မုန်းပါ ၁၂၇

၆၃။ ကာလနဲ့ ပဋ္ဌာစာရာ ၁၂၉

၆၄။ အေးမြတဲ့ အလှ ၁၃၁

၆၅။ နောက်ဆုံးမှာတော့ ၁၃၂

http://www.dhammadownload.com


၆၆။ တောင်ကိုရီးယားက ဗုဒ္ဓနေ့ ၁၃၅

၆၇။ ကြောက်ကြတယ်တဲ့ ၁၃၇

၆၈။ တင့်တယ်သူ ၁၃၉

၆၉။ ဂဝေသီ ၁၄၁

၇၀။ အလျှင်အမြန် ၁၄၃

၇၁။ ညီမ (၃) ဖော် ၁၄၅

၇၂။ ဘုန်းကြီးကိုယ်တိုင် ကားမောင်းပို့ ၁၄၇

၇၃။ ခေတ်စားလာလေလေ ၁၄၉

၇၄။ မေခနဲ့ မေလိခပမာ ၁၅၁

၇၅။ အမှန်ကို သိနိုင်ဖို့ရာ ၁၅၃

၇၆။ အီးမေးလ်မှတစ်ဆင့် ၁၅၅

၇၇။ ရွှေလက်တွဲ၍ ၁၅၇

၇၈။ ကဆုန်လပြည့်နေ့ ၁၅၉

၇၉။ လိုရင် ရှာက နည်းလမ်း ရ ၁၆၁

၈၀။ ရှေ့သို့ တက်လှမ်း ၁၆၃

၈၁။ သူတို့ ရယ်နေကြတယ် ၁၆၆

၈၂။ အသီး၊ အရွက်၊ အသား ၁၆၈

၈၃။ အသံလွှင့်တရားတော် သောဘနသုတ္တန် ၁၇၀

၈၄။ ကျွန်းလေးထဲက စပါးပင် ၁၇၂

၈၅။ ခံနိုင်ရည် ၁၇၄

၈၆။ သာမဏေကျော် မဟာဂန္ဓာရုံက
အခြေအနေလေးတွေ ၁၇၆

၈၇။ အဖြေ ၁၇၈

၈၈။ သိန်း (၁၀၀) တဲ့ ၁၈၀

http://www.dhammadownload.com


| | | |
|---|---|---|
| ၈၉။ | တူညီမှုတစ်ခု | ၁၈၂ |
| ၉၀။ | အအေးမိပြီး | ၁၈၄ |
| ၉၁။ | ကြိုးဖြုတ်လှော်မှ | ၁၈၆ |
| ၉၂။ | ဆိုးလ်က မျှော်စင်ကြီး | ၁၈၈ |
| ၉၃။ | ဝမ်းသာရမလိုလို | ၁၉၀ |
| ၉၄။ | ရုပ်ရှင်ကြည့်ရသလိုပါပဲ | ၁၉၂ |
| ၉၅။ | အပြေးပြိုင်သူလို | ၁၉၄ |
| ၉၆။ | သူ့လှေ၊ ကိုယ့်လှေ | ၁၉၆ |
| ၉၇။ | ဒေါသကျေးကျွန် | ၁၉၈ |
| ၉၈။ | လာရောက်အားထုတ်ကြသူတွေ | ၂၀၀ |
| ၉၉။ | သူတို့ရဲ့ အပြောလေးတွေ | ၂၀၂ |
| ၁၀၀။ | အောင်နိုင်ခဲ့တဲ့ စစ်ပွဲ | ၂၀၄ |
| ၁၀၁။ | အောင်ပွဲနေ့ | ၂၀၆ |
| ၁၀၂။ | အောင်ပွဲအစီအစဉ် | ၂၀၈ |
| ၁၀၃။ | အကြီးဆုံး ဗုဒ္ဓဘာသာတက္ကသိုလ်ကြီး | ၂၁၀ |
| ၁၀၄။ | ဗုဒ္ဓဟူးသမီး | ၂၁၂ |
| ၁၀၅။ | ခွဲခွာခါနီး | ၂၁၄ |
| ၁၀၆။ | ညရှုခင်းအလှ | ၂၁၆ |
| ၁၀၇။ | ဖွင့်ပွဲ | ၂၁၈ |
| ၁၀၈။ | အရိယာရှာနေတဲ့ ဒကာမကြီး | ၂၂၀ |
| ၁၀၉။ | ရှေးဟောင်းရွာလေး | ၂၂၂ |
| ၁၁၀။ | တောင်ကိုရီးယားရဲ့ ပုဂံတဲ့ | ၂၂၄ |
| ၁၁၁။ | အံ့သြစရာ မြင်ကွင်း | ၂၂၆ |
| ၁၁၂။ | ခရီးနိဂုံး | ၂၂၈ |

http://www.dhammadownload.com

# မြန်မာမှ ကိုရီးယားသို့

မမနာပိကာ - တဲ့။ ကိုရီးယား သီလရှင် ဆရာလေးပါပဲ။ ရန်ကုန် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှာ ပိဋကစာပေတွေကို မြန်မာဘာသာနဲ့ သင်ယူနေတယ်။ ပဏ္ဍိတာရာမ ဆရာတော်ကြီးနဲ့ အခြားကမ္မဋ္ဌာန်းဆရာတော်တွေ တရားဟော၊ တရားအတွေ့အကြုံ မေးမြန်းတဲ့အခါမှာ သူက ကိုရီးယားဘာသာစကားနဲ့ ပြန်ပေးလေ့ရှိတယ်။ သူမရဲ့ ဦးဆောင်မှုနဲ့ တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တော်မှ ပဏ္ဍိတာရာမ အပြည်ပြည်ဆိုင်ရာ တရားရိပ်သာအဖွဲ့က ပဏ္ဍိတာရာမ ဆရာတော်ကြီးနဲ့ သာမဏေကျော်ကို သတိပဋ္ဌာန်တရား ဟောကြားပြသပေးဖို့ ပင့်ပါတယ်။ မဝိမလညာနီ (နီပေါဆရာလေး) လည်း လိုက်ပါလာပါတယ်။ မမနာပိကာက အရင်ကြိုတင်ပြီး ကိုရီးယားကို ပြန်သွားနှင့်ပါတယ်။ ပဏ္ဍိတာရာမ ဆရာတော်ကြီးရယ်၊ သာမဏေကျော်၊ မဝိမလညာနီရယ် ဒီသုံးဦးက နောက်မှ လိုက်သွားကြပါတယ်။ ၁၁-၄-၂၀၀၆၊ တန်ခူးလဆန်း ၁၃ ရက်၊ ၁၃၆၇ ခုနှစ်၊ ည ၈ နာရီ၊ ၁၀ မိနစ် အချိန် ရန်ကုန်လေဆိပ်မှ ထိုင်းကို တီဂျီလေယာဉ်နဲ့ ထွက်ခွာခဲ့ကြပါ

http://www.dhammadownload.com



တယ်။ ထိုင်း၊ ဗန်ကောက်လေယာဉ်ကွင်းမှ ည ၁၂ နာရီ၊ ၁၀ မိနစ်မှာ တီဂျီလေယာဉ်နဲ့ပဲ တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့ကို ခရီးဆက်ခဲ့ကြပါတယ်။ ၁၂-၄-၂၀၀၆ နေ့၊ နံနက် ၈ နာရီ၊ ၁၀ မိနစ် မှပဲ ဆိုးလ်မြို့အနီးက အင်ချန်းမြို့ရှိ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းကို ရောက်ကြပါတယ်။ မမနာပိကာရယ်၊ သူမရဲ့မိခင် ဒေါ်သုဒန္တာ ရယ်၊ ဖခင် ဦးဇနပ္ပိယရယ်၊ အခြားပဏ္ဍိတာရာမ ယောဂီဟောင်းတွေရယ် လေယာဉ်ကွင်းမှာ လာကြိုကြ ကားနဲ့ ပဏ္ဍိတာရာမ အပြည်ပြည်ဆိုင်ရာ တရားရိပ်သာကို သွားခဲ့ကြပါတယ်။

http://www.dhammadownload.com

# နာမည်ကြီး (၂) ခု

မမနာပိကာရဲ့မိခင် ဒေါ်သုဒန္တာက ကားပေါ် တက်ပြီးစ အချိန်လေးမှာ "အရှင်ဘုရား နေကောင်းပါသလား"ဟု မြန်မာဘာသာနဲ့ မေးပါတယ်။ သူမကို မြန်မာလို ပြောတတ်မယ်လို့ မထင်မိလို့ အဲဒီလို ပြောလာတဲ့အခါ အံ့ဩသွားမိပါတယ်။ ကိုယ့်မြန်မာဘာသာနဲ့ နိုင်ငံခြားသားကဖြစ်စေ၊ နိုင်ငံခြားသူက ဖြစ်စေ ပြောလာတာကို ကြားရရင် မြန်မာတွေမှာ ဝမ်းသာသွားတတ်တာဟာ ဓမ္မတာပါပဲ။ ကိုရီးယား စတဲ့ နိုင်ငံခြားသားတွေကလည်း သူတို့ဘာသာစကားနဲ့ အခြားနိုင်ငံသားဖြစ်သူတွေက ပြောလာရင်လည်း သဘောကျ ဝမ်းသာသွားတတ်ကြတာပါပဲ။ ပဏ္ဍိတာရာမ အပြည်ပြည်ဆိုင်ရာ တရားရိပ်သာမှာ နေ့ဆွမ်းဘုဉ်းပေးကြရပါတယ်။ ကိုရီးယားအစားအစာနဲ့ ဆက်ကပ်ကြပါတယ်။ တူနဲ့မစားတတ်လို့ ဇွန်း၊ ခက်ရင်းနဲ့ပဲ စားခဲ့ပါတယ်။ ဆွမ်းအနည်းငယ်ကို ကြွေပန်းကန်အလုံးထဲမှာ ထည့်ထားပါတယ်။ ဟင်းတွေကတော့ ကိုရီးယားအစားအစာ ဟင်းတွေပါပဲ။ ကိုရီးယားတွေ အလွန်ကြိုက်နှစ်သက်တဲ့ မုန်လာချဉ်ဖတ်လည်း ပါပါတယ်။ ပဏ္ဍိတာရာမဆရာတော်ကြီးက သစ်သီးတွေကိုဆွမ်းမဘုဉ်းပေးသေးခင် အရင်ဘုဉ်းပေးလေ့ရှိပါတယ်။ ကိုရီးယားမှာ သစ်တော်ကြီးကြီးတွေ ပေါများပါတယ်။ ကိုရီးယားက သစ်တော်သီးဟာ နာမည်ကြီးပါသတဲ့။ သစ်တော်သီးအပြင် စတော်

http://www.dhammadownload.com



ဘယ်ရီသီး၊ စပျစ်သီးတွေလည်း ပါပါတယ်။ မုန့်တွေလည်း ပါပါတယ်။ ဆိုးလ်လေယာဉ်ကွင်းမှာ မဝိမလညာနီ ရန်ကုန်မှ သယ်ယူခဲ့တဲ့ ငှက်ပျော သီး၊ သရက်သီး၊ သဘော်သီးတွေကို ယူခွင့်မပေးပါ။ စက္ကူသေတ္တာကို ဖောက်ပြီး ယူထားလိုက်ကြပါတယ်။ သူတို့ မသိဘဲ ကျန်ရစ်တဲ့ မြကျောက် သရက်သီးတချို့တော့ လွတ်ထွက်လာပါသေးတယ်တဲ့။ ကိုရီးယားနိုင်ငံ မှာ ရာသီဥတုက အေးလွန်းလို့ ဆလတ်စတဲ့ စားပင်တွေကို ပလတ် စတစ် ပေါင်းမိုးကုပ်တွေနဲ့ စိုက်ထားတာကို တွေ့ရပါတယ်။ သစ်တော် သီးပင်တွေကို တောင်အပေါ်မှာ ပိုက်ကွန်တွေ မိုးရံထားတာ တွေ့ရပါ တယ်။

http://www.dhammadownload.com

# သူတို့ (၃) ပါး

ရန်ကုန်လေဆိပ် လေယာဉ်ပေါ်အတက်မှာ ဓမ္မကထိက ဆရာတော် ဦးဉာဏိဿရ၊ ဆရာတော် ဦးနန္ဒမာလာဘိဝံသနဲ့ အခြားရဟန်းတစ်ပါးကိုလည်း တွေ့ခဲ့ရပါတယ်။ အခြားရဟန်းတစ်ပါးက သာမဏေကျော်ရဲ့ ကပ်လျက်ထိုင်ခုံမှာ ထိုင်တာမို့ သူ့ဘွဲ့ကို မေးကြည့်ပါတယ်။ ဦးပုဏ္ဏောဘာသတဲ့။ တရုတ်နိုင်ငံမှာ ဗုဒ္ဓဘာသာအကြောင်း ပြောဟောဖို့ သွားကြပါတယ်တဲ့။ ကပ္ပိယကာရကတွေအဖြစ် ဒေါက်တာမျိုးမြင့်နဲ့ ဒေါက်တာကံမြင့်တို့ လိုက်ပါကြတယ်တဲ့။ အဲဒီရဟန်း ၃ ပါးလုံး သင်္ကန်းရုံထားကြပါတယ်။ သပိတ်ကိုတော့ မတွေ့ရပါ။ အိတ်ကို ဦးဉာဏိဿရလက်မှာ ဆွဲသွားတာ မတွေ့ရပါ။ အခြားရဟန်း ၂ ပါး ဆွဲသွားတာကိုတော့ တွေ့ရပါတယ်။ ဦးဉာဏိဿရနဲ့ ဦးနန္ဒမာလာတို့က ပဏ္ဍိတာရာမဆရာတော်ကြီးကို ဗန်ကောက်လေယာဉ်ကွင်းမှာ မတ်တတ်ရပ် လက်အုပ်ချီလျက် အရိုအသေပေးကာ နှုတ်ဆက်စကား ပြောကြားသွားကြပါတယ်။ ဦးနန္ဒမာလာခမျာ ဇက်ကြောနဲ့ ပတ်သက်ပြီး ဒုက္ခရောက်နေပုံပေါ်ပါတယ်။ စောင်းစောင်းနဲ့ခေါင်းလှုပ်ရှားနေပါတယ်။ တုန်ချည့်ချည့်ဖြစ်နေပါတယ်။ မြင်ရတာ သနားစရာပါပဲ။ ပိန်လည်း ပိန်နေပါတယ်။ ပဏ္ဍိတာရာမဆရာတော်ကြီးက သူ့ကို ကျန်းမာရေးဂရုစိုက်ဖို့ သတိပေးလိုက်ပါသေးတယ်။

http://www.dhammadownload.com



"ဦးဉာဏိဿရနဲ့ ဦးနန္ဒမာလာ အင်္ဂလိပ်စကားပြောမှာ ဘယ်သူက ပိုတော်သလဲ"

"တစ်မျိုးစီ တော်ကြတာပါပဲ။ ဦးဉာဏိဿရက အသံရှင်းတယ်။ အသံကြည်တယ်။ ဦးဉာဏိဿရထက် ဦးနန္ဒမာလာက စကားလုံး ဝေါဟာရ ပိုမိုကြွယ်ဝတယ်၊ အသံတိုးတယ်၊ မေးခွန်းတွေကို နိုင်ငံခြား သားတွေက မေးလို့ ဖြေရင် ထိထိမိမိ ဖြေပေးတတ်တယ်။ သူ့ရဲ့ အဘိဓမ္မာ သင်ပြပေးပုံကို နိုင်ငံခြားသားတွေ သဘောကျကြပါတယ်။ ကြီးမှ အင်္ဂလိပ်စာ သင်ယူကြတာဆိုတော့ ၂ ပါးစလုံးဟာ မြန်မာအင်္ဂလိပ်သံ ပဲ ပြောနိုင်ကြပါတယ်။"

"ဘယ်သူက ကြီးလဲ"

"ဦးဉာဏိဿရက ကြီးပါတယ်"

သာမဏေကျော်က မေးလို့ ဦးပုဏ္ဏောဘာသက အထက်ပါ အတိုင်း ပြောပြပါတယ်။ မြန်မာရဟန်းတွေက ဒီဆရာတော် ၂ ပါးတွေ လို အင်္ဂလိပ်စာတွေပါ တော်ကြရင် ကိုယ်တတ်ထားတဲ့ ပိဋကပညာရပ် တွေကို ပိုမိုကျယ်ပြန့်အောင် ဆောင်ရွက်ပေးနိုင်ကြပါလိမ့်မယ်။

http://www.dhammadownload.com

# ခုံခုံမင်မင်

ဆိုးလ်မြို့လေဆိပ် ရောက်ခါနီးလောက်မှာ လေယာဉ်ပေါ်မှ အောက်မြေပြင်က မြင်ကွင်းကို ငုံ့ကြည့်လိုက်ရင်း ပဏ္ဍိတာရာမ ဆရာတော်ကြီးက ဒီလို မိန့်ပါတယ်။

"ကိုရီးယားနိုင်ငံမှာ တောင်တွေ ပေါများတယ်။ မြစ်ငယ်တွေ၊ တံတားတွေလည်း ပေါများတယ်"

သာမဏေကျော်လည်း လေယာဉ်ပြတင်းပေါက်ကနေ အောက်ကို ငုံ့ကြည့်လိုက်ပါတယ်။ ဟုတ်ပါတယ်၊ တောင်တွေကို တွေ့ရပါတယ်။ မြစ်ချောင်းတွေကိုလည်း တွေ့ရပါတယ်။ ဆိုးလ်မြို့ လေယာဉ်ကွင်းက အာရှမှာ အကြီးဆုံးလေယာဉ်ကွင်း ဖြစ်နေပါသတဲ့။ အသစ်တည်ဆောက်ထားပါတယ်။ လေယာဉ်ကွင်းကနေ ပဏ္ဍိတာရာမ အပြည်ပြည်ဆိုင်ရာတရားရိပ်သာကိုရော၊ အဲဒီနေရာကနေ တရားစခန်းပြုလုပ်မယ့်နေရာကိုပါ သွားရာလမ်းတစ်လျှောက် တောင်တွေကို များစွာပဲ မြင်တွေ့ရပါတယ်။ မြန်မာနိုင်ငံက တောင်တွေလို အလွန်မမြင့်ကြပါ။ မြေပြင်ဧရိယာထက် တောင်တွေ ဧရိယာက ပိုမိုများပြားပါသတဲ့။ တောင်မြင့်မြင့်ကြီးတွေ ကိုရီးယားမှာ မရှိသလို သစ်ပင်ကြီးကြီးမားမား မြင့်မြင့်ကြီးတွေလည်း မရှိကြပါ။ ဆိုးလ်မြို့မှာ သစ်ပင်ကြီးကြီး

http://www.dhammadownload.com



မားမားတွေကို မတွေ့ရပေမယ့် မိုးမျှော်တိုက်တွေကတော့ မှိုလို ပေါက်နေကြပါတယ်။ မြန်မာနိုင်ငံမှာ သစ်ပင်ကြီးတွေ ပေါများသလို ပေါများကြပါတယ်။ ဆောင်းအကုန် နွေအကူး ဖြစ်တဲ့ နွေဦးကာလမို့ ရှိရှိသမျှ သစ်ပင်ကြီးငယ်အပေါင်းရဲ့ သစ်ရွက်တွေဟာ နှင်းဒဏ်မခံနိုင်တဲ့အတွက် ကွယ်ပျောက်ကုန်ရပါတယ်။ တောတွေပေါ် နဲ့ လမ်းဘေး တစ်လျှောက်က သစ်ပင်အပေါင်းဟာ ရိုးတံပြိုင်းပြိုင်းနဲ့မို့ လှချင်တိုင်း လှလို့ မရကြရှာသေးပါ။ ထင်းရှူးပင်တွေသာ စိမ်းစိုနိုင်ကြပါတယ်။ မြန်မာနိုင်ငံကို ရောက်ဖူးတဲ့ ကိုရီးယားသူ၊ ကိုရီးယားသားတွေက မြန်မာနိုင်ငံမှ စိမ်းစိုမြင့်မားလှတဲ့ သစ်ပင်ကြီးမျိုးစုံနဲ့ ပန်းမျိုးစုံကို ခိုခိုမင်မင် သတိရကြပါသတဲ့။ တချို့ကိုရီးယားတွေက မြန်မာနိုင်ငံမှ ပုဂံရဲ့အလှကို တသသနဲ့ အားရပါးရ ပြောပြကြပါတယ်။

http://www.dhammadownload.com

# အလှသရဖူ

ကားနဲ့ သွားခဲ့တဲ့ ဒီခရီးတစ်လျှောက်မှာ ထူးထူးခြားခြား ပေါ်ပေါ် လွင်လွင်၊ ထင်ထင်ရှားရှား လှပနေတဲ့ ပန်းတွေကို နေရာပေါင်းများစွာ မှာ မြင်တွေ့ရပါတယ်။ အဲဒီပန်းလေးတွေရဲ့ အပင်နာမည်ကို မမေးရ သေးလို့ မသိရသေးပါ။ အဝါရောင်ပန်းတွေက ပင်လုံးကျွတ် နေရာ တကာမှာ ပွင့်နေကြပါတယ်။ ခရမ်းရောင်ပန်းတွေကလည်း အဝါရောင် ပန်းတွေနဲ့ အပြိုင်ပွင့်နေကြလေရော့သလား ထင်မှတ်ရပါတယ်။ သူတို့ ကလည်း အရွက်တွေ မရှိတော့ဘဲ သစ်ပင်မှာ အပွင့်တွေ တစ်ဆုပ် တစ်ခဲကြီးရှိကာ နီရဲနေကြပါတယ်။ မြန်မာနိုင်ငံမှ စက္ကူပန်းခရမ်းရောင် နုနုတွေလား ထင်မှားရပါတယ်။ ဟုတ်တော့ မဟုတ်ပါ။ ကိုရီးယားမြေ ရဲ့ နွေဦးကာလကို ပင်လုံးကျွတ် ပွင့်လန်းဝေဆာနေတဲ့ အဲဒီအဝါရောင်၊ ခရမ်းရောင်ပန်းတွေကသာ နေရာပေါင်းများစွာမှာ အလှဆင်ပေးနေ ကြတာ မဟုတ်ပါ။ အဖြူရောင် ချယ်ရီပန်းတွေကလည်း အလှဆင်ပေး နေကြပါသေးတယ်။ ဂျပန်ချယ်ရီလို့ ခေါ်ဝေါ်ကြပါတယ်။ ဂျပန်ချယ်ရီ ပန်းဖြူဖြူတွေ မဟုတ်ဘဲ သာမဏေကျော် နေရတဲ့ အဆောင်ရဲ့ ရှေ့ တည့်တည့်မှာ တစ်ဝက်လောက်က ငုံလျက်၊ တစ်ဝက်လောက်က ပွင့်

http://www.dhammadownload.com



လျက် ပင်လုံးကျွတ်ဖွေးဖွေးလှုပ်နေတဲ့ပန်းတွေကိုလည်း တွေ့ရပါသေးတယ်။ အင်ကြင်းပန်းပွင့်ကြီးကြီးလောက် ကြီးကြပါတယ်။ အရွက်တွေကင်းမဲ့တဲ့ ရိုးတံတွေမှာ လေတိုက်တိုင်း လှုပ်လျက် တစ်ပွင့်နဲ့ တစ်ပွင့်၊ တစ်ငုံနဲ့တစ်ငုံ မထိရုံဘဲ ရှိကြပါတယ်။ ထိလုနီးပါး ရှိသလို ထိနေတာလည်း ရှိပါတယ်။ ရိုးတံပြိုင်းပြိုင်းဖြစ်နေတဲ့ သစ်ပင်တွေရဲ့ အလယ်မှာနေရာတကာ ဝင်းဝင်းဝါလျက်၊ နီနီရဲလျက်၊ ဖြူဖြူဖွေးလျက် ပွင့်နေတဲ့ပန်းတွေကပဲ အလှသရဖူ ဆောင်းလျက် ရှိနေကြပါတယ်။ အဝါရောင်၊ ခရမ်းရောင်၊ အဖြူရောင် အဲဒီပန်းလေးတွေဟာ တစ်မျိုးစီ လှပသလို ကိုရီးယားသူ ဖြူဖြူလေးတွေကလည်း တစ်ယောက်တစ်မျိုးစီပဲ လှပကြတာကို တွေ့ရပါတယ်။ အသားရောင်မည်းနက်တဲ့ကိုရီးယားသူ၊ ကိုရီးယားသားတွေကို မတွေ့မြင်ရသေးပါ။ ရှိလိမ့်မယ်လည်း မထင်မိပါ။ ကိုရီးယားရုပ်ရှင်ကားတွေကို မြန်မာ့ရုပ်မြင်သံကြားမှ စိတ်ဝင်တစားကြည့်ရှုနေကြတဲ့မြန်မာမလေးတွေက "ကိုရီးယားကို သွားရင် ကိုရီးယားရုပ်ရှင်မင်းသမီးချောချောလေးတွေ၊ မင်းသားချောချောလေးတွေကိုတွေ့ချင်တွေ့ရမှာပေါ့" လို့ ပြောလိုက်ပါသေးတယ်။

http://www.dhammadownload.com

# ဆေးရုံသံသရာ

သာမဏေကျော်တို့ဟာ ၁၂-၄-၂၀၀၆ နေ့မှာ ကမ္ဘောဒီးယားကိုရမယ့် နေရာ ရောက်ကြပါတယ်။ ၁၃ ရက်နေ့ နံနက် ၆ နာရီ၊ မိနစ် ၃၀ မှာ ဆိုးလ်မြို့က တစ်ကိုယ်လုံးရောဂါရှာဖွေစမ်းသပ်ပေးရာ Asan(အာဆန်) ဆေးရုံကြီးဆီကို ဆရာတော်ကြီးရော၊ သာမဏေကျော်ရော၊ မဝိမလ ဉာဏီပါ တစ်ကိုယ်လုံးမှာ ရောဂါရှာဖွေစမ်းသပ်ခံဖို့ရာ သွားခဲ့ကြပါတယ်။ မမနာပိကာရယ်၊ မိဘနှစ်ဦးရယ်၊ အစ်မဖြစ်သူ ပေမက်ရာရယ်၊ မ မဏိ သာရာရယ်၊ အခြားပဏ္ဍိတာရာမ ယောဂီဟောင်းတွေရယ် လိုက်ပါခဲ့ကြ ပါတယ်။ ဆေးရုံကြီးက ကြီးကျယ် ခမ်းနားလှပါတယ်၊ သန့်ရှင်းလှပါ တယ်၊ သပ်ရပ်လှပါတယ်၊ စနစ်ကျလှပါတယ်။ နေ့ဆွမ်းကို အဲဒီဆေးရုံ ကြီးပေါ်မှာပဲ ဘုဉ်းပေးခဲ့ကြရပါတယ်။ မမနာပိကာရဲ့မိဘတွေနဲ့ယောဂီ ဟောင်းတွေက စားဖွယ်တွေကို အဆင်သင့် ယူလာခဲ့ကြပါတယ်။ အဲဒီ ဆေးရုံကြီးမှာ တစ်ခန်းပြီးတစ်ခန်း သွားကာ ရောဂါရှာဖွေ စမ်းသပ်ခံရ တဲ့ နေရာတွေက များပြားလှပါတယ်။ ရင်ဘတ်ဓာတ်မှန် ရိုက်ရာအခန်း၊ တစ်ကိုယ်လုံးရဲ့ဝမ်းဗိုက်ပိုင်းမှာ အက်ထရာဆောင်းရိုက်ရာ အခန်း၊ ဆီးစစ်ပေးရာအခန်း၊ သွေးဖောက်ယူရာအခန်း၊ အရိုးတွေကို ဓာတ်မှန် ရိုက်ရာ အခန်း၊ နှလုံးစမ်းသပ်ရာ အခန်း၊ အသည်းစသည် စမ်းသပ်ရာ အခန်း၊ လည်ပင်းထဲ ပိုက်ထည့်ပြီး ဓာတ်ပုံရိုက်ကြည့်ရာ အခန်း၊ စအိုမှာ လည်း ပိုက်ထည့်ပြီး ကြည့်ရာအခန်း ၂ ခန်း၊ မျက်လုံး စမ်းသပ်ရာ

http://www.dhammadownload.com



အခန်း ၂ ခန်း၊ နားအကြားအင်အား စမ်းသပ်ရာ အခန်း၊ ဝတ်လာတဲ့ အဝတ် (ကိုယ်ပတ်၊ ခြုံထည်) စီးလာတဲ့ဖိနပ် စသည်ကို သိမ်းထားခဲ့ ရရာအခန်း၊ ဗိုက်ထဲ ပိုက်လုံးမထည့်ခင် ဆေးမျိုးရှ သောက် ရ၊ အထိုးခံ ရရာ အခန်း ၂ ခန်း၊ အစားအသောက် စသည်တွေကို မေးမြန်းကာ ညွှန်ကြားရာအခန်းတွေကို သွားခဲ့ကြရပါတယ်။ အစမ်းသပ်ခံ ၃ဦးသား ဟာ တစ်နေရာတည်းမှာ ပြိုင်တူ အစမ်းသပ်ခံရတာ မရှိသလောက် ပါဘဲ။ သွေးဖောက်ခံရရာနေရာတစ်နေရာမှာ ပဏ္ဍိတာရာမ ဆရာတော် ကြီးနဲ့သာမဏေကျော်ဟာ ဆုံစည်းရပါတယ်။ ဆရာတော်ကြီးရဲ့ သွေး ကို ဖောက်ယူနေခိုက် အခြားတစ်ဦးက သာမဏေကျော်ရဲ့ ဘယ်ဘက် လက်မှသွေးကိုဖောက်ယူနေပါတယ်။ဆရာတော်ကြီးရဲ့သွေးကိုဖောက် ယူနေခိုက် အနီးမှာရပ်နေတဲ့ မမနာပိကာကို "ဘုန်းကြီးရဲ့ သွေးတွေ တော့ ကုန်ပါပြီ"လို့ ရယ်စရာပြောနေပါသေးတယ်။ ပုလင်းငယ် ၃ ပုလင်း၊ ၄ ပုလင်းလောက် ရှိမယ်ထင်ပါတယ်။ သေသေချာချာ ကြည့် ပြီး မရေတွက်မိပါ။ ကိုယ့်သွေးဖောက်ယူနေတာကိုမကြည့်ဘဲ ဆိုးလ်မြို့ က မြင့်မားလှတဲ့ အဆောက်အအုံတွေနဲ့ ဟန်မြစ်ကိုပဲ ရှေ့ မျက်မှောက် ရောက်နေလို့ ကြည့်နေလိုက်ပါတယ်။ ပဏ္ဍိတာရာမ ဆရာတော်ကြီး က တစ်ခန်းပြီးတစ်ခန်းသွားပြနေရလို့ 'ဘဝသံသရာ' သီချင်းကိုတောင် သတိရမိပါသတဲ့။ ဆေးရုံသံသရာကလည်း အတော်လည်ရတာပဲ လို့ မိန့်တော်မူပါသေးတယ်။ နေ့ဆွမ်း ဘုဉ်းပေးပြီးနောက်ပိုင်းမှာလည်း ဆက်လက်ကြည့်ရှု စမ်းသပ်ခံကြရပါသေးတယ်။

http://www.dhammadownload.com

# အာဆန်ဆေးရုံကြီးပေါ်က အချောလေးတွေ

အခန်းတိုင်းမှာ တာဝန်ယူဆောင်ရွက်နေရတဲ့ ကိုရီးယားသူ ပျိုဖြူချောချောလေးတွေကို တွေ့ရပါတယ်။ အချောလေးတွေကိုချည်း ရွေးပြီး ခန့်ထားပုံရပါတယ်။ သူတို့ရဲ့ချောလှပုံလေးတွေက တစ်မျိုးစီ ကွဲပြားနေကြပါတယ်။ အလှကြီး လှပနေတဲ့လှပျိုဖြူလေးတွေကြားမှာ မလှတလှ ဗိုက်ကြီးသည်မလေး ဝန်ထမ်းတစ်ယောက်က တစ်ခန်းပြီး သွားရမယ့်သူတွေကို ပို့ပေးကာ မိတ်ဆက်ပေးနေပါတယ်။ ကိုရီးယားရုပ်ရှင်မင်းသမီးတွေ ချောမောလှပကြသလို အာဆန်ဆေးရုံကြီးက ဝန်ထမ်းကိုရီးယားမလေးတွေကလည်း လှပကြပါပေတယ်။ မြန်မာနိုင်ငံက မြန်မာမလေးတွေ ပြောလိုက်တဲ့ ကိုရီးယားမင်းသမီးချောလေးတွေကို မမြင်တွေ့ရပေမယ့် ကိုရီးယားမင်းသမီးလေးတွေလိုချောတဲ့ ကိုရီးယားမလေးတွေကိုတော့ တွေ့မြင်ရပါတယ်။ သူတို့ပြောတဲ့ အင်္ဂလိပ်စကားသံကိုရော၊ ကိုရီးယားစကားသံကိုပါကြားခဲ့ရပါတယ်။ အားလုံးစစ်ဆေးပြီးလို့ တရားရိပ်သာ ပြန်ရောက်ချိန်က နေ့လယ် ၂ နာရီ ရှိနေပါပြီ။ ၃ ပါးကို စမ်းသပ်ပေးရာ တစ်ပါးလျှင် စမ်းသပ်ခမှာ ကိုရီးယားဝမ် ၁၁ သိန်းလောက် ကုန်ကျပါသတဲ့။ ၃ ပါးဆိုတော့ ဝမ် ၃၃ သိန်းလောက် ကုန်ကျပါတယ်။ အမေရိကန်ဒေါ်လာနဲ့ တွက်ရင် တစ်ပါးမှာ ဒေါ်လာ

http://www.dhammadownload.com



တစ်ထောင့်နှစ်ရာလောက် ကုန်ကျပါတယ်လို့ တွက်ပြပါတယ်။ ယောဂီအားလုံးက စုပေါင်းလှူကြပါသတဲ့။ ကုန်ကျငွေက မသက်သာလှပါလား။ အာဆန်ဆိုတဲ့ ဆေးရုံကြီးဟာ ဝင့်ထည်သလို တင့်တယ်လှပတဲ့ လှပျိုဖြူလေးတွေရဲ့ ပျူငှာတဲ့အပြုံး၊ ချိုသာတဲ့ စကားလုံးလေးတွေနဲ့ အမြင့်ဆုံးဈေးနှုန်းကို သတ်မှတ်ထားလေရော့သလား။ လည်ချောင်းကနေ ဗိုက်ထဲ သွင်းလိုက်တဲ့ ပိုက်လုံးက ဝမ်းဗိုက်ကို မသက်မသာ ရှိစေပါတယ်။ ဆေးစမ်းသပ်ခဈေးနှုန်းကလည်း မသက်မသာရှိလှပေတကား။

http://www.dhammadownload.com

# သူတို့ရဲ့ကျေးဇူးတွေ

အာဆန်ဆေးရုံကြီးကို မသွားခင် အရင်ရက် ၁၂-၄-၂၀၀၆ နေ့ ည ၉ နာရီမှာ ဝမ်းသွားစေမယ့် ဆေးဝါဝါပြားလေး ၂ ပြားကို သောက်ရေခွက်(မတ်ခွက်လောက်ခွက်)နဲ့ သောက်ရပါတယ်။ ၉ နာရီနဲ့ ၁၀နာရီကြားမှာ အဲဒီသောက်ရေခွက်နဲ့ အပြည့် ၄ ခွက် သောက်ရပါတယ်။ ဝမ်းဗိုက်ထဲက ဝမ်းတွေ စင်သွားအောင် များများ သောက်ခိုင်းပုံ ပေါ်ပါတယ်။ ၈ နာရီမှာ ဖျော်ရည်လို ချိုချိုချဉ်ချဉ်တစ်ခွက် သောက်လိုက်ရပါသေးတယ်။ အဲဒီဖျော်ရည်လို ချိုချိုချဉ်ချဉ်လေးကို မသောက်ရသေးခင် ဆေးရုံက မေးလာမယ့် မေးခွန်းတွေကို မမနာပိကာက မေးခွန်းစာရွက်တွေကို ကြည့်ကာ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ အချက်ပေါင်းများစွာကို မေးလို့ ဖြေရပါသေးတယ်။ ကိုရီးယားတိုင်းရင်းဆေးဆရာတစ်ဦးက အထက်ပါသုံးဦးကိုရော မမနာပိကာကိုပါ စစ်ဆေးကာ ဆေးကုသပေးဖို့ လျှောက်ထားသွားပါသေးတယ်။ ပျားရည်နဲ့ဖော်စပ်ထားတဲ့ တိုင်းရင်းဆေး ၂ ဘူးကိုလည်း လှူဖို့ ယူလာပါသေးတယ်။ လက်မှာ သွေးစမ်းပြီး ရောဂါရှာဖွေကာ သင့်တော်တဲ့ဆေးကို ပေးပါတယ်။ ဆရာတော်ကြီးက "မြန်မာနိုင်ငံက အရှင်နာဂသိန်ရဲ့ အာယုဗေဒဆေးနည်းလိုပါပဲ"လို့ မိန့်ပါတယ်။ လွန်ခဲ့တဲ့ ၄ လလောက်က မြန်မာနိုင်ငံ ရန်ကုန်မြို့ ရှုပန်းလှိုင်ဆေးရုံကြီးမှာ စမ်းသပ် စစ်ဆေးမှု မခံရခင် ကြိုတင်ပြီး ဝမ်းနုတ်ခဲ့ရပါ

http://www.dhammadownload.com



တယ်။ ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်းနဲ့ သာမဏေကျော် မဟာဂန္ဓာရုံမှာ ဝမ်းသွားခဲ့စဉ်က အိပ်ရာပေါ်မှာ အိပ်ပျော်ခိုက် ဝမ်းပါသွားခဲ့ဖူးပါတယ်။ အဲဒီလို ဖြစ်ခဲ့ဖူးလို့ အခု တစ်ခါမှာလည်း အဲဒီလိုဖြစ်မှာ စိုးရိမ်မိပါတယ်။ ဒါကြောင့် ပြင်ဆင်ထားတဲ့ အိပ်ရာခုတင်ပေါ် မအိပ်ဘဲ ကြမ်းပြင်ပေါ်မှာပဲ အိပ်လိုက်ပါတယ်။ ပင်ပန်းနေလို့ ထင်ပါတယ်၊ ခဏလေးနဲ့ အိပ်ပျော်သွားပါတယ်။ ၄ ခါလောက်ပဲ ဝမ်းသွားရပါတယ်။ နံနက် ၅ နာရီမှာ စအိုထဲ ဆေးတောင့်နှစ်တောင့် သွင်းထည့်ရပါသေးတယ်။ သွင်းပြီး မိနစ် ၃၀ အတွင်း ဝမ်းသွားချင်လည်း မသွားပါနဲ့လို့ မှာသွားလို့ မသွားဘဲ နေရပါတယ်။ သွားလည်း မသွားချင်လို့ တော်ပါသေးတယ်။ ည ၁၀ နာရီမှစပြီး ဆေးရုံသွားတဲ့အထိ(နေ့ဆွမ်းမစားမီအထိ) ရေမသောက်ရပါ။ ညက ရေသောက်ထားပေမယ့် မနက်ပိုင်းမှာ ရေမသောက်ရလို့ ဆေးရုံရောက်လို့ ဆီးပေါက်ပြီး ခွက်လေးထဲ ထည့်ခိုင်းတဲ့အခါ သူတို့ လိုချင်သလောက် အတိုင်းအတာအထိ ပေါက်မပေးနိုင်ခဲ့ပါ။ တစ်ဝက်လောက်ပဲ ပေါက်ပေးနိုင်ခဲ့ပါတယ်။ ပြန်မလာခင်လေးမှာ ဆေးရုံပေါ်ကိုရီးယားတိုင်းရင်းဆေးဆရာကြီးတစ်ဦးက စစ်ဆေးပေးပါသေးတယ်။ အရင် တိုင်းရင်းသားဆေးဆရာလိုပါပဲ။ အရင်ဆရာထက် ဒီ ဆရာကြီးက အသက်ကြီးပါတယ်။ ပိုလည်း ကျွမ်းကျင်ပါတယ်တဲ့။ အစစ်ဆေးခံပုဂ္ဂိုလ်သုံးဦးမှာ ဆရာတော်ကြီးက အကျန်းမာဆုံးပါပဲ တဲ့။ သာမဏေကျော်ကတော့ အဆိုးဆုံးပါပဲ။ လေတောင် ဖြတ်နိုင်ပါတယ်တဲ့။ ဆေးရုံက ပြန်လာတဲ့အခါ မမနာပိကာနဲ့ မိခင်ဒေါ်သုဒ္ဓာတို့ လိုက်မလာဘဲ ဆေးစစ်တဲ့ အဖြေကို စောင့်ယူဖို့ နေရစ်ခဲ့ကြပါတယ်။ ရောဂါကင်းရှင်းပြီး ကျန်းမာစွာ သာသနာ့တာဝန်တွေကို ထမ်းဆောင်နိုင်ကြစေရန် ရည်သန်ပြီး စီစဉ်ဆောင်ရွက်ပေးကြတဲ့ မမနာပိကာအမှူးရှိတဲ့ ပဏ္ဍိတာရာမ ယောဂီဟောင်းတွေရဲ့ကျေးဇူးတွေက ကြီးမားလှပါတကား။

http://www.dhammadownload.com

## အဟော ဒုက္ခံ

၁၃-၄-၂၀၀၆ နေ့ ည ၇ နာရီခွဲမှာ မမနာပိကာနဲ့ ဒေါ်သုဒန္တာ တို့ဟာ အာဆန်ဆေးရုံကြီးကအပြန်မှာ သာမဏေကျော်ထံ ရောက်လာ ကြပါတယ်။ စမ်းသပ်လို့ရလာတဲ့အဖြေတွေကို လာပြောပြကြဟာပါပဲ။ ဝမ်းနည်းရမယ့် အဖြေတွေလော၊ ဝမ်းသာရမယ့် အဖြေတွေလော။ မမနာပိကာ က "အရှင်ဘုရား အနားယူပြီးပါပြီလား"လို့ မေးပါတယ်။ အဖြေတွေက ဒီလိုပါတဲ့။

"အရှင်ဘုရားရဲ့ အရိုးတွေက ပွနေပါတယ်။ အထူးသဖြင့် ခါးရိုး၊ တင်ပါးရိုးတွေက အပေါက်သေးသေးလေးတွေမဟုတ်တော့ဘဲ အပေါက် ကြီးတွေ ဖြစ်နေပါတယ်။ လဲရင်၊ ထိခိုက်မိရင် အစိတ်စိတ် အမြွာမြွာ ကျိုးလွယ်ပါတယ်။ ကိုယ်ကာယလေ့ကျင့်ခန်းနဲ့ လမ်းလျှောက်မှုကို ပြု လုပ်ပေးရပါမယ်။ မလုပ်ရင် အသက်ကြီးတဲ့အခါ ခါးကုန်းမယ်၊ အစာ အိမ်ရောင်ပါတယ်၊ နှလုံးကလည်း နည်းနည်းရောင်နေတယ်။ အငန် လျှော့စားရပါမယ်။ အားရှိအောင် သင့်တော်တဲ့ အခြားအစားအစာ တွေကို များများ စားပေးရပါမယ်။ အစားနည်းနေပါသေးတယ်။ ကိုလက်စထရော (အဆီ) လည်း တော်တော် များနေပါတယ်။ အဆီကို လျှော့စားရပါမယ်။ နှလုံးရောင်နေလို့ သွေးတိုးပါတယ်။ သွား (အံဆုံး သွား)မှာလည်း ပိုးစားထားပါတယ်။ နုတ်ပစ်ရပါမယ်။ မနုတ်ရင် အခြား သွားတွေပါ ကူးသွားနိုင်ပါတယ်"

http://www.dhammadownload.com



အစားအသောက်၊ အနေအထိုင် ဂရုစိုက် ပြုပြင်ပေးလိုက်ရင် မပျောက်ကင်းတောင် ဆက်လက်မဆိုးနိုင်ပါ။ ပျောက်ရင်လည်းပျောက်သွားနိုင်ပါတယ်။ အသည်းရောင်ဘီပိုးကိုတော့ ကာကွယ်ပြီးသားအနေအထားရောက်သွားပြီ လို့လည်း အဖြေထွက်ပါသတဲ့။ ကိုရီးယားတိုင်းရင်းဆေးဆရာ ၂ ဦးကတော့ သာမဏေကျော်ရဲ့ ကျန်းမာရေးအခြေအနေက အတော်ကို ဆိုးတယ်လို့ သာမဏေကျော် ကွယ်ရာမှာပြောပါသတဲ့။ ကြားရတဲ့ စကားတွေကတော့ အတော်ကို အားရှိစရာပါပဲလား။ သေလောက်အောင်ဆိုးဝါးနေတဲ့ ရောဂါတွေ မဟုတ်သေးလေတော့ တော်သေးတာပေါ့လေ။ ရောဂါတွေ များလာလေ သေဖို့ နီးလာလေ ဖြစ်လို့ မသေခင် သေဖို့ ပြင်ဆင်ထားရပါမယ်။ သေသွားရင် ကိုယ့်နောက်ပါပြီး ကိုယ် အားကိုးရမယ့် အရာတွေက ကိုယ့်ကုသိုလ်တွေပဲနော်။ ပစ္စည်းဥစ္စာ၊ ဆွေမျိုးဉာတကာ စသည်တွေဟာ ကိုယ့်နောက်ဘာဆို ဘာမှ မလိုက်ပါနိုင်ကြပါ။

အရိုးနဲ့ ပတ်သက်ပြီး အသေးစိတ် မေးမြန်း စစ်ဆေးစရာ ရှိလို့ မနက်ဖြန် ၁၄-၄-၂၀၀၆၊ နံနက် ၈ နာရီမှာ အာဆန်ဆေးရုံကြီးကို သွားရပါဦးမယ်။ ဒေါ်သုဒန္တာက ဒီနေ့ ၁၃-၄-၂၀၀၆ နေ့ကို "ဒုက္ခနေ့" လို့ မှတ်ချက်ချနေပါသေးတယ်။ ပဏ္ဍိတာရာမ ဆရာတော်ကြီးကတော့ "အဟော ဒုက္ခံ၊ အဟော ဒုက္ခံ၊ ဩော် ဆင်းရဲလေစွ၊ ဩော် ဆင်းရဲလေစွ"လို့ သံဝေဂယူတော်မူပါသတဲ့။ ဆရာတော်ကြီးက သက်တော် ၈၅ နဲ့ နှိုင်းစာရင် အလွန်ပဲ ကျန်းမာပါပေတယ်။ အသက် ၅၀ ရှိ သာမဏေကျော်ဟာ ဆရာတော်ကြီးထက် ရောဂါပိုများ၊ ပိုကြီးပါတယ်။ ဒီအတိုင်းသာဆိုရင် အသက် ၈၅ မဆိုထားနဲ့ ၇၀ တောင် ရှည်နိုင်ပါ့မလား။ "ရောဂါတွေကို ကိုရီးယားမှာ အကုန်လုံး ထားခဲ့ပါ" လို့ မှာလိုက်တဲ့ မညိုမီလှိုင်နဲ့ မတင်တင်တို့ရေ၊ ရောဂါတွေက မလျော့သွားတဲ့အပြင် အဆစ်တောင် တိုးလာနေပါသေးတယ်။

http://www.dhammadownload.com

# ၀ လုံးတွေ

ဆိုးလ်မြို့ဟာ တောင်ပေါင်းများစွာရဲ့အလယ်မှာ တည်ရှိပါသတဲ့။ ဟုတ်ပါတယ်။ ဆိုးလ်မြို့ ဘယ်နေရာကိုပဲ သွားသွား ရှေ့ဘက်မှာလည်း တောင်တွေ ရှိနေတယ်။ နောက်ဘက်မှာလည်း တောင်တွေရှိနေတယ်။ ဘေး ၂ ဖက်မှာလည်း တောင်တွေ ရှိနေတယ်။ လေးဖက်လေးတန်ရှိ အဲဒီတောင်တွေဟာ ကိုယ်နဲ့ အဝေးကြီးမှာ ရှိနေတာမဟုတ်ပါ။ ခပ်နီးနီးအရပ်တွေမှာပဲ ရှိနေကြပါတယ်။ ဆိုးလ်မြို့က အာဆန်ဆေးရုံကြီးမှာ ရေးထားတဲ့ နေရာများစွာက စာလုံးတွေထဲမှာ အင်္ဂလိပ်စာ မပါသလောက်ပါပဲ။ ကိုရီးယားစကားလုံးတွေကပဲ ရေးထားကြပါတယ်။ အင်္ဂလိပ်စာသာ တတ်တဲ့ ပြည်ပသားတွေအတွက် အင်္ဂလိပ်စာပါရင် လွယ်ကူပါတယ်။ အင်္ဂလိပ်စကားလုံးတွေကို သုံးထားတာ မတွေ့ရပေမယ့် အင်္ဂလိပ်ဂဏန်းတွေကို နေရာများစွာမှာ ရေးထားတာ တွေ့ရပါတယ်။ ဆေးရုံပေါ်မှာရော အခြားနေရာတွေမှာပါ အင်္ဂလိပ်စကားကို သုံးလိုကြဟန် မတူပါ။ လမ်းဆိုင်းဘုတ်တွေမှာတော့ တွေ့ရပါတယ်။ အမေရိကန်ရဲ့ ယဉ်ကျေးမှုနဲ့ နည်းတွေက တောင်ကိုရီးယားမှာ တော်တော် သက်ရောက်မှုရှိပုံ ပေါ်ပါတယ်။ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွေက အလွန်ပဲ များပြားပါသတဲ့။ ၂ ထပ် တံတားတွေ၊ ၃ ထပ် တံတားတွေ၊ လမ်းတွေက ဆိုင်းဘုတ်တွေ၊ လူတွေရဲ့

http://www.dhammadownload.com



အဝတ် ဝတ်ဆင်ပုံတွေ၊ တိုက်တာ ဆောက်လုပ်ထားပုံတွေ၊ စကား ကျယ်ကျယ်မပြောဘဲ တိုးတိုးပြောပုံတွေဟာ အမေရိကန်ရဲ့ ယဉ်ကျေးမှုတွေ၊ နည်းတွေ ဖြစ်နေကြပါတယ်။ အစားအသောက်တွေကတော့ ကိုရီးယားကိုယ်ပိုင် အစားအသောက်တွေပါပဲ။ မုန်ညင်းချဉ်ဖတ် အစားအစာဟာ ကမ္ဘာမှာ အကောင်းဆုံးအစားအစာ ၅ ခုထဲမှာ တစ်ခုအပါအဝင် ဖြစ်ပါသတဲ့။

မြန်မာနိုင်ငံက သရက်သီး၊ သဘော်သီး၊ ဖီးကြမ်းငှက်ပျောသီးတို့ကို ကိုရီးယားတွေ နှစ်ခြိုက်ကြပါတယ်။ ကိုရီးယားမှာ အဲဒီသစ်သီးတွေ မရှိပါ။ စိုက်ပေမယ့် မြန်မာမှာလို အရသာမကောင်းကြပါတဲ့။ ဆရာတော်ကြီးကတော့ ကိုရီးယားကို ၅ ကြိမ်မြောက် ကြွရောက်တာမို့ ကိုရီးယားအစားအစာနဲ့ ကောင်းကောင်း ရင်းနှီးနေပါပြီ။ သာမဏေကျော်လည်း စားလို့အဆင်ပြေပါတယ်။ အဆောက်အအုံဟောင်းတွေကတော့ တရုတ်ရိုးရာ အဆောက်အအုံတွေနဲ့ တူနေပါတယ်။ တရုတ်ယဉ်ကျေးမှုက ရှေးက လွှမ်းမိုးခဲ့ပုံ ပေါ်ပါတယ်။ တရုတ်စာလုံး၊ ကိုရီးယားစာလုံး၊ ဂျပန်စာလုံးတွေဟာ မြန်မာတို့အမြင်မှာ မြန်မာဘူးသီးကြော်နဲ့ တူနေကြပါတယ်။ အဲဒီအလုံး ၃ မျိုးထဲမှာ တရုတ်စာလုံးက အရှုပ်ဆုံး ဖြစ်ပါသတဲ့။ ဂျပန်နဲ့ ကိုရီးယားစာလုံးတွေက လွယ်ကြပါသတဲ့။ ဝါကျသွားပုံကလည်း မြန်မာဝါကျသွားပုံနဲ့ တူပါသတဲ့။ တရုတ်ဝါကျသွားပုံက အင်္ဂလိပ်ဝါကျသွားပုံနဲ့ တူပါသတဲ့။ ကိုရီးယားစာလုံးတွေမှာ ဝလုံးတွေဟာ အလွန်ပဲ များပါတယ်။ အမေရိကန်နည်းတွေကို ကျင့်သုံးလိုက်လို့ တောင်ကိုရီးယားဟာ ရုပ်ဝတ္ထုကြွယ်ဝချမ်းသာလာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာတဲ့နိုင်ငံတစ်နိုင်ငံ ဖြစ်လာပါသတဲ့။ ကိုရီးယား ရုပ်ရှင်ကားတွေကို မြန်မာတွေသာမက ဂျပန်၊ တရုတ်တွေကတောင် ပိုမိုကြိုက်လာကြပါသတဲ့။ အကြမ်းအရမ်းကားတွေ မဟုတ်ဘဲ ဘဝသင်ခန်းစာ ရုပ်ရှင်ကားတွေ ဖြစ်လို့ ပိုမိုကြိုက်လာကြပါတယ်တဲ့။

http://www.dhammadownload.com

# ဟန်နဲ့ ဝမ်

အခြားနိုင်ငံတွေက လူတွေကတော့ 'ကိုရီးယားနိုင်ငံ' လို့ပဲ ခေါ်ဝေါ် သုံးနှုန်းရေးသားကြပါတယ်။ ကိုရီးယားလူတွေကတော့ သူတို့နိုင်ငံကို "ဟန်ဂူ"လို့ ခေါ်ဝေါ်ပြောဆိုကြပါတယ်။ ဟန်ဂူဆိုတာ မြင့်မြတ်တဲ့ ရှင်ဘုရင်တွေရဲ့နိုင်ငံလို့ အဓိပ္ပာယ် ရပါသတဲ့။ ဆိုးလ်မြို့ဟာ ကိုရီးယားနိုင်ငံရဲ့မြို့တော် ဖြစ်ပါတယ်။ ဆိုးလ်မြို့က ဟန်မြစ်ကို တံတားပေါင်း ၂၀ ကျော် ဖြတ်ကူးထားပါသတဲ့။ ကားအသွားအလာ များလှတဲ့အတွက် တံတားတွေနဲ့ ဖြတ်ကူးကြရပါတယ်။ ဟန်မြစ်ဟာ မြန်မာနိုင်ငံက ဧရာဝတီမြစ်လိုပါပဲလို့ ပြောကြပါတယ်။ ဟန်မြစ်က ဧရာဝတီမြစ်လောက် ကျယ်ဝန်းမယ် မထင်ပါ။ ဟန်မြစ်ရဲ့ ဘေးဘက်နေရာတွေမှာ အပန်းဖြေနေရာတွေ ပြုလုပ်ထားတာတွေကို တွေ့ရသလို ပြုလုပ်ဆဲတွေကိုလည်း တွေ့ရပါတယ်။ နှင်းတွေကျရာ ၃ လ လောက်မှာ သစ်ပင်တွေမှာ အရွက် လုံးဝ မရှိတော့ပါ။ ရိုးတံတွေချည်းပဲ ရှိနေကြပါတယ်။ အခုလို နွေဦးကာလမှာတော့ ရွက်သစ်လေးတွေ ဝေတော့မလို ဖြစ်နေပါပြီ။ သာမဏေကျော်တို့ ပြန်မယ့် ဇွန်လလောက်မှာတော့ သစ်ပင်တိုင်းမှာ ရွက်သစ်တွေ ဝေဝေဆာဆာ ရှိနေကြလို့ စိမ်းစိုကာ လှချင်တိုင်းလှနေကြပါတော့မယ်။ အရွက်တွေ စိမ်းစိုရာကာလက တစ်နှစ်မှာ ၉ လ ရှိပါတယ်တဲ့။ အဲဒီလို သစ်ရွက်တွေ စိမ်းစိုနေတဲ့အခါမှာဆိုရင် ဟန်မြစ်ဟာ အလှတွေ ဝေနေပါလိမ့်မယ်။

http://www.dhammadownload.com



ကိုရီးယားနိုင်ငံမှာ တောင်နဲ့မြောက် စစ်ဖြစ်ကြစဉ်က ဟန်မြစ်ရဲ့ တစ်ဖက်ကမ်းမှာ အန္တရာယ်ကင်းလို့ အဲဒီဘက်ကမ်းမှာ အဆောက်အအုံတွေ ဆောက်လုပ်လာကြပါတယ်။ တစ်စတစ်စနဲ့ နေတဲ့လူတွေ များလာပြီး အိမ်နေရာတွေကလည်း အခြားတစ်ဖက်မှာလည်း ဈေးတွေ ပိုကြီးလာပါတယ်။ မမနာပိကာတို့ ငယ်ရွယ်စဉ်က ၆၃ ထပ်ရှိ ညီနောင်တိုက်ကြီး ၂ လုံးဟာ အဲဒီဘက်ခြမ်းမှာ အမြင့်မားဆုံး ဖြစ်ခဲ့ကြပါသတဲ့။ အခုတော့ အဲဒီတိုက်ကြီး ၂ လုံးထက် အဆများစွာ ပိုမြင့်တဲ့ တိုက်ကြီးတွေဟာ ဟန်မြစ်ရဲ့ကမ်း၂ ဖက်လုံးမှာ ရှိနေကြပါတယ်။ သာမဏေကျော်တို့ဟာ ဆိုးလ်မြို့ရဲ့အလယ်ပိုင်းကိုမရောက်ရသေးပါ။ အဲဒီနေရာတွေက ကားတွေ၊ တိုက်တွေ ပိုမိုများပြားပါသတဲ့။ ကိုရီးယားမှာက အနောက်နိုင်ငံတွေမှာလို ရာသီဥတု ၄ မျိုး ရှိပါသတဲ့။ သာမဏေကျော်တို့ တရားစခန်း ပြုလုပ်ရာနေရာနဲ့ အာဆန် ဆေးရုံကြီးဟာ ကားမိနစ် ၃၀ ကြာ မောင်းနှင်ရအောင် ဝေးကွာပါတယ်။ ပဏ္ဍိတာရာမ အပြည်ပြည်ဆိုင်ရာ တရားရိပ်သာနဲ့တော့ တစ်နာရီကြာ မောင်းနှင်ရအောင် ဝေးကွာပါတယ်။ ကိုရီးယားမှာ စီးရတဲ့ ကားတွေက လေအေးစက်မဖွင့်ဘဲ နွေးအောင်ထားပေးလို့ သာမဏေကျော်မှာ မအန်ရပါ။ တော်ပါသေးတယ်။

ကိုရီးယားငွေကို ဝမ် (won) လို့ ခေါ်ဝေါ်ကြပါတယ်။ အနုပ်စေ့တွေ ရှိပါသေးတယ်။ ငွေစက္ကူက တစ်သောင်းတန်ထိ ရှိပါတယ်။ အမေရိကန်တစ်ဒေါ်လာက ဝမ်ငွေတစ်ထောင်ကျော် တန်ပါသတဲ့။ မဝိမလညာနီက တစ်သောင်းတန်ဝမ်ငွေကို ပြလို့ မြင်တွေ့ရပါတယ်။

http://www.dhammadownload.com

# ဆေးရုံကြီးပေါ်က ဘုရားခန်း

အရိုးနဲ့ပတ်သက်ပြီး သာမဏေကျော်ကို ထပ်စစ်ဆေးချင်လို့ ၁၄-၄-၂၀၀၆ နေ့ နံနက် ၈ နာရီမှာ အာဆန်ကို ပြန်သွားခဲ့ရပါသေးတယ်။ ဆရာတော်ကြီးလည်း သွားခဲ့ရပါသေးတယ်။ ဆရာတော်ကြီးက မမနာပိကာနဲ့အတူ ၇ နာရီ ၁၅ မိနစ်မှာ သွားနှင့်ပါတယ်။ အာဆန်ဆေးရုံကြီးရောက်တဲ့အခါ သွေးကို ထပ်ဖောက်ယူပါတယ်။ ကိုရီးယားလူမျိုး ဆရာဝန်ထံ သွားရပါသေးတယ်။ သူက အရိုးနဲ့ပတ်သက်ပြီး ညွှန်ကြားချက်တွေပေးပါတယ်။ မြန်မာစကား အနည်းငယ်တတ်နေတဲ့ မမဏိသာရာက မြန်မာလို ကြိုးစားပြန်ပေးပါတယ်။ ဆရာတော်ကြီးက ဘုရားခန်းမှာ ရှိနေပါတယ်။ အဲဒီအခန်းကို သွားရပါမယ်လို့ ပြောလို့ အဲဒီအခန်းရှိရာ ဓာတ်လှေကားစီးပြီး သွားရပါတယ်။ ဆေးရုံကြီးပေါ်မှာ ဘုရားခန်း ရှိနေပါတယ်။ ဗုဒ္ဓဘာသာဝင်တွေအတွက်ရော ခရစ်ယာန်ဘာသာဝင်တွေအတွက်ပါ ဘုရားဝတ်ပြုဖို့ အခန်းတွေ ပြုလုပ်ပေးထားပါတယ်။ သာမဏေကျော်တို့ ရောက်ခိုက် ဇနီးမောင်နှံနှစ်ဦးဟာ ဘုရားရုပ်ပွားရှေ့မှာ ယှဉ်ထိုင်ကာ တစ်ယောက်က ဘုရားရှိခိုးစာ ဖတ်နေပါတယ်။ အမျိုးသမီးကတော့ စာမဖတ်ပါ။ ဘုရားရုပ်ပွားကြည့်လိုက်၊ တွေးလိုက်လုပ်နေတယ်လို့ မမဏိသာရာက ပြောပြပါတယ်။ တော်တော်ကြာအောင် ထိုင်နေကြပါတယ်။

http://www.dhammadownload.com



ဘုရားလာကန်တော့သူတွေကတော့ တစ်ယောက်ပြီးတစ်ယောက် တစ်ခါတစ်ရံ၂ယောက်၊ ၃ ယောက်တွဲ လာရောက်ကန်တော့ကြပါ တယ်။ မတ်တတ်ရပ်ပြီး ဒူးထောက်ကာ လက် ၂ ဖက်ကြား ဦးခေါင်း ထားလျက် ကန်တော့ပါတယ်။ လက်ဝါးနှစ်ဖက်ကိုလည်း လှန်လိုက်ပါ သေးတယ်။ အဲဒီလို ထိုင်လိုက်၊ ထလိုက်နဲ့ တချို့ က ၃ ကြိမ် ကန်တော့ ကြပါတယ်။ တချို့က အကြိမ်ပေါင်းများစွာ ကန်တော့ကြပါတယ်။ ကျန်းမာရေးလေ့ကျင့်ခန်း ပြုလုပ်ပြီး ဖြစ်သွားပါတယ်။

ဘုရားခန်းထဲမှာ မဟာယာနဘုရားပုံ၊ ကွမ်ရင်မယ်တော်လည်း ရှိပါတယ်။ ရွှေရောင်ဝင်းနေပါတယ်။ ရုပ်ပွားသေးသေးလေးတွေကို လည်း နံရံရှိ လိုဏ်သေးသေးလေးတွေမှာ များစွာ ထားရှိပါတယ်။ ပုတီး လုံးတွေကိုလည်း များစွာပဲ စုပုံထည့်ထားပါတယ်။ မျက်နှာကြက် တစ်ပြင်လုံးမှာ မီးပုံးလို ကြာပန်းတွေကိုလည်း တွေ့ရပါတယ်။ ကြာပန်း တွေမှာရော ရုပ်ပွားသေးသေးလေးတွေရှေ့မှာပါ သေသူတွေရဲ့ နာမည် တွေကို ရေးကပ်ထားကြပါတယ်။ သေသွားသူတွေက ဆေးရုံကြီးမှာ နေ့စဉ် ရှိနေပါတယ်။ ဆေးရုံကြီးက ကြီးလွန်းတော့ လူနာတွေကလည်း များလှပါသတဲ့။ လူနာတွေအတွက်ရော၊ သေသွားသူတွေအတွက်ပါ ဘုရားရှေ့မှာ လာရောက်ဝတ်ပြုကာ ဆုတောင်းကြပါတယ်။ အလှူခံပုံး ထဲ ငွေလှူတာကိုလည်း တွေ့ရပါတယ်။ ဘုရားရှိခိုးဝါကျ တစ်ဝါကျကို ကိုရီးယားဘာသာနဲ့ ထပ်ကာထပ်ကာ ရွတ်ဆိုနေတဲ့ သာယာငြိမ့် ညောင်းတဲ့ တေးသံလို အသံကိုလည်း အဆက်မပြတ် ဖွင့်ထားလို့ ကြားနေရပါတယ်။ ဘုရားခန်းထဲမှာ ဘုရားရှိခိုးစာအုပ်တွေကိုလည်း ထားတာကို တွေ့ရပါတယ်။

http://www.dhammadownload.com

# နွေးနွေးထွေးထွေး လှိုက်လှိုက်လှဲလှဲ

တောင်ကိုရီးယားနိုင်ငံက အမျိုးသားတွေရဲ့ ပျမ်းမျှသက်တမ်းက ၇၃ နှစ်၊ အမျိုးသမီးတွေရဲ့ ပျမ်းမျှသက်တမ်းက ၈၀ တဲ့။ မြန်မာနိုင်ငံမှာတော့ အမျိုးသားတွေရဲ့ ပျမ်းမျှသက်တမ်းက ၅၀၊ အမျိုးသမီးတွေရဲ့ ပျမ်းမျှသက်တမ်းက ၅၄ ဖြစ်ပါသတဲ့။ အာရှမှာ ဂျပန်တွေက အသက်အရှည်ဆုံး ဖြစ်ပါသတဲ့။ ကိုရီးယားတွေက သူတို့စားတဲ့ အစားအစာကို ကြည့်ကောင်းအောင်၊ သန့်ရှင်းအောင် ပြုလုပ်ကြသလို ကျန်းမာရေးနဲ့ ညီညွတ်အောင်လည်း ပြုလုပ်ကြပါသတဲ့။ အစာလည်း ဆေး၊ ဆေးလည်း အစာ ဖြစ်အောင် စားသောက်ကြပါသတဲ့။ ၁၅-၄-၂၀၀၆ နေ့၊ နံနက် ၉နာရီခွဲလောက်မှာ ကိုရီးယားတိုင်းရင်းဆေးဆရာတွေ ပေးထားတဲ့ ဆေးတွေကို လာကပ်ပါတယ်။ ဆရာတော်ကြီးကိုလည်း ကပ်ကြပါတယ်။ ရွှေရောင်ဆေးလုံး ၂လုံး ပါပါတယ်။ အရသာက ခါးသက်သက်ရှိပါတယ်။ ဈေးက အင်မတန် ကြီးပါသတဲ့။ အမည်းရောင်ဆေးလုံးလေး ၄၀ လောက်လည်း သောက်ရပါသေးတယ်။ နံနက်အရုဏ်ဆွမ်းမှာတော့ ပျားရည်နဲ့ ရောစပ်ထားတဲ့ နှမ်းမည်းမည်းတွေကို စားရပါ

http://www.dhammadownload.com



တယ်။ ဆေးအဖြစ်ပါပဲ။ နေ့ဆွမ်းမှာ ချက်ကပ်တဲ့ အစားအစာဟူသမျှ ဟာ တိုင်းရင်းဆေးဆရာရဲ့ ညွှန်ကြားချက်အရ ချက်ကပ်တာ ဖြစ်ပါ သတဲ့။ စားလည်း မစားဖူးသေးတဲ့အပြင် ဆေးလည်း ဖြစ်တဲ့ အစား အစာဟူသမျှကို အကုန်စားဖူးအောင် စားကြည့်ပါတယ်။ ဆွမ်းကို အနည်းငယ်လေးပဲ စားပါတယ်။ အသီးအရွက်ဟင်းတွေကိုပဲ စားပါ တယ်။ မြန်မာဟင်းတွေ ဖြစ်တဲ့ ငါးပုပ်ပြားခြောက်ကို အရုဏ်ဆွမ်းမှာ ဘုဉ်းပေးရပြီး နေ့ဆွမ်းမှာ ငါးပိကို ကပ်ပါသေးတယ်။ မမနာပိကာက မြန်မာနိုင်ငံမှ သယ်ယူလာပုံရပါတယ်။

ပဏ္ဍိတာရာမ ဆရာတော်ကြီးက "ကိုရီးယား အစားအစာတွေကို စားလို့ ဖြစ်ရဲ့လား"လို့ သာမဏေကျော်ကို မေးပါတယ်။ အေးလွန်းတဲ့ ကိုရီးယားရာသီဥတုကို မကြိုက်နိုင်သေးပေမယ့် ကိုရီးယားအစားအစာ ကိုတော့ ကြိုက်လို့ ရနေပါပြီ။ မမနာပိကာနဲ့ မမနာပိကာမိသားစု၊ ကိုရီးယားက ပဏ္ဍိတာရာမ ဓမ္မမိသားစုတွေရဲ့ ပြုစုစောင့်ရှောက်မှုတွေ ဟာ ပျူပျူငှာငှာ ရှိလှကြပါတယ်။ နွေးနွေးထွေးထွေး ရှိကြပါတယ်။ လိုက်လိုက်လှဲလှဲ ရှိကြပါတယ်။ ညှော့ဝတ်ကျေပွန်ကြပါတယ်။ "ဒီအစား အစာက ဆရာတော်တို့မှာ ရှိနေတဲ့ ဘယ်ရောဂါအတွက် ကောင်းပါ တယ်။ ဟိုအစားအစာက ဘယ်ရောဂါအတွက် သင့်တော်ပါတယ်" စသည်ဖြင့်ပြောကာ ထည့်လည်း ထည့်ပေးကြပါတယ်။ ကိုရီးယားတွေ က မုန်လာချဉ်ဖတ်ကို ကြိုက်နှစ်သက်ကြသလို ရေညှိ၊ ကြက်သွန်အနီ၊ အဖြူကိုလည်း အသုံးများကြပါတယ်။ ကြက်သွန်ကို အချဉ်တည်ကာ စားသုံးကြပါတယ်။ ဂျင်ဆင်းကိုလည်း အစွမ်းထက်တဲ့ဆေး အဖြစ်နဲ့ အသုံးများကြပါတယ်။ ကိုရီးယားတွေက ကျန်းမာရေးကို လိုက်စားကြ တဲ့အတွက် ငယ်ငယ်ရွယ်ရွယ်နဲ့ သေတဲ့ကလေးတွေက အလွန်နည်းပါး ကြပါသတဲ့။ "အသက်ဉာဏ်စောင့်"ဆိုတဲ့ စကားဟာ မှန်ပေတာပဲ။

http://www.dhammadownload.com



ကျန်းမာရေးအသိဉာဏ်ပညာနဲ့ စားသောက်နေထိုင်တတ်တော့ အသက်ရှည်ပြီး ကျန်းမာကြတာပါပဲ။ အစာလည်း ဆေး၊ ဆေးလည်း အစာဖြစ်အောင် မြန်မာတွေမှာလည်း စားသောက်တဲ့အလေ့အထတွေ ရှိလာရင် သူတို့လို အသက်ရှည်လာကြမှာပါပဲ။ အငန်၊ အဆီ၊ အချိုတွေကို လိုအပ်တာထက် ပိုမစားမိအောင် သတိပြုသင့်ကြပါပေတယ်။

http://www.dhammadownload.com

# ဖွင့်ပွဲ

၁၅-၄-၂၀၀၆ နေ့ ညနေ ၆ နာရီမှာ တရားစခန်းဖွင့်ပွဲ စတင်ပါတယ်။ အခမ်းအနား အစီအစဉ်တွေကို မမနာပိကာ က ပြောပါတယ်။ သူပဲ ပဏ္ဍိတာရာမဆရာတော်ကြီး တရားဟောတဲ့အခါ ကိုရီးယားလို ဘာသာပြန်ပါတယ်။ ပရိသတ်က ခန်းမနဲ့ အပြည့်ပါပဲ။ ယောဂီတွေရော၊ တရားနာပရိသတ်တွေပါ ပါကြပါတယ်။ ဘုန်အင်ကျောင်းထိုင်ဆရာတော်ဖြစ်တဲ့ မဟာယာန ဘုန်းတော်ကြီးက ရှေးဦးစွာ မိတ်ဆက်စကား ပြောပါတယ်။ အဲဒီနောက်မှ ဆိုးလ်မြို့က ပဏ္ဍိတာရာမရိပ်သာ ဥက္ကဋ္ဌ ဒကာကြီး Gok hyun က မိတ်ဆက်စကား ပြောပါတယ်။ သူတို့ နှစ်ယောက်ပြီးမှ ဆရာတော်ကြီးက ဟောပါတယ်။ ရှေးဦးစွာ ဆွေမျိုးစပ်ပြပါတယ်။ အာရှဆွေမျိုး၊ ကမ္ဘာ့ဆွေမျိုး၊ သံသရာဆွေမျိုး၊ တရားဆွေမျိုး တော်စပ်ကြောင်း မိန့်ပါတယ်။ ဆွေမျိုးအထပ်ထပ် တော်စပ်နေသူတွေကို တရားအကူအညီ ပေးရလို့ ဝမ်းသာကြောင်း၊ လူဖြစ်ရကျိုး၊ ဗုဒ္ဓသာသနာနဲ့ တွေ့ရကျိုး နပ်အောင် သီလ၊ သမာဓိ၊ ပညာအကျင့်တွေကို ပြည့်စုံအောင် ကျင့်ရမှာ ဖြစ်ကြောင်း၊ သီလ၊ သမာဓိ၊ ပညာအကျင့်တွေ အကြောင်းတွေကို ကျယ်ကျယ်ပြန့်ပြန့် မိန့်သွားပါတယ်။ မိန့်သွားတဲ့စကားတွေဟာ ယောဂီတွေအတွက် အင်မတန်လိုအပ်တဲ့စကားတွေ ဖြစ်ပါတယ်။ တိုတိုရှင်းရှင်းနဲ့ ထိမိပါတယ်။ အကျိုးများပါတယ်။

http://www.dhammadownload.com



ဆရာတော်ကြီးရဲ့ ဟောတရားကို အသံလွှင့်ဌာနက လွှင့်လိုလို့ လာပင့်ပေမယ့် ဆရာတော်ကြီး လိုက်မသွားပါ။ သတင်းစာသမားတွေက သတင်းအဖြစ်နဲ့ သတင်းစာတွေမှာ ဖော်ပြကြပါတယ်တဲ့။ ဘယ်သူတွေက ဓာတ်ပုံရိုက်တယ်လို့တော့ မလေ့လာမိပါ။ တဖျပ်ဖျပ်နဲ့ ဓာတ်ပုံရိုက်နေကြတာကိုတော့ သတိပြုမိပါတယ်။

ဆရာတော်ကြီးက "ဒီတစ်ခေါက် ဒီက လူတွေက တော်တော်လှိုက်လှဲကြတယ်"လို့ မိန့်ပါတယ်။ အရင် ၄ ခေါက်ထက် ဒီတစ်ခေါက်က ပိုမိုနွေးထွေးမှုကို ရပုံပေါ်ပါတယ်။ ဓမ္မသွေးတော်စပ်ထားတဲ့ ပဏ္ဍိတာရာမ ယောဂီဟောင်းတွေက များလာလို့ တကယ့်ဆွေမျိုးတော်စပ်သူတွေလို လှိုက်လှဲပျူငှာစွာ ပြုစုစောင့်ရှောက်ကြပါတယ်။ ဆရာတော်ကြီးရဲ့ ပလ္လင်ပေါ် အတက်နဲ့ ပလ္လင်ပေါ်က အဆင်းမှာ သာမဏေကျော်က ဂရုစိုက်ပေးရပါတယ်။ ဖွင့်ပွဲ မစမီမှာ မဝိသုတဉာနီ ရောက်လာပါတယ်။ လိုင်းကားနဲ့ သူနေရာမြို့မှ ၅ နာရီကြာ ကားစီးခဲ့ရပါတယ်။ သူကလည်း မြန်မာလို ဘာသာပြန်ပေးနိုင်ပါတယ်။ မမနာပိကာ တစ်ယောက်တည်းဆိုရင် ပင်ပန်းနေပါမယ်။ မဝိသုတဉာနီလာတော့ အကူအညီရမှာမို့ အားပိုရှိလာပါတယ်။ ဆရာတော်ကြီး ပြုစုပျိုးထောင်ခဲ့တာဟာ အခုလို အခါမျိုးမှာ အထူးပဲ ကျေးဇူးများလှပါတယ်။ ငါးကြင်းဆီနဲ့ငါးကြင်းကြော် ဆိုတာလို သူတို့ကိုရီးယားဘာသာနဲ့ သူတို့ပြန်ပေးတာမို့ထိရောက်လှပါတယ်။ ဖွင့်ပွဲမတိုင်မီက မဟာစည် ဆရာတော်ကြီးရဲ့ အလုပ်ပေးတရားကို ကိုရီးယားဘာသာနဲ့ ဖွင့်ပြပြီး ဖြစ်ပါတယ်။ ထိုင်မှတ်ပုံ၊ စင်္ကြံလျှောက်မှတ်ပုံတွေကို မမနာပိကာက လက်တွေ့ပြသပေးပါဦးမယ်။ တရားလျှောက်နည်းကိုလည်း သင်ပြပေးဖို့ ပြောရပါဦးမယ်။

http://www.dhammadownload.com

## ဖွင့်ပွဲရဲ့နောက်နေ့

တရားစခန်းဖွင့်ရာဖြစ်တဲ့ ဘုန်အင်မဟာယာန ဘုန်းတော်ကြီးကျောင်းဟာ တောင်တွေအကြားမှာ ရှိနေပါတယ်။ လေးဖက်လေးတန်မှာ တောင်တွေ ဝိုင်းရံနေပါတယ်။ တဖြည်းဖြည်း မြင့်တက်သွားတဲ့ တောင်တွေရဲ့နေရာတိုင်းမှာ သစ်ပင်တွေက ပေါက်လျက်ရှိကြပါတယ်။ အမည်တွေကိုတော့ မသိရပါ။ စပရင်းရာသီဖြစ်လို့ သစ်ရွက်နုနုလေးတွေ စတင်ထွက်ပေါ်လာချိန် ဖြစ်ပါတယ်။ သစ်ရွက်နုနုလေးတွေဟာ တစ်နေ့တစ်မျိုး အရောင်တွေ ပြောင်းလဲနေပါတယ်။ တစ်ပင်တည်းဆိုရင် သိသာမှာ မဟုတ်ပေမယ့် သစ်ပင်တွေက ပိတ်သည်းနေအောင် များနေတော့ အရောင်ပြောင်းလဲပုံက သိသာထင်ရှားနေပါတယ်။ သာမဏေကျော်နေရာ အဆောင်ရှေ့က အင်ကြင်းပန်းပွင့်ကြီးတွေလို ပင်လုံးကျွတ်ပွင့်နေတဲ့ ဖြူဖြူဖွေးဖွေး ပန်းတွေရှိရာ သစ်ပင်နာမည်က Mok Ryun ဖြစ်ပါသတဲ့။ နေရာတိုင်းမှာ နီနေအောင် ပွင့်နေကြတဲ့ ပန်းပင်တွေရဲ့ နာမည်က Jinchlae ဖြစ်ပါတယ်။ နေရာတကာမှာ ဝါဝင်းနေအောင် ပွင့်နေကြတဲ့ ပန်းပင်တွေရဲ့ နာမည်ကတော့ Gaenari ဖြစ်ပါတယ်။ နွေဦးကာလမှာ ဇာတ်လိုက်ပန်းတွေဖြစ်ကြတဲ့ အဝါရောင်၊ ခရမ်းရောင်ရှိ ပန်းပင်တွေရဲ့ နာမည်တွေကို ကိုရီးယားအမျိုးသမီးတွေကို မေးလို့ သူတို့က ရေးပေးသွားကြပါတယ်။

http://www.dhammadownload.com



၁၆-၄-၂၀၀၆ နေ့မှာ ယောဂီတွေကို တရားစစ် မပေးသေးပါ။ မြန်မာနိုင်ငံမှာ ဒီနေ့ဟာ သင်္ကြန်အကြတ်နေ့ ဖြစ်ပါတယ်။ ၁၇-၄-၂၀၀၆ နေ့မှ တရား စ စစ်ရပါမယ်။ ဆရာတော်ကြီးက တစ်နေ့မှာ ယောဂီ ၄ ယောက်ကိုပဲ စစ်ပေးပါမယ်။ ကျန်ယောဂီတွေကိုတော့ သာမဏေ ကျော်ကပဲ နံနက်ပိုင်းမှာရော နေ့လယ်ပိုင်းမှာပါ စစ်ပေးရပါမယ်။ နံနက်ပိုင်း ဓမ္မာရုံထဲ ကြည့်လိုက်ရာ တစ်နာရီပြည့်သွားလို့ မဝိမလညာနီ က မေတ္တာပို့၊ အမျှဝေတွေကို ယောဂီတွေရဲ့ရှေ့က ဆိုပေးနေတာကို တွေ့ရပါတယ်။ မဝိသုတညာနီက မဝိမလညာနီရဲ့ဘေးမှာ ယှဉ်ထိုင်နေပါ တယ်။ မမနာပိကာကို ယောဂီတွေအား စင်္ကြံလျှောက်မှတ်ပုံနဲ့ တရား လျှောက်ပုံကို သင်ပြပေးဖို့ ပြောရပါတယ်။ ဆိုးမြို့မှာပဲ ပဏ္ဍိတာရာမ ယောဂီဟောင်းတွေက အတော်လေးများနေပါတယ်။ သူတို့က ဝေယျာ ဝစ္စတွေကို လာရောက်ကူညီလုပ်ပေးကြပါတယ်။ ယောဂီဟောင်းတချို့ လည်း တရားစခန်း ထပ်ဝင်ကြပါတယ်။

ကိုရီးယားမှာ အပြာရောင်မိုးကောင်းကင်တစ်ပြင်လုံးကို ကြည် ကြည်လင်လင် ထင်ထင်ရှားရှား မြင်တွေ့ရတဲ့နေ့ဟာ စိတ်ကြည်နူးစရာ နေ့ပါပဲ။ နေရောင်လင်းနေတောင်မှ တစ်နေရာရာမှာ မှုန်ပျပျကတော့ ဖြစ်နေပါသေးသတဲ့။ မြန်မာနိုင်ငံမှာတော့ အပြာရောင်မိုးကောင်းကင် တစ်ပြင်လုံးကို မမြင်ချင်အဆုံး မြင်နေရပါတယ်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မှာ ရာသီဥတု၊ အစားအသောက်၊ အနေအထိုင်၊ အပြောအဆို၊ အဆက် အဆံ၊ အလေ့အကျင့်၊ အတွေးအခေါ်၊ အယူအဆ၊ သစ်ပင်ပန်းမာလာ စတာတွေဟာ ကွဲပြားခြားနားနေကြပါတယ်။ ကိုရီးယားတစ်နိုင်ငံထဲမှာ တောင် တောင်နဲ့မြောက်ဟာ အရာရာ ကွာခြားနေကြတယ် မဟုတ်ပါ လား။ မြောက်ကိုရီးယားမှာ ဒီလိုတရားစခန်း ရှိဖို့ လွယ်ပါမလား။

http://www.dhammadownload.com

# ကြီးမားလှပါပေတယ်

တောင်ကိုရီးယားမှာ တောင်တွေ ပေါများတယ်ဆိုလို့ "ဘယ်လောက်ပေါလဲ" လို့ မေးကြည့်ရာ တောင်ကိုရီးယားနိုင်ငံရဲ့ ဧရိယာကို ၃ ပုံ ပုံလိုက်ရင် ၂ ပုံက တောင်ဧရိယာ ဖြစ်ပါသတဲ့။ ၇၀ ရာခိုင်နှုန်းဟာ တောင်တွေ ဖြစ်ပါသတဲ့။ တယ်လည်း ပေါပေတာပဲ။ မြစ်တွေ၊ ချောင်းတွေလည်း ပေါတယ်ဆိုတော့ မြစ်၊ ချောင်းဧရိယာကို နုတ်လိုက်ရင် မြေပြန့်ဧရိယာက အတော်ကို နည်းပါလိမ့်မယ်။ တောင်ကိုရီးယားနိုင်ငံ အကျယ်အဝန်းက ၉၈၄၈၀ ကီလိုမီတာ ရှိပါတယ်။ တောင်ကိုရီးယားမှာ အမြင့်ဆုံးတောင်က ဟာလားတောင် ဖြစ်ပါသတဲ့။ ၁၉၅၀ မီတာမြင့်ပါတယ်။ တောင်ကိုရီးယားမှာ လူဦးရေက ၄၈ သန်း ရှိပါတယ်။ ဗုဒ္ဓဘာသာဝင်ဦးရေက ၂၆ ဒသမ ၃ သန်း ရှိပါတယ်။ ခရစ်ယာန်ဦးရေက ၂၅ ဒသမ ၆ သန်းရှိပါတယ်။ အခြားဘာသာဝင်ဦးရေက ၁ ဒသမ ၈ သန်း ရှိပါတယ်။ တောင်ကိုရီးယားနိုင်ငံမှာ ထေရဝါဒ ဘုန်းကြီးကျောင်း ၂၆ ကျောင်းလောက် ရှိပါတယ်။ မဟာယာနဘုန်းကြီး ကျောင်းတွေကတော့ မရေမတွက်နိုင်အောင်ဘဲ များတယ်လို့ဆိုပါတယ်။ သိတဲ့လူတွေကို မေးကြည့်ရင်တော့ အရေအတွက် ရှိလောက်ပါ မယ်။ မြန်မာနိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံဟာ ၃၀၀၀ ကီလိုမီတာ ဝေးကွာပါသတဲ့။ အချိန်အားဖြင့် မြန်မာနာရီက ၂ နာရီနဲ့ မိနစ် ၃၀ နောက်ကျပါတယ်။ ကိုရီးယားအချိန်က စောနေပါတယ်။

http://www.dhammadownload.com



အခုတရားစခန်းအတွက် စုစုပေါင်း ကုန်ကျငွေက အမေရိကန် ဒေါ်လာ ၂၅၀၀၀ ကုန်ကျပါသတဲ့။ တစ်ပတ်နဲ့ တစ်ပတ်ဝန်းကျင် ဝင်မယ့် ယောဂီတွေက တစ်နေ့အတွက် ဒေါ်လာ ၃၀ ပေးရပါတယ်။ တစ်လနဲ့ တစ်လဝန်းကျင် ဝင်မယ့် ယောဂီတွေက တစ်နေ့အတွက် ဒေါ်လာ ၂၀ နဲ့ ၃၀ ကြား ပေးရပါတယ်။ တရားစခန်းရက်က ၄၂ ရက်၊ စုစုပေါင်းဝင်တဲ့ ယောဂီက ၅၁ ယောက်၊ ဝင်ခွင့်ရရင်ဝင်ဖို့ စောင့်နေတဲ့ ယောဂီ ၃၀ ရှိပါသတဲ့။ ယောဂီတွေက ဆိုးလ်မြို့အပြင် ဒုတိယ၊ တတိယမြို့ကြီးတွေ ဖြစ်ကြတဲ့ ဖူဆန်၊ ဒေဂူးစတဲ့ မြို့တွေမှလည်း လာကြပါသတဲ့။ တရားစခန်းအတွက် ကုန်ကျတဲ့ ဒေါ်လာ ၂၅၀၀၀ ကို ပဏ္ဍိတာရာမ ယောဂီဟောင်းတွေကရော၊ ဘုန်အင် ဘုန်းကြီးကျောင်းကရော၊ အခြားစေတနာရှင်တွေကပါ လှူဒါန်းကြပါတယ်။ ဆရာတော်ကြီး၊ သာမဏေကျော်၊ မဝိမလဉာဏီတို့ရဲ့ ကျန်းမာရေး စစ်ဆေးခ ဒေါ်လာ ၃၇၀၀ နီးပါးကို မမနာပိကာရဲ့မိသားစု၊ ဆိုးလ်မြို့ ပဏ္ဍိတာရာမ ဥက္ကဋ္ဌဖြစ်တဲ့ Gok hyun မိသားစုရယ်၊ Kin ji yun ရယ်၊ ဝရကာမီ ရယ်၊ U Suk Gu ရယ်၊ Won Hyun Jin ရယ်တို့က လှူဒါန်းကြပါတယ်။ ကျန်းမာချမ်းသာစွာနဲ့ ဗုဒ္ဓသာသနာ တာဝန်တွေကို ကြာရှည်စွာ ဆောင်ရွက်နိုင်ကြပါစေဆိုတဲ့ မွန်မြတ်တဲ့ စေတနာ မေတ္တာတွေနဲ့ ဆေးစစ်ခ လှူဒါန်းကြတာ ဖြစ်ပါတယ်။ ရောဂါတွေအတွက် အင်္ဂလိပ်ဆေး၊ တိုင်းရင်းဆေးတွေကိုသာမက သင့်တင့်တဲ့ အစားအစာတွေပါ စီမံပေးကြပါတယ်။ ကျေးဇူးကြီးလှပါပေတယ်။ ဝိပဿနာကို လိုလားကြသူတို့ရဲ့ သဒ္ဓါဆန္ဒတွေကလည်း ကြီးမားလှပါပေတယ်။

http://www.dhammadownload.com

# ယောဂီ

၁၆-၄-၂၀၀၆ နေ့မှာ ဆရာတော်ကြီးက ယောဂီတွေအား ယောဂီရဲ့အဓိပ္ပာယ်ကို ရှင်းပြပါတယ်။ ဘာဝနာယယုတ္တာ ပယုတ္တတာယ ယောဂီဆိုတဲ့ ပါဠိကို စာတွေ့နဲ့လက်တွေ့ ပေါင်းစပ်ကာ ရှင်းပြပါတယ်။ အစပျိုးပြီး ကြိုးပမ်းအားထုတ်မှု ဝီရိယ၊ တစ်ဆင့်တိုး၍ အပျင်းကို လွန်မြောက်သည်အထိ ကြိုးပမ်းအားထုတ်မှု ဝီရိယ၊ အဆင့်ဆင့်တိုး၍ ပန်းတိုင်ရောက်သည်အထိ ကြိုးပမ်းအားထုတ်မှု ဝီရိယဆိုတဲ့ ဝီရိယ ၃မျိုး ပိုင်ရှင်ဖြစ်သူကို ယောဂီလို့ ခေါ်ဝေါ်ကြောင်း၊ ဝိတက်ခေါ် ရွယ်စူးမှုနဲ့ ဝီရိယခေါ် အားစိုက်မှုဆိုတဲ့ အရည်အသွေး ၂ ခု ရှိဖို့ လိုအပ်ကြောင်းနဲ့ အဲဒီ အရည်အသွေး ၂ ခု ရှိပါမှ ရှုကွင်းအာရုံဆီ ရောက်နိုင်ကြောင်းကို မိန့်ပါတယ်။ အပျင်းဟာ ယောဂီအတွက် အနီးကပ်အန္တရာယ်ဖြစ်ကြောင်း သတိပေးပါတယ်။ စိတ်ပွင့်ကားလာအောင် ဝိတက် လိုတယ်။ အပျင်းကို လွှမ်းမိုးနိုင်အောင် ဝီရိယ လိုတယ်လို့လည်း မိန့်ပါတယ်။ ရှုကွင်းအာရုံဆီ တည့်တည့်မတ်မတ် ရောက်သွားအောင် ဝိတက်, ချိန်ရွယ်မှု ရှိရပါတယ်။ ဝီရိယလိုနေရင် ရှုကွင်းအာရုံဆီ စိတ်က မရောက်ဘဲ ရှိနေပါမယ်။ ဝီရိယ လွန်သွားရင်လည်း ရှုကွင်းအာရုံနဲ့ လွဲသွားပါမယ်။

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ကို ယောဂီလို့ပဲ အများက နားလည်နေကြပါတယ်။ အသေးစိတ်အဓိပ္ပာယ်ကို သိနားလည်သူက နည်းနေပါတယ်။ အမျိုးသားဖြစ်ရင် ယောဂီလို့ ခေါ်ဝေါ်ရပါတယ်။ အမျိုးသမီး

http://www.dhammadownload.com



ဖြစ်ရင်တော့ သဒ္ဒါနည်း မှန်မှန်ကန်ကန် ပြောလိုက ‘ယောဂိနီ’လို့ ခေါ်ရပါတယ်။ ပါဠိသဒ္ဒါနည်းကို သတိမပြုမိဘဲ အမျိုးသမီးကိုလည်း ‘ယောဂီ’ လို့ပဲ ခေါ်ဝေါ်နေကြပါတော့တယ်။ ဒီနေ့ တရားနာရာက ပြန်လာလို့ အခန်းရောက်သွားတော့ ပဏ္ဍိတာရာမယောဂီဟောင်း အမျိုးသမီး ၂ ယောက်က ဂျင်ဆင်းအရည်ကို ပျားရည်ရောစပ်ကာ လာကပ်ကြပါတယ်။ ဓမ္မာရုံမှာ သာမဏေကျော်တရားနာရတဲ့ နေရာနားက တံခါးပေါက်က အနည်းငယ် ဟနေပါတယ်။ လေအေး ဝင်ပါတယ်။ အေးပါတယ်။ သာမဏေကျော်က အအေးကို ကြောက်ပါတယ်။ အအေးမိရင် ဖျား တတ်ပါတယ်။ ဒါကြောင့် သူတို့ကို ပြောပြလိုက်ပါတယ်။ ဆိုးလ်မြို့ ပဏ္ဍိတာရာမအဖွဲ့ ဥက္ကဋ္ဌ ဒကာကြီးက သိသွားလို့ ရောက်လာပါသေးတယ်။ အဲဒီနေရာကို ပြန်ကြည့်ပါဦးမယ်လို့ ပြောပါတယ်။ ဖျားမှာကို သာမဏေကျော်လည်း စိုးရိမ်သလို သူတို့လည်း စိုးရိမ်ကြပါတယ်။ ဖျားရင် သူတို့လုပ်ငန်းစဉ်မှာ မပါဝင်၊ မကူညီနိုင်က အားနာပါတယ်။ အဲဒီလို မဖျားရအောင် နောက်နေ့တွေမှာ ဆရာတော်ကြီးရဲ့ ပလ္လင်နောက် သွားထိုင်မယ်လို့ စိတ်ကူးပါတယ်။ အဲဒီနေရာမှာ လေ မတိုက်လောက်ဘူးလို့ တွက်ဆမိပါတယ်။

၁၇-၄-၂၀၀၆ နေ့ကစပြီး ယောဂီတွေကို တရားစစ်ပေးရပါမယ်။ ဖျားလို့မဖြစ်ပါ။ မဖျားအောင် ဂရုစိုက်ရပါမယ်။ ကျောင်းရောက်တော့ ဂျင်ဆင်းနဲ့ ရေနွေးပူပူ သောက်ပေမယ့် ဦးခေါင်း အအေးမိသွားလို့ အနည်းငယ် နှာစေးနေပါသေးတယ်။ ခန္ဓာကိုယ်ကလည်း ချမ်းစိမ့်စိမ့်လို ဖြစ်နေပါသေးတယ်။ နောက်နေ့တွေမှာ ဒီလိုသာ အအေးမိရင် ဖျားမှာ သေချာပါတယ်။ ဂရုစိုက်ရပါဦးမယ်။

http://www.dhammadownload.com

# သေချင်သေ

၁၇-၄-၂၀၀၆ နေ့၊ နံနက် ၇ နာရီနဲ့ နေ့လယ် ၁ နာရီမှာ တရားစတင် စစ်ပါတယ်။ နံနက်ပိုင်းမှာ ယောဂီ ၅ ယောက်၊ နေ့ပိုင်းမှာ ၇ ယောက်၊ တစ်နေ့မှာ ယောဂီ ၁၂ ယောက်ပဲ စစ်ပေးရပါတယ်။ ၂ ချိန်ခွဲ စစ်ရတော့ အေးအေးဆေးဆေးပါပဲ။ နံနက်ပိုင်းမှာ မမနာပိကာက ကိုရီးယားလို ဘာသာပြန်ပေးပါတယ်။ နေ့လယ်ပိုင်းမှာ မဝိသုတဉာနီက ကိုရီးယားလို ဘာသာပြန်ပေးပါတယ်။ သူတို့က မြန်မာစကားတတ်ထားတဲ့ ကိုရီးယားသီလရှင်တွေ ဖြစ်နေလို့ ကျေးဇူးများလှပါတယ်။ ယောဂီတွေက သူတို့တရားအတွေ့အကြုံတွေကို ကိုရီးယားဘာသာစကားနဲ့ စာအုပ်ထဲမှာ ကိုယ်စီ ရေးလာကြပါတယ်။ အဲဒီ ရေးလာတာတွေကို ဆရာလေး ၂ ပါးထံ ပြကြပါတယ်။ သူတို့က မြန်မာလို ပြောပြကြပါတယ်။ ဆရာတော်ကြီးနဲ့ သာမဏေကျော်က ယောဂီတွေအား မြန်မာလို ပြောသင့်တာကို ပြောလိုက်တာပါပဲ။ ဆရာတော်ကြီးက နေ့လယ် ၁ နာရီမှာ နေ့စဉ် ယောဂီ ၄ ယောက်ကိုပဲ တရားစစ်ပေးပါတယ်။ နေ့စဉ် ညနေ ၆ နာရီမှ ၇ နာရီထိ တရားဟောပါတယ်။

ဒီနေ့ နံနက်ပိုင်း တရားစစ်အပြီးမှာ အရိုးပွရောဂါအကြောင်း မမနာပိကာကို ထပ်မေးရပါတယ်။ မည်းမည်းဆေးလုံးလေး ၄၀ လောက်ကို အရက်ဆွမ်းအပြီးမှာရော နံနက် ၉ နာရီမှာပါ သောက်ရပါတယ်။ အရိုးကောင်းဖို့အတွက် ဖြစ်ပါသတဲ့။ ဆေးတောင့် ၁ တောင့်ကို

http://www.dhammadownload.com



လည်း သောက်ရပါသေးတယ်။ အရိုးကောင်းဖို့ပါပဲ။ ရွှေကပ်ထားတဲ့ ရွှေရောင်ဆေးလုံး ၂ လုံးကိုလည်း သောက်ရပါသေးတယ်။ နံနက် ၉ နာရီမှာပါ။ တစ်လုံးအတွက် ဝမ်(ကိုရီးယားငွေ) တစ်သိန်း တန်ပါသတဲ့။ ၂ လုံးဆိုတော့ ၂ သိန်းတန်နေတာပေါ့။ အားဆေး ဖြစ်ပါတယ်။ ကိုရီးယား တိုင်းရင်းအားဆေးပါပဲ။ ကိုရီးယားငွေဝမ် နဲ့ မြန်မာငွေ ကျပ်တို့ဟာ တန်ဖိုးချင်း ညီမျှနေပုံ ပေါ်ပါတယ်။ မြန်မာလို တစ်သိန်းတန် ဆေးလုံးကို မသောက်ဖူးသေးပါ။ တစ်နေ့မှာ ၂ သိန်းတန်ဆေးလုံးတွေကို သောက်နေရပါတယ်။ ကိုရီးယားအလှူရှင်တွေဟာ တယ်လည်း စေတနာသဒ္ဓါကောင်းကြပေတာပဲ။

သာမဏေကျော်ရဲ့အရိုးပွရောဂါက ၃၀ရာခိုင်နှုန်းဆိုးနေပါတယ်။ ဗီတာမင်‘ဒီ’လိုအပ်တာဆိုရင် ကုသလို့ လွယ်ကူပါတယ်။ ဗီတာမင် ‘ဒီ’ လိုလို့ မဟုတ်ဘဲ အခြားအကြောင်းကြောင့် အရိုးပွတာဆိုရင် ၃ နှစ် ဆေးစားမှ ၇ ရာခိုင်နှုန်း၊ ၈ ရာခိုင်နှုန်းပဲ ကောင်းလာနိုင်ပါတယ်တဲ့။ နှစ်ရှည်ဆေးစားရမယ့် ပုံပါပဲ။ သွားဖုံးလည်း မကောင်းပါတဲ့။ အသက်ကြီးလာလေလေ မကောင်းတာတွေ များလာလေလေ ဖြစ်ပါတယ်။ နောင် အနှစ် ၂၀ လောက် စာရေးခြင်း စတဲ့ သာသနာ့တာဝန်တွေကို လုပ်နိုင်တဲ့ အခြေအနေ ရှိရင် တော်လောက်ပါပြီ။ ဒီဘဝမှာ မလုပ်နိုင်တော့ရင် နောက်ဘဝတွေမှာ ဆက်လုပ်လို့ ရတာပါပဲ။ ပူစရာ မရှိပါဘူး။ သေချင်လည်း သေပါစေ။ နေရသမျှ လုပ်နိုင်တာလေးတွေကို လုပ်သွားရမှာပါပဲ။

http://www.dhammadownload.com

# သစ်ပင်နဲ့ ယောဂီ

တောင်တွေကြားမှာ တည်ဆောက်ထားတဲ့ ကျောင်းတိုက်ဖြစ်လို့ အနီးဝန်းကျင်ရှုကွင်းမှာ တောင်တွေကိုသာ တွေ့ရပါတယ်။ ရောက်ခါစက မြင်တွေ့ရတဲ့ သစ်ပင်တွေဟာ အရှင်တွေလား၊ အသေတွေလားလို့ ရဲရဲဝံ့ဝံ့ မခွဲခြားတတ်သေးပါ။ သစ်ပင်တွေက ရိုးတံတွေချည်းပဲ ရှိနေလို့ပါပဲ။ တစ်နေ့ထက် တစ်နေ့ ပိုပိုပြီး ရွက်နုနုတွေ ဝေဝေလာတာကို တွေ့ရတော့ သေနေတဲ့ သစ်ပင်တွေ မဟုတ်ပါလားလို့ သိလာရပါတယ်။ နုနု နယ်နယ် ကလေးအရွယ်လေးဟာ ချစ်စရာကောင်းသလို တောင်ရိုးဆင်ခြေလျှော တစ်လျှောက်မှာ အပြည့်ပေါက်နေတဲ့ သစ်ပင်အပေါင်းမှာ ထွက်နေတဲ့ နုနုနယ်နယ် ရွက်သစ်လေးတွေဟာလည်း ချစ်စရာကောင်းလှပါတယ်။ တချို့သစ်ပင်တွေကတော့ "သူတို့ဟာ သေနေတဲ့ သစ်ပင်တွေ မဟုတ်ကြပါ" လို့ သက်သေထူဖို့ တာစူနေကြပုံပေါ်ပါတယ်။ နုနုနယ်နယ် ရွက်သစ်လေးတွေလို ဝေမပြနိုင်သေးကြပါ။ အမြဲစိမ်းစိုနေတဲ့ ထင်းရှူးပင်တွေ၊ ပင်လုံးကျွတ်ပွင့်နေတဲ့ သစ်ပင်တွေလို "မင်းတို့လိုပဲ ငါတို့လည်း ငါတို့ရဲ့အလှတွေကို အားရပါးရ ပြနိုင်တော့မှာပါ။ မကြာတော့ပါဘူး။ ကြာလှရင် တစ်ပတ်ပေါ့"လို့ ခပ်ငေါ့ငေါ့၊ ခပ်ထေ့ထေ့ လုပ်နေကြသယောင်၊ ကြုံးဝါးနေကြသယောင် ထင်ရပါတယ်။ သူတို့လည်း ရွက်သစ်တွေနဲ့ ဝေဆာလာရင် အလှသွေးကြွယ်နေတဲ့ မိန်းမပျိုလေးနှယ် တင့်တယ်လာကြမှာပါပဲ။

http://www.dhammadownload.com



ဒီတရားစခန်းမှာ လာရောက်အားထုတ်ကြတဲ့ ယောဂီတွေထဲမှာ ယောဂီဟောင်းတွေရော၊ ယောဂီအသစ်တွေပါ ပါဝင်ကြပါတယ်။ ပဏ္ဍိတာရာမ ယောဂီဟောင်း၊ အခြားရိပ်သာယောဂီဟောင်းတွေကို မြင်တွေ့ရပါတယ်။ ဝိပဿနာကို တစ်ခါမှ အားမထုတ်ဖူးသေးတဲ့ ယောဂီတွေလည်း ပါကြပါတယ်။ တရားစခန်းမှာ အစအဆုံး ဝင်ရောက်အားထုတ်ကြမယ့် ယောဂီတွေ ပါသလို တစ်ပတ်၊ နှစ်ပတ်စသည် အားထုတ်ကြမယ့် ယောဂီတွေလည်း ပါပါတယ်။ ဝိပဿနာတရား အားမထုတ်ဖူးသေးလို့ တရားအသိ လုံးဝ မရှိသေးတဲ့ ယောဂီတွေဟာ ရိုးတံချည်းရှိနေတဲ့ သစ်ပင်တွေနဲ့ တူနေကြပါတယ်။ ရွက်သစ်တွေ ဝေစပြုနေတဲ့ သစ်ပင်တွေနဲ့ ဝိပဿနာတရား အားထုတ်ဖူးလို့ သတိ၊ သမာဓိရလွယ်နေတဲ့ ယောဂီတွေဟာ တူနေကြပါတယ်။ ဝိပဿနာအားထုတ်ခဲ့ဖူးပြီး အိမ်မှာလည်း စဉ်ဆက်မပြတ် ဆက်လက်ရှုမှတ်နေခဲ့တဲ့ ယောဂီတွေဟာ စိမ်းစိုနေတဲ့ ထင်းရှူးပင်တွေပမာ ဖြစ်ကြပါတယ်။ ရက်နည်းနည်း အားထုတ်နိုင်တဲ့ ယောဂီတွေကို အချိန်ပေးပြီး တရားမှတ်နည်းကို သင်ပြပေးရပါတယ်။ ဟိုငေး ဒီငေး၊ ဟို ကြည့် ဒီကြည့်နဲ့ အမှတ်မပါဘဲ ထိုင်, ထ သွားလာလှုပ်ရှားနေတဲ့ ယောဂီတွေကိုလည်း ရှုမှတ်မှုနဲ့ သွားလာလှုပ်ရှားဖို့ သတိပေးရပါတယ်။ ကိုယ်အမူအရာတွေ လျင်မြန်စွာ ပြုလုပ်တဲ့ ယောဂီတွေကိုလည်း အားမရှိတဲ့ လူမမာလို ဖြည်းဖြည်း ပြုမူဖို့ ပြောပေးရပါတယ်။ ယောဂီအသစ် ဖြစ်ပေမယ့် ယောဂီဟောင်းတွေထက် ပိုပြီး ရိုရိုသေသေ၊ လေးလေးစားစား၊ လိုလိုချင်ချင်၊ စူးစူးစိုက်စိုက်၊ စေ့စေ့စပ်စပ် ရှုမှတ်ရင် တရားအသိတွေ လျင်မြန်စွာ ဖြစ်ပေါ်လာကြပါတယ်။ ရိုးတံချည်းရှိတဲ့ သစ်ပင်တွေပမာ ကြုံးဝါးလိုက ကြုံးဝါးနိုင်ပါမယ်။

http://www.dhammadownload.com

# အခြေခံ

၁၇-၄-၂၀၀၆ နေ့မှာ ဆရာတော်ကြီးက ယောဂီတွေအား "အရည = တောအရပ်၊ ရုက္ခမူလ = သစ်ပင် အောက်အရပ်၊ သုညာဂါရ = တိတ်ဆိတ်ရာနေရာကို ဘုရားရှင်က တရားအားထုတ်လိုသူတွေအတွက် ရွေးချယ်ပေးခဲ့ကြောင်း ရှင်းပြပါတယ်။ ပြီးတော့ အောက်ပါ လင်္ကာလေးတွေကို ရှင်းပြသွားပါတယ်။ ဆရာတော်ကြီး သူကိုယ်တိုင် ရေးခဲ့တဲ့ လင်္ကာလေးတွေပါပဲ။

* ထက်ဝယ်ဖွဲ့ခွေ, ကိုယ် ဖြောင့်စေ, ထားလေ စိတ်ဝမ်းမှာ။
* ပုံမှန် ရှူရှိုက်, ဖောင်းပိန်ခိုက်, စူးစိုက် ကပ်လိုက်ပါ။
* စိတ်နေ သန့်ရှင်း, အပြစ်ကင်း, ကောင်းခြင်း အမှန်ပါ။

ပထမလင်္ကာနဲ့ ပတ်သက်ပြီး "ခန္ဓာကိုယ် ငြိမ်သက်အောင် ထားပါမှ စိတ်ငြိမ်သက်နိုင်ပါတယ်"ဆိုတဲ့ စကားလေးကို အထူးမှတ်သားလိုက်ရပါတယ်။ လက်ကို ကြိုက်သလို ထားနိုင်ပါတယ်။ လက်ဝါး တစ်ဖက်ပေါ် အခြားလက်ဝါး တင်ကာ လက်မချင်း ထိလျက်ဖြစ်စေ၊ ပေါင် ၂ ဖက်မှာ လက် ၂ ဖက် တင်လျက်ဖြစ်စေ ကြိုက်သလို ထားနိုင်ကြောင်းကိုလည်း မှတ်သားလိုက်ရပါတယ်။ ညှော်သည်ကို တွေ့လိုသူဟာ ညှော်သည်ဝင်လာမယ့် တံခါးကနေ သတိထားစောင့်နေရင်၊ ညှော်သည်ကို တွေ့မှုကိစ္စ ပြီးမြောက်သွားပါတယ်။ ပေါ်လာတဲ့ ဖောင်းတာ၊ ပိန်တာကို ဝမ်းဗိုက်ကနေ သတိထား စောင့်ဖို့ လိုပါတယ်လို့လည်း ရှင်းပြသွားပါတယ်။

http://www.dhammadownload.com



ဒုတိယလင်္ကာက ယောဂီလုပ်ရမယ့်အလုပ်ကို ပြပါတယ်လို့ မိန့်ကာ "စူးစိုက်"ဆိုတဲ့ စကားကို အပ်ချုပ်တဲ့ ဥပမာလေးနဲ့ ရှင်းပြပေးသွားပါတယ်။ တတိယလင်္ကာလေးက အလုပ်ရဲ့အကျိုးရလဒ်ကို ပြပါတယ်တဲ့။ တရားကောင်းကောင်း မရှုမှတ်တတ်သေးတဲ့ ယောဂီတွေအတွက် ဒီလို အခြေခံတရားတွေဟာ အင်မတန်မှ အကျိုးများလှပါတယ်။ ဒီလို အခြေခံတရားတွေကို တရားစခန်းတွေရဲ့အစပိုင်းမှာ ဟောဖြစ်အောင်ကို ဟောပေးသင့်ပါတယ်။ အခြေခံကို ပိုင်နိုင်မှ အထက်ကိုတက်လှမ်းနိုင်ပါမယ်။

ဒီနေ့ တရားမဟောခင် ဆိုးလ်မြို့မှ မြန်မာဘုန်းကြီး ဦးမင်္ဂလက ဆရာတော်ကြီးကို ၂၃-၄-၂၀၀၆ နေ့ နေ့ဆွမ်းဘုဉ်းပေးကြွဖို့နဲ့ မြန်မာဒကာ၊ ဒကာမတွေအား တရားချီးမြှင့်ပေးဖို့ လျှောက်ပါတယ်။ ဦးမင်္ဂလက အရာတော်မြို့နယ်သားဖြစ်ပြီး ပဲခူး သာသနာ့မဏ္ဍိုင်ထွက်ဖြစ်နေပါတယ်။ သာမဏေကျော်နဲ့ အရာတော်မြို့နယ်သားချင်း တူနေပါတယ်။ သာမဏေကျော်ရဲ့ ဇာတိ စပါးတွင်းရွာကို သူက သိပါတယ်။ အရာတော်နယ်သား ၂ ပါးဟာ တောင်ကိုရီးယားမှာ လာဆုံနေကြပါလား။ သာသနာ့မဏ္ဍိုင် ဆရာတော်တွေကလည်း အရာတော်မြို့နယ်သားတွေ ဖြစ်လို့ မဏ္ဍိုင်ထွက် ဦးမင်္ဂလလည်း အရာတော်မြို့နယ်သားဖြစ်နေမလားလို့ တွေးမိတဲ့အတွက် မေးကြည့်ရာ ဟုတ်နေပါတယ်။ အရာတော်မြို့နယ်၊ မန်ကျည်းကန်အုပ်စုမှ ကုန်းသာရွာသား ဖြစ်နေပါတယ်။

# အမေးအဖြေ

"တောင်ကိုရီးယားမှာ တစ်လအတွက် လုပ်ခငွေ ဘယ်လောက်ရသလဲ"

"တပည့်တော်တို့ မြန်မာတွေမှာ အနည်းဆုံး တစ်လမှာ ၈ သိန်းရပါတယ်"

"စားသောက်စရိတ်က တစ်လမှာ ဘယ်လောက်ကုန်ကျသလဲ"

"တစ်သိန်းလောက်ပဲ ကုန်ကျပါတယ်။ ၇ သိန်းလောက် ကျန်ပါတယ်"

"သူတို့ ကိုရီးယားတွေနဲ့ လုပ်အားခ ရတာချင်း တူသလား"

"မတူပါ။ သူတို့ ကိုရီးယားတွေက ၂ ဆ ပိုရပါတယ်။ သူတို့ခများ ရကြပေမယ့် အခွန်ပေးရတာ စသည်ကြောင့် မြန်မာတွေလောက်တောင် အချို့မှာ ငွေမစုမိကြပါ"

"အလုပ်ရှင်တွေက မြန်မာလုပ်သားတွေအပေါ် ကြင်ကြင်နာနာ ဆက်ဆံကြရဲ့လား"

"ဆက်ဆံကြပါတယ်။ ဘာသာစကား နားမလည်သေးခင် အခက်အခဲ ရှိတတ်ပါတယ်။ မြန်မာတွေက အလုပ်ရှင်တွေအပေါ် ပြန်လှန်ပြောဆိုတာ မရှိကြပါ။ သည်းခံကြပါတယ်။ အလုပ်ကြိုးစားကြတော့ မြန်မာတွေကို ကိုရီးယားအလုပ်ရှင်တွေက ပိုမိုကြိုက်ကြပါတယ်"

"အလုပ်ရှင်တွေက ခရစ်ယာန်ဘာသာဝင်တွေ များသလား"

"များပါတယ်"

http://www.dhammadownload.com



"ကိုယ့်မြန်မာအချင်းချင်းရော ကူညီရိုင်းပင်းကြသလား။ ရန်ဖြစ်တာ၊ သတ်တာ ရှိကြသလား"

"မရှိကြပါ။ ကူညီ ရိုင်းပင်းကြပါတယ်။ အခု တောင်ကိုရီးယားအစိုးရက တရားမဝင် မြန်မာအလုပ်သမားတွေကို လိုက်ဖမ်းပြီး မြန်မာနိုင်ငံ ပြန်ပို့ပေးနေပါတယ်"

"မြန်မာတွေထဲ ဘယ်ဘာသာဝင်တွေ ပါကြသလဲ"

"ခရစ်ယာန်နဲ့ မူစလင်က အနည်းငယ်ပဲ ပါကြပါတယ်။ ဗုဒ္ဓဘာသာဝင်တွေကပဲ များပါတယ်"

"ကိုရီးယား၊ ဂျပန်၊ တရုတ်တွေထဲက ဘယ်သူက ပိုလှသလဲ"

"ကိုရီးယားတွေက ပိုလှကြပါတယ်"

ပဏ္ဍိတာရာမ ဆရာတော်ကြီးက မေးလို့ မနေ့ညက ဦးမဏ္ဍလနဲ့အတူ လိုက်ပါလာပြီး ချန်ရစ်နေခဲ့ကာ မုန့်ဟင်းခါးကို အရုဏ်ဆွမ်းအတွက် ဆက်ကပ်တဲ့ မြန်မာဒကာတစ်ဦးဖြစ်တဲ့ ဦးဝင်းနိုင်က ဖြေပေးပါတယ်။ လုပ်ငန်းခွင်မှာ ထိခိုက်မှုရှိရင်လည်း သူတို့က တာဝန်ယူဆောင်ရွက်ပေးကြပါတယ်။ တောင်ကိုရီးယားတွေက မြန်မာတွေကို ဆက်ဆံရာမှာ အခြားနိုင်ငံခြားသားတွေထက် ပိုမိုတော်ကြတယ်လို့ ထင်ပါတယ်လို့လည်း မြန်မာဒကာက ပြောပြပါတယ်။ ပြည်ပရောက် မြန်မာတွေမှာ ဒုက္ခရောက်နေတာကို ကြားရရင် ကရုဏာသက်ရပါတယ်။ အစစအရာရာ အဆင်ပြေနေတာကို ကြားရရင်တော့ မုဒိတာ ပွားရပါတယ်။ ဝမ်းသာရပါတယ်။ ဒီမြန်မာဒကာရဲ့စကားကို ကြားရတော့ စိတ်ချမ်းသာရပါတယ်။ သူ့ဇာတိရပ်ကို မေးကြည့်တော့ စစ်ကိုင်းမြို့ပေါ်က ဖြစ်ပါတယ်လို့ ပြောပါတယ်။ ကိုရီးယားမှာ မုန့်ဟင်းခါးချက်ဖို့ ပစ္စည်းတွေကို အဆင်သင့် ပြုလုပ်ပြီး ရောင်းတာ ရှိလို့ ချက်ရတာ လွယ်ပါတယ်လို့ ပြောပါတယ်။

http://www.dhammadownload.com

# ပန်းလှလှတွေ ပွင့်လာစေဖို့

၁၈-၄-၂၀၀၆ နေ့ နေ့ဆွမ်း မဘုဉ်းပေးမီ ယောဂီတွေ လိုက်နာရမယ့် စည်းကမ်းတွေကို ကိုရီးယားဆရာလေး မမနာပိကာ က မြန်မာလို ရေးကာ ပေးလာပါတယ်။ သူ့လက်ရေးလေးတွေက လှလှလေးတွေပါပဲ။ လက်ရေးလေးတွေက လှသလို လူကလည်း လှပပါတယ်။ သူ့အစ်မနဲ့ သူ့ညီမတွေကလည်း လှပကြပါတယ်။ ကိုရီးယားမလေးတွေဟာ လှကြတယ်ဆိုတာကို သူတို့ညီအစ်မ ၃ ယောက်ကို ကြည့်ကာ မှန်းဆသိနိုင်ကြပါတယ်။

၁။ ဤတရားရိပ်သာ၌ တရားအားထုတ်သည့် ယောဂီအားလုံးသည် ရှစ်ပါးသီလကို လုံခြုံအောင် စောင့်ထိန်းကြရပါမည်။

၂။ ဤတရားရိပ်သာ၌ တရားအားထုတ်သည့် ယောဂီအားလုံးသည် ဝိပဿနာတရားကိုသာ များများ အားထုတ်ကြရပါမည်။

၃။ ဤတရားရိပ်သာ၌ တရားအားထုတ်သည့် ယောဂီအားလုံးသည် အကြောင်းထူးမရှိဘဲ စကားမပြောကြရပါ။

၄။ အချိန်ဇယားအတိုင်း ရိုသေစွာ လိုက်နာပြီး တရားအားထုတ်ကြရပါမည်။

၅။ တရားထိုင်မှုကို ဓမ္မာရုံထဲမှာသာ ပြုလုပ်ကြရပါမည်။

http://www.dhammadownload.com



၆။ တရားရိပ်သာ၌ နေစဉ် ဆေးလိပ်စသည်ကို မသုံးစွဲရပါ။

၇။ တရားရိပ်သာ၌ တရားရှုမှတ်နေစဉ် ကိုယ်အမူအရာ လှုပ်ရှားမှု အားလုံးကို ဖြည်းဖြည်း ပြုလုပ်ကြရပါမည်။ ရှိသေစွာ ရှုမှတ်လျက် ပြုလုပ်ကြရပါမည်။

၈။ တရားနှင့် ပတ်သက်သော ပြဿနာအားလုံးကို ကမ္မဋ္ဌာန်းဆရာနှင့်သာ ဆွေးနွေးကြရပါမည်။

၉။ အထက်ပါ စည်းကမ်းတို့ကို မလိုက်နာသည့် ယောဂီကို အခြားယောဂီတို့၏ တရားအားထုတ်မှုကို စောင့်ရှောက်ဖို့ ကမ္မဋ္ဌာန်းဆရာက ရိပ်သာမှ ထွက်ခိုင်းလျှင် ကြည်ကြည်ဖြူဖြူ လိုက်နာကာ ကူညီကြရပါမည်။

ဒီနေ့ ၁၈-၄-၂၀၀၆ နေ့လယ် ၁ နာရီမှာ တရားစစ်ပေးရာမှ ဘာသာပြန်ပေးတဲ့ ကိုရီးယားဆရာလေး မဝိသုတဉာဏီက အောက်ပါ ယောဂီစည်းကမ်းတွေကိုလည်း မြန်မာလို ရေးကာ ပေးသွားပါသေးတယ်။

၁။ ဓမ္မာရုံသို့ ရောက်ချိန် နောက်မကျရပါ။

၂။ လက်ကိုင်ဖုန်း မသုံးကြရပါ။ လိုအပ်လျှင် ရုံးခန်းမှ ဖုန်းကို သုံးနိုင်ပါသည်။

၃။ ဓမ္မာရုံ၌ တရားမှတ်ချိန်အတွင်း ကိုယ့်အခန်းသို့ မပြန်ရပါ။ နေမကောင်းဖြစ်ခဲ့လျှင် ဆရာလေး၊ သို့မဟုတ် ယောဂီစောင့်ပုဂ္ဂိုလ်ကို အသိပေးရပါမည်။

၄။ အခြားယောဂီ၏ အခန်းသို့ မသွားရပါ။

၅။ ရှစ်ပါးသီလထိန်းခိုက် မိတ်ကပ် မပြုလုပ်ရပါ။

၆။ တန်ဖိုးရှိသည့်ပစ္စည်း ပျောက်သွားခဲ့လျှင် တာဝန်မယူပါ။ မပျောက်ရအောင် ရုံးခန်းမှာ အပ်ထားပါ။

http://www.dhammadownload.com



၇။ တရားလျှောက်ချိန်မှတစ်ပါး အရေးကြီးကိစ္စ မရှိပါဘဲ စကား မပြောရပါ။

၈။ တရားပွဲ မစခင် ၅ မိနစ် ကြိုတင်ကာ စောလျက် ဓမ္မာရုံသို့ ရောက်နှင့်ရပါမည်။ တရားလျှောက်ဖို့ လာရာ၌ ၁၀ မိနစ် စော ရောက်ပြီး ရှုမှတ်မှုဖြင့် စောင့်ရပါမည်။

၉။ တရားဟောဖို့ ဆရာတော်ကြီး ကြွလာလျှင် ဦး ၃ ကြိမ် ချရပါ မည်။

၁၀။ ကမ္မဋ္ဌာန်းဆရာ၏ ညွှန်ကြားချက်နှင့် ရိပ်သာစည်းကမ်းကို လိုက်နာရပါမည်။

အထက်ပါ စည်းကမ်းချက်တွေဟာ ယောဂီတွေရဲ့ တရားအသိ ဉာဏ် တိုးတက်လာရေးကို အားပေးတဲ့ စည်းကမ်းတွေပဲ ဖြစ်ပါတယ်။ ယောဂီရဲ့ တရားအားထုတ်မှုလုပ်ငန်းကို အနှောင့်အယှက်ပေးမယ့် အရာတွေကို ဟန့်တားပေးထားရပါတယ်။ ယောဂီတွေဟာ အိပ်ချိန်ကို ချန်လှပ်ပြီး ကျန်အချိန်တွေမှာ ရှုမှတ်မှုနဲ့ နေနိုင်အောင် ကြိုးစားကြရပါ မယ်။ ဒီလို စည်းကမ်းတွေ ထုတ်ထားပါလျက် စည်းကမ်းလိုက်နာမှု ပျက်ကွက်နေတာ တွေ့ခဲ့ရင် သတိပေးရပါတယ်။ စင်္ကြံလျှောက်မှတ်ရ မယ့်အချိန်မှာ စင်္ကြံလျှောက်မမှတ်ဘဲ တချို့က အခန်းမှာ သွားအိပ်နေ ကြတယ်လို့ သိရပါတယ်။ ဓမ္မာရုံသို့ တရားထိုင်ချိန်နဲ့ တရားနာချိန်မှာ ရောက်တာ နောက်ကျနေကြပါတယ်။ ဒါကြောင့် အဲဒီလို မဖြစ်ရ အောင် ယောဂီတွေကို သတိပေးရပါတယ်။

တရားစစ်လို့ပြီးသွားချိန်မှာ သာမဏေကျော်နေရာ အခန်းရှေ့က ပွင့်အာလျက် အပွင့်ချင်းထိကာ ဖွေးဖွေးလှုပ်ပွင့်နေတဲ့ မြင့်မြင့်ပန်းပင် ကြီးကိုကြည့်လျက် မဝိသုလညာနီက "အဲဒီပန်းလို ကြည်ကြည်လင်လင် ရုပ်လှတဲ့ သမ္မတပတ်ချုံဟီးရဲ့ ဇနီးနဲ့ နှိုင်းပြီး သီဆိုထားတဲ့ ကိုရီးယား သီချင်းတစ်ပုဒ် ရှိပါတယ်"လို့ ပြောပါတယ်။ "ဒီလောက် ဖွေးဖွေးလှုပ်

http://www.dhammadownload.com



ပွင့်ပြီး အလှပင်လယ်ဝေနေတဲ့ ပန်းပင်မျိုးကို ကိုရီးယား ရုပ်ရှင်တွေက ထည့်ပြီး ရိုက်သင့်တာပေါ့။ ကိုရီးယားရဲ့ ထူးခြားတဲ့ အလှပန်းတစ်မျိုးပဲ”လို့ သာမဏေကျော်က ပြောလိုက်ပါသေးတယ်။ ဒီပန်းပင်က ပန်းဖွေးဖွေးတွေလို ယောဂီတွေရဲ့ ရင်ထဲမှာ သတိပန်းလှလှ၊ သမာဓိပန်းလှလှ၊ ပညာပန်းလှလှ ပွင့်လာနိုင်ကြစေရန် ရည်သန်လျက် အထက်ပါစည်းကမ်းတွေကို ထုတ်ထားရတာ ဖြစ်ပါတယ်။

http://www.dhammadownload.com

# အချိန်ဇယား

အိပ်ချိန် ၄ နာရီလောက်ကို ချန်လှပ်ပြီး ကျန်အချိန်တွေမှာ ရှုမှတ်မှုနဲ့ နေနိုင်အောင် တရားမှတ်ဖို့ အချိန်ဇယားကို အောက်ပါအတိုင်း ဆွဲထားပါတယ်။

| | | |
|---|---|---|
| နံနက် | = ၀၃း၃၀ | အိပ်ရာမှ ထရန်၊ |
| | ၀၄း၀၀ - ၀၄း၃၀ | မေတ္တာပို့ ဘုရားရှိခိုးရန်၊ |
| | ၀၄း၃၀ - ၀၅း၃၀ | စင်္ကြံလျှောက်မှန်ရန်၊ |
| | ၀၅း၃၀ - ၀၆း၀၀ | တရားထိုင် ရှုမှတ်ရန်၊ |
| | ၀၆း၀၀ - ၀၇း၀၀ | အရုဏ်ဆွမ်းစားရန်၊ |
| | ၀၇း၀၀ - ၀၈း၀၀ | တရားလျှောက်ရန်၊<br>တရားထိုင်ရန်၊ |
| | ၀၈း၀၀ - ၀၉း၀၀ | စင်္ကြံလျှောက်မှတ်ရန်၊ |
| | ၀၉း၀၀ - ၁၀း၀၀ | ထိုင်မှတ်ရန်၊ |
| | ၁၀း၀၀ - ၁၁း၀၀ | ရေချိုးရန်၊ |
| | ၁၁း၀၀ - ၁၂း၀၀ | နေ့ဆွမ်းစားရန်၊ |
| နေ့လယ် | ၁၂း၀၀ - ၁၃း၀၀ | ထိုင်မှတ်ရန်၊ |
| | ၁၃း၀၀ - ၁၄း၀၀ | တရားလျှောက်ရန်၊<br>စင်္ကြံလျှောက်မှတ်ရန်၊ |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| | ၁၄း၀၀ | - ၁၅း၀၀ | ထိုင်မှတ်ရန်၊ |
| | ၁၅း၀၀ | - ၁၆း၀၀ | စင်္ကြံလျှောက်မှတ်ရန်၊ |
| ညနေ | ၁၆း၀၀ | - ၁၇း၀၀ | ထိုင်မှတ်ရန်၊ |
| | ၁၇း၀၀ | - ၁၈း၀၀ | ဖျော်ရည်သောက်ရန်၊ |
| | ၁၈း၀၀ | - ၁၉း၀၀ | တရားနာယူရန်၊ |
| | ၁၉း၀၀ | - ၂၀း၀၀ | စင်္ကြံလျှောက်မှတ်ရန်၊ |
| | ၂၀း၀၀ | - ၂၁း၀၀ | ထိုင်မှတ်ရန်၊ |
| | ၂၁း၀၀ | | အိပ်ရာဝင်ရန်၊ |

အထက်ပါအချိန်ဇယားအတိုင်း မှတ်နိုင်လာကြတဲ့အခါ သတိပဋ္ဌာန်ရဲ့ အကျိုးတွေကို ကိုယ်တွေ့ နားလည်နိုင်လာကြပါတယ်။ သတိပဋ္ဌာန်အကျိုး ၇ မျိုးကို ဆရာတော်ကြီးက ၁၈-၄-၂၀၀၆ ညက ဟောပြခဲ့ပါတယ်။ ၁။ စိတ်အညစ်အကြေး ကင်းဝေး စင်ကြယ်ခြင်း၊ ၂။ သောကကိုလွန်မြောက်ခြင်း၊ ၃။ ငိုကြွေးမှုကို လွန်မြောက်ခြင်း၊ ၄။ ကိုယ်ဆင်းရဲမှု ချုပ်ငြိမ်းခြင်း၊ ၅။ စိတ်ဆင်းရဲမှု ချုပ်ငြိမ်းခြင်း၊ ၆။ အရိယမဂ်ကို ရခြင်း၊ ၇။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းတို့ ဖြစ်ကြပါတယ်။

http://www.dhammadownload.com

# ရက်မိပါတယ်

ရွှေရောင်သုတ်ထားတဲ့ တစ်သိန်းတန်ဆေးလုံး ၁၀ လုံးကို ဒီနေ့ ၁၉-၄-၂၀၀၆ နေ့ နံနက် ၉ နာရီ၊ ၁၅ မိနစ်လောက်မှာ သောက်ပြီးသွားပါတယ်။ တစ်နေ့မှာ ၂ လုံး သောက်ရပါတယ်။ ဆရာတော်ကြီးလည်း ၁၀ လုံး၊ မဝိမလညာနီလည်း ၁၀ လုံးစီပဲ သောက်ကြရပါတယ်။ ၃ ပါး အတွက် သိန်း ၃၀ ကုန်ကျပါမယ်။ အားဆေးတွေ ဖြစ်ပါတယ်။ အနည်းငယ်ပဲ ခါးသက်သက် ရှိပါတယ်။ တိုင်းရင်းဆေးဆရာကြီးက ဆွမ်းမစားခင် ၂ ကြိမ်နဲ့ အခြားတစ်ချိန်မှာ ဆေးအရည်ကိုလည်း အသောက်ခိုင်းပါသေးတယ်။ အနည်းငယ် အဝင်ဆိုးပါတယ်။ ကျန်ဆေးရည်နဲ့ ဆေးမည်းလုံး၊ ဆေးတောင့်တွေကိုလည်း သောက်ရပါသေးတယ်။ တိုင်းရင်းဆေးသောက်တုန်း အင်္ဂလိပ်ဆေးကို မသောက်ဘဲ ရပ်ထားဖို့ တိုင်းရင်းဆေးဆရာက ညွှန်ကြားပါတယ်။ ဆေးတွေကိုလည်း သောက်၊ ဆေးဖက်ဝင်တဲ့ အစားအစာတွေကိုလည်း နေ့စဉ်စားနေရလေတော့ ရောဂါရာနှုန်းပြည့် မပျောက်ကင်းတောင် သက်တော့ သက်သာပါလိမ့်မယ်။ ဂျင်ဆင်းကိုလည်း ဆက်ကပ်ကြပါသေးတယ်။ ရောဂါမပျောက်တောင်မှ သူတို့ရဲ့ ပြုစုစောင့်ရှောက်မှုတွေကြောင့် စိတ်အားပိုရှိရပါတယ်။

သူတို့က သာမဏေကျော်တို့မှာ ရှိတဲ့ ခန္ဓာကိုယ်ဆိုင်ရာ ရောဂါတွေကို ကုသပေးကြပါတယ်။ ဆရာတော်ကြီးနဲ့ သာမဏေကျော်တို့က သူတို့ရဲ့ ကိလေသာရောဂါတွေကို ပျောက်ကင်းစေ၊ သက်သာစေနိုင်

http://www.dhammadownload.com



တဲ့ သတိပဋ္ဌာန်ဆေးတွေကို တိုက်ကျွေးနေကြပါတယ်။ ၁၉-၄-၂၀၀၆ နေ့ နံနက် ၇ နာရီမှာ ယောဂီ ၆ ယောက်ကို မမနာပိကာ ဘာသာပြန် အကူအညီနဲ့ တရားစစ်ပေးရာ နောက်ဆုံးအမျိုးသမီး ၃ ယောက်မှာ ရောဂါကိုယ်စီ ရှိနေကြပါတယ်။ တစ်ယောက်က ခါးနာဝေဒနာကို ခံစား နေရလို့ အိမ်ပြန်သွားရာက ပြန်လာပြီး တရားရှုမှတ်နေတဲ့ ယောဂ အကျင့်ကို သင်ပြပေးတဲ့ ဆရာမလေးပါ။ နောက်တစ်ယောက်ကတော့ ဒူးနာရောဂါ ဆိုးဆိုးဝါးဝါး ခံစားနေရရှာတဲ့ အဘွားကြီးတစ်ယောက် ပါ။ နောက်တစ်ယောက်ကတော့ နှလုံးရောဂါသည် တစ်ဦးပါ။ သူတို့ ၃ ဦးလုံး ကြားဖူးအောင် မဟာစည်ဆရာတော်ရဲ့ တက္ကသိုလ်ဝိပဿနာ တရားတော် နောက်ပိုင်းမှာပါတဲ့ တရားမှတ်လို့ ရောဂါပျောက်သူ ၃ ဦးအကြောင်းကို မမနာပိကာအား ဘာသာပြန် ခိုင်းပါတယ်။ ကိုရီးယား မှ မြန်မာလို၊ မြန်မာမှကိုရီးယားလို ဘာသာပြန်ပေးရာမှာ ချက်ချင်းဖတ် ရင်း ချက်ချင်းပဲ ဘာသာပြန်သွားနိုင်တဲ့ မမနာပိကာကို ဘေးမှ ကြည့် ကာ သာမဏေကျော်ဟာ အံ့ဩနေမိပါတယ်။

ကိုရီးယားရောဂါသည် ယောဂီ ၃ ယောက်က မြန်မာရောဂါသည် တွေ ဖြစ်ကြတဲ့ ရန်ကုန် တာမွေမှ ဒေါ်ခင်ထွေးရဲ့ဗိုက်ထဲက အလုံး ရောဂါ၊ မြင်းခြံရိပ်သာမှ ဒကာ ကိုမြဆောင်ရဲ့ ဒူးကိုက်ရောဂါ၊ ကော့ ကရိတ်မြို့က ဒေါ်ကျော့ခင်ရဲ့ ရေဖျဉ်းရောဂါတွေ တရားရှုမှတ်လို့ ပျောက်ကင်းသွားပုံကို ကြားလိုက်ရတော့ အားရှိသွားကြပါတယ်။ ယောဂဆရာမလေးက ရှက်တောင်ရှက်မိပါတယ်လို့ ပြောသွားပါသေး တယ်။

http://www.dhammadownload.com

# အံ့ဩစရာတွေပါပဲ

တောင်ကိုရီးယားမှာ ၈ နှစ်ကြာ အလုပ်လုပ်နေတဲ့ ဦးဝင်းနိုင်က တောင်ကိုရီးယားက အခြေအနေလေးတွေကို ပြောပြတဲ့အခါ အံ့ဩစရာ အခြေအနေလေးတွေကို ကြားသိရပါတယ်။

တောင်ကိုရီးယားမှာ အသားတွေထဲမှာ ခွေးသားဟာ ဈေးအကြီးဆုံးလောက် ဖြစ်ပါသတဲ့။ ရာသီဥတု အေးတာမို့ အပူဓာတ်များတဲ့ ခွေးသားကို စားကြပုံ ရပါတယ်။ မြန်မာနိုင်ငံမှာလည်း အေးလှတဲ့ နေရာဒေသတချို့မှာ ခွေးသားကို စားတတ်ကြပါသတဲ့။ ခွေးသားကို စားရင် အနာရှိက အနာကျက်လွယ်တယ်။ အသားနုတက်လွယ်တယ်လို့ ဆိုပါတယ်။ ကိုရီးယားမှ ဆေးရုံက လူနာတွေဟာ အနာရှိက စားလေ့ရှိကြသတဲ့။ ခွေးတွေကိုသတ်စားဖို့ နွားတွေ၊ ကြက်တွေ မွေးထားသလို သီးသန့် မွေးထားကြပါသတဲ့။ ကိုယ့်မြန်မာနိုင်ငံမှာတော့ သတ်စားဖို့ ခွေးတွေကို မွေးထားတယ်လို့ မကြားဖူးပါ။

တစ်ဦးနဲ့တစ်ဦး ရန်ဖြစ်ရင် ရင်ဘတ်ချင်း တွန်းလေ့ရှိကြပါသတဲ့။ စတင်ပြီး လက်သီးနဲ့ ထိုးရင်၊ လက်နဲ့ ရိုက်ရင်၊ တစ်ခုခုနဲ့ ရိုက်ရင် အဲဒီ စတင်ထိုးရိုက်သူဟာ အနည်းဆုံး ဒဏ်ငွေတစ်သိန်းကျော် ပေးရပါသတဲ့။ ကိုရီးယားမှာ မြွေ သိပ်မရှိပါတဲ့။ မြွေကို အထူးအဆန်းအဖြစ်နဲ့ ကြည့်ရှုလေ့ရှိပါသတဲ့။ မြန်မာနိုင်ငံ ပုလိပ်မြို့က မြွေဘုရားမှ မြွေကို အထူးအဆန်းအဖြစ်နဲ့ ဓာတ်ပုံရိုက်ကာ ကိုရီးယားတီဗွီ အစီအစဉ်မှာ ပြပါသတဲ့။ အေးလွန်းတဲ့ နေရာဖြစ်လို့ မြွေရှိပုံ မပေါ်ပါ။

http://www.dhammadownload.com



မိဘက ရှေ့က သွားပြီး သားလေး၊ သမီးလေးက နောက်ကလိုက်လာရာ သား၊ သမီး လဲသွားရင် မိဘက ထူပေးလေ့ မရှိပါ။ ကူညီလေ့ရှိတဲ့ မြန်မာက သွားထူပေးရင် ထူမပေးဖို့ ပြောပါသတဲ့။ ကိုယ့်အားကိုယ်ကိုးစေချင်ပုံရပါတယ်။ အနောက်တိုင်း ယဉ်ကျေးမှုကို သဘောကျတဲ့ကိုရီးယားမိဘ ဖြစ်ပုံရပါတယ်။ မူလတန်းကလေးတွေတောင် ကျောင်းကို သူတို့ဘာသာပဲ သွားကြပါတယ်။ မိဘတွေက လိုက်ပို့စရာ မလိုပါ။ ကားကိုလည်း သူတို့ဘာသာ စီးသွားကြပါသတဲ့။

သူဌေးဆိုတဲ့ အလုပ်ရှင်ကလည်း လုပ်ငန်းခွင်မှာ ကိုယ်တိုင်ဝင်လုပ်ပါတယ်။ ရုံးခန်းထဲမှာပဲ မနေပါတဲ့။ သာမဏေကျော် မဟာဂန္ဓာရုံရဲ့ ကျောင်းဒကာ ဦးခင်ဇော်နဲ့ သူ့ဖခင်တို့လည်း အဲဒီ ကိုရီးယား သူဌေးတွေလိုပဲ ပြုလုပ်တယ်လို့ ကြားသိထားမိလို့ ကျောင်းဒကာ ဦးခင်ဇော်ကိုတောင် သတိရလာပါတယ်။

တောထဲက နေရာတွေနဲ့ တောင်ပေါ်က နေရာတွေမှာတောင် လျှပ်စစ်မီးရလို့ လျှပ်စစ်မီး လင်းပါတယ်။ ဘယ်လောက်ခက်ခဲတဲ့ နေရာဖြစ်ပါစေ လျှပ်စစ်မီးကတော့ လင်းလျက်ပါပဲတဲ့။ အံ့သြစရာတွေပါပဲ။

http://www.dhammadownload.com

# သတင်းထောက်တွေ

၁၉-၄-၂၀၀၆ နေ့ညမှာ ဆရာတော်ကြီးက ယောဂီတွေအား စတုရာရက္ခဘာဝနာ ၄ ပါးကို အကျဉ်းချုပ် ဟောပြပါတယ်။ ဗုဒ္ဓါနုဿတိ၊ မေတ္တာဘာဝနာ၊ အသုဘဘာဝနာ၊ မရဏာဿတိတို့ ဖြစ်ပါတယ်။ တရားစခန်းတိုင်းမှာ ဒီ ၄ ပါးကို ဟောနေကျပဲ ဖြစ်ပါတယ်။ ဒီနေ့ မိုးကျပါတယ်။ မနက်ဖြန်လည်း မိုးရွာပါမယ်တဲ့။ မိုးရွာလို့ နေ့ဆွမ်းစားပြီးအပြန်အပို့မှာ မိုးအနည်းငယ် ဆရာတော်ကြီးမှာရော၊ သာမဏေကျော်မှာပါ ရွှဲပါတယ်။ အရုဏ်ဆွမ်းကို ဆရာတော်ရှိရာ အခန်းသွားပြီး ဘုဉ်းပေးရပါတယ်။ နေ့ဆွမ်းကို သာမဏေကျော်အခန်း ဆရာတော်ကြီးကြွလာပြီး ဘုဉ်းပေးပါတယ်။ အသွားအပြန်လုပ်တဲ့အခါ ဆရာတော်ကြီး လမ်းလျှောက်ပြီးဖြစ်အောင်လို့ပါတဲ့။ နေ့ဆွမ်းဘုဉ်းပေးဖို့ ဆရာတော်ကြီးကို သူ့ အခန်းသွားပြီး ဖေးမကူညီကာ ပင့်လာပါတယ်။ အပြန်မှာလည်း ဖေးမကူညီပေးပါတယ်။ ဒီနေ့ နေ့ဆွမ်းအတွက် သွားပင့်ဖို့ဆရာတော်ကြီးအခန်းထဲ ဝင်လိုက်တဲ့အခါ သတင်းထောက် တစ်ယောက်ရောက်နေပါတယ်။ ဆရာတော်ကြီးကို ဓာတ်ပုံအမျိုးမျိုး ရိုက်ယူနေပါတယ်။ သတင်းစာထဲ ထည့်ဖို့ ဖြစ်ပါတယ်။ ဒီသတင်းထောက်က ၃ ယောက်မြောက် သတင်းထောက် ဖြစ်ပါသတဲ့။

သတင်းထောက်တွေက သူတို့မေးချင်တဲ့ မေးခွန်းတွေကိုလည်း မေးသွားကြလို့ ဆရာတော်ကြီး ဖြေပေးရပါတယ်။ သူတို့မေးကြတဲ့

http://www.dhammadownload.com



မေးခွန်းတွေထဲမှာ ဈာင်အကျင့်နဲ့ ဝိပဿနာအကျင့်ဟာ ဘယ်လိုခြားနားပါသလဲ။ ဝိပဿနာဆိုတာ ဘာပါလဲ စတဲ့ မေးခွန်းတွေ ပါဝင်ပါသတဲ့။ သတင်းထောက်တွေက မြန်မာနိုင်ငံမှ နာမည်ကြီး ဝိပဿနာတရားပြဆရာတော်ကြီး ဖြစ်လို့ စိတ်ဝင်စားဖွယ် သတင်းအဖြစ် ဖော်ပြလိုကြပုံပေါ်ပါတယ်။ ဆရာတော်ကြီးနဲ့အတူ အမေရိကသို့ ၃ ခေါက်၊ ကနေဒါကို ၁ ခေါက်၊ မလေးရှားကို ၁ ခေါက်၊ ထိုင်းကို ၁ ခေါက် ရောက်ခဲ့ဖူးပါတယ်။ အဲဒီနေရာတွေမှာ ဒီလိုသတင်းထောက်တွေ လာရောက် မေးမြန်းကာ သတင်းစာမှာ ဖော်ပြတာကို မတွေ့ခဲ့ရပါ။ တောင်ကိုရီးယားသတင်းထောက်တွေက ဝိပဿနာအပေါ် စိတ်ဝင်စားလို့ ဝိပဿနာကမ္မဋ္ဌာန်းဆရာတော်အပေါ် စိတ်ဝင်စားကြပုံ ပေါ်ပါတယ်။ ဆရာတော်ကြီးက ကြော်ငြာတဲ့သဘော သက်ရောက်မှာမို့ လက်မခံလိုပါ။ လက်ခံတွေ့ဆုံ ဖြေကြားပေးလိုက်တော့ ဝိပဿနာအပေါ် စိတ်ဝင်စားကြတဲ့ ကိုရီးယားသူ၊ ကိုရီးယားသားတွေမှာ ဝိပဿနာအကြောင်း သိရှိခွင့်ရသွားတဲ့အပြင် ဆရာတော်ကြီးဓာတ်ပုံကိုလည်း ဖူးတွေ့ခွင့်ရသွားတာပေါ့။ ၂၆-၄-၂၀၀၆ နေ့ သတင်းစာမှာ ဓာတ်ပုံပါလာတယ်။ တောင်ကိုရီးယားရဲ့မြို့တော် ဆိုးလ်မြို့မှာရော၊ ဒုတိယမြို့တော်ဖြစ်တဲ့ ဖူဆန်မြို့မှာရော၊ တတိယမြို့တော်ဖြစ်တဲ့ ဒေဂူးမြို့မှာပါ ဝိပဿနာတရားအားထုတ်ရာဌာနတွေ ရှိနေပါသတဲ့။ တောင်ကိုရီးယားမှာ ဝိပဿနာကျယ်ပြန့်လာရင် တောင်ကိုရီးယားသူ၊ ကိုရီးယားသားတွေမှာ စိတ်ချမ်းသာမှုကို ပိုမိုရရှိလာကြပါလိမ့်မယ်။ ပဏ္ဍိတာရာမ၊ ချမ်းမြေ့၊ သဒ္ဓမ္မရံသီစတဲ့ တရားပြဆရာတွေကြောင့် ဝိပဿနာဟာ ကိုရီးယားမှာ ကျယ်ပြန့်စပြုလာနေပါပြီ။

# စိတ်ကူးယဉ်စာအုပ်လေး

၁၉-၄-၂၀၀၆ နေ့ညက တရားနာပြီး ပြန်အလာ အခန်းထဲမှာ လမ်းလျှောက်ကာ နေပါတယ်။ ဆိုးလ်မြို့ ပဏ္ဍိတာရာမ ဥက္ကဋ္ဌ ဒကာကြီးကို "ဝိပဿနာကို ဘာလို့ ကြိုက်တာလဲ"လို့ သာမဏေကျော်က မေးခဲ့ပါတယ်။ သူက ဒီလို ဖြေပါတယ်။

"ဝိပဿနာက တပည့်တော်ဘဝမှာ သက်သောင့်သက်သာ ရှိစေပါတယ်။ တပည့်တော်ဘဝမှာ ရင်ဆိုင်ရတဲ့ ပြဿနာတွေကိုလည်း ကူညီ ဖြေရှင်းပေးပါတယ်။ ဒါကြောင့် တပည့်တော်ဟာ ဝိပဿနာကို ကြိုက်ပါတယ်"

ဒကာကြီးရဲ့အဲဒီအဖြေကိုစဉ်းစားရင်း လမ်းလျှောက်နေပါတယ်။ ကိုရီးယားမှာ ပဏ္ဍိတာရာမ ယောဂီဟောင်းတွေကိုရော၊ အခုအားထုတ်နေတဲ့ ယောဂီတွေကိုရော မေးကြည့်ရင် အမြင်ကိုယ်စီနဲ့ အဖြေကိုယ်စီကို ပေးလာနိုင်ကြပါတယ်။ ဆိုးလ်မြို့ ပဏ္ဍိတာရာမအဖွဲ့ဝင် ပုဂ္ဂိုလ်တွေရဲ့ အဖြေတွေကိုလည်း ရနိုင်ပါတယ်။ ၂၀-၄-၂၀၀၆ နံနက် ၇ နာရီ တရားစစ်ရာမှာ ဘာသာပြန်ပေးဖို့ လာတဲ့ မမနာပိကာကို အဲဒီအခြေအနေလေးပြောပြပါတယ်။ မေးခွန်းလေးတွေပေးပြီး သူတို့ကြိုက်သလို ကြိုက်သလောက် ဖြေနိုင်ပါမယ်လို့ ပြောလာပါတယ်။ သာမဏေကျော်က တရားအတွေ့အကြုံကောင်းတဲ့ယောဂီမလေးတစ်ယောက်ကို အဲဒီ မေးခွန်း မေးကြည့်ပါတယ်။ အများကြီး ဖြေရပါမယ်လို့ ပြောလာပါ

http://www.dhammadownload.com



တယ်။ အံ့ဩသွားမိပါတယ်။ အတိုချုပ်လေး ဖြေပေါ့လို့ ပြောလိုက်ပါတယ်။ ဖြေသွားပါတယ်။ စိတ်ဝင်စားစရာပါပဲ။ အခြားအခြားပုဂ္ဂိုလ်တွေထံကလည်း ဒီလိုစိတ်ဝင်စားစရာအဖြေတွေကို ရလာနိုင်ပါသေးတယ်။ မမနာပိကာက ကိုရီးယားလို မေးထားတဲ့ မေးခွန်းကို သူတို့အားပေးပါမယ်။ သူတို့အားလပ်လို့ အချိန်ရတဲ့အခါ ကိုရီးယားဘာသာစကားနဲ့ပဲ အဖြေပေးပါမယ်။

အဖြေတွေက များလာလို့ စာအုပ်တစ်အုပ် ထုတ်လောက်ရင် ကိုရီးယားဘာသာနဲ့ 'တောင်ကိုရီးယားနဲ့ ဝိပဿနာ'လို့ စာအုပ်ထုတ်က ကောင်းမယ် ထင်တယ်လို့ မမနာပိကာကို ပြောပြလိုက်ပါတယ်။ အဲဒီ အဖြေတွေကို မြန်မာနိုင်ငံ ယူသွားပြီး မြန်မာစကားတတ်နေကြတဲ့ ကိုရီးယားဆရာလေး ၃ ပါး (မမနာပိကာ၊ မဝိသုတဉာနီ၊ မဝိပုလ ဉာနီ) က မြန်မာလို ပြန်ပေးရင် မြန်မာလိုလည်း စာအုပ်ထုတ်ပါမယ်လို့ ပြောလိုက်ပါသေးတယ်။ သိရသူအပေါင်းကတော့ "ကောင်းတယ်၊ ကောင်းတယ်၊ သာဓု သာဓု"လို့ ကောင်းချီးပေးကြပါတယ်။ ဝိပဿနာအပေါ် စိတ်ဝင်စားလာကြပြီး အားထုတ်ကြည့်ချင်စိတ်ပေါက်ကာ အားထုတ်ဖြစ်ခဲ့ကြရင် အဲဒီစာအုပ်လေး ပေါ်ထွက်လာပါက ပေါ်ထွက်လာရကျိုးနပ်ပြီလို့ ဆိုနိုင်ပါတယ်။

http://www.dhammadownload.com

## အားလုံး အားလုံး အနိစ္စ

မမနာပိကာက ပြောလာပြန်ပါတယ်။ တစ်ပင်လုံး ဖွေးဖွေးလှုပ် နေအောင် ပွင့်နေတဲ့ ပန်းပွင့်တွေလို လှပယဉ်ကျေး၊ အသရေရှိ၊ ကြွေ ရှိပြီး ကြည်ကြည်လင်လင်ရှိတဲ့ ကိုရီးယားမိန်းမလှလေးတွေနဲ့ နှိုင်းယှဉ် ပြီး ကိုရီးယားတွေက ပြောလေ့ရှိကြပါတယ်တဲ့။ တယ်လည်း နာမည် ကြီးတဲ့ ပန်းပါလား။ ရောက်စအချိန်က အငုံတစ်ဝက်၊ အပွင့်တစ်ဝက် ရှိခဲ့ပါတယ်။ အခုအချိန်မှာတော့ အားလုံးနီးပါး ပွင့်အာကြပြီးရုံမက ပွင့်ချပ်တွေတောင် လေဝှေ့လို့ ကြွေကျကာ မြေခလျက် ရှိနေကြပါပြီ။ ပန်းအလှရဲ့ မမြဲပုံကို အာရုံပြုကာ သံဝေဂယူမိပါတယ်။ နာမည်ကြီး လှတဲ့ ဒီပန်းတွေနဲ့ ပန်းပင်ကြီးကို ကဗျာဖွဲ့ဆိုချင်စိတ် ဖြစ်ပေါ်လာပါ တယ်။ မြန်မာကဗျာဆရာ အကျော်အမော်တွေသာ ဒီပန်းပင်ကို မြင် လိုက်ရရင် ကဗျာလှလှတွေ ပေါ်ပေါက်လာမယ် ထင်ရပါတယ်။ ကဗျာ မစပ်တတ်၊ စပ်တတ် အနေအထားနဲ့ ကြိုးစားကြည့်လိုက်ပါတယ်။

သစ်ပင်မြင့်မြင့်ကြီးမှာ
ပန်းပွင့်ကြီးတွေက ဖွေးဖွေးလှုပ်။
လေအတိုက်မှာ ကြွေလိုက်တဲ့
ပွင့်ချပ်တွေက တဖြုတ်ဖြုတ်
အဲဒီ သစ်ပင်ကြီးအောက် ဆိုက်ရောက်နေတဲ့
မီးခိုးရောင်ကားလေးက ငြိမ်ကုပ်ကုပ်။
လေခြွေလို့ ကြွေလေတဲ့
ပွင့်ချပ်တွေက ပြန့်ကာ ကျဲ

http://www.dhammadownload.com



ကားမိုးပေါ်မှာရော၊ မြေကြီးပေါ်မှာရောပဲ။
အရွက်တွေက လုံးဝ မရှိ
ပွင့်ဖြူချင်းက မထိတထိ
ပွင့်ဖြူကြီးတွေက တစ်ပင်လုံး အပြည့်
အို. . . သစ်ပင်ကြီးရယ်
လှလိုက်ပါဘိ၊ ကျက်သရေ ရှိလိုက်ပါဘိ၊ ဘဝင်ခိုက်ရပါဘိ။
ဒါကြောင့်လား မသိ ဒီပန်းကိုမှ ကိုရီးယားတွေက
လှပေ့၊ ယဉ်ပေ့၊ ကျက်သရေရှိပေ့၊ ဣန္ဒြေရှိပေ့ ဆိုတဲ့
ကိုရီးယားသူ လှပျိုဖြူလေးတွေနဲ့ နှိုင်းယှဉ်လေ့ ရှိကြသတဲ့။
လေအတိုက်မှာ ကြွေလိုက်တဲ့ ပန်းပွင့်ချပ်တွေပမာ
အဲဒီ လှပျိုဖြူ ဆိုသူလေးတွေဟာလည်း
ရင့်ရော်ပြီး၊ ယိုယွင်းပြီး၊ အိုမင်းပြီး
နောက်ဆုံးခရီးကို သွားကြရရှာမှာပဲလေ။
ဩော် . . . ပန်းအလှတွေလည်း အနိစ္စ
ကိုရီးယားသူ အလှတွေလည်း အနိစ္စ
အားလုံး အားလုံး အနိစ္စ။

http://www.dhammadownload.com

# ညွှန်ထဲက လူ ၂ယောက်

၂၀-၄-၂၀၀၆ ညမှာ ဆရာတော်ကြီးက ကယ်တင်ရေးနဲ့ လွတ်မြောက်ရေးမှာ ဘယ်ဟာက ပိုအရေးကြီးသလဲလို့ အမေရိကနိုင်ငံ၊ ဟာဝိုင်ယီ၊ ဟိုနိုလူလူကျွန်းရှိ ဂျပန်ဘုန်းကြီးကျောင်းမှာ ဂျပန်မဟာယာနဘုန်းကြီးကို မေးခဲ့ဖူးပါသတဲ့။ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကပါတဲ့၊ အဲဒီဂျပန်ဘုန်းကြီးက နှစ်ခုလုံးပဲ အရေးကြီးပါတယ်လို့ ဖြေပါသတဲ့။ နှာခေါင်းဖျားထိအောင် ညွှန်ထဲ နစ်နေသူ ၂ဦးထဲက ဘယ်သူက ဘယ်သူ့ကို ကယ်တင်နိုင်မလဲ။ ဘယ်သူမှ ဘယ်သူ့ကို မကယ်တင်နိုင်ပါ။ ကုန်းပေါ် အရင်ရောက်အောင် တက်ပြီးသူကသာ ညွှန်ထဲက လူကို ကယ်တင်နိုင်ပါမယ်။ ညွှန်ထဲက အရင် လွတ်မြောက်အောင် ရုန်းထွက်ပြီးမှသာ သူတစ်ပါးကို ကယ်တင်နိုင်ပါမယ်။ အဲဒီလိုပါပဲ ကိလေသာညွှန်၊ ကာမဂုဏ်ညွှန်ထဲမှာ နှစ်ယောက်လုံး နစ်နေရင် အချင်းချင်း ကယ်တင်လို့ မရနိုင်ပါ။ ကယ်တင်ချင်ရင် ကိုယ်က အရင်လွတ်မြောက်အောင်လုပ်ပြီးမှ ကယ်တင်လို့ ရနိုင်ပါမယ်။ ဒါကြောင့် ကယ်တင်ရေးထက် လွတ်မြောက်ရေးက ပိုမိုအရေးကြီးပါတယ်တဲ့။

မဟာယာနဝါဒက လွတ်မြောက်ရေးထက် ကယ်တင်ရေးက ပိုမိုအရေးကြီးတယ်လို့ ဆိုပါသတဲ့။ အဲဒီ အဆိုနဲ့ ပတ်သက်ပြီး အမှန်ကို သိစေချင်လို့ ရှင်းပြပါတယ်။ တရားနာ ပရိသတ်ထဲမှာ ဘုန်အင်မဟာယာန ဘုန်းတော်ကြီးလည်း ပါပါတယ်။ အခြား မဟာယာနရဟန်းနဲ့ ဘိက္ခုနီတွေလည်း ပါကြပါတယ်။ မဟာယာန ဝါဒရှင်တွေနဲ့တကွ

http://www.dhammadownload.com



အခြားယောဂီတွေပါ တကယ့်အမှန်သဘာဝကို သိရအောင် ရှင်းပြတာဖြစ်ပါတယ်။ တိဏ္ဏော သော ဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ-ဘုရားရှင်က ကိုယ်တိုင် သံသရာရေအယဉ်မှ လွတ်အောင် ကူးမြောက်ပြီးမှ သူတစ်ပါးတွေကိုလည်း လွတ်မြောက်အောင် လွတ်မြောက်နည်းတရားကို ဟောပြပါတယ်လို့ ဆိုတဲ့ သစ္စကပရိဗိုဇ်စကားကို ဆရာတော်ကြီးက မိန့်ကြားသွားပါသေးတယ်။

သမ္ပဒါ ၃ ပါးနဲ့ ဘုရားရှင်မှာ ပြည့်စုံကြောင်းကိုလည်း အသေးစိတ် ရှင်းပြသွားပါသေးတယ်။ ဟေတုသမ္ပဒါ၊ ဖလသမ္ပဒါ၊ သတ္တူပကာရသမ္ပဒါတွေပါပဲ။ မဟာယာန အသိုင်းအဝိုင်းမှာဆိုရင် ဒီတရားကို မလွတ်အောင် ဟောပေးလေ့ ရှိပါတယ်။ ဒီတရားစခန်းမှာ မဟာယာန ဘုန်းကြီးတစ်ပါးနဲ့ မဟာယာန ဘိက္ခုနီ ၃ ပါးတို့ ယောဂီအဖြစ်နဲ့ တရားအားထုတ်ကြပါတယ်။ မဟာယာနတွေရဲ့ ဘုရားရှိခိုးရင်း တုံးခေါက်တာကို ဘုန်အင်ကျောင်းမှာ ကြားရပါတယ်။ ရောက်စနေ့တွေမှာ အသံချဲ့စက်နဲ့ အသံနေအသံထားနဲ့ တုံးခေါက်ရင်း ဘုရားရှိခိုးသံကို ကြားရပါသေးတယ်။ အခုနောက် နောက်ရက်တွေမှာတော့ ယောဂီတွေအားအနှောင့်အယှက်မဖြစ်ရအောင် အသံတိုးတိုးနဲ့ဘုရားရှိခိုးမှု၊ ဆုတောင်းမှုတွေကို ပြုပါတော့တယ်။ မဟာယာန ဘုန်းကြီးတွေက ဘုရားရှိခိုးရင်း တုံးခေါက်တာ၊ ဗုံတီးတာတွေကို ပြုလုပ်လေ့ ရှိကြပါတယ်။ လူတွေက မဟာယာနဘုန်အင်ကျောင်းမှာ ကားတွေနဲ့ လာကြပါတယ်။ ကွမ်ရင်မယ်တော် ဖြစ်ပုံရတဲ့ အရုပ်က ရေကရားကို တစ်ဖက်လက်က ကိုင်ထားတာ ရှိပါတယ်။ အဲဒီအရုပ်ရှိရာ အခန်းထဲက ရေပိုက်က ရေကို ဘူးကြီး၊ ဘူးငယ်အသွယ်သွယ်နဲ့ ကားပေါ် တင်ယူနေကြတာကို နေ့စဉ်ပဲ မြင်တွေ့ရပါတယ်။ အသက်ရှည်ဖို့ ရည်ရွယ်ကာ သောက်ကြပုံ ပေါ်ပါတယ်။

http://www.dhammadownload.com

# အလေ့အလာ

၂၁-၄-၂၀၀၆ နေ့မှာ မိုးမရွာတော့ဘဲ နေသာ လာပါတယ်။ နေသာတော့ နေရတာ ပိုနွေးထွေးလို့ ပိုကောင်းပါတယ်။ ဒီနေ့ အရုဏ်ဆွမ်း ဘုဉ်းပေးဖို့အသွား ဆရာတော်ကြီးအခန်းထဲ ဝင်လိုက်တဲ့အခါ ဆရာတော် ရေချိုးပြီးနေပါပြီ။ အစောကြီး ရေချိုးနိုင်တာပဲလို့ အံ့ဩမိပါတယ်။ သာမဏေကျော်ကတော့ နံနက်ပိုင်း တရားစစ်အပြီး ၈ နာရီခွဲ ၉ နာရီလောက်မှာ ရေချိုးပါတယ်။ ချိုးဖို့ ရေနွေးရအောင် ရေပူစက်ခလုတ်ကို နှိပ်လိုက်တော့ ၅ မိနစ် အသံမြည်ကာ အပူပေးပြီး အသံရပ်သွားပါတယ်။ အဲဒီအခါ ခလုတ်ကို ပြန်ပိတ်လိုက်ပါတယ်။ သောက်ဖို့ရေနွေးကိုလည်း ရအောင် ခလုတ်နှိပ်လိုက်ပါတယ်။ ခဏကြာတော့ အသံမြည်ကာ ဆူပွက်လာပါတယ်။ ဆူပွက်ပြီး သူ့အလိုလို ရပ်သွားပါတယ်။ ပလတ်မှာ တပ်ထားတာကို ဖြုတ်ပြီး ရေချိုးပြီးမှာ ရေနွေးပူပူလေး သောက်ပေးရပါတယ်။ အပြင်မှာတော့ နေပူနေပေမယ့် အအေးဓာတ်က ရှိနေပါတယ်။ အခန်းထဲမှာ လေလုံအောင် ပြတင်းပေါက်တွေကို ပိတ်ပြီး ရေနွေးသောက်ကာ နေရပါတယ်။ ချွေးလေး ရလာအောင်ထိ ရေနွေးသောက်ရပါတယ်။ ကိုယ်ပတ်သက်န်းတွေကို ၂ ထပ်ဝတ်၊ ခြေစွပ်တပ်၊ ခေါင်းစွပ်ဝတ်၊ ခြုံထည်ပတ်ကာ အခန်းထဲ နေရပါတယ်။ ညအခါ နွေးအောင် တစ်ခန်းလုံးမှာ အပူဓာတ် လွှတ်ထားရပါတယ်။ အဲဒီ ခလုတ်တွေ နှိပ်ပုံကို မဟာယာန ကျောင်းထိုင်ဘုန်းကြီးက ရောက်စနေ့မှာ လာပြသွားပါတယ်။

http://www.dhammadownload.com



အိမ်သာမှာ အလိုလို ရေပန်းထွက်စေတဲ့ ခလုတ်တွေကို မမနာပိကာကက ရောက်စနေ့မှာ ပြထားပါတယ်။ အိမ်သာတက်ရာမှာ ခလုတ်နှိပ်လိုက်ရုံနဲ့ ရေပန်းထွက်လာလို့ သန့်စင်အောင် လုပ်ရတာ အဆင်ပြေပါတယ်။ မမနာပိကာက အနွေးထည်၊ အခန်းထဲ စီးဖို့ ဖိနပ်၊ လက်နှိပ်ဓာတ်မီးတွေကိုလည်း ပို့ပေးထားပါတယ်။ စာဖျက်စရာ မပါလာမိလို့ စာဖျက်စရာလေးကိုလည်း ပေးသွားပါတယ်။ သူတို့ဘက်က လိုလေသေး မရှိအောင် ပြုစုရှာကြပါတယ်။ နံနက်ပိုင်းမှာရော၊ နေ့လယ်ပိုင်းမှာရော၊ ညနေပိုင်းမှာပါ စားစရာ အစားအသောက်တွေ၊ သောက်စရာဆေးတွေကို ဆက်ကပ်ကြပါတယ်။ ဆရာတော်ကြီးက ဒီကိုရီးယားကပြန်ရင် ပဏ္ဍိတာရာမ မှာ အသီးအရွက်တွေကို များများစားတော့မယ်လို့ မဝိမလညာနီကို မိန့်နေပါသေးတယ်။ “သာမဏေကျော်ဇ့် ကျောင်းမှာကော သီးပင်၊ စားပင်တွေကို စိုက်သလား”လို့ မေးနေပါသေးတယ်။ ဆရာတော်ကြီးမမေးခင်ကပင် သာမဏေကျော်က ကျောင်းပြန်ရောက်ရင် အသီးအရွက်တွေကို နေ့စဉ် များများ စားမယ်လို့ စိတ်ကူးနေမိပါတယ်။ အစာလည်း ဆေး၊ ဆေးလည်း အစာ ဖြစ်အောင် စားလိုစိတ်တွေ ပေါ်နေမိပါတယ်။ ကိုရီးယားမှာ ပလတ်စတစ်ပေါင်းမိုးကုပ်ကြီးတွေကို ပြုလုပ်ကာ အဲဒီအထဲမှာ စားပင် သီးပင်၊ အသီးအရွက်ပင်တွေကို နေရာများစွာမှာပဲ စိုက်ပျိုးတာ တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာက ဘာသီးနှံ၊ ဘာအရွက်ကိုပဲ ဖြစ်ဖြစ် စိုက်ပျိုးရတာဟာ ကိုရီးယားမှာထက် များစွာ ပိုမိုလွယ်ကူလှပါတယ်။ ကျန်းမာပြီး အာဟာရဖြစ်စေမယ့် အစားအစာတွေကို စားတတ်အောင် မြန်မာတိုင်း အလေ့အလာ ပြုသင့်ကြပါတယ်။

http://www.dhammadownload.com

# အကောင်းဆုံး မိတ်ဆွေ

တရားစခန်း တစ်ပတ်ပြည့်တော့ တချို့ယောဂီတွေ ပြန်ကြပါတယ်။ ပြန်ခါနီးမှာ လာကန်တော့တဲ့ ယောဂီတွေကို "ဒီတရားရှုမှတ်နည်းကို ဒီမှာပဲ ပစ်ထားခဲ့ပါ။ အိမ်ကို ယူသွားမနေပါနဲ့"လို့ သူတို့စိတ်ကို စမ်းသပ်လိုလို့ ပြောကြည့်လိုက်ပါတယ်။ "ယူမသွားလို့ မရဘူး။ ယူကို ယူသွားရပါမယ်"လို့ ပြန်ပြောကြပါတယ်။ "တစ်ယောက်ယောက်က ဒီတရားရှုမှတ်နည်းနဲ့ မရှုမှတ်ပါနဲ့လို့ တားမြစ်လာရင် အဲဒီလူရဲ့ စကားကို လိုက်နာပါ့မလား"လို့ မေးတဲ့အခါ "ဘယ်လိုက်နာနိုင်မလဲ"လို့ ပြန်ဖြေကြပါတယ်။ သတိပဋ္ဌာန် ဝိပဿနာအပေါ် သူတို့ရဲ့ မြတ်နိုး တန်ဖိုးထားမှု၊ စိတ်ဝင်စားမှုတွေကို စမ်းသပ်ကြည့်၊ စုံစမ်းကြည့်တာ ဖြစ်ပါတယ်။ အသက် ၇၀ ကျော် အမျိုးသမီးယောဂီကြီးတစ်ယောက်လည်း တစ်ပတ်ပြည့်လို့ ပြန်တဲ့သူတွေထဲမှာ ပါလာပါတယ်။ သူက ကိုရီးယား ရုပ်မြင်သံကြား အစီအစဉ်က နေပြီး ဝိပဿနာရှုမှတ်ပုံကို ထုတ်လွှင့်လို့ ဝိပဿနာရှုမှတ်နည်းကို သိခဲ့ရပါတယ်တဲ့။ ရှုမှတ်ခဲ့ရပါတယ်တဲ့။

တတ်နိုင်သမျှ ကြိုးစားရှုမှတ်ကြည့်ရာ ထမင်းစားတဲ့အခါ အမှတ်စိပ်စိပ်နဲ့ စားကြည့်ပါသတဲ့။ သူ နားလည်သဘောပေါက်မိသလို ဒီလိုပြောပါသတဲ့။

"အခုမှ လူလို စားတတ်လာတယ်။ အရင်ကတော့ တိရစ္ဆာန်လိုပဲ စားခဲ့ပါတယ်"တဲ့။ သူဆိုလိုတာက ရှုမှတ်မှုသတိနဲ့ စားတာကို လူလို

http://www.dhammadownload.com



စားတာလို့ ဆိုလိုပုံ ရပါတယ်။ ရှုမှတ်မှု သတိမပါဘဲ စားတာကိုတော့ တိရစ္ဆာန်လို စားတာလို့ ဆိုလိုပုံရပါတယ်။ အသက် ၇၀ ကျော်ဆိုပေမယ့် ၆၀ လောက်ပဲ ထင်ရပါတယ်။ နူသလို သန်မာဖျတ်လတ်မှုလည်း ရှိပါတယ်။ "အခုမှ ဗုဒ္ဓအဆုံးအမနဲ့အညီ စားတတ်လာတယ်။ အရင်ကတော့ ဗုဒ္ဓအဆုံးအမနဲ့အညီ မစားခဲ့တတ်ဘူး"လို့ ပြောခဲ့ရင် ကြားရသူတွေမှာ နားခံသာဖွယ် ရှိပါမယ်။

ပြန်သွားတဲ့ ယောဂီတွေထဲမှာ ယောဂဆရာမလေးလည်း ပါပါတယ်။ တရားစခန်းပြီးခါနီး တစ်ပတ်မှာ သူမရဲ့အမျိုးသားကိုလည်း တရားစခန်းဝင်ဖို့ လာပို့ပါဦးမယ်တဲ့။ သူမကို ရှက်သေးလားလို့ မေးလိုက်ပါသေးတယ်။ "ရှက်ပါသေးတယ်"လို့ ဖြေသွားပါတယ်။ "ရှက်တာဟာ ကောင်းရာသို့ တွန်းပေးတဲ့ တွန်းအားတစ်ခုပါပဲ" လို့ ပြောလိုက်ပါသေးတယ်။ ပြန်တဲ့ယောဂီတွေကို ဒီစကားလေးကိုလည်း ပြောလိုက်ပါတယ်။

"ဝိပဿနာကို အားကိုးလေလေ ဝိပဿနာက ကူညီလေလေပါပဲ။ ဒါကြောင့် ဝိပဿနာကို အကောင်းဆုံး မိတ်ဆွေလို့ ဆိုနိုင်ပါတယ်။ အခြားမိတ်ဆွေတွေဟာ ကိုယ် အားကိုးတိုင်း ကိုယ့်ကို ကူညီနိုင်တာ ရှိသလို မကူညီနိုင်တာလည်း ရှိနိုင်ပါမယ်။ ဝိပဿနာကတော့ သူ့ကို အားကိုးလိုက်တိုင်း အကူအညီ ပေးပါတယ်။ ဒါကြောင့် ကိုယ့်အတွက် အကောင်းဆုံး မိတ်ဆွေလို့ ဆိုရတာပါပဲ"

http://www.dhammadownload.com

# မြင်တွေ့ရသမျှ

၂၁-၄-၂၀၀၆ နေ့မှာ နေသာလှပါတယ်။ နေ့ဆွမ်းစားပြီးမှ နေကောင်းကောင်း ပူနေလို့ မမနာပိကာကရော၊ မဝိသုတညာနီကပါ ဆရာတော်ကြီးကို လမ်းလျှောက်ဖို့ ဝမ်းသာစွာ လျှောက်ထားကြပါတယ်။ နေသာရင် ကိုရီးယားမှာ ဝမ်းသာစရာ ဖြစ်နေပါတယ်။ နေသာသာနဲ့ တောင်ပေါ် လှမ်းကြည့်လိုက်တော့ တောင်ကို မှီခိုနေကြတဲ့ သစ်ပင်အပေါင်းမှာ အဝါရောင်၊ အစိမ်းရောင်ရောနေတဲ့ ရွက်နုနုလေးတွေဟာ စိတ်ကြည်နူး လန်းဆန်းဖွယ် ဖြစ်နေတာကို မြင်တွေ့ရပါတယ်။ မဝိသုတညာနီက အဲဒီရွက်နုနုလေးတွေကို ကြည့်ပြီး "တပည့်တော်တို့ ကိုရီးယားမှာ အဲဒီလို ရွက်နုနုလေးတွေ ထွက်လာနိုင်ဖို့ရာ ဆောင်းလတွေမှာ အဲဒီသစ်ပင်တွေဟာ ဆောင်းရဲ့အအေးဒဏ်ကို ရိုးတံဘဝနဲ့ ကြံ့ကြံ့ခံခဲ့ကြရပါတယ်။ လူတွေမှာ သည်းမခံနိုင်စရာ အခြေအနေတွေနဲ့ ကြုံတွေ့လို့ သည်းမခံနိုင်ဖြစ်တဲ့ အခါမျိုးမှာ အဲဒီသစ်ပင်တွေရဲ့ ရိုးတံဘဝကို ဥပမာပေးကာ သည်းခံဖို့ ပြောကြားပါတယ်" လို့ ပြောပြပါတယ်။ အဲဒီသစ်ပင်တွေကြားမှာ အော်ဟစ်ကာ ပျံသွားနေတဲ့ ကျီးငှက်အသံကို နေသာတဲ့ ဒီနေ့မှာ ကြားရလို့ ကျီးငှက် ဟုတ်ရဲ့လားလို့ သေချာအောင် ကြည့်လိုက်ပါသေးတယ်။ ကိုယ့်မြန်မာနိုင်ငံက ကျီးငှက်ပုံစံနဲ့ အတူတူပါပဲ။ စာငှက်လေးတွေ၊ ကြောင်တွေကို သာမဏေကျော်ရဲ့ အဆောင်နားမှာ တွေ့ရပါတယ်။ ကိုယ့်ဆီကနဲ့ အတူတူပါပဲ။

http://www.dhammadownload.com



ချိုးငှက်ကို တွေ့ရပါတယ်။ အကောင်ပုံသဏ္ဌာန်တူပေမယ့် အသံအော်မြည်ပုံက မြန်မာနိုင်ငံက ချိုးငှက်အသံနဲ့ မတူဖြစ်နေပါတယ်။ မြန်မာချိုးငှက်အသံက သာယာနာပျော်ဖွယ် ရှိလှပါတယ်။ ကိုရီးယား ချိုးငှက်နဲ့ အမေရိကချိုးငှက်တို့ အသံချင်း တူကြပါတယ်။ အေးတဲ့ အရပ်တွေမို့လား မသိပါ။ သူတို့ချိုးငှက်အသံက ညည်းတွားသံလို ဖြစ်နေပါတယ်။ ကိုရီးယားမှာ မင်္ဂလာရှိတဲ့ ငှက်လို့ ယူဆခံရတဲ့ ငှက်ကတော့ အဖြူရောင်နဲ့ အနက်ရောင်အားဖြင့် အရောင် ၂ မျိုး ရောစပ်နေပါတယ်။ အဖြူတစ်ကန့်၊ အနက်တစ်ကန့်ပါပဲ။ အသံကတော့ ဥဩငှက်တို့လို မသာယာလှပါ။ မြန်မာချိုးငှက်သံလောက်လည်း နားထောင်မကောင်းပါ။ အရောင်အဆင်းနဲ့ ပုံသဏ္ဌာန်ကတော့ လှပပါတယ်။ သပိတ်လွယ်ငှက်နဲ့ တူပါတယ်။ မြန်မာသပိတ်လွယ်ငှက် ၃ ကောင်စာလောက် ကြီးပါတယ်။ အဲဒီ မင်္ဂလာငှက်ကိုလည်း သာမဏေကျော် အဆောင်နားမှာ တွေ့ရပါတယ်။ အဲဒီငှက် အော်ဟစ်ရင် ဧည့်သည်လာတတ်တယ်လို့ ယူဆကြပါတယ်။ ရွှေကျီး သာရင် ဧည့်လာတယ်လို့ မြန်မာယူသလိုပါပဲ။

တောင်ကိုရီးယားနိုင်ငံရဲ့ ဧရိယာကို ၆ ပုံ ပုံလိုက်ရင် ၁ ပုံကပဲ သုံးလို့ရတဲ့နေရာ ဖြစ်ပါသတဲ့။ တောင်တွေ၊ မြစ်တွေ၊ ချောင်းတွေက နေရာများစွာကို ယူထားကြပုံပေါ်ပါတယ်။ လက်ညှိုးကို ထိုးချင်တဲ့ အရပ်ကို ထိုးလိုက်ပါ။ တောင်နဲ့ မလွတ်ကင်းတဲ့ အရပ်ကိုသာ ထိုးမိပါတယ်။ မြန်မာနိုင်ငံနဲ့ တူတာတွေ များစွာ ရှိသလို မတူတာတွေလည်း များစွာပဲ ရှိပါတယ်။ သာမဏေကျော် လက်လှမ်းမီ သိရှိရတာလေးတွေကို စာနဲ့ရေးပြရပါတယ်။ လက်လှမ်းမမီလို့ သာမဏေကျော် ရေးမပြနိုင်တဲ့ အကြောင်းအရာ၊ အချက်အလက်တွေကလည်း မရေမတွက်နိုင်အောင်ပဲ များပါလိမ့်ဦးမယ်။ ဒီဘုန်အင်ကျောင်းတိုက်က ကျောင်းဆောင်ပုံစံတွေက တရုတ်ဘုံကျောင်းပုံစံတွေပါပဲ။ တရုတ်ယဉ်ကျေးမှုကလည်း ကိုရီးယားမှာ နေရာယူထားဆဲပါပဲလား။

http://www.dhammadownload.com

# နတ်သုဓာလိုပဲ

**အရုဏ်ဆွမ်းမှာ**ရော၊ နေ့ဆွမ်းမှာပါ တိုင်းရင်းဆေးဆရာပေးထားတဲ့ **ဆေးရည်အညို၊ အမည်း**ရောင်ကို သောက်ရပါတယ်။ ဆရာတော်ကြီးက ပိုသောက်ရပါတယ်။ နောက်ဆေးရည်တစ်မျိုးကိုလည်း သောက်ရပါသေးတယ်။ အဲဒီနောက်မှ သစ်တော်သီး၊ ပန်းသီး၊ စပျစ်သီး၊ ကဗွီးသီး စတဲ့ သစ်သီးတွေကို ဘုဉ်းပေးရပါတယ်။ အဲဒီနောက်မှ သစ်ရွက်တွေကို (ဆလတ်ရွက် စသည်တွေလို) ပဲငံပြာရည်ရော၍ တစ်ဖုံ၊ အဖြူရောင်အရည် ရော၍တစ်သွယ် ဘုဉ်းပေးရပါတယ်။ အဲဒီနောက်မှ ဆန်ပြုတ်၊ မုန်လာရွက်ချဉ်၊ မုန်လာဥအချဉ်၊ ကြက်သွန်ဖြူဥအချဉ်၊ ကြက်သွန်နီအချဉ်၊ ကြာစွယ်ဥ စသည်တွေကို ဘုဉ်းပေးရပါတယ်။ နေ့ဆွမ်းမှာ ငချိပ်ဆန်ဆွမ်း၊ ရုံခါ ရိုးရိုးဆွမ်းကို ဘုဉ်းပေးရပါတယ်။ ရေညို ၂ မျိုးကိုတော့ အရုဏ်ဆွမ်းမှာရော၊ နေ့ဆွမ်းမှာပါ ဘုဉ်းပေးရပါတယ်။ ကြာဆံကြော် စတာတွေကိုလည်း ကပ်ကြပါတယ်။ ကြက်ဥကြော်၊ ကြက်သား၊ ဝက်သားတွေကိုလည်း ကျန်းမာရေးနဲ့ ညီညွတ်အောင် ချက်ပြုတ်ပြီး ကပ်ကြပါတယ်။ မြန်မာပဲဟင်း၊ ချဉ်ရည်ဟင်း၊ ကိုရီးယားဟင်းချိုတွေကိုလည်း ကပ်တတ်ကြပါတယ်။ စားစရာတွေကို စုံနေအောင် တစ်နေ့တစ်မျိုး မထပ်ရအောင် ကြိုးစားကပ်ကြပါတယ်။ သူတို့ ကိုရီးယားအစားအစာတွေကို ကြိုက်လာပါတယ်။ စားလို့ ပိုမိုအဆင်ပြေလာပါတယ်။

http://www.dhammadownload.com



တစ်ခုပြီးမှ တစ်ခု စားဖို့ လာကပ်ကြပါတယ်။ အဲဒီစားစရာ တစ်ခုပြီးတစ်ခု စားရတာဟာ အမေရိကန်တို့လို စားတဲ့ အနောက်တိုင်းနည်းလို့လည်း ပြောပါတယ်။ တရုတ်တွေကလည်း အဲဒီလို စားတတ်ကြတယ်လို့ ဆိုပါတယ်။ ကိုရီးယားတွေကတော့ အဲဒီနည်းနဲ့ စားသူတွေရှိသလို ဟင်းခွက်တွေကို စုပုံထားပြီး ကိုယ်ကြိုက်ရာကို ယူစားတဲ့ မြန်မာတို့စားနည်းနဲ့ စားသူတွေလည်း ရှိကြပါတယ်တဲ့။ ဘယ်လိုနည်းနဲ့ပဲ စားစား၊ ဘယ်လိုအသီး၊ ဘယ်လိုအရွက်၊ ဘယ်လိုအသားတွေကိုပဲ စားစား၊ ကျန်းမာရေးနဲ့ ညီညွတ်ဖို့၊ အင်အားဖြည့်တင်းဖို့ပဲ အရေးကြီးပါတယ်။ ဆရာတော်ကြီးက ဒီနေ့ ၂၂-၄-၂၀၀၆ နေ့ အရုဏ်ဆွမ်းအပြီးမှာ ချက်ပြုတ်ပြီး ဆက်ကပ်ကြတဲ့ ကိုရီးယားဝေယျာဝစ္စ လုပ်အားပေး ဒကာမတွေကို ဒီလို မိန့်တော်မူလိုက်ပါတယ်။

"ကိုရီးယားအစားအစာတွေက ကျန်းလည်း ကျန်းမာစေ၊ အင်အားလည်း ဖြစ်စေ၊ စားချင်ဖွယ်လည်း ဖြစ်နေလို့ နတ်သုဓာလိုပဲ။ ကိုရီးယားသူတွေကလည်း နတ်သမီးတွေလိုပဲ"

ကိုရီးယားဒကာမတွေက သဘောကျကာ ရယ်သွားကြပါတယ်။ ဆရာတော်ကြီးက ရယ်စရာဖြစ်အောင်လည်း ပြောပုံရပါတယ်။ "ကျေးဇူးကြီးပါတယ်။ ကောင်းပါတယ်"လို့လည်း ဒေါ်ကိုရီးယားတွေက ပြောနေကြပါသေးတယ်။ ဒီနေ့ဟာ စနေနေ့ ဖြစ်ပါတယ်။ တနင်္ဂနွေနေ့မှာတော့ တရားစစ် နားပါမယ်။ တရားဟောတာတော့ ရှိပါမယ်။ တနင်္ဂနွေနေ့မှာ ဆိုးလ်မြို့လေယာဉ်ကွင်းအနီးက မြန်မာဘုန်းကြီးကျောင်းမှာ နေ့ဆွမ်းစားကြွဖို့ ရှိပါတယ်။ နံနက် ၈ နာရီလောက် ကားထွက်ပါမယ်လို့ မမနာပိကာက ပြောသွားပါတယ်။ အဲဒီကျောင်းမှာ မြန်မာဒကာ၊ ဒကာမတွေ လာကြပါမယ်တဲ့။

http://www.dhammadownload.com

# သုသာန်နားက ပန်းဘုရင်မ

၂၂-၄-၂၀၀၆ နေ့ နေ့ဆွမ်းအတွက် ဆရာတော်ကို ပင့်ဖို့ သွားရာ တောင်ကုန်းပေါ် ဆရာတော်ကြီး လမ်းလျှောက်သွားတာကို တွေ့လိုက်ရလို့ ဆရာတော်ကြီးထံ လိုက်သွားပါတယ်။ အတက်အဆင်းမှာ ဘေးက ဖေးမပေးဖို့ ဖြစ်ပါတယ်။ သုသာန်နေရာ ရောက်တော့ မီပါတယ်။ ကျောက်ဂူတွေနားမှာ ရောက်နေပါတယ်။ မမနာပိကာက အဲဒီ ကျောက်ဂူတွေမှာ တစ်ဂူတစ်ဂူ၌ မိသားစုဝင် ၆ ယောက်ရဲ့ အရိုးပြာတွေကို ထည့်ဖို့ ပြုလုပ်ထားရာ နေရာကို ညွှန်ပြပါတယ်။ သေသူရဲ့ နာမည်ကို ကျောက်ဂူလုံးလုံးပေါ် ရေးထားပါတယ်။ အဲဒီ သုသာန်နေရာလေးမှာ လမ်းလျှောက်လို့ ကောင်းပါတယ်။ နေရောင်လည်း ရပါတယ်။ လေတိုက်ခံရမှုလည်း နည်းပါးပါတယ်။ ဒီသုသာန်နေရာမှာ "ဆရာတော်ကြီးရော၊ ငါရော၊ မမနာပိကာရော အကြိမ်ပေါင်း ဘယ်လောက်မြှုပ်နှံခံခဲ့ရမလဲ။ ရေတွက်လို့တောင် ရမယ် မဟုတ်ပါ။ သံသရာကြီးက ရှည်လျားလှလို့ပါ"လို့ တွေးမိပါသေးတယ်။ အဲဒီ ဂူတွေအနီးအနားမှာ ကိုရီးယားသူ မိန်းမချောချောလေးတွေနဲ့ နှိုင်းယှဉ်ခံရတဲ့ပန်းပင် ၂ ပင်က အပွင့်ကြီးတွေ ပင်လုံးကျွတ် ပွင့်နေကြပါတယ်။ ဖွေးဖွေးလှုပ်နေတာပါပဲ။ မမနာပိကာဟာ အဲဒီပန်းပင်ကြီး ၂ ပင်ရဲ့ နာမည်ကို ပြောပြပါတယ်။ "မုန်ညန်း" တဲ့။ သစ်ပင်က ထွက်တဲ့ ကြာပန်းလို့ အဓိပ္ပာယ်ရပါသတဲ့။ အနံ့ကလေးကလည်း သင်းသင်းလေးနဲ့ ယဉ်ပါတယ်။

http://www.dhammadownload.com



အဲဒီသုသာန်မှာ နာမည်ကြီးစာရေးဆရာတွေရဲ့ မြှုပ်နှံရာကျောက်ဂူတွေလည်း ပါပါသတဲ့။ အဲဒီ ပန်းပင်ကြီး ၂ ပင်က အပွင့်ကြီးတွေနဲ့ ဝေဆာနေသေးလို့ လှပနေဆဲပါပဲ။ တချို့ပွင့်ချပ်တွေက ကြွေလျက် မြေခနေကြပါပြီ။ တချို့အပွင့်တွေကတော့ အပင်ပေါ် နွမ်းရိကာ အလှပျက်ပြီး အကျည်းတန်ဘဝ ရောက်နေကြပါတယ်။ အိုမင်းရင့်ရော်တဲ့ ဘဝကို ကျောက်ဂူတွေထဲကလူတွေသာမက ကိုရီးယားပြည်သူအားလုံးရဲ့ အမြတ်နိုးခံ အလှပိုင်ရှင် ပန်းဘုရင်မဟာလည်း နွမ်းရိကာ အကျည်းတန်ဘဝကို ရောက်သွားရရှာပါတယ်။ အလှသရဖူဆောင်းတဲ့ ပန်းဘုရင်မ ဟာလည်း နောက်ဆုံးမှာတော့ ကျောက်ဂူတွေထဲက လူတွေရဲ့ ပြာတွေပမာ မြေဩဇာဘဝကို ရောက်သွားရမှာပါပဲ။ အဲဒီ ကျောက်ဂူတွေထဲက ပြာတွေနဲ့ အကျည်းတန်ဘဝ ရောက်သွားရရှာတဲ့ အဲဒီပန်းတွေက သာမဏေကျော်တို့ကို ဒီလိုပြောပြနေသလို ထင်လာမိပါတယ်။

"အသင်တို့ ၃ ဦးက အခုတော့ အကျွန်တို့ရဲ့ ပြာဘဝ၊ အကျည်းတန်ဘဝကို လာကြည့်နေကြတာပေါ့လေ။ တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာမှာ အကျွန်ုပ်တို့လို ဘဝကို အသင်တို့လည်း ရောက်ကို ရောက်ရမှာနော်။ အဲဒီအချိန်မှာ အကျွန်ုပ်တို့လို အကြည့်ခံဘဝကို သင်တို့လည်း ရောက်သွားမှာနော်။ အကျွန်ုပ်တို့လို ဘဝမျိုး မရောက်သေးခင် အသင်တို့ရဲ့ ဝိပဿနာကို သေသေချာချာ အားထုတ်ခဲ့ကြပါ"

ဆရာတော်ကြီးရော၊ သာမဏေကျော်ရော၊ မမနာပိကာရော ဘယ်နေရာ၊ ဘယ်အချိန်မှာ ပြာဘဝ ရောက်ရမယ်ဆိုတာကိုတော့ အတိအကျ မသိရပါ။ သုံးဦးစလုံး သေရမယ်ဆိုတာကိုတော့ သေသေချာချာ သိထားပါတယ်။-------------

http://www.dhammadownload.com

# အယဉ်နဲ့အလှ

၂၂-၄-၂၀၀၆ နေ့ နေ့ဆွမ်းနဲ့ ညနေဖျော်ရည် ကပ်ရာမှာ မမနာပိကာရဲ့အစ်မ မပေမက်ရာကို တွေ့ရပါတယ်။ လုံချည်ရော၊ အင်္ကျီပါ ဆင်တူ ဝတ်ဆင်ထားပါတယ်။ ကိုရီးယားဝတ်စုံ၊ ဂျပန်ဝတ်စုံလားလို့ ထင်နေမိပါတယ်။ မပေမက်ရာဟာ လှသူ၊ ယဉ်သူလေး ဖြစ်ပါတယ်။ ဒီဝတ်စုံကို ဝတ်ဆင်ထားတော့ ပိုပြီး လှ၊ ပိုပြီးယဉ်လာတယ်လို့ ထင်မိပါတယ်။ မပေမက်ရာဟာ သီလရှင်ဝတ်နဲ့ ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်းမှာ တရားအားထုတ်ခဲ့ဖူးပါတယ်။ သူမရဲ့ ခင်ပွန်းလည်း ရဟန်းဝတ်နဲ့ အားထုတ်ဖူးပါတယ်။ မပေမက်ရာရဲ့မိဘတွေဖြစ်တဲ့ဒေါ်သုဒန္တာနဲ့ဦးဇနပ္ပိယတို့လည်း အားထုတ်ထားကြပါတယ်။ ယဉ်တဲ့ဝတ်စုံနဲ့ ယဉ်တဲ့ပုဂ္ဂိုလ်ကို လှတဲ့ပုဂ္ဂိုလ်ထက် ပိုမိုစိတ်ထဲမှာ စွဲထင်နေတတ်ပါတယ်။ အလှထက် အယဉ်ကပိုမိုဆွဲဆောင်နိုင်တယ်လို့ သာမဏေကျော်ထင်နေမိပါတယ်။ ညနေ ၄း၄၅ မှာ မိခင် ဒေါ်သုဒန္တာနဲ့ သမီး မပေမက်ရာတို့ ဖျော်ရည်လာကပ်တဲ့အခါ “ဒီဝတ်စုံကို ဘယ်မှာ ဝယ်ခဲ့တာလဲ” လို့ မေးကြည့်တော့ “မခိုင်ခိုင်မော်က လက်ဆောင်ပေးပါတယ်”လို့ ပြောပါတယ်။ မခိုင်ခိုင်မော်ဆိုတာ မြန်မာနိုင်ငံက ဝူရှူး ရွှေတံဆိပ်ဆုရ နာမည်ကြီး အမျိုးသမီးလေးပါပဲ။ မခိုင်ခိုင်မော်ဟာ တောင်ကိုရီးယားက ဖူဆန်မြို့မှာ ဝူရှူးအားကစားပြိုင်ခဲ့ပါတယ်။ ရွှေတံဆိပ်ရခဲ့ပါတယ်လို့ဒေါ်သုဒန္တာက ပြောပြပါတယ်။ ဒေါ်သုဒန္တာရော၊ ဦးဇနပ္ပိယရော အဲဒီ ပြိုင်ပွဲကို သွားရောက်ကြည့်ရှုခဲ့ပါသတဲ့။

http://www.dhammadownload.com



"မြန်မာလုံချည်၊ မြန်မာအင်္ကျီကို ဝတ်ထားတော့ မပေမက်ရာက တကယ့်မြန်မာမလိုပါပဲ" လို့ ပြောလိုက်တော့ "ကျေးဇူးကြီးလှပါတယ်" လို့ ပြန်ပြောပါတယ်။ "ကျေးဇူးတင်ပါတယ်" လို့ ပြောမယ့်အစား "ကျေးဇူးကြီးလှပါတယ်"လို့ ပြောဖို့ ပဏ္ဍိတာရာမဆရာတော်ကြီးက သင်ပေးထားပါတယ်။ 'ဗဟုပကာရာ'ဆိုတဲ့ ပါဠိစကားလုံးကို မြန်မာလို သုံးလိုက်တာပါပဲ။ မခိုင်ခိုင်မော်လည်း မပေမက်ရာအား လက်ဆောင်ပေးလိုက်တဲ့ ဝတ်စုံကို ဝတ်ထားရင် ပိုပြီး လှ၊ ပိုပြီးယဉ်နေမယ်လို့ မြင်ယောင်နေမိပါတယ်။ မခိုင်ခိုင်မော်ကို ယဉ်သူ၊ လှသူလေးအဖြစ်နဲ့ သိထားပါတယ်။ မပေမက်ရာဟာ ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်းမှာ ၂ကြိမ် တရားအားထုတ်ထားပါတယ်။ တရားအားထုတ်ပြီးမှ မိတ်ကပ်မသုံးတော့ပါတဲ့။ တစ်ခါက သူ့ခင်ပွန်းအပေါ် အပြစ်မြင်ပြီး အပြစ်တင်ကာ စကားများကြပါသတဲ့။ စကားပြောရင်း ပြောရင်းနဲ့ ခင်ပွန်းအပေါ် အပြစ်မမြင် မတင်တော့ဘဲ ကိုယ့်အပြစ်ကိုပဲ ရှုမြင်ကာ အပြစ်တင် စကားများတာကို ရပ်စဲလိုက်ပါသတဲ့။ ခင်ပွန်းကို ချက်ချင်းပဲ တောင်းပန်စကား ပြောလိုက်ပါတယ်။ သူမရဲ့အပြစ်ကိုလည်း ချက်ချင်းပဲ ဝန်ခံလိုက်ပါသေးတယ်တဲ့။

ကိုယ်၊ နှုတ်၊ စိတ်သုံးပါးလုံးကို ယဉ်ကျေးစေနိုင်စွမ်းရှိတဲ့ သတိပဋ္ဌာန်တရားကို အားထုတ်ထားတဲ့ ပုဂ္ဂိုလ်ကလေးမို့ ဖြစ်ပါလိမ့်မယ်။ အဲဒီလို ပုဂ္ဂိုလ်လေး မပေမက်ရာရဲ့ အယဉ်၊ အလှဟာ မြင်ရသူတိုင်းရဲ့ ဘဝင်ဟဒယကို ရွှင်ပျစေနိုင်လိမ့်မယ်လို့ ထင်မိပါရဲ့။

http://www.dhammadownload.com

# အလှချင်းပြိုင်

ယနေ့ ၂၃-၄-၂၀၀၆ နေ့က မြန်မာဗုဒ္ဓသာသနာ့ရိပ်သာသို့ နံနက် ၈ နာရီမှာ ထွက်ခွာခဲ့ကြပါတယ်။ နေ့ဆွမ်းကို အဲဒီမှာ ဘုဉ်းပေးကြပါတယ်။ မြန်မာဒကာတွေရော၊ ကိုရီးယားဒကာ၊ ဒကာမတွေပါ လာကြပါတယ်။ ဆရာတော်ကြီးက ၁ နာရီမှ ၂ နာရီထိ တရားဟောပါတယ်။ မမနာပိကာက ကိုရီးယားလို ဘာသာပြန်ပါတယ်။ မေတ္တာနဲ့ အပ္ပမာဒအကြောင်းကို ဟောပါတယ်။ အဲဒီ သာသနာ့ရိပ်သာမှာ ဦးသောဓနနဲ့ ဦးမင်္ဂလဆိုတဲ့ မြန်မာရဟန်း ၂ ပါး သီတင်းသုံးကြပါတယ်။ သာမဏေကျော်စီးတဲ့ကားကို ပဏ္ဍိတာရာမအဖွဲ့ ဥက္ကဋ္ဌဒကာကြီး မောင်းပါတယ်။ မဝိသုတဉာဏီနဲ့ မမဏိသာရာတို့ ပါလာကြပါတယ်။ မဝိသုတဉာဏီက လမ်းတစ်လျှောက်မှာ မြင်တွေ့ရတဲ့ မြင်ကွင်းတွေအကြောင်း ရှင်းပြပါတယ်။

"ကိုရီးယားမှာ ဒီအချိန် သစ်ပင်တွေရဲ့ အရွက်တွေက အရောင်တွေ စုံနေတယ်နော် ဘုရား။ အဝါ၊ အစိမ်းရောင် ရောနေတယ်။ အနီရောင် ရှိတယ်။ နီဝါရောင် ရှိတယ်။ စိမ်းနုရောင်၊ စိမ်းရင့်ရောင်တွေ ရှိတယ်"တဲ့။ တောင်ပေါ်မှာ၊ တောင်ခြေမှာ အဖြူရောင်ပန်းတွေ ရှိသလို သစ်တော်သီးပင်တွေရဲ့ အဖြူရောင်ပန်းတွေကိုလည်း မြင်တွေ့ရပါတယ်။ ပလတ်စတစ်ပေါင်းမိုးကုပ်နဲ့ စိုက်ထားတဲ့ စိုက်ခင်းတွေကိုလည်း မြင်တွေ့ရပါတယ်။ တောင်တွေ ပေါများလှတဲ့ တောင်ကိုရီးယားမှာ

http://www.dhammadownload.com



တောင်အောက်ကို လိုဏ်ခေါင်းဖောက်ကာ ကားလမ်းလုပ်ထားလို့ အဲဒီ ကားလမ်းတွေကို ဖြတ်သွားခဲ့ရပါတယ်။ တောင်အောက်လိုဏ်ထဲမှာ မီးတွေက အမြဲလင်းထိန်နေပါတယ်။ လျှပ်စစ်မီးပျက်တယ်ဆိုတာ ဘယ်တော့မှ မရှိပါလို့ ပြောပြပါတယ်။ ဆိုးလ်မြို့ထဲက စစ်တက္ကသိုလ်နဲ့ အားကစားလေ့ကျင့်ရေးကွင်းတို့ ကားလမ်းခြားလျက် ဟိုဘက်၊ဒီဘက် မှာရှိနေကြပါတယ်။ ဘောလုံးကန်ကြရာ အားကစားကွင်းကြီးကိုလည်း မဝိသုတဉာဏီက ပြောပြပါတယ်။

ပဏ္ဍိတာရာမအဖွဲ့ ဥက္ကဋ္ဌ ဒကာကြီးက ဟန်ဂူရဲ့ စကားအပြည့် အစုံနဲ့ အဓိပ္ပာယ်ကို ရှင်းပြပါတယ်။

"ဟန်ဒေး မင်းဂူဆိုတဲ့ စကားက ဟန်ဂူရဲ့ စကားအပြည့်အစုံ ဖြစ်ပါတယ်။ ဟန်ဆိုတာ မြင့်မြတ်တဲ့၊ ဒေး-ရှင်ဘုရင်၊ မင်းဂူ-နိုင်ငံ၊ မြင့် မြတ်တဲ့ ရှင်ဘုရင်တွေရဲ့နိုင်ငံလို့ အဓိပ္ပာယ် ရပါတယ်"

ကိုရီးယားတွေက သူတို့ကိုယ် သူတို့ ပြောတဲ့အခါ ကိုရီးယားလို့ မသုံးနှုန်းဘဲ ဟန်ဂူလို့သာ သုံးနှုန်းပြောဆိုကြတာကို အံ့သြစွာ တွေ့ ရှိရပါတယ်။ ကိုရီးယားလို့ပဲ အခြားနိုင်ငံတွေကတော့ ခေါ်ဝေါ်သုံးနှုန်း ကြပါတယ်။ ဟန်မြစ်နဲ့ ဆိုးလ်မြို့ရဲ့အလှကို ဒုတိယအကြိမ် ပြန်မြင်ရပါ တယ်။ ပထမအကြိမ်မှာက ရိုးတံချည်းသာ ရှိနေတဲ့ သစ်ပင်အပေါင်းမှာ အဝါရောင်နုနု၊ အစိမ်းရောင်နုနုသစ်ရွက်လေးတွေ ဝေစပြုလာပြီမို့ ပိုပြီး လှလာပါတယ်။ အရွက်တွေ ဝေဝေဆာဆာ စိမ်းစိုလာပြီဆိုရင်တော့ ဟန်မြစ်နဲ့ဆိုးလ်မြို့ဟာ ဆိုးလ်မြို့သူ ချောချောလေးတွေနဲ့ အလှချင်း ပြိုင်နေကြမယ့်ပုံပါပဲ။

http://www.dhammadownload.com

# အမှတ်တရစကား

မြန်မာဗုဒ္ဓ သာသနာ့ရိပ်သာရောက်တော့ ဦးသောဓနအရှင်မြတ်က "မြန်မာဒကာ၊ ဒကာမတွေကို ဒါန သီလလောက်နဲ့ အားရမနေဘဲ တရားရှုမှတ်လိုက တတ်နိုင်သမျှ ပြုလုပ်ဖို့ ဟောခဲ့ပါတယ်။ အဲဒီလို ဟောတဲ့အခါ မြန်မာဒကာတွေက "တပည့်တော်တို့က ပိုက်ဆံလိုချင်လို့ နိုင်ငံခြားကို လာတာပါ။ တရားကို လိုချင်ရင် မြန်မာနိုင်ငံကိုပဲ သွားမှာပေါ့။ ဒီကိုရီးယားမှာတော့ တရားမမှတ်နိုင်သေးပါ"လို့ ပြောကြပါတယ်။ တပည့်တော်တို့လည်း ဘာဝနာအကြောင်း ကောင်းကောင်း မဟောဖြစ်တော့ပါ"လို့ ပြောလာပါတယ်။ ဒကာကြီးဦးရွှေ (မြင်းခြံ)ကတော့ တောင်ကိုရီးယားမှာ မြန်မာ ၃၀၀၀ လောက် ရှိပေမယ့် ဒီ မြန်မာဗုဒ္ဓသာသနာ့ရိပ်သာကိုတော့ ၅၀၀လောက်ပဲ အရောက်အပေါက် ရှိပါတယ်။ ကျန်တဲ့လူတွေက ပိုက်ဆံလေးရလာတော့ စားကြ၊ သောက်ကြ၊ ပျော်ပါးကြတာပါပဲလို့ ပြောပါတယ်။ မြန်မာလို ပြောတတ်တဲ့ ကိုရီးယားဒကာကြီးတစ်ယောက်ကတော့ မြန်မာလို ဒီလို ပြောပါတယ်။

"မြန်မာနိုင်ငံမှာ လောဘ မရှိလည်း နေလို့ရတယ်။ တရားရိပ်သာသွား၊ ဘုန်းကြီးကျောင်း သွား၊ တရားအားထုတ်နေ၊ ဘာမှ လောဘရှိစရာ မလိုဘူး။ လောဘ မရှိရင် မြန်မာမှာ နေမယ်။ ကိုရီးယားမှာတော့

http://www.dhammadownload.com



လောဘ မရှိလို့ မရဘူး။ လောဘရှိတော့ အလုပ်လုပ်ရတယ်။ အလုပ် မလုပ်ဘဲ နေလို့မရဘူး”

မြန်မာဗုဒ္ဓသာသနာ့ရိပ်သာဟာ သက်တမ်း ၄ နှစ် ပြည့်ပါပြီတဲ့။ မြန်မာတွေရဲ့ စုပေါင်းအလှူနဲ့ ရပ်တည်နေရပါတယ်။ အဲဒီရိပ်သာကို ချမ်းမြေ့ဆရာတော်၊ ဆရာတော်ဦးဉာနိဿရ စတဲ့ဆရာတော်တွေလည်း လာရောက်ခဲ့ကြပါတယ်။ လာရောက်သွားကြတဲ့ ဆရာတော်တွေရဲ့အမှတ်တရဩဝါဒစကားလေးတွေကို မှတ်တမ်းစာအုပ်မှာ တွေ့ရပါတယ်။ ပဏ္ဍိတာရာမ ဆရာတော်ကြီးကိုလည်း ရေးပေးဖို့ လျှောက်ထားလို့ ဆရာတော်ကြီးက အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ်လာ သောဘနသုတ္တန်က စကားတွေကို မြန်မာလို ရေးသားခဲ့ပါတယ်။ ခေါင်းစီးနာမည်က အရေအတွက်မှ အရည်အချင်းသို့တဲ့။ သာမဏေကျော်ကိုလည်း အရေးခိုင်းလို့ ရေးပေးခဲ့ရပါသေးတယ်။

“ဗုဒ္ဓအဆုံးအမတွေကို များများ ကြားနာ၊ များများ လေ့လာ၊ များများ စဉ်းစားပြီး များများ လိုက်နာကျင့်သုံးနိုင်ရင် ဗုဒ္ဓဘာသာဝင် ဖြစ်ရကျိုးနပ်ပါမယ်”လို့ ရေးခဲ့ပါတယ်။

မြန်မာဒကာတွေရဲ့ စားသောက်ကြတဲ့အခါ အသံဆူညံနေမှုနဲ့စပ်ပြီး ပဏ္ဍိတာရာမ ဆရာတော်ကြီးက တိုးတိုးသက်သာ ပြောဆိုကာ နေထိုင်နေကြတဲ့ ကိုရီးယားတွေရဲ့ အထင်သေးခံရမှာကို စိုးရိမ်တော်မူပါတယ်။ တိတ်ဆိတ်မှုကို အလွန်လိုလားတော်မူတဲ့ ဗုဒ္ဓရဲ့ အလိုတော်နဲ့အညီ မနေထိုင်၊ မပြောဆိုတတ်သေးတာကို အားရတော်မူပုံ မပေါ်ပါ။ အဲဒီရိပ်သာမှ ၃ နာရီမှာ ပြန်ထွက်ခဲ့ကြပါတယ်။ ကား ၃ စီးနဲ့ ကိုရီးယားယောဂီဟောင်းတွေပါ လိုက်ပါခဲ့ကြပါတယ်။ ဘုန်အင်ကျောင်းကို ၅း၃၀ နာရီမှာ ပြန်ရောက်ကြပါတယ်။

http://www.dhammadownload.com

# တော်ပါသေးရဲ့

၂၃-၄-၂၀၀၆ ညနေ ၆ နာရီမှာ ယောဂီတွေအား တရားဟောဖို့ သာမဏေကျော်အား ဆရာတော်ကြီးက တာဝန်ပေးပါတယ်။ မြန်မာ ဗုဒ္ဓသာသနာ့ရိပ်သာမှ ၃ နာရီထွက်ရာ အချိန်စောသေးလို့ ဆိုးလ်မြို့ အလယ်ကို ရောက်အောင် လိုက်မောင်းပို့ပါတယ်။ ရပ်ကွက်တစ်ခုရှိ လူအများစုနေရာ တက္ကသိုလ် ၅ ခုနဲ့ နန်းတော် ၄ ခုရဲ့ အနီးအနားကို ရောက်ခဲ့ပါတယ်။ နန်းတော်တွေရဲ့ မုခ်ဦးတွေနဲ့ နန်းတော်ထဲက အဆောက်အအုံတွေကို လှမ်းမြင်ရပါတယ်။ တရုတ်အဆောက်အအုံ တွေနဲ့ အတူတူပါပဲ။ ရှေးဘုရင်တွေရဲ့နေသွားရာ နန်းတော်တွေ အနီး မှာ Blue house သမ္မတနေရာ အိမ်ပြာကိုလည်း လှမ်းမြင်ခဲ့ရပါတယ်။ သမ္မတနေရာ အိမ်ပြာအနီး လမ်းတွေအပေါ် အစောင့်ပုလိပ်တွေကို တွေ့ရပါတယ်။ လမ်းတွေမှာ စောင့်နေကြရပါတယ်။ ဆောင်းခါမှာရော၊ နွေခါမှာပါ အဲဒီလို လမ်းပေါ်မှာ ရပ်လျက် အမြဲမပြတ် စောင့်ကြပ်နေ ကြရပါသတဲ့။ သမ္မတနန်းတော်နားက သမ္မတအိမ်သွားတဲ့ လမ်းပေါ် က မီးပွိုင့်မှာ မီးနီပြနေလျက် သတိမပြုဘဲ ဖြတ်မောင်းမိပါတယ်။ လမ်းပြပုလိပ်က ကားကို အရပ်ခိုင်းပါတယ်။ တကယ့်နေရာမှာမှ လမ်း စည်းကမ်း ချိုးဖောက်မိလျက် ဖြစ်သွားပါတယ်။ ပုလိပ်က ပြုံးရွှင်စွာနဲ့ ကားမောင်းတဲ့ ဒကာကြီး (ပဏ္ဍိတာရာမ ဥက္ကဋ္ဌ) ကို "သတိထားမောင်း

http://www.dhammadownload.com



ပါ။ နောင် မမှားပါစေနဲ့” လို့သာ သတိပေးလိုက်ပါသတဲ့။ ဒီနေရာမှာ ဒီလိုစည်းကမ်း ကျူးလွန်မိရင် ဒဏ်ငွေ ၆ သောင်း တပ်ခံရပါမယ်တဲ့။ အခုတော့ ဘုန်းကြီး ပါလာလို့ သက်သာခွင့် ရခဲ့ပါတယ်တဲ့။ သူတို့က ဘုန်းကြီးကို အလေးပြုကြပေသကိုးလို့ တွေးမိပါတယ်။

ရှေ့ဆက်မောင်းသွားလို့ အတော်လေး ကြာတဲ့အခါ ရှေ့က ကား တစ်စီးကို ဝင်တိုက်သွားမိတယ်လို့ ထင်မိပါတယ်။ ရှေ့က ကားမောင်း သူ ထွက်လာပါတယ်။ ဥက္ကဋ္ဌဒကာကြီးကို သတိထားမောင်းပါလို့ပဲ ပြောကာ သူ့ကားပေါ် ပြန်တက်သွားပါတယ်။ သူ့ကားမှာ တိုက်ခံလိုက် ရလေသလား မပြောတတ်ပါ။ ပိန်သွားတာကိုတော့ တွေ့လိုက်ရပါ တယ်။ တရားဟောချိန် မမီမှာ စိုးရိမ်လို့ ဒကာကြီးက လောနေပုံရပါ တယ်။ “အေးအေးဆေးဆေး မောင်းပါ။ မီပါတယ်”လို့ ပြောရပါတယ်။ ရှေ့ကားဆရာကလည်း ဘုန်းကြီးကိုမြင်သွားလို့ ဒီလောက်ပဲ ပြောသွား တယ်လို့ မဝိသုတဉာနီက မှတ်ချက်ချပြောနေပြန်ပါတယ်။အဲဒီအတိုင်း သာ မှန်ခဲ့ရင် ကားဆရာကလည်း ဘုန်းကြီးကို အလေးပြုပေသကိုး လို့ သိရပြန်ပါတယ်။

ကျောင်းရောက်တော့ သွားတိုက်၊ ဖျော်ရည်သောက်ပြီး တရား ဟော သွားရပါတယ်။ ဝိပဿနာစကားလုံးရဲ့ အဓိပ္ပာယ်ကို ၃ နည်း ရင်းပြပါတယ်။ ၁။ အထူးထူး၊ အပြားပြားသော အခြင်းအရာ (အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာ)တွေနဲ့ ရှုမြင်တဲ့ဉာဏ်၊ ၂။ ရှုမြင်တဲ့ဉာဏ်၊ ၃။ ထူးထူးခြားခြား ရှုမြင်တဲ့ဉာဏ်လို့ ရှင်းပြပါဘယ်။ ရယ်စရာလေးတွေ ပါလာလို့ ယောဂီတွေက ရယ်ကြပါတယ်။ မေးလိုက်၊ ဖြေလိုက် လုပ် ပေးပါတယ်။

http://www.dhammadownload.com

# ကွမ်းသွေးနဲ့ဆေးလိပ်တို

တောင်ကိုရီးယားမှာ ကားမောင်းသူ တချို့နဲ့ လမ်းသွားသူတချို့မှာ ဆေးလိပ်သောက်နေတာကို တွေ့ရပါတယ်။ ကိုယ့်မြန်မာနိုင်ငံမှာလောက်တော့ ဆေးလိပ်သောက်သူ မများပါ။ အမေရိက ရောက်ခဲ့စဉ်က ကိုရီးယားတွေလောက်တောင် ဆေးလိပ်သောက်တာကို မတွေ့ခဲ့ရပါ။ အရှေ့တိုင်းချင်း၊ အာရှတိုက်ချင်းတူတဲ့ တောင်ကိုရီးယားမှာ ကွမ်းဝါးသူကို မတွေ့ရပါ။ ကိုရီးယားဆရာလေး မဝိသုတဉာဏီကရော၊ ကိုရီးယားရောက် မြန်မာဒကာ မောင်ဟိန်းကပါ "ကိုရီးယားတွေက ကွမ်းမဝါးကြပါ"လို့ ပြောကြပါတယ်။ မဝိသုတဉာဏီက "မြန်မာနိုင်ငံမှာ ကွမ်းဝါးသူတွေရဲ့ သွားတွေဟာ ညစ်ပေနေကြပါတယ်၊ အကြည့်ရဆိုးပါတယ်"လို့ ပြောပါတယ်။ အဲဒီအခါ ဒကာမောင်ဟိန်းက "တောင်ကိုရီးယားမှာ ပြောစမှတ်ဖြစ်သွားတဲ့ အဖြစ်အပျက်လေးတစ်ခု ရှိပါတယ်"လို့ ပြောလာပါတယ်။

"အဲဒီ အဖြစ်အပျက်က ဘယ်လို ဖြစ်ပျက်တာပါလဲ။ ပြောပြပါဦး ဒကာမောင်ဟိန်း"

"ဒီတောင်ကိုရီးယားရောက် မြန်မာဒကာတစ်ယောက်က ကားလမ်းဘေးမှာ ကားစောင့်ရင်း ကွမ်းဝါးပြီး ကွမ်းသွေးတွေကို ထွေးရမယ့်

http://www.dhammadownload.com



နေရာမှာ ထွေးထွေးပစ်နေပါသတဲ့။ အနီးအပါးမှာ ရှိနေတဲ့ ကိုရီးယား ရဲမေက အဲဒီ မြန်မာဒကာ အဲဒီလို နီနီရဲရဲ အရည်တွေ ထွေး ထွေးထုတ် နေတာကို သေသေချာချာ အကြိမ်များစွာ လှမ်းကြည့်နေပါသတဲ့။ မြန်မာဒကာက အဲဒီကိုရီးယားရဲမေ သူ့အပေါ် စိတ်ဝင်စားနေတယ်၊ ကြိုက်နေတယ်လို့ ထင်မှတ်နေမိပါသတဲ့။ အဲဒီ ရဲမေမက မြန်မာဒကာ အနီးကိုလာကာ 'မိတ်ဆွေ၊ မိတ်ဆွေရဲ့ပါးစပ်ထဲက သွေးတွေ ခဏခဏ အန်ထွက်နေပါတယ်။ ဘာဖြစ်နေပါသလဲ၊ ဘာအကူအညီ ပေးရပါ မလဲ' လို့ မေးပါသတဲ့"

ဒကာမောင်ဟိန်း ပြောပြတဲ့ အဲဒီအဖြစ်အပျက်ဟာ တကယ်ပဲ ဖြစ်ခဲ့တာလား။ ရယ်စရာ၊ သင်ခန်းစာ ယူစရာအနေနဲ့ ပြောတာပဲလား မပြောတတ်ပါ။ ကွမ်းဝါးတာကို ဆင်ခြင်ကြဖို့ သတိပေးလိုပုံ ရပါတယ်။ ကွမ်းဝါးတာကို ကျန်းမာရေး ရှုထောင့်ကလည်း ကြည့်သင့်ပါတယ်။ သန့်ရှင်းရေး ရှုထောင့်ကလည်း ကြည့်သင့်ပါတယ်။ ချွေတာရေး ရှုထောင့် ကလည်း ကြည့်သင့်ပါတယ်။ ဆေးလိပ်သောက်တာကိုလည်း ကွမ်း ဝါးတာလိုပဲ ဆင်ခြင်သင့်ကြပါပြီ။ ကွမ်းဝါး၊ ဆေးလိပ်သောက်မှုတွေကို ကျန်းမာရေးအတွက်ရော၊ ချွေတာရေးအတွက်ရော၊ သန့်ရှင်းရေး အတွက်ပါ မြန်မာတွေ လျှော့သင့်ကြပါပြီ။ တတ်နိုင်ရင် ရှောင်သင့်ကြ ပါပြီ။ ကွမ်းသွေး၊ ဆေးလိပ်တိုတွေကို နေရာများစွာတွေမှာ တွေ့ရတတ် ပါတယ်။ မရှောင်နိုင်လို့ ဝါးရင်တောင်မှ ထွေးသင့်ရာနေရာမှာပဲ ကွမ်း သွေး ထွေးသင့်ပါတယ်။ တွေ့ကရာနေရာမှာ မထွေးသင့်ပါ။ ဆေးလိပ် တိုကိုလည်း တွေ့ကရာနေရာမှာ မပစ်သင့်ပါ။ အမှိုက်ရှိရာ အမှိုက်ပုံး ထဲ စွန့်ပစ်သင့်ပါတယ်။

http://www.dhammadownload.com

# မဟာဂန္ဓာရုံရဲ့လက်ာလေး

၂၄-၄-၂၀၀၆ညက ဆရာတော်ကြီးက ယောဂီတွေအား ကရုဏာအကြောင်းကို ဟောပါတယ်။ ဘုရားဂုဏ်တော်တွေကို ရွတ်ဖတ်ပူဇော်နေရုံ၊ ဆီမီးပူဇော် အကြိမ်ပေါင်းများစွာ ဘုရားရှိခိုးကန်တော့နေရုံမျှနဲ့ ဗုဒ္ဓကို အကောင်းဆုံးပူဇော်ရာ မရောက်သေးကြောင်းကို ထည့်ပြီး မိန့်သွားပါတယ်။ မဟာယာန ဗုဒ္ဓသာသနာဝင်တွေက ဘုရားဂုဏ်တော်တွေ ရွတ်ဖတ်ပူဇော်မှု၊ ဆီမီးပူဇော်မှု အကြိမ်ပေါင်းများစွာ ထိုင်လိုက်၊ ကန်တော့လိုက်၊ ထလိုက်၊ ထိုင်လိုက်၊ ကန်တော့လိုက် အမှုတွေကိုပြုလုပ်ကြပါတယ်။ တရားနာတဲ့ ပရိသတ်ထဲမှာ မဟာယာနရဟန်းတစ်ပါးနဲ့ မဟာယာန ဘိက္ခုနီတွေ ပါဝင်နေပါတယ်။ သူတို့ကို သတိပေးလိုပုံရပါတယ်။ တရားဟောပြီးလို့ အခန်း ပြန်ရောက်တဲ့အခါ "မထိတထိလေးပြောပြောပေးရတယ်"လို့မိန့်ပါတယ်။ ပြီးတော့ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီး ရေးသားခဲ့တဲ့ လက်ာလေးကို မမနာပိကာကို လိုက်ရေးစေပါတယ်။ "နဂိုကတော့ ရွတ်နေကျပဲ၊ ရနေတာပါပဲ။ အခု နည်းနည်း မေ့နေတယ်"လို့ ပြောပါတယ်။ သာမဏေကျော်က မဟာဂန္ဓာရုံမှာ အဲဒီလက်ာလေးကို ကိုရင်လေးဘဝထဲက အကြိမ်ပေါင်းများစွာ ဩဝါဒခံယူချိန်မှာ ရွတ်ခဲ့ရပါတယ်။

http://www.dhammadownload.com



* ကျေးဇူးတော်ရှင်၊ ဘုရားရှင်ကို နေ့စဉ်မပြတ် ကျေးဇူးဆပ်ဖို့ အမြတ်ရတနာ သာသနာ၏ နှစ်ဖြာဝန်ထမ်း လွန်ကြိုးပမ်း အစွမ်းပြကြစေ။

"ကျေးဇူးဆပ်သို့"လို့ ရဖူးပါတယ်။ ပဏ္ဍိတာရာမ ဆရာတော်ကြီးက "ကျေးဇူးဆပ်ဖို့"လို့ ပြင်လိုက်ပါတယ်။ "အစွမ်းပြကြစေ"ဆိုတဲ့ စကားကို "အစွမ်းပြစို့လေ"လို့ ပြင်လိုက်ပါတယ်။ နောက်နေ့ တရားဟောတဲ့အခါ အဲဒီလင်္ကာလေးကို ယောဂီတွေအား ရွတ်ပြပေးစေချင်ပုံရပါတယ်။ အဲဒီလင်္ကာလေးတွေကို သာမဏေကျော်ရဲ့ ဆရာဖြစ်တဲ့ ဦးစန္ဒောဘာသ(မဟာမြိုင်ကျောင်းတိုက်နာယကဆရာတော်)က မဟာဂန္ဓာရုံမှာ သာမဏေကျော်ကိုကျက်ခိုင်းခဲ့ပါတယ်။ ဆရာဦးစန္ဒောဘာသကတော့ ပျံလွန်တော်မူသွားရှာပါပြီ။ သူအကျက်ခိုင်းတဲ့ လင်္ကာလေးကို မမေ့သေးပါ။ ရှေ့မှာ ၂ ပုဒ် ရှိပါသေးတယ်။ အဲဒီ နှစ်ပုဒ်က ဒီလိုပါ။

* ဘုရားရှင်တော် မပွင့်ပေါ်လျှင် လူတော်အများ စိတ်ကောင်းထားလည်း ဤကား ကုသိုလ်၊ အကုသိုလ်နှင့် ထိုထိုဘုံဘဝများ မသိရ၊ များလှအပြစ်တွေ။
* ဘုရားရှင်တော် ပွင့်ထွန်းပေါ်၍ ဟောဖော်ညွှန်ကြား မြတ်တရားကြောင့် ဤကား ကုသိုလ်၊ အကုသိုလ်နှင့် ထိုထိုဘုံဘဝ သိကြရများလှ ကျေးဇူးတွေ။

အခုယောဂီတွေကတော့ ဘုရားရှင်ကို တရားရှုမှတ်မှုနဲ့ ပူဇော်နေကြပါတယ်။ အကောင်းဆုံးဖြစ်တဲ့ ပူဇော်နည်းပါပဲ။

http://www.dhammadownload.com

# ကူညီပေးရပါတယ်

မျက်စိ ဟိုကြည့် ဒီကြည့်တဲ့ ယောဂီတွေကို ဟိုကြည့် ဒီကြည့် မကြည့်အောင် ပြုပြင်ပေးရပါတယ်။ အထိုင်အထ၊ အသွားအလာ စတဲ့ ကိုယ်အမူအရာတွေကို အမှတ်မပါဘဲ မြန်မြန် ပြုလုပ်ကြတဲ့ ယောဂီတွေကို ရှုမှတ်မှုနဲ့ ဖြည်းဖြည်းပြုလုပ်ဖို့ပြောရပါတယ်။ ဖောင်းတာ၊ ပိန်တာကို မမှတ်တတ်သေးတဲ့ ယောဂီတွေကို မှတ်တတ်လာအောင် သင်ပေးရပါတယ်။ ဖောင်းတာ၊ ပိန်တာ မမှတ်ချင်သူတွေကို မှတ်ချင်လာအောင် ပြောပေးရပါတယ်။ ဒုက္ခဝေဒနာမျိုးစုံကို ခံစားရလို့ ခဏခဏ ပြင်ထိုင်တဲ့ ယောဂီတွေကို သည်းခံပြီးမှတ်ဖို့ တိုက်တွန်းရပါတယ်။ ဒုက္ခဝေဒနာကို သည်းမခံနိုင်တော့လို့ တစ်နာရီပြည့်အောင်မထိုင်တဲ့ ယောဂီတွေကို တစ်နာရီပြည့်အောင် ထိုင်ဖို့ ပြောရပါတယ်။ ဆန္ဒတွေ လွန်ကဲပြီး ဝီရိယလွန်နေလို့ မှတ်မကောင်းဖြစ်နေတဲ့ ယောဂီတွေကို စိတ်အေးအေးထားပြီး မှတ်ဖို့ ပြောရပါတယ်။ အိပ်ငိုက်မှုများနေတဲ့ ယောဂီတွေကို အိပ်ငိုက်မှု မရှိရအောင် နည်းပေးရပါတယ်။ စိတ်ဆင်းရဲစရာပြဿနာများစွာကို တွေ့ကြုံခံစားလာရလို့ အဲဒီပြဿနာတွေကို သတိရကာ ဝမ်းနည်းစိတ်ဆင်းရဲနေကြတဲ့ယောဂီတွေကို အားပေးရပါတယ်။

http://www.dhammadownload.com



နှလုံးရောဂါ၊ ဒူးနာရောဂါ၊ ခါးနာရောဂါစတဲ့ ရောဂါတွေကို ခံစားနေရတဲ့ ယောဂီတွေကို အားပေးစကား ပြောကြားရပါတယ်။

တရားအတွေ့အကြုံတွေကို ပြောမပြတတ်သေးတဲ့ ယောဂီတွေကို "ပေါ်တာ ရှုတာ၊ သိမြင်တာ၊ သုံးဖြာ ရေးကြီးပေ"ဆိုတဲ့ ပဏ္ဍိတာရာမ ဆရာတော်ကြီးရဲ့ လင်္ကာလေးအတိုင်း သင်ပေးရပါတယ်။ တရားအတွေ့အကြုံ ပြောပြစဉ် လက်ဟန်အမူအရာနဲ့ ပြောတဲ့ ယောဂီတွေကို လက်အမူအရာ မပါဘဲ ပါးစပ်နဲ့ပဲ ပြောဖို့ သတိပေးရပါတယ်။ မှတ်နိုင်တာလေး၊ သိတာလေးတွေ ရှိလာရင် အသိအမှတ်ပြုကာ ပြောပေးပြီး မမှတ်နိုင်သေးတာ၊ မမှတ်တတ်သေးတာတွေကို ဖြည့်ပေးရပါတယ်။ မှတ်ပုံကိုသာပြောပြီး သိတာကိုမပြောတဲ့ ယောဂီ၊ သိတာကိုသာပြောပြီး မှတ်ပုံကိုမပြောတဲ့ယောဂီတွေကို မှတ်ပုံကိုရော သိတာကိုပါ ၂ မျိုး တွဲတွဲပြီးပြောဖို့သင်ပေးရပါတယ်။ အမှတ်ခံရတဲ့အာရုံနောက် စိတ်ကလေး ကပ်, ကပ်ပါသွားအောင် မှတ်နိုင်ဖို့ အရေးကြီးကြောင်း ပြောပေးရပါတယ်။ ကပ်ပါသွားအောင် မှတ်နိုင်လာလေလေ သိတာလေးတွေက များလာလေလေ အသေးစိတ်လာလေလေပဲလို့ ပြောပေးရပါတယ်။ တစ်နာရီထက် အချိန်ပိုကြာပြီးစင်္ကြံလျှောက်ကာ မှတ်တဲ့ယောဂီတွေကို တစ်နာရီပဲ စင်္ကြံလျှောက်မှတ်ဖို့ ပြောရပါတယ်။ ခန္ဓာကိုယ်က နောက်ကို လန်လန်ကျသွားလို့၊ ချောင်းခဏခဏဆိုးလို့ သူတစ်ပါးအနှောင့်အယှက်မဖြစ်ရအောင် ဘယ်လိုလုပ်ရပါ့မလဲလို့ မေးလာတဲ့ ယောဂီတွေကို ပြေလည်အောင် ညွှန်ကြားပေးရပါတယ်။ အခန်းမှာ မှတ်ပါရစေလို့ တောင်းဆိုလာတဲ့ ယောဂီတွေကို မလိုက်လျော၊ ခွင့်မပြုဘဲ တင်းထားရပါတယ်။

http://www.dhammadownload.com

# ကရုဏာသက်စရာ

ကိုရီးယားဆရာလေး မဝိသုတဉာနီက မဟာယာနတွေနဲ့ ပတ်သက်ပြီး ဒီလို ပြောပါတယ်။

"ကိုရီးယားက မဟာယာန ရဟန်းတွေနဲ့ ဘိက္ခုနီတွေဟာ တရားအားထုတ်လိုကြရင် 'မြန်မာနိုင်ငံကို သွားမယ်။ ဝိပဿနာတရား အားထုတ်မယ်'လို့ သူတို့ မဟာယာနအသိုင်းအဝိုင်းမှာ အသိမပေးဝံ့ကြပါ။ ဝိပဿနာအားထုတ်ဖို့ မြန်မာနိုင်ငံကို သွားတယ်ဆိုရင် အဲဒီသွားတဲ့ မဟာယာနရဟန်းတွေနဲ့ဘိက္ခုနီတွေကို အထင်သေးကြပါတယ်။ ကဲ့ရဲ့ပြစ်တင်ကြပါတယ်။ ဒါကြောင့် ဝိပဿနာအားထုတ်လိုလို့ မြန်မာနိုင်ငံသွားမယ်ဆိုရင် ဝိပဿနာအားထုတ်ဖို့ မြန်မာနိုင်ငံ သွားမယ်လို့ မပြောဘဲ ပုန်းလျှိုးကွယ်လျှိုး လာကြရပါတယ်။ အသိအမြင်ကျယ်တဲ့ မဟာယာနဘိက္ခု (ရဟန်း) တွေနဲ့ ဘိက္ခုနီတွေပဲ ဝိပဿနာ အားထုတ်တာကို စိတ်ဝင်စားကြပါတယ်။အသိအမြင်မကျယ်တဲ့မဟာယာနတွေကတော့ ဝိပဿနာတရား အားမထုတ်လိုကြပါ။ အယူအစွဲ ပြင်းထန်ကြပါတယ်။ တပည့်တော်တို့ ထေရဝါဒကိုလည်း ဟီနယာနလို့ပဲ ခေါ်ဝေါ်သုံးနှုန်းကြပါတယ်။ တပည့်တော် ဒီလို ထေရဝါဒ သီလရှင် ဝတ်ထားလို့ ကဲ့ရဲ့ပြစ်တင်ကြပါတယ်။ အထင်လည်း သေးကြပါတယ်"

http://www.dhammadownload.com



မဝိသုတညာနီက အဲဒီလို ပြောပြတော့ မထင်မှတ်မိတာကို ကြားရလို့ အံ့သြမိပါတယ်။ တစ်ခါက ရန်ကုန် ပဏ္ဍိတာရာမမှာ တွေ့ခဲ့ဖူးတဲ့ ကလေးမလေးတစ်ယောက် အကြောင်းကို မဝိသုတညာနီအား ပြောပြလိုက်ပါတယ်။

"ရန်ကုန်က ကလေးမချောချောလေးတစ်ယောက်က အမျိုးသားခပ်ကြီးကြီးတစ်ယောက်နဲ့ ရန်ကုန် ပဏ္ဍိတာရာမကိုရောက်လာပါတယ်။ ဆရာတော်ကြီး မရှိခိုက်မို့ သာမဏေကျော်ထံ ရောက်လာတယ်။ အဲဒီအမျိုးသားက ပါကစ္စတန်နိုင်ငံသားပါ။ ဝိပဿနာအားထုတ်ပုံ အားထုတ်နည်းကို သိလိုပါတယ်တဲ့။ တတ်နိုင်သမျှ ရှင်းပြလိုက်ပါတယ်။ အဲဒီကလေးမလေးက သူ့ဘဝအကြောင်းကို ပြောပြပါတယ်။ သူ့အမေက မြန်မာအမျိုးသမီး ဗုဒ္ဓဘာသာဝင်ပါ။ ဘာသာခြား အမျိုးသား နဲ့ အိမ်ထောင်ကျသွားတော့ အဲဒီအမျိုးသားရဲ့ဘာသာနောက်ကို လိုက်ရပါတယ်တဲ့။ အဲဒီကလေးမလေးနဲ့သူ့ညီမတို့ဟာ ဝိပဿနာတရား အားထုတ်လိုလို့ ရိပ်သာဝင်တဲ့အခါ သင်္ကြန်အခါမျိုးနဲ့ ခရီးထွက်တဲ့ အခါမျိုးမှာ ခရီးသွားဟန်ဆောင်ကာ ရိပ်သာဝင်ပြီး တရားအားထုတ်ရပါသတဲ့။ ဖခင်နဲ့ ဖခင်အသိုင်းအဝိုင်းက ဒီလိုရိပ်သာဝင်ပြီး တရားအားထုတ်တာကို မကြိုက်လို့ ခွင့်မပြုလို့ပါတဲ့။ တရားအားထုတ်တာကို ခိုးပြီး ပုန်းလျှိုးကွယ်လျှို အားထုတ်ရရှာပါတယ်။ အဲဒီကလေးမက ပြောပါတယ်။ တပည့်တော်ရဲ့နှလုံးသားဟာ ဗုဒ္ဓဘာသာဝင်ပါ။ နာမည်ခံကတော့ အခြားဘာသာဝင်အဖြစ်ပါ။ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကို မလွန်ဆန်နိုင်သေးလို့ပါ"တဲ့။

ဝိပဿနာ အားထုတ်လိုတဲ့ အဲဒီ မဟာယာန ရဟန်းတွေ၊ ဘိက္ခုနီတွေနဲ့ အဲဒီကလေးမတို့ရဲ့ ဘဝဟာ သနားကရုဏာသက်စရာ ကောင်းလှပါတယ်။

http://www.dhammadownload.com

# အင်တာနက်ထဲ

၂၅-၄-၂၀၀၆ နေ့ညမှာ ဆရာတော်ကြီးက အသုဘဘာဝနာနဲ့ မရဏာဿတိအကြောင်းကို ရှင်းပြပါတယ်။ စတုရာရက္ခဘာဝနာ ၄ မျိုးကို တစ်မျိုးမှာ တစ်မိနစ်စီလောက်ပဲ တရားထိုင်ခါစအချိန်မှာ ပွားဖို့ မိန့်ပါတယ်။ အချိန်အကြာဆုံး ၅ မိနစ်လောက်ပဲ ၄ မျိုးကို ပွားဖို့ ပြောပါတယ်။ သတိပဋ္ဌာန်စကားလုံး အဓိပ္ပာယ်ကို စတင်ရှင်းပြပါတယ်။ ဆရာတော်ကြီးရဲ့ သတိပဋ္ဌာန်အကြောင်း ရှင်းပြတာကို အကြိမ်များစွာ ကြားနာခဲ့ရပါတယ်။ သတိပဋ္ဌာန် တရားတော်စာအုပ် ထွက်လာအောင်လည်း ကြိုးစားပေးခဲ့ပါတယ်။ ထွက်လည်း ထွက်နေပါပြီ။

ဘူတံ ဘူတတော ပဿတိ - ဖြစ်ရှိနေတာကို ဖြစ်ရှိနေတဲ့အတိုင်း ရှုတယ်။ ယထာပါကဋ္ဌံ ဝိပဿနာဘိနိဝေသော - ဝိပဿနာ စတင်ရှုရင် ထင်ရှားရာကစပြီး ရှုရမယ်။

အဲဒီစကားလေးတွေကို ထည့်ပြောကာ ရှင်းပြပါတယ်။ နာမ်ထက် ရုပ်က ပိုထင်ရှားတယ်။ ရုပ်ထဲမှာလည်း အမှိုခံရုပ်နဲ့ အမှိုရုပ်ရှိရာ အမှိုခံရုပ်က ပိုထင်ရှားတယ်။ အမှိုခံရုပ် မဟာဘုတ် ၄ပါးထဲမှာလည်း ဝါယောဓာတ်က ပိုထင်ရှားတယ်။ ဒါကြောင့် ဝါယောဓာတ်ကို စပြီး

http://www.dhammadownload.com



ရှုရပါတယ်။ အပြောကတော့ ဖောင်းတာ၊ ပိန်တာပဲ။ သဘောကတော့ တောင့်တင်းလှုပ်ရှား၊ ရွေ့လျားတဲ့ ဝါယောဓာတ်ပဲ။ ဖောင်းတာ၊ ပိန်တာမှာ ဝါယောဓာတ်က လွန်ကဲတယ်။ ကျန်တဲ့ဓာတ်ကြီးတွေလည်း အချိုးကျ ပါပါတယ်။ ရှုကွင်းက တစ်ကိုယ်လုံးပဲ။ ဖောင်းတာ၊ ပိန်တာ၊ သွားတာ၊ ရပ်တာ၊ ထိုင်တာ စတာတွေက ရှုကွက်ပဲ။ ရှုကွက်တွေက ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ ၄ မျိုးပါပဲ။ ကာယဆိုတာ ရုပ်အပေါင်း၊ ဝေဒနာနဲ့ စိတ်ကနာမ်၊ ဓမ္မက ရုပ်နဲ့နာမ်ပါပဲ။ ဖောင်းတာထဲမှာ တောင့်တင်းလှုပ်ရှားမှုများစွာ ပါတယ်။ အဲဒီတောင့်တင်းလှုပ်ရှားမှုအပေါင်းကို ကာယလို့ ခေါ်တယ်။

တရားရှုမှတ်နေကြတဲ့ ယောဂီတွေထဲမှာ နည်းမျိုးစုံနဲ့ အားထုတ်ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေ ပါပါတယ်။ ဒီနေ့ တရားဟောပြီးလို့ အခန်းထဲရောက်တော့ ယောဂီတွေကို ဒီလိုပြောရတယ်။ ဆရာတော်ကြီးက မိန့်ပါတယ်။

"တိုင်းရင်းဆေးနဲ့ ကုသလို့ ရောဂါမပျောက်တဲ့အတွက် ဆေးရုံတက်ပြီး ဆရာဝန်ထံ အကုသခံရင် ဆရာဝန်ရဲ့စကားကို လိုက်နာရပါတယ်"

ပြီးတော့ ဆရာတော်ကြီးက ဒီလိုလည်း မိန့်ပါသေးတယ်။

"သူတို့ အားထုတ်ခဲ့တဲ့ နည်းဟောင်းတွေကို စွဲနေတယ်"

ယောဂီအားလုံးအတွက် သတိပဋ္ဌာန်အကြောင်း ရှင်းပြချက်ဟာ အလွန်ပဲ ကျေးဇူးများလှပါတယ်။ ဆရာတော်ကြီးရဲ့ ဟောတရားတွေကို အင်တာနက်ထဲ ထည့်ပေးပါတယ်။ ကိုရီးယားတွေက အင်တာနက်ကနေ လေ့လာကြပါတယ်။ လေ့လာသူဦးရေ ၂၀၀ ရှိပါသတဲ့။ ဝိပဿနာကို စိတ်ဝင်စားသူတွေ ကိုရီးယားမှာ တော်တော် ရှိလာတာပဲ။

http://www.dhammadownload.com

# သူ့အလှ ကိုယ့်အလှ

မလှချင်သူ ဘယ်သူရှိမှာလဲ။ ဘယ်မှာ ရှိမှာလဲ။ မလှချင်သူ ဘယ်သူမှမရှိ။ ဘယ်မှာမှ မရှိ။ ကိုရီးယားသူလေးတွေက သူတို့ကိုယ်ကို လှပလာအောင် မျက်နှာစသည်ကို ခွဲစိတ်ပြုပြင်ကြတယ်။ တောင်ကိုရီးယားသူတွေက တရုတ်၊ ဂျပန်မတွေထက် အလှပိုတယ်လို့ ဆိုကြပါတယ်။ မျက်ရစ် မပါရင် မလှဘူးလို့ ယူဆကာ မျက်ရစ်မပါတဲ့ ကိုရီးယားမလေးတွေက မျက်ရစ်ရှိလာအောင်ခွဲစိတ်ပြုပြင်ကြပါသတဲ့။ မခွဲစိတ်ဘဲ ပြုပြင်ရရင်လည်း မခွဲစိတ်ဘဲ ပြုပြင်ကြပါသတဲ့။ ကိုရီးယားလူဦးရေထဲမှာ ရာခိုင်နှုန်း ၃၀ လောက်သာ မျက်ရစ်ပါကြပါသတဲ့။ နှစ်ပေါင်း ၁၅၀၀ ကျော်လောက်က ကိုရီးယားနိုင်ငံဘုရင်က အိန္ဒိယအမျိုးသမီးတစ်ဦးကို မိဖုရား မြှောက်ခဲ့ပါသတဲ့။ အဲဒီ အိန္ဒိယ ဘုရင်မ အမျိုးအနွယ်တွေက မျက်ရစ်ပါကြပါသတဲ့။ တရုတ်နိုင်ငံဘက်မှလာတဲ့ အမျိုးအနွယ်တွေက မျက်ရစ်မပါကြပါတဲ့။ အခုအခါ ကျန်းမာရေးအသိပညာရော၊ သိပ္ပံပညာ နည်းစနစ်တွေကပါ တောင်ကိုရီးယားမှာ ဖွံ့ဖြိုးတိုးတက်လာနေတော့ ခန္ဓာကိုယ်ကိုရော၊ မျက်နှာကိုပါ လှပလာအောင် လုပ်လာနိုင်ကြသလို အသက်ပိုရှည်လာအောင်လည်း လုပ်လာနိုင်နေကြပါတယ်။

http://www.dhammadownload.com



ကျန်းမာရေး အသိပညာ မတိုးတက်သေးခင်က တောင်ကိုရီးယားမှာ ဒီလောက် အသက်မရှည်ကြပါ။ အသက် ၆၀ လောက်ဆိုရင် အဘွားကြီးစာရင်း သွင်းခဲ့ကြပါတယ်။ အဘွားလို့ ခေါ်ဝေါ်သုံးနှုန်းကြပါတယ်။ အခုအချိန်မှာတော့ အသက် ၆၀ လောက် ပုဂ္ဂိုလ်ကို အဘွားလို့ မသတ်မှတ်ကြသလို အဘွားလို့ ခေါ်ဝေါ်လာရင်လည်း အခေါ်ခံရသူက မကြိုက်တော့ပါတဲ့။ ဒီတရားစခန်းမှာ အသက်၇၀ကျော် အဘွားတစ်ယောက် တရားလာအားထုတ်ပါတယ်။ ကျန်းမာသွက်လက်နေပါတယ်။ မျက်နှာက နုနေလို့ အသက် ၆၀ လောက်ပဲ ထင်ရတယ်လို့ မဝိသုတဉာဏီ က ပြောပါတယ်။ ကျန်းမာရေးအသိပညာကလည်း ရှိ၊ အစားအသောက်ကလည်း ပြည့်စုံနေလေတော့ အစာလည်း ဆေး၊ ဆေးလည်း အစာ ဖြစ်အောင် စားတတ်ကြလို့ ကျန်းမာသန်စွမ်း ဖျတ်လတ်နေကြတာပါပဲ။

မြန်မာမှာ ရုပ်လှသူ၊ မလှသူ ရှိသလို ကိုရီးယားမှာလည်း လှသူ၊ မလှသူ ရှိတာပါပဲ။ မြန်မာမှာ ရုပ်မလှတလှ ရှိသလို ကိုရီးယားမှာလည်း မလှတလှ ရှိတာပါပဲ။ မြန်မာမှာ စိတ်လှသူ၊ မလှသူ ရှိသလို ကိုရီးယားမှာလည်း စိတ်လှသူ၊ မလှသူ ရှိတာပါပဲ။ မြန်မာမှာ စိတ်မလှတလှ ရှိသလို ကိုရီးယားမှာလည်း စိတ်မလှတလှ ရှိတာပါပဲ။ မြန်မာမှာ စိတ်ရောရုပ်ပါ လှသူ၊ မလှသူ ရှိသလို ကိုရီးယားမှာလည်း စိတ်ရောရုပ်ပါ လှသူ၊ မလှသူ ရှိတာပါပဲ။ မြန်မာမှာ စိတ်ရော ရုပ်ပါ မလှတလှ ရှိသလို ကိုရီးယားမှာလည်း စိတ်ရောရုပ်ပါ မလှတလှ ရှိတာပါပဲ။ အခြား အခြား နိုင်ငံတွေမှာလည်း ဒီလိုပဲ နေမှာပါ။ မေတ္တာ၊ ကရုဏာ၊ မုဒိတာတွေ လွှမ်းခြုံထားတဲ့ စိတ်အလှကတော့ မြတ်နိုးစရာ အကောင်းဆုံးပါပဲလေ။

http://www.dhammadownload.com

# ဒါပေမဲ့

၂၆-၄-၂၀၀၆ နေ့ နေ့ဆွမ်းစားပြီး ၁၂ နာရီ၊ ၁၅ မိနစ်အချိန်မှာ မဝိသုတညာနီက မမနာပိကာရဲ့ လက်ကိုင်ဖုန်းနဲ့ 'သာမဏေကျော် မဟာဂန္ဓာရုံကျောင်းက ဦးသြဘာသ ရှိပါသလား'လို့ မေးနေပါတယ်။ "သြော် ဖုန်းခေါ်နေပြီကိုး"လို့ တွေးကာ လာပေးတဲ့ အဲဒီလက်ကိုင်ဖုန်းနဲ့ ဦးသြဘာသကို သိချင်တာလေးတွေ မေးပါတယ်။ သိချင်တာ၊ မေးချင်တာလေးတွေကို ဂဏန်းစဉ်ကာ အဆင်သင့် ရေးထားပါတယ်။ ကြည့်ပြီး တစ်ခုပြီးတစ်ခု မေးသွားပါတယ်။ မေးလို့ ပြီးခါနီးလောက်မှ ဖုန်းနားမှာ မောင်လှဝင်း ရောက်နေတာကို သိရပါတယ်။ မောင်လှဝင်းနဲ့လည်း စကားပြောလိုက်ပါသေးတယ်။ မြန်မာနိုင်ငံက အချိန်နာရီကို မေးကြည့်လိုက်တော့ နံနက် ၉ နာရီ၊ ၄၅ မိနစ် ရှိနေကြောင်း ပြောပြပါတယ်။ ဦးသြဘာသကိုရော၊ မောင်လှဝင်းကိုပါ မေးကြည့်ပါတယ်။ သူတို့က မြန်မာအချိန်ကို ပြောပြပါတယ်။ သာမဏေကျော်က တောင်ကိုရီးယားအချိန်ကို ပြောပြပါတယ်။ အချိန်ကွာဟမှုကို သိရအောင် ပြောပြရပါတယ်။ ဖုန်းအသံက ကြည်လင်ပြီး ရှင်းလင်းနေပါတယ်။ ဖုန်းလိုင်းက ကောင်းလို့ ဖြစ်ပါလိမ့်မယ်။

http://www.dhammadownload.com



ဦးဩဘာသက ပြောပါတယ်။ "မနေ့က ဦးကျော်လှိုင်ရဲ့ ဝဝသား (ကျော်ထင်လင်းလား၊ ဇင်မင်းလား ခွဲခြားမပြောတတ်)က အင်္ဂလန်က မဉ္ဇူမာလှိုင်နဲ့ မောင်ကောင်းမြတ်စိုးတို့လှူတဲ့သိမ်အတွက် ငွေနဲ့ ပန်းကန် ခွက်ယောက်အတွက် ငွေ ၁၀ သိန်းကို လာပို့ပါတယ်" လို့ ပြောပါတယ်။ မောင်လှဝင်းနဲ့ ပြောတော့ "အဲဒီသိမ်အတွက် အလှူငွေကို ကျောင်း ဒကာဖြစ်တဲ့ ဦးခင်ဇော်ထံ သွားပို့ပါတော့မယ်"လို့ ပြောပါတယ်။ သိမ်ကို ကျောင်းဒကာ ဦးခင်ဇော်က တာဝန်ယူကာ ဆောက်ပေးနေပါတယ်။ သိမ်မှာလည်း အလှူရှင်တွေ လှူတဲ့ငွေနဲ့ မလောက်ရင် သူကပဲ ဖြည့်လှူ ကာ ဆောက်ပါမယ်တဲ့။ စွန်ညီနောင်စွန်မင်း ဦးခင်ဇော်တို့က သာမဏေကျော် မဟာဂန္ဓာရုံမှာ ကျောင်းအဆောင်ပေါင်း ၇ ဆောင် ဆောက်လုပ်လှူဒါန်းထားတဲ့အပြင် ရေ၊ မီး အဆင်ပြေအောင်လည်း ဆောင်ရွက်ပေးထားတာမို့ သူတို့ရဲ့ လှူဒါန်းထောက်ပံ့မှုကို အားနာ ငဲ့ညှာနေမိပါတယ်။

ဇွန်လ ၂ ရက်နေ့၊ ညနေ ၆ နာရီ ၄၅ မိနစ်မှာ ရန်ကုန်လေဆိပ်ကို ရောက်ပါမယ်။ သာမဏေကျော်နဲ့ မဝိသုတဉာဏီပဲ လာကြပါမယ်။ ဆရာတော်ကြီးနဲ့ မဝိမလဉာဏီတို့က ထိုင်ဝမ်ကို ခရီးဆက်ကြပါမယ်။ ရန်ကုန်လေယာဉ်ကွင်းကို မောင်လှဝင်းနဲ့ မောင်အောင်ဆန်းတို့ လာ ကြိုကြပါလို့ မှာလိုက်ပါတယ်။ လေဆိပ်ကနေ သာမဏေကျော် မဟာ ဂန္ဓာရုံကို သွားပါမယ်။ အဲဒီကနေ ပဏ္ဍိတာရာမကို မဝိသုတဉာဏီက သွားပါမယ်။ ကိုရီးယားမှာ အစစအရာရာ အဆင်ပြေပါတယ်။ ဒါပေမဲ့ သာမဏေကျော် မဟာဂန္ဓာရုံကို ပြန်ရမယ့်ရက်သို့ မြန်မြန်ရောက်စေ ချင်နေပါတယ်။ ကိုရီးယားက ပဏ္ဍိတာရာမ ယောဂီဟောင်းတွေရဲ့ ပြုစုစောင့်ရှောက်မှုကတော့ တကယ့်ကို လိုလေသေးမရှိပါပဲ။

http://www.dhammadownload.com

# စောင်းသင်သူ ၂ ဦး

၂၆-၄-၂၀၀၆ နေ့ည တရားမဟောမီ ဆရာတော်ကြီးအခန်းထဲ ဝင်သွားရာ ယောဂီတွေနဲ့ ပတ်သက်ပြီး ဒီလို မိန့်ပါတယ်။

"စောင်းအတတ် လုံးဝမတတ်သူနဲ့ စောင်းအတတ် မတတ်တတတ် သူဟို့ဟာ စောင်းဆရာကြီးထံ အတတ်ပညာသင်ယူကြရာ စောင်း အတတ် လုံးဝ မတတ်သူကို ပညာသင်ပေးခ လျှော့တောင်းပြီး စောင်း အတတ် မတတ်တတတ် တတ်ထားသူကို ပညာသင်ပေးခ ပိုတောင်း တယ်ဆိုတာ သဘာဝကျတယ်။ ကမ္မဋ္ဌာန်းဆရာလုပ်တော့ သဘော ပေါက်လာတယ်။ ယောဂီတွေမှာ နည်းစုံအောင် အားထုတ်ခဲ့ရင် အဲဒီ နည်းဟောင်းကို စွဲနေလို့ သင်ပေးရခက်တယ်။ ယောဂီက ဖောင်းတာ၊ ပိန်တာမှတ်ရာမှာ ဦးဆောင်စိတ်ကို မှတ်တယ်လို့ပြောတယ်။ ဥယောက် လောက် ပြောလာတယ်"

"သတိပဋ္ဌာန် ကကြီး၊ ခခွေး တရားကို ဟောမယ်"လို့ ဆရာတော် ကြီးက မိန့်ပါတယ်။ အခြေခံမှတ်ပုံ မှတ်နည်းလေးတွေကို ဟောတာ ဟာ ယောဂီတွေအား အလွန်ပဲ ကျေးဇူးများလှပါတယ်။ သတိပဋ္ဌာန် စကားလုံးရဲ့ အဓိပ္ပာယ်ကို ရှင်းပြရင်း သတိရဲ့လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန် တွေကိုပါ ရှင်းပြပါတယ်။ သတိပဋ္ဌာနသုတ်မှာ ဘုရားရှင်က မှတ်ပုံမှတ် နည်းကို ရိုးရိုးရှင်းရှင်းနဲ့ ဟောထားပါတယ်။ ယောဂီတွေဟာ ပေါ်တာ

http://www.dhammadownload.com



ကို ရှုပြီး သိတာကိုသာ ပြောရမှာ ဖြစ်ပါလျက် အတွေးတွေကို ပြောနေတတ်ကြပါတယ်။ အဲဒါကို ဆရာတော်ကြီးက သဘောကျတော်မမူပါ။ အမျိုးသမီး ယောဂီတစ်ယောက်က "တရားစစ်တဲ့အခါ ဆရာတော်ကြီး မေးလိုက်တဲ့ မေးခွန်းတွေဟာ စူးရှတယ်"လို့ ပြောပါတယ်။ အတွေးနဲ့ ပြောတဲ့ယောဂီတွေကို မေးခွန်းနဲ့ထောက်လိုက်ရင် ယောဂီတွေမှာ ယိမ်းယိုင်တုန်လှုပ်သွားတတ်ကြပါတယ်။ ဝေ့လည်လည် ယောင်ဝါးဝါး ပြောလာတဲ့ ယောဂီတွေကိုလည်း မေးခွန်းတွေမေးကာ ချာချာလည်သွားစေတတ်ပါတယ်။

ဆရာတော်ကြီးက သူကိုယ်တိုင်အကြိမ်ကြိမ်ရှုမှတ်ကာ ကိုယ်တွေ့နားလည်ထား ကျေညက်ထားတာမို့ သူ့ကို ယောဂီက ယောင်ဝါးဝါး သွားပြောလို့ မရပါ။ အတွေးတွေကိုလည်း သွားပြောလို့ လက်မခံပါ။ သူထောက်ထောက်ပြီး မေးလိုက်တဲ့ မေးခွန်းတွေကို ကျကျနန အဖြေပေးနိုင်တဲ့ ယောဂီကတော့ အချိန်တိုအ[illegible]င်း တရားအတွေ့အကြုံတွေ ကောင်းသွားကြပါတယ်။ စူးစူးစိုက်စိုက်၊ ရိုရိုသေသေ ရှုမှတ်တဲ့ ယောဂီဆိုရင် အသိအမြင်တွေက ရှင်းလင်းနေပါတယ်။ ပြောတော့လည်း ရှင်းနေအောင် ပြောပြတတ်ပါတယ်။ ယောဂီ ၄ မျိုး ရှိပါတယ်တဲ့။ ၁။ သွက်ရှင်း၊ ၂။ လေးရှင်း၊ ၃။ သွက်ရှုပ်၊ ၄။ လေးရှုပ်တွေပါပဲ။ သွက်သွက်လက်လက်၊ ရှင်းရှင်းလင်းလင်း ပြောတတ်တဲ့ ယောဂီကတော့ အကောင်းဆုံးပေါ့။ အပြောလေး၊ အပြောရှုပ်တဲ့ ယောဂီက အညံ့ဆုံးပေါ့။ သွက်ရှုပ်ယောဂီထက် လေးရှင်းယောဂီက တော်ပါသေးတယ်။

http://www.dhammadownload.com

# အမြွှာညီနောင်ရဲ့ဖခင် ပါမောက္ခ

၂၇-၄-၂၀၀၆ နေ့မှာ တနင်္ဂနွေ မဟုတ်ပါဘဲ တရားစစ်တာ နားပါတယ်။ ဆရာတော်ကြီးက ညနေ ၄ နာရီကနေ ၆ နာရီ့ထိ ၂ နာရီကြာအောင် ဆိုးလ်မြို့က ဗုဒ္ဓဘာသာ ကျောင်းတစ်ကျောင်းက ဘွဲ့ရကျောင်းသား၊ ကျောင်းသူတွေအား တရားဟောပေးဖို့ ကြွစရာရှိတဲ့အတွက် တရားစစ်နားတာဖြစ်ပါတယ်။ လာမယ့်တနင်္ဂနွေမှာ ဒီကြာသပတေးနေ့အစား တရားစစ်ပေးပါမယ်။ အဲဒီ ဗုဒ္ဓဘာသာကျောင်းမှာ ပါမောက္ခဆရာတစ်ဦးဖြစ်တဲ့ Kim Jaesungm က ပင့်ပါတယ်။ သူက ရန်ကုန်ပဏ္ဍိတာရာမမှာ တရားအားထုတ်ခဲ့ပါတယ်။ အခုကိုရီးယားမှာ ဝိပဿနာတရားလည်း ပြပေးပါတယ်တဲ့။ အမြွှာညီနောင် ကိုရီးယားကိုရင်လေး ၂ ပါး ဟာ ဆယ်မိုင်ကုန်း ပဏ္ဍိတာရာမမှာ တရားအားထုတ်သွားပါတယ်။ အဲဒီအမြွှာညီနောင်ရဲ့ ဖခင် ဖြစ်ပါတယ်။ အဲဒီဖခင်က ရန်ကုန်ပဏ္ဍိတာရာမမှာ ထေရဝါဒရဟန်းဝတ်နဲ့ နေခဲ့ဖူးပါတယ်။ မဟာယာနဘုန်းကြီးဘဝက လူဝတ်လဲခဲ့သူ ဖြစ်ပါတယ်။ အဲဒီ ဗုဒ္ဓဘာသာကျောင်းမှာ တရားနာမယ့်သူ တစ်ရာလောက် ရှိပါတယ်။ မိန်းကလေးတွေက များပြီး ယောက်ျားလေးတွေက နည်းပါတယ်တဲ့။ တချို့လည်း တရားအားထုတ်ထားကြပါတယ်။ အဲဒီ Kim က သုတ္တနိပါတ်နဲ့ ဗုဒ္ဓဘာသာရဲ့ ဒဿနအကြောင်း ပို့ချပေးနေပါတယ်တဲ့။

http://www.dhammadownload.com



ဆရာတော်ကြီးကို မေတ္တာအကြောင်းနဲ့ ဝိပဿနာအကြောင်း ဟောပေးဖို့ လျှောက်ထားနေပါတယ်။ ဆရာတော်ကြီးက လူငယ်လေးတွေအား ဟောရမယ်ထင်လို့ လူငယ်လေးတွေအတွက် တရားကို စဉ်းစားနေပါတယ်။ အဲဒီနောက်မှာ အခြေအနေကြည့်ပြီး ဟောတာပေါ့လို့ မိန့်လိုက်ပါတယ်။ တရားစစ်နားလို့ သာမဏေကျော်နဲ့ မဝိမလညာနီတို့ကို ဝေယျာဝစ္စအဖွဲ့က ဗဟုသုတရဖွယ်ရာ နေရာတွေကို လိုက်ပို့ပေးပါမယ်တဲ့။ နံနက် ၈ နာရီခွဲမှာ ထွက်ပါမယ်တဲ့။ ညနေ ၆ နာရီ တရားပွဲမှာ ယောဂီတွေအား တရားဟောဖို့ သာမဏေကျော်မှာ တာဝန်ကျပါတယ်။ မဝိသုတညာနီက ဘာသာပြန်ပေးပါမယ်။ တရားစစ်တဲ့အခါ ယောဂီတွေအား ပြောပြပေးတဲ့ စကားတွေကိုပဲ ဟောပါမယ်။ မဝိသုတညာနီလည်း ကိုရီးယားလို ဘာသာပြန်ပေးဖို့ မခက်တော့ပါ။ တရားစစ်ရာမှာ နေ့တိုင်းဘာသာပြန်ပေးနေလို့ပါ။ အလေ့အကျင့် ရပြီးသားဖြစ်နေပါတယ်။ ဒီလို တရားပွဲမှာ သူလည်း ဘာသာမပြန်ပေးဖူးသေးပါ။

မြို့ထဲ ဟိုနေရာ၊ ဒီနေရာကို လျှောက်သွားလိုတဲ့ ဆန္ဒ မရှိပေမယ့် စာဖတ်ပရိသတ်အား ကိုရီးယားမှာ မြင်တွေ့ရသမျှလေးတွေကို ရေးပြပေးချင်တဲ့ ဆန္ဒရှိလို့သာ ဝေယျာဝစ္စအဖွဲ့ ပို့ပေးမယ့်နေရာတွေကို သွားရပါမယ်။ ဘယ်နေရာတွေကို သွားပြီး ဘာတွေကို တွေ့ခဲ့ရမယ်။ ဘာတွေကို ရေးပြမယ်ဆိုတာကိုတော့ အဲဒီခရီးက အပြန်မှပဲ ရေးပြရမှာပေါ့။ အခုတော့ အဲဒီနေရာတွေကို မသွားခင်လေး ဒီစာကိုပဲ ရေးလိုက်ရပါတယ်။

http://www.dhammadownload.com

## မဟာယာန ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း

မနေ့(၂၇-၄-၂၀၀၆)က ပထမဆုံးအနေနဲ့ မဟာယာန ဘုန်းကြီးကျောင်းတစ်ကျောင်းကိုလိုက်ပို့ကြပါတယ်။ မဝိမလညာနီရော၊ မဝိသုတညာနီပါ ပါကြပါတယ်။ အဲဒီ မဟာယာန ဘုန်းကြီးကျောင်းကို အသွားလမ်းခရီးမှာ အဲဒီဘုန်းကြီးကျောင်းအကြောင်းကို ပဏ္ဍိတာရာမအဖွဲ့ဥက္ကဋ္ဌဒကာကြီးက ရှင်းပြပါတယ်။ မဝိသုတညာနီက မြန်မာလို ပြောပြပါတယ်။

"သမ္မတပတ်ချုံဟီးခေတ်က အခုသွားမယ့် မဟာယာန ဘုန်းကြီးကျောင်းဖြစ်မယ့် နေရာမှာ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူတွေက အပန်းဖြေ အနားယူရင်း အရက်သောက်ကြပါတယ်။ ပြည့်တန်ဆာမတွေနဲ့ ပျော်ပါးကြပါတယ်။ အဲဒီနေရာကို သူဌေးတစ်ဦးက ပိုင်ပါတယ်။ အဲဒီသူဌေးသေခါနီးမှာ မဟာယာနဘုန်းကြီးအား မဟာယာနဘုန်းကြီးကျောင်းလုပ်ဖို့ လှူလိုက်ပါတယ်။ အခုတော့ မဟာယာနဘုန်းကြီးကျောင်း ဖြစ်နေပါပြီ"တဲ့။

မဟာယာန ဘုန်းတော်ကြီးကျောင်းကို ရောက်ကြပါပြီ။ တရုတ်ဘုံကျောင်းတွေ ပုံစံတွေနဲ့ ဆောက်လုပ်ထားတဲ့ အဆောက်အအုံတွေရှိပါတယ်။ ဘုရားရှိခိုးကျောင်းတစ်ခုထဲမှာ မဟာယာန ဘုန်းကြီးတစ်ပါးက အသံအနိမ့်အမြင့်နဲ့ ဘုရားရှိခိုးနေပုံ ရပါတယ်။ ဘုရားရုပ်ပွားတော်တွေရဲ့ရှေ့မှာ ဒူးတုပ်ထားပါတယ်။ အသံထွက် ဘုရားရှိခိုးရင်း ရံခါတုံးလေးကို ခေါက်လိုက်ပါသေးတယ်။ ဘေးနောက်နားက သူနဲ့အတူ

http://www.dhammadownload.com



သံပြိုင်အနိမ့်အမြင့် အနေအထားနဲ့ ဘုရားရှိခိုး လိုက်ဆိုနေတဲ့ ဒကာ၊ ဒကာမတွေကို တွေ့ရပါတယ်။ သူတို့ကလည်း ပုဆစ်တုပ်ကာ လက်အုပ်ချီလျက် ရှိကြပါတယ်။ ဗုဒ္ဓနေ့ ၅-၅-၂၀၀၆ ကို ရောက်တော့မှာမို့ ဘုရားရှိခိုးကျောင်းဆောင်ရှေ့မှာ မီးပုံးလေးတွေ များစွာကို တန်းစီပြီး ချိတ်ဆွဲထားကြပါတယ်။ သစ်ပင်တွေရဲ့ သစ်ကိုင်းတွေမှာပါ ချိတ်ဆွဲထားကြပါသေးတယ်။ သေသွားသူတွေနဲ့ ကုသိုလ်ရှင်တွေရဲ့ နာမည်တွေကို ရေးထားတဲ့ စာရွက်လေးတွေကို အဲဒီ မီးပုံးတိုင်းမှာ ချိတ်ဆွဲထားကြပြန်ပါတယ်။ ကျောင်းတိုက်က တောင်ခြေမှာ တည်ရှိတာမို့ အဆောက်အအုံတွေကို အနိမ့်အမြင့်နေရာတွေမှာ ဆောက်လုပ်ထားကြပါတယ်။ ရှေးဟောင်းအဆောက်အအုံ ပုံစံတွေပါပဲ။ တစ်ဦးနေကျောင်းဆောင်လေးတွေပါပါတယ်။ စျင်ကမ္မဋ္ဌာန်းအားထုတ်ရာ ဓမ္မာရုံလည်း ရှိတယ်။ အဲဒီ အဆောင်အနီးမှာ တစ်ဦးနေ ကမ္မဋ္ဌာန်း ကျောင်းလေးတွေ ရှိပါတယ်။ အနီ၊ အဝါ၊ အစိမ်းရောင်စုံရှိနေတဲ့ သစ်ပင်ကြီးတွေနဲ့ ပြည့်ကာ လှပအောင် စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြုပြင်ထားကြပါတယ်။ ရွှေဝါရောင်သစ်ရွက်နုလေးတွေ ဝေနေတဲ့ သစ်ပင်ပေါင်းများစွာက ကျောင်းတိုက်ကြီးကို ပိုမိုလှပ အသရေရှိစေတယ်လို့ ထင်ရပါတယ်။ ကျောင်းတိုက်အနီးက ရပ်ကွက်ကြီးက ရှေးခေတ်က သူဌေးတွေနေသွားတဲ့ရပ်ကွက်ကြီး ဖြစ်ပါသတဲ့။ လုံးချင်းအိမ်တွေပဲ ရှိနေပါတယ်။ အထပ်ပေါင်းများစွာပါတဲ့ ခေတ်မီအဆောက်အအုံတွေ မတည်ရှိကြပါ။

http://www.dhammadownload.com

# ဘုန်းကြီးကျောင်း အစားအစာ

မဟာယာန ဘုန်းတော်ကြီးကျောင်းကို ကြည့်ပြီးရင် ဘုန်းကြီးကျောင်း အစားအစာ ရောင်းတဲ့ဆိုင်ကိုသွားပြီး နေ့ဆွမ်းစားကြမယ်လို့ ပဏ္ဍိတာရာမအဖွဲ့ ဉက္ကဋ္ဌဒကာကြီးက ပြောပါတယ်။ သူပြောတဲ့အတိုင်း မဟာယာန ဘုန်းကြီးကျောင်းကို ကြည့်ပြီးတော့ ရှေးက သူဌေးတွေနေသွားတဲ့ ရပ်ကွက်ထဲ ကားလှည့်မောင်းကာ ဆိုးလ်မြို့တစ်မြို့လုံး မြင်နိုင်လောက်တဲ့ တောင်ပတ်လမ်းက ဆင်းသွားပါတယ်။ အဲဒီ ထမင်းဆိုင်က ၁၂ နာရီရောက်မှ စပြီးဖွင့်လေ့ ရှိပါသတဲ့။ သာမဏေကျော်တို့ အဖွဲ့အတွက် အချိန်စောချက်ကာ ရောင်းပေးပါတယ်။ မဟာယာနဘုန်းတော်ကြီးက ထမင်းဆိုင်ဖွင့်ပြီး ရောင်းနေပါတယ်။ ဆိုင်ပိုင်ရှင် မဟာယာန ဘုန်းတော်ကြီးကိုယ်တိုင် လာစကားပြောပါတယ်။ သာမဏေကျော်တို့စားပြီးချိန်မှာ အဲဒီ မဟာယာနဘုန်းတော်ကြီးက သူမြန်မာနိုင်ငံရောက်ဖူးကြောင်း ပြောကာ မဝိသုတညာနီအား မြန်မာနိုင်ငံအကြောင်းကို အားရပါးရ ပြောနေပါတယ်။ မြန်မာနိုင်ငံက လူတွေက ရိုးသားကြကြောင်း၊ ဖော်ရွေကြကြောင်း သူက ပြောနေပါတယ်။ မဟာယာနဝါဒမှာ စီးပွားရေးလုပ်လို့ အိမ်ထောင်ပြုလို့ရတဲ့ ဂိုဏ်းလည်း ရှိပါသတဲ့။ ဒီဆိုင်ပိုင်ရှင်က အရင်က စီးပွားရေးလုပ်လို့ အိမ်ထောင်ပြုလို့မရတဲ့ ဂိုဏ်းထဲမှာနေခဲ့ပါသတဲ့။ နောင်မှ အဲဒီဂိုဏ်းမှ ထွက်ခဲ့ကာ အခုလိုစီးပွားရေး လုပ်နေပါသတဲ့။ သူက စကားလာပြောတဲ့အခါ မဟာယာနဝတ်စုံကို ဝတ်ထားပါတယ်။

http://www.dhammadownload.com



အဲဒီနေ့ဆွမ်းကို ပဏ္ဍိတာရာမအဖွဲ့ ဥက္ကဋ္ဌဒကာကြီးက လှူဒါန်းပါတယ်။ ဆွမ်းဒကာကြီးအား "သက်ရှည်ဆင်းလှ၊ ချမ်းသာရ၊ ဗလဉာဏ်ပညာ။ ဆွမ်းကို လှူသူ၊ ကျိုးငါးဆူ ပေး-ယူနိုင်လေပါ" ဆိုတဲ့ ဘောဇနသုတ္တန်ကို မဝိသုလညာနီရဲ့ ဘာသာပြန်မှုနဲ့ ပြောပေးလိုက်ပါတယ်။ ဆွမ်းဟင်းတွေက ၂၅ ခွက်တောင် ရှိပါတယ်။ သက်လွတ်အစားအစာကိုပဲ ရောင်းပါတယ်တဲ့။ မဟာယာနဘုန်းကြီးကျောင်း အစားအစာချက်နည်းအတိုင်း ချက်ထားပါတယ်။ ချက်နည်းကို စာအုပ်ကြီးတစ်အုပ်တောင် ရေးထုတ်ထားတာ တွေ့ရပါတယ်။ အသီးအရွက်တွေကို နည်းနည်းစီ ချက်ပြုတ်ပေးထားပါတယ်။ နည်းနည်းစီ ထည့်ထားတာမို့ ဟင်းရွက်အကုန်နီးပါး ကုန်သွားအောင် စားလိုက်ပါတယ်။ ဆွမ်းကို မစားတော့ပါ။ သူတို့အစားအစာကို ဗဟုသုတအဖြစ်စုံအောင် စားလိုက်ပါတယ်။ သူတို့အစားအစာက မြန်မာလျှာနဲ့ စားလို့ ကောင်းအောင် ချက်ထားသလား အောက်မေ့ရပါတယ်။ စားလို့ အဆင်ပြေလှပါတယ်။ စားနေတုန်း မဝိမလညာနီ၊ မဝိသုတညာနီ၊ ဥက္ကဋ္ဌ ဒကာကြီး၊ မောင်ဟိန်း၊ မဝိဇယာ၊ မပေမက်ရာ၊ မသုဘဒ္ဒါတို့ရဲ့ဝိုင်းကို လှမ်းကြည့်လိုက်ပါတယ်။ သူတို့က ၃ ယောက်တစ်ပွဲ၊ ၄ ယောက်တစ်ပွဲ စားနေကြပါတယ်။ သာမဏေကျော်က တစ်ပွဲလုံးကို တစ်ပါးတည်း ဘုဉ်းပေးလိုက်ပါတယ်။ စားပြီး ကားစီးတဲ့အခါ အန်မျှား အန်နေမလား စိုးရိမ်နေမိပါသေးတယ်။ မအန်လို့ တော်ပါသေးတယ်။ အဲဒီနေ့ဆွမ်းမှာ အားလုံး အစားအစာရဲ့ တန်ဖိုးက ဝမ်ငွေ ၁၅၂၆၀၀ ကျပါသတဲ့။ တစ်သိန်းခွဲတောင် ကုန်တာပါပဲလား။ ၇ ယောက်စာအတွက်ပေါ့။

http://www.dhammadownload.com

# အတွေး အဝေးကို ပြေးပြီ

အံဆုံးသွားတစ်ချောင်းတော့ တောင်ကိုရီးယားမှာ နေရစ်ခဲ့ရပြီလို့ ထင်နေတာ တော်ပါသေးရဲ့။ အံဆုံးသွားက တောင်ကိုရီးယားမှာ နေရစ်ခဲ့ချင်ပုံ မပေါ်ပါ။ နေ့ဆွမ်းစားပြီး အချိန်ရှိနေသေးလို့ တောင်ကိုရီးယား နန်းတော်ကြီးတစ်ခုကို လိုက်ပြကြပါတယ်။ ပိုက်ဆံပေးပြီး ဝင်ရပါတယ်။ နန်းတော်ကြီးကို တစ်နာရီ မိနစ် ၃၀ လောက်ကြာအောင် ကြည့်ပြီး ၃ နာရီ အချိန်မှာ သွားဆေးခန်းသွားရမှာမို့ ၃ နာရီအမီ သွားကြရပါတယ်။ ဆေးခန်းရောက်တော့ သွားကို ဓာတ်မှန်အရင်ရိုက်ပါတယ်။ မဝိမလဉာနီရဲ့သွားတွေကိုတော့ ကြေးတွေ ချွတ်ပေးပါတယ်။ သာမဏေကျော်ရဲ့ သွားတွေကိုတော့ ကြေးချွတ်ပေးရုံမက ညာဘက်အောက်က အံသွားတစ်ချောင်းမှာ သွားပိုးစားထားတဲ့အပေါက် ရှိလို့ ဖာရပါသေးတယ်။ အဲဒီလို သွားအတွက် မလုပ်ခင် ကျောင်းကို တရားပွဲအမီ ပြန်ရောက် မရောက် ချိန်ကြည့်ရပါတယ်။ နာရီဝက်လောက်ကြာအောင် သွားကြေးချွတ်တာရော၊ သွားဖာတာရောက အချိန်ယူပါမယ်လို့ ပြောပါတယ်။ အံဆုံးသွား ၂ ချောင်းက ပိုနေလို့ နုတ်ချင်လည်းနုတ်၊ မနုတ်ချင်လည်း မနုတ်ပါနဲ့လို့ ပြောပါတယ်။ မနုတ်ဘဲ ရရင် မနုတ်ချင်ပါလို့ ပြောလိုက်ပါတယ်။ သွားနုတ်ခံရရင် ဒုက္ခတစ်ခု ပိုလာပါမယ်။

http://www.dhammadownload.com



အခုတော့ ဒုက္ခတစ်ခု လျော့သွားလို့ တော်ပါသေးတယ်။ အာဆန်ဆေးရုံကြီးက နုတ်ရမယ်လို့ပြောလိုက်ပေမယ့် "ဒီသွားဆေးခန်းမှာ နုတ်စရာမလိုပါ။ ကောင်းပါတယ်"လို့ သိရလို့ ဝမ်းသာ ပေါ့ပါးသွားရပါတယ်။

သွားသန့်ရှင်းရေးလုပ်တာကို အမေရိက၊ ဗီယက်နမ်ဆေးခန်းမှာ ၂ခါလုပ်ခဲ့ဖူးပါတယ်။အဲဒီအတွေ့အကြုံရှိထားလို့ သွားသန့်ရှင်းခံရမယ့် အရေး တွေးပြီး ဝန်မလေးမိပါ။ ဒီဆေးခန်းက ဒေါ်သုဒန္တာတို့ ရင်းနှီးထားတဲ့ သွားဆရာဝန်က သွားဖာထေးပေးပါတယ်။ ပိုက်ဆံ လျှော့ပြီး ယူတယ်လို့ ပြောပါတယ်။ သွားနုတ်ရင် သွားနုတ်ခက ဝမ်တစ်သိန်း၊ စိုက်ခက ၂ သိန်း ပေးရတယ်လို့ မောင်ဟိန်းက ပြောပြပါတယ်။ မြန်မာတွေက သွားနုတ်၊ သွားစိုက်ဖို့ဆိုရင် ပိုက်ဆံ ၃ သိန်း ကုန်ရမှာမို့ ဝန်လေးပါတယ်။ ဒါပေမဲ့ မြန်မာတွေကို အခမဲ့ နုတ်ပေး၊ စိုက်ပေးတဲ့ ကိုရီးယားဆရာဝန်တစ်ယောက် ရှိပါတယ်တဲ့။ သူက မြန်မာဗုဒ္ဓသာသနာ့ရိပ်သာနဲ့ ဆက်စပ်ပါတယ်တဲ့။

သာမဏေကျော်ရဲ့ အံဆုံးသွား ၂ချောင်းကို မလိုအပ်ဘဲ နုတ်ရင် ကိုရီးယားဒကာ၊ ဒကာမတွေမှာ ဝမ် ၃ သိန်း ကုန်နေပါဦးမယ်။ ကိုယ့်သွားတွေမှာ ဘာဒုက္ခမှ မရောက်သေးလို့ သူတို့မှာ ကိုယ့်အတွက် အပိုဒုက္ခတွေ မရောက်စေလိုပါ။ ဒါကြောင့် မနုတ်ဘဲ နေလိုက်ပါတယ်။ မြန်မာနိုင်ငံမှာ ပေါက်ရောက်ခဲ့တဲ့ သွားတွေက မြန်မာနိုင်ငံမှာပဲ ဆက်လက်တည်ရှိလိုကြပုံ ပေါ်ပါတယ်။ သွားနုတ်ခံခဲ့ရရင် ငါ့ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုဟာ တောင်ကိုရီးယားမှာ ကျန်ရစ်ခဲ့ပါလားလို့ အတွေးပေါ်နေရပါဦးမယ်။ အခုတော့ အဲဒီအတွေး အဝေးကိုပြေးသွားရရှာပါပြီ။

http://www.dhammadownload.com

# ခင်မင်မှုနဲ့ အရသာ

ဆွမ်း၊ ဆွမ်းဟင်းချက်၊ ဖျော်ရည်ကပ်၊ ဆေးကပ် စတဲ့ ဝေယျာဝစ္စ အလုပ်တွေကိုလုပ်ပေးတဲ့ကိုရီးယားဒကာမအဖွဲ့ရှိပါတယ်။ ဆရာတော်ကြီးက မာတိကာမာတာအဖွဲ့လို့ နာမည်ပေးပါတယ်။ တစ်ယောက်စီအား ပါဠိနာမည်အသီးသီး ပေးထားပါတယ်။ ဒေါ်သုဒန္တာ၊ ဒေါ်ရူပနန္ဒီ(ဆွမ်း၊ ဆွမ်းဟင်းချက်အဖွဲ့ခေါင်းဆောင်)၊ ဒေါ်ပုညရတနာ၊ ဒေါ်သုဘဒ္ဒါ၊ ဒေါ်ဝိဇယာ၊ ဒေါ်ပေမက်ရာ၊ ဒေါ်ဥတ္တရာ၊ ဒေါ် မဏိသာရာ တို့ပဲ ဖြစ်ပါတယ်။ ဦးဝင်းနိုင်နဲ့ မောင်ဟိန်းတို့လည်း ပါပါတယ်။ မာတိကာမာတာဒကာကြီးအကြောင်းကို ဆရာတော်ကြီးက ကိုယ်တိုင် ပြောပြသလို မမနာပိကာကိုလည်း ပြောပြခိုင်းပါတယ်။ မာတိကာ မာတာက ရဟန်းတွေနဲ့ သင့်လျော်တဲ့ အစားအစာကို ရွေးချယ်ချက်ပြုတ်တတ်တဲ့ အပြင် တရားရှုမှတ်လို့ ကမ္မဋ္ဌာန်းပေးကဲ့ ရဟန်းတွေ အရင် တရားထူး (အနာဂါမိမဂ်)ရသွားပါတယ်။ သူတစ်ပါးစိတ်ကို သိတဲ့ အဘိညာဉ်ကိုလည်း ရပါတယ်။ ဒါကြောင့် ရဟန်းတွေရဲ့အကြိုက် အစားအစာကို ရွေးချယ်ကာ ချက်ပြုတ်စီစဉ်ပေးနိုင်ပါတယ်။ ဆရာတော်ကြီးက ဝေယျာဝစ္စအဖွဲ့ဖြစ်တဲ့ မာတိကာမာတာအဖွဲ့ကို တရားရှုမှတ်ဖို့ ဒီလိုတိုက်တွန်းပါတယ်။

http://www.dhammadownload.com



"ဘုန်းကြီးတို့က မာတိကာမာတာအဖွဲ့ ချက်ပြုတ်ဆက်ကပ်တဲ့ အစားအစာတွေကို ဝမ်းမြောက်စွာ လက်ခံကြတယ်။ ဘုန်းကြီးတို့ပေးတဲ့သတိပဋ္ဌာန်အစားအစာတွေကိုလည်း မာတိကာမာတာအဖွဲ့က ဝမ်းမြောက်စွာ လက်ခံကြမယ် မဟုတ်လား။ မာတိကာမာတာအဖွဲ့ ဆက်ကပ်တဲ့ ဟန်ဂူအစားအစာတွေက ဘုန်းကြီးလျှာထဲ စွဲနေပြီ။ ဘုန်းကြီးတို့ မြန်မာနိုင်ငံ ပြန်သွားရင် ဘုန်းကြီးနောက်ကို ဟန်ဂူအစားအစာတွေက မပါလာနိုင်တော့ဘူး။ မာတိကာမာတာအဖွဲ့ စားသောက်ဆဲ ဆက်လက်လည်း စားသောက်မယ့်ဓမ္မောဇ(တရားအဆီအနှစ်)တွေကတော့ မာတိကာမာတာအဖွဲ့ထံ ဆက်လက်ကျန်ရှိနေမယ် မဟုတ်လား။ မာတိကာမာတာအဖွဲ့မှာတော့ ဓမ္မောဇ (တရား အဆီအနှစ်) တွေကို ဆက်လက်စားသုံးနေနိုင်ကြမယ်"

ဟန်ဂူအစားအစာတွေက ကျန်းမာရေးအတွက်ရော၊ အာဟာရအတွက်ပါ သင့်တော် ကောင်းမွန်ကြသလို မာတိကာမာတာ အဖွဲ့ ခေါင်းဆောင်ဒကာမကြီးရော၊ မာတိကာမာတာအဖွဲ့ဝင်တွေရဲ့ မေတ္တာ၊ စေတနာ၊ သဒ္ဓါတွေကလည်း အထူးပဲ ကောင်းမွန်ထက်သန်ကြပါပေတယ်။ "ဝိဿာသပရမာရသာ-ခင်မင်မှ အရသာပိုရှိတယ်"ဆိုတဲ့ စကားအတိုင်းပါပဲ။ မာတိကာမာတာအဖွဲ့ရဲ့ခင်မင်ရင်းနှီးစွာ ပြုစုစောင့်ရှောက်မှုတွေကြောင့်လည်း အရသာပိုရှိပုံ ရပါတယ်။ မာတိကာမာတာတစ်ဖွဲ့လုံးရဲ့ ပြုံးရွှင်ကြည်လင်နေတဲ့ မျက်နှာတွေနဲ့ လှိုက်လှဲ ပျူငှာ နွေးထွေးစွာ တကယ့်ဆွေမျိုးရင်းတွေပမာ ပြုစုပေးမှုတွေကလည်း ဟန်ဂူ အစားအစာတွေပမာ သတိရစရာတွေ ဖြစ်နေကြပါတယ်။

http://www.dhammadownload.com

# နန်းတော်ကြီး

နန်းတော်ကြီးရဲ့နာမည်က Chang deak နန်းတော်တဲ့။ ၁၄၀၅ ခုနှစ်မှာ တည်ဆောက်ခဲ့ပါတယ်။ Josean ခေတ်ရဲ့ ဒုတိယနန်းတော် ဖြစ်ပါတယ်။ ၁၅၉၂ ခုနှစ်က ဂျပန်နဲ့စစ်ပွဲမှာ Kyoung bok နန်းတော် က မီးလောင်သွားပါတယ်။ ဒါကြောင့် နှစ်ပေါင်း ၂၇၀ လောက် ကြာ အောင် Chang deak နန်းတော်ကို ပင်မနန်းတော်အဖြစ်နဲ့ အသုံးပြု ခဲ့ပါတယ်။ အထူးသဖြင့် "လျှို့ဝှက်ဥယျာဉ်" လို့ အခေါ်ခံရတဲ့ ဥယျာဉ် ကို သဘာဝအလှတွေဖြစ်တဲ့ ရှုခင်းသာနေရာလေး ရေကန်ငယ်၊ ကျောက် ဆောင်၊ သစ်ပင်တွေက လိုက်ဖက်ညီပြီး လှပနေလို့ ရှင်ဘုရင်များစွာက သဘောကျကြပါတယ်။ Josean ခေတ်က ရှိခဲ့တဲ့ Chang deak နန်း တော်ကို အများဆုံး ကောင်းကောင်း ထိန်းသိမ်းစောင့်ရှောက်ထားပါ တယ်။ ဒီနန်းတော်ဟာ သဘာဝနဲ့ အလွန်လိုက်ဖက်တဲ့နန်းတော် ဖြစ်ပါ တယ်။ ဒီနန်းတော်ကို UNESCO က ၁၉၉၇ ခုနှစ်မှာ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ်နဲ့ သတ်မှတ်ထားပါတယ်။

အဲဒီ နန်းတော်ကြီးအကြောင်းကို အင်္ဂလိပ်လို ပြောပြနေတဲ့ ကိုရီးယားသူ ချောချောလေးက လာရောက်ကြည့်ရှုသူ လူ ၅၀ ကျော်၊ ၆၀ လောက်ကို သူ့နောက်ပါအောင် ခေါ်သွားပါတယ်။ သူမက တစ် နေရာပြီး တစ်နေရာ လိုက်ပြကာ ရှင်းရှင်းပြနေပါတယ်။ သူမရဲ့ စကား ကို နားထောင်ကာ သူပြသနေတဲ့ အဆောက်အအုံအကြောင်း၊ နေရာ အကြောင်းကို သိရပါတယ်။ ရှင်ဘုရင်နဲ့ မိဖုရားတို့ရဲ့ ညီလာခံနေရာ၊

http://www.dhammadownload.com



အိပ်ရာနေရာ၊ စာကြည့်တိုက် စတဲ့ နေရာပေါင်းများစွာကို တစ်နာရီနဲ့ မိနစ် ၃၀ ကြာလောက် လိုက်ပြပါတယ်။ အဆောက်အအုံပုံစံတွေက ရှေးက တရုတ်အဆောက်အအုံတွေရဲ့ ပုံစံအတိုင်းပါပဲ။ ကိုယ့်မြန်မာနိုင်ငံက မန္တလေးနန်းတော်လိုပါပဲ။ သစ်သားအဆောက်အအုံတွေ ဖြစ်ပါတယ်။ သွားလမ်းတွေမှာ ကျောက်ခဲတွေနဲ့ ခင်းထားပါတယ်။ နန်းတော်ကြီးထဲက သစ်ပင်အပေါင်းကလည်း အဝါ၊ အနီ၊ အစိမ်း၊ အရောင်တွေ စုံနေလို့ ကြည့်ရှုဖွယ်၊ ကြည်နူးဖွယ် ဖြစ်ပါတယ်။ အဲဒီရှေးခေတ်က အချိန်ကို သိဖို့ရာ နေနာရီကို အသုံးပြုကြပါတယ်။ အဲဒီနေနာရီကို မဝိမလညာနီက ဓာတ်ပုံရိုက်ယူခဲ့ပါသေးတယ်။ ကိုရီးယားစကားသာ တတ်သူတွေကို ကိုရီးယားဘာသာစကားနဲ့ပြောပြီး လိုက်လံပြသပေးနေတဲ့ အခြားကိုရီးယားဒကာမ ၂ ဦးကိုလည်း တွေ့ရပါတယ်။ လိုက်လံပြသပေးသူ ကိုရီးယားမလေးတွေက သူတို့ကိုရီးယားရဲ့ တိုင်းရင်းသားဝတ်စုံကို ဝတ်ဆင်ထားကြပါတယ်။ အနောက်တိုင်းဝတ်ဆင်မှုနဲ့ ဝတ်ဆင်ထားသူတွေအကြားမှာ တိုင်းရင်းသားဝတ်စုံလေးတွေနဲ့ မို့ တစ်မျိုးအသရေရှိကာ ဆွဲဆောင်မှု ရှိနေပါတယ်။ ကိုယ့်နိုင်ငံရဲ့ ယဉ်ကျေးမှုတွေကို မပျောက်ပျက်အောင် ထိန်းသိမ်းကြဖို့ နိုင်ငံသူ၊ နိုင်ငံသားတွေမှာ တာဝန်ရှိပါတယ်။ ပြည်ပနိုင်ငံတွေက ယဉ်ကျေးမှုတွေရဲ့ဝါးမျိုမှုကို မခံရအောင် ကာကွယ်စောင့်ရှောက်ကြရပါမယ်။

http://www.dhammadownload.com

# မြင်ပါများရင်

တောင်ကိုရီးယားမှာ ၈ နှစ်ကြာ အလုပ်လုပ်နေတဲ့ ဒကာဦးဝင်းနိုင်နဲ့ ၅ နှစ်ကြာ အလုပ်လုပ်နေတဲ့ မောင်ဟိန်းတို့က လမ်းလျှောက်ဖို့ခေါ်လို့ တောင်ခြေလျှောကိုသွားကာ လမ်းလျှောက်ကြပါတယ်။ ဦးဝင်းနိုင်က ဒီလို ပြောလာပါတယ်။

"တပည့်တော်ကတော့ တောင်ကိုရီးယားမှာ လူ့ဘဝနဲ့လည်း မဖြစ်ချင်ပါ။ တိရစ္ဆာန်ဘဝနဲ့လည်း မဖြစ်ချင်ပါ။ နောက်ဆုံး ကုန်ကုန်ပြောရရင် သစ်ပင်ဘဝနဲ့ ဖြစ်ရမယ်ဆိုရင်တောင် မဖြစ်ချင်ပါ။ တောင်ကိုရီးယားမှာ လူတွေက ငယ်ရွယ်တဲ့ဘဝကနေ သေသည်အထိ အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ကြရပါတယ်။ တိရစ္ဆာန်မျိုးစုံကိုလည်း စားသောက်ကြပါတယ်။ သစ်ပင်မျိုးစုံကိုလည်း စားသောက်ကြပါတယ်။ မြက်လို သစ်ပင်တွေတောင် မကျန်ရပါ။ သူတို့ ရုပ်မြင်သံကြားမှာလည်း ဘယ်အရွယ်၊ ဘယ်အသီးက ဘယ်လိုကျန်းမာရေး ကောင်းစေတယ်။ ဘယ်လိုဓာတ်တွေပါတယ် စသည်ဖြင့် အမြဲကြေညာပေးနေပါတယ်။ ဒါကြောင့် သူတို့က အစားအစာတွေကို ရဲရဲစားသောက်ကြပါတယ်။

"သူတို့ တောင်ကိုရီးယားတွေက အမျိုးသားမှန်ရင် စစ်မှုထမ်းလုပ်ရပါတယ်။ အသက် ၂၂ နဲ့ ၂၆ ကြားမှာ လုပ်ကြတာ များပါတယ်။

http://www.dhammadownload.com



စစ်မှုထမ်းဘဝကို ၂ နှစ်ခွဲ ထမ်းဆောင်ရပါတယ်။ အဲဒီ စစ်မှုထမ်း ဘဝမှာ အမျိုးကို ချစ်ဖို့၊ နိုင်ငံကို ချစ်ဖို့၊ ကာကွယ်ဖို့ ကောင်းကောင်း ပုံသွင်းပေးပါတယ်” တဲ့။

မဝိသုတညာနီကတော့ “တောင်ကိုရီးယားအမျိုးသားတွေဟာ အသက် ၁၉ နှစ်နဲ့ အသက် ၃၀ ကြားမှာ စစ်မှုထမ်းဘဝကို ၂ နှစ်ခွဲကြာ ထမ်းဆောင်ကြရတယ်” လို့ ပြောပါတယ်။ စစ်တက္ကသိုလ်ကတော့ ဆိုးလ်မြို့ထဲ ရှိပါတယ်။ အားကစား လေ့ကျင့်ရေးကွင်းကြီးနဲ့ ကားလမ်းခြားလျက် ရှိပါတယ်။ စစ်တက္ကသိုလ်က အမျိုးသမီးတက္ကသိုလ်နဲ့လည်း ကားလမ်းပဲခြားလျက် ရှိပါတယ်။ ဒါကြောင့် မဝိသုတညာနီက ဒီလို ပြောပါသေးတယ်။

“စစ်တက္ကသိုလ်က ကျောင်းသားတွေနဲ့ အမျိုးသမီးတက္ကသိုလ်က ကျောင်းသူတွေဟာ နီးနေတဲ့အတွက်မြင်တွေ့ကြတယ်။အမြင်အတွေ့များတော့ ချိန်းကြတယ်။ ချိန်းပြီး ချစ်ကြ၊ ညားကြပါတယ်” တဲ့။

“ဗဟုဝါရ၊ ဒဿနဖြင့်၊ မိန်းမ-ယောကျ်ား၊ မြင်ဖန်များက၊ သနားချစ်ခင်၊ ကျွမ်းစိတ်ဝင်၏” လို့ မန်လည်ဆရာတော်ကြီး ရေးသားထားတဲ့အတိုင်းပါပဲလေ။ ကိုရီးယားဆိုတာတွေဟာလည်း လောကီလူသားတွေဆိုတော့ လောကီလူသားဘဝအတိုင်းပဲပေါ့။ “ဗဟုဝါရ ဒဿန” ဆိုတဲ့ စကားက ပါဠိစကား ဖြစ်ပါတယ်။ အကြိမ်များစွာ မြင်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ “မြင်ဖန်များ” ဆိုတဲ့ မြန်မာစာသားနဲ့ အတူတူပါပဲ။ မြင်ပါများရင်၊ ကြင်နာသနား၊ ချစ်ခင်သွားတတ်တာဟာ လောကီလူသားတွေမှာ ဖြစ်တတ်တဲ့ သဘာဝတစ်ခုနဲ့ တူပါတယ်။

http://www.dhammadownload.com

# ဝိပဿနာနဲ့ကင်ဆာ

(၃၀-၄-၂၀၀၆) နေ့ နံနက်ပိုင်း တရားစစ်ရာမှာ ၂၂ နှစ်အရွယ် ယောဂီမလေးနဲ့ ၆၉ နှစ်အရွယ် အမျိုးသမီးယောဂီကြီးတို့ ရှေ့နောက် ရောက်လာကြပါတယ်။ ဇရာရဲ့သဘောကို ထင်ရှားစွာ မြင်ရပါတယ်။ ကလေးမလေးရဲ့ မျက်နှာက နုနယ်ပြည့်တင်းနေပါတယ်။ အဘွားရဲ့ မျက်နှာက ရင့်ရော်ကာ လျော့နေပါတယ်။ ကလေးမရဲ့ ဆံပင်တွေက နက်မှောင်နေကြပါတယ်။ အဘွားရဲ့ဆံပင်တွေက တစ်ခေါင်းလုံး ဖြူဖွေးနေကြပါတယ်။ အဘွားမှာ ဒူးနာ၊ ခါးနာရောဂါပါ ခံစားနေရရှာပါ တယ်။ နှစ်ယောက်စလုံးက တရားစခန်းမှာ အစမှ အဆုံးအထိ ရက် အပြည့် တရားရှုမှတ်ကြပါတယ်။ ပေးရတဲ့ ဝမ်ငွေက ၉ သိန်း ကုန်ကျ ပါတယ်။ ပေးရတဲ့ငွေက များနေလို့ "ဒီသတိပဋ္ဌာန်ဝိပဿနာက ၉ သိန်း တန်ရဲ့လား" လို့ မေးလိုက်တော့ ယောဂီမလေးက "ဒီဝိပဿနာကို ဘယ်လိုလုပ် တန်ဖိုးဖြတ်နိုင်မှာလဲ။ တန်ဖိုး မဖြတ်နိုင်ပါ" လို့ ပြောလာ ပါတယ်။ "အဘွားကတော့ ခါးနာ၊ ဒူးနာ၊ ဒုက္ခဝေဒနာတွေကို အမှတ် များနေရတော့ ၉ သိန်းတောင် မတန်ပါဘူး" လို့ တွေးနေမိသေးလား လို့ မေးလိုက်တော့ တခစ်ခစ်နဲ့ ရယ်နေကြပါတော့တယ်။ အဘွားက ဒီလို ပြောလာပါတယ်။

http://www.dhammadownload.com



"တပည့်တော်က ဒီဝိပဿနာကိုသေသည်အထိ ကျင့်သွားမှာပါ။ ဒီဝိပဿနာရှုမှတ်နည်းကို အားမထုတ်ခင် တပည့်တော်မှာ ဒေါသ ဖြစ်လာတဲ့အခါ ဒေါသက အင်အားကောင်းသလို ဖြစ်ရာကာလက လည်း ရှည်ကြာပါတယ်။ တရားမှတ်နည်းနဲ့ ဒေါသကို ရှုမှတ်လိုက်တဲ့အခါ ဒေါသအင်အား လျော့သွားသလို ခဏလေးနဲ့ ပျောက်သွားပါတယ်။ ဒါကြောင့် ဝိပဿနာကို တပည့်တော်မဟာ အလွန်ပဲ နှစ်ခြိုက်နေပါတယ်"

"အဘွား၊ ကင်ချိ(မုန်လာချဉ်၊ မုန်ညင်းချဉ်) နဲ့ ဝိပဿနာမှာ ဘယ်ဟာက ပိုကောင်းလဲ။ ဘယ်ဟာကို ပိုကြိုက်လဲ"(ရယ်ကြပြန်ပါတယ်)

ကိုရီးယားတွေက ကင်ချိကို အလွန်ပဲ ကြိုက်ကြသလို၊ အလွန်ပဲ စားကြပါတယ်။ ကင်ချိ မပါရင် ထမင်း မစားတတ်ကြပါ။ ကင်ချိဟာ သူတို့အကြိုက်နှစ်သက်ဆုံး အစားအစာ ဖြစ်ပါတယ်။ အဘွားက ဒီလို ဖြေလာပြန်ပါတယ်။

"ကင်ချိကို မစားရရင် နေပါစေ။ ဝိပဿနာကိုတော့ မရှုမှတ်ဘဲ မနေနိုင်ပါ" တဲ့။

ကိုရီးယားမှာ ကင်ချိကို နည်းပေါင်း ၅၀ လောက်နဲ့ ပြုလုပ်စားသောက်ကြပါတယ်တဲ့။ အဘွားမှာ ကင်ချိထက် ဝိပဿနာကို ပိုပြီး စွဲနေလေပြီ။ အဘွားလိုသာ အခြားကိုရီးယားတွေလည်း ဝိပဿနာကို အားထုတ်ဖြစ်လာကြရင် အဘွားလိုပဲ ပြောလာကြမယ်လို့ ထင်ရပါတယ်။ ဝိပဿနာအရသာဟာ ကင်ချိအရသာထက် ပိုကောင်းတယ်လို့ ယူဆလာကြပါမယ်။ "သဗ္ဗရသံ ဓမ္မရသော ဇိနာတိ-အရသာ အားလုံးထဲမှာ တရားအရသာဟာ အကောင်းဆုံး"လို့ဘုရားကလည်း ဟောခဲ့တယ် မဟုတ်လား။

http://www.dhammadownload.com

# ဒီပဲယင်းဆရာတော်ကြီးရဲ့ လက်ဘလေး

(၃၀-၄-၂၀၀၆) နေ့ နေ့ဆွမ်းမှာ ဆွမ်းဝိုင်း၌ ထိုင်ပြီးလျှင်ပြီးချင်း ဆရာတော်ကြီးက မဝိသုတညာနီကို ကိုရီးယားလို ဘာသာပြန်ခိုင်းပါတယ်။ အောက်ပါလက်ဘလေးကို တစ်ပိုဒ်ချင်း ဆရာတော်ကြီးက ရှေ့က ဆိုပေးသွားပါတယ်။ နောက်မှ ကိုရီးယားလို ဘာသာပြန်ပေးသွားပါတယ်။ ဒီနေ့ နေ့ဆွမ်းမှာ ဝေယျာဝစ္စလုပ်အားပေးလာသူတွေအား ဓမ္မဒါန အလှူကို ဆရာတော်ကြီးက လှူလိုပုံရပါတယ်။ အာမိသဒါနရှင်တွေအား ဓမ္မဒါနနဲ့ တုံ့ပြန်ကျေးဇူးဆပ်တာ ဖြစ်ပါမယ်။ ဓမ္မဒါနအလှူကို ခံယူနေကြတဲ့ အာမိသဒါနရှင်တွေက ဒေါ်ရူပနန္ဒီ (Gong Myung - Yean)၊ ဒေါ်ပုညရတနာ (Won Sung Ok)၊ ဒေါ်သုဘဒ္ဒါ (Park Chan Kyung)၊ ဒေါ်ဝိဇယာ (Um Hyun Jung)၊ ဒေါ်ပေမင်္ကရာ (မမနာပိကာရဲ့အစ်မ)၊ ဦးဝင်းနိုင်၊ မောင်ဟိန်း၊ ဦးလှဖုန်းတို့ဖြစ်ကြပါတယ်။ မဝိသုတညာနီကို လက်ဘလေးကို မြန်မာလိုရော၊ ကိုရီးယားလိုပါ အထပ်ထပ် အဆိုခိုင်းပါတယ်။ မပေမင်္ကရာကိုလည်း အဆိုခိုင်းပါတယ်။ လက်ဘလေးက ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးတစ်ပါးဖြစ်တဲ့ ဒီပဲယင်းဆရာတော်ကြီးရဲ့ လက်ဘလေး ဖြစ်ပါတယ်။ ပထမရွှေကျင်သာသနာ

http://www.dhammadownload.com



ပိုင် ဆရာတော်ကြီးနောက်မှ ရွှေကျင်သာသနာပိုင် ဖြစ်လာတဲ့ ဆရာတော်ကြီး (ဒုတိယရွှေကျင်သာသနာပိုင် ဆရာတော်) ရဲ့ လင်္ကာလေးက ဆိုလို့ကောင်းသလို၊ အဓိပ္ပာယ်လည်း ကောင်းလှပါတယ်။ ပဏ္ဍိတာရာမ ဆရာတော်ကြီးက ဒီလင်္ကာလေးကို အမေရိကခရီးစဉ်တွေမှာလည်း ဆိုပြခဲ့ပါတယ်။

စားသမျှ မစင်
ထားသမျှ မသေခင်
ပြုသမျှ ကုသိုလ်အပင်
ယခုကာလ ဘဝကောင်းတွင်
စားလည်း စား
ထားလည်း ထား
ပြုလည်း ပြုကြမှ တော်မည်ထင်။

ဒီပဲယင်းဆရာတော်ကြီးက ဒီလင်္ကာလေးလိုပဲ စိတ်ဝင်စားဖွယ်လည်းကောင်း၊ ဆိုလို့လည်း လွယ်၊ အနှစ်သာရလည်းပါတဲ့ ဆုံးမစကားလေးတွေကိုရေးကာ ဆုံးမခဲ့ပါတယ်။ သူ့စကားလေးတွေက စကားလုံးနည်းနည်းနဲ့ ပြောင်မြောက်လှပါတယ်။ အဓိပ္ပာယ်လည်း နက်ရှိုင်းကြပါတယ်။ မဟာစည်ဆရာတော်ကြီးက ဒီပဲယင်းဆရာတော်ကြီးရဲ့ စကားလေးတွေကို သဘောကျကာ အလေးပြုတယ်လို့ ပဏ္ဍိတာရာမ ဆရာတော်ကြီးမိန့်ကြားတာကို မှတ်သားရဖူးပါတယ်။ အဟောင်း အဟောင်းပညတ်၊ အသစ်အသစ် ပရမတ်ဆိုတဲ့ ဒီပဲယင်းဆရာတော် ကြီးရဲ့စကားကို မဟာစည်ဆရာတော်ကြီးရဲ့ တရားစာအုပ်တစ်အုပ်မှာ ထည့်ပြီး ရှင်းပြထားပါတယ်။

http://www.dhammadownload.com

# အနှစ်ချုပ်

ပဏ္ဍိတာရာမဆရာတော်ကြီးက မန်လည်ဆရာတော်ကြီးကို ဩဇာဂုဏ်မြောက်အောင် ရေးသားနိုင်ပါပေတယ်လို့ ချီးကျူးကာ မန်လည်ဆရာတော်ကြီးရဲ့ ဩဇာဂုဏ်မြောက်တဲ့ လင်္ကာစာသားလေး တစ်ပုဒ်ကို ရွတ်ပြပါတယ်။

* ဒု-ကြဉ်၊ သု-သုံး၊ နှလုံး မွန်ဘိ၊ ကောင်း ခေါင် ထိလိမ့်။

အဲဒီလင်္ကာမှာ ဒု-ဆိုတာ ဒုစရိုက်ကို ရည်ရွယ်ပါတယ်။ သု-ဆို တာ သုစရိုက်ကို ဆိုလိုပါတယ်။ နှလုံး-ဆိုတာ စိတ်နှလုံးကို ရည်ညွှန်း ပါတယ်။ ဒုစရိုက် (မကောင်းကျင့်) တွေကို ရှောင်ကြဉ်ပါ။ သုစရိုက် (ကောင်းတဲ့အကျင့်) တွေကို ကျင့်သုံးပါ။ စိတ်နှလုံး ကောင်းမွန်ဖြူစင် ပါစေ။ အဲဒီလိုဆိုရင် အကောင်းဟာ ခေါင်ထိပ်ထိ ရောက်သွားပါလိမ့် မယ်လို့ အဓိပ္ပာယ်ရပါတယ်။

အက္ခရာ ၁၂ လုံးတည်းနဲ့ သီကုံးလိုက်တဲ့ အဲဒီလင်္ကာလေးက အောက်ပါဘုရားစကားတော်နဲ့အညီ သီကုံးထားတဲ့ လင်္ကာလေး ဖြစ်ပါ တယ်။

* သဗ္ဗပါပဿ အကရဏံ၊ ကုသလဿုပသမ္ပဒါ၊
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။

အထက်ပါဂါထာမှာ အက္ခရာလုံးရေ ၃၄ လုံးပါပါတယ်။ မန်လည် ဆရာတော်ကြီးရဲ့ လင်္ကာလေးမှာတော့ ၁၂ လုံးပဲ ပါတာဆိုတော့ ၂၂

http://www.dhammadownload.com



လုံး ပိုနည်းသွားပါတယ်။ စကားလုံးကျဉ်းကျဉ်းနဲ့ အဓိပ္ပာယ် ပေါ်လွင်အောင် သီကုံးနိုင်တဲ့ဂုဏ် မြောက်သွားပါတယ်။ မဟာစည် ဆရာတော်ကြီးကလည်း အထက်ပါဂါထာကို မြန်မာလင်္ကာ သီကုံးထားပါသေးတယ်။ သူ့လင်္ကာလေးက စကားလုံးများပေမယ့် အဓိပ္ပာယ်ရှင်းလင်း မပြရလောက်အောင် သိသာပေါ်လွင်လှပါတယ်။ သူ့လင်္ကာမှာ အက္ခရာလုံးရေ ၃၂ လုံး ပါပါတယ်။ မန်လည်လင်္ကာထက် စာလုံးရေ ၂၀ ပိုပါတယ်။ ဘုရားစကားလုံးရေအောက် ၂ လုံး လျော့ပါတယ်။

* အကုသိုလ်များ ရှောင်ရှားပယ်လေ
ကုသိုလ်တရား ဖြစ်ပွားစုံစေ
မိမိစိတ်ခါတ် ဆွတ်ဆွတ်ဖြူစေ
ဤသုံးပါး ဘုရားဆုံးမပေ။

ပဏ္ဍိတာရာမဆရာတော်ကြီးက မန်လည်လင်္ကာလေးကို မြန်မာလိုရော၊ ကိုရီးယားလိုပါ မဝိသုတညာနီကိုရော၊ မမနာပိကာအစ်မ မပေမက်ရာကိုပါ အဆိုခိုင်းပါတယ်။ အာမိသဒါနအလှူရှင်အပေါင်းကို ကောင်းကောင်း မှတ်မိသွားအောင် ပြုလုပ်ခိုင်းပုံ ရပါတယ်။ ဘုရားအဆုံးအမ အနှစ်ချုပ်စကားလေးတွေ ဖြစ်လို့ အာမိသဒါနရှင်တွေကို မှတ်မိစေချင်ပုံရပါတယ်။ နောက်နေ့တွေမှာလည်း ဒီလိုမှတ်သားစရာ စကားလေးတွေကို မိန့်ကြားပေးမယ့်ပုံ ရပါတယ်။

http://www.dhammadownload.com

# ဆရာဝန်ကြီး

ဆရာဝန်ကြီးတစ်ယောက် လာရောက်ပြီး တရားအားထုတ်နေပါတယ်။ သူ ဆရာဝန်ဖြစ်ကြောင်းကို မမနာပိကာက ပြောပြလို့ သိရပါတယ်။ သူ့မှာ အထူးကုဆရာဝန် ၁၈ ယောက်အပါအဝင် ဝန်ထမ်း ၁၈၀ နဲ့ အလုပ်လုပ်နေပါတယ်တဲ့။ သူက ချမ်းမြေ့ရိပ်သာနည်းအပြင် အခြားရိပ်သာနည်းတစ်ခုနဲ့လည်း တရားအားထုတ်ဖူးပါသတဲ့။ ချမ်းမြေ့နည်းက ကိုယ်အမူအရာ ပြုလုပ်တိုင်း အသေးစိတ် ဖြည်းဖြည်းနဲ့ စူးစိုက်မှတ်ဖို့ ညွှန်ကြားပါတယ်။ အခြားနည်းကတော့ ကိုယ်အမူအရာတွေကို ဖြည်းဖြည်း ပြုလုပ်နေစရာမလို၊ သိနေရင် ပြီးတာပါပဲလို့ ဆိုပါသတဲ့။ အဲဒီနည်း ၂ နည်းထဲက ဘယ်နည်းနဲ့ရှုမှတ်ရပါမလဲလို့ မေးလာပါတယ်။ ဒီတရားစခန်းမှာတော့ မဟာစည်သြဝါဒနဲ့အညီ မှတ်နည်းတွေကို ညွှန်ပြပေးနေတာမို့ ဒီက နည်းအတိုင်း မှတ်နိုင်အောင် ကြိုးစားပါလို့ ပြောရပါတယ်။

ဆရာဝန်ကြီးကို ဒီလိုလည်း ပြောလိုက်ပါသေးတယ်။

"လေးလံတဲ့ ပစ္စည်းတစ်ခုကို လူ ၅ ယောက်ဝိုင်းပြီး ညီညီညာညာ မ,ယူမှ မ,လို့ ရနိုင်တယ်ဆိုရင် အဲဒီပစ္စည်းကို လူငါးယောက်လုံးက ညီညီညာညာ မ,ပေးရပါတယ်။ တရားရှုမှတ်ရာမှာလည်း ကာရကမဂ္ဂင်ခေါ် အလုပ်သမားမဂ္ဂင် ၅ ပါး ပါဝင်ရပါတယ်။ ချိန်ရွယ်မှု - သမ္မာသင်္ကပ္ပ၊ အားစိုက်မှု - သမ္မာဝါယာမ၊ အမှတ်ရမှု - သမ္မာသတိ၊ ကပ်တည်မှု - သမ္မာသမာဓိ၊ အမှန်သိမှု - သမ္မာဒိဋ္ဌိ၊ ဒီ ၅ ပါးလုံး ပါဝင်တဲ့

http://www.dhammadownload.com



ရှုမှတ်မှုကိုမှ ပြည့်စုံတဲ့ ရှုမှတ်မှု၊ အင်အားကောင်းတဲ့ ရှုမှတ်မှုလို့ ဆိုရပါတယ်။ အဲဒီအလုပ်သမားမဂ္ဂင် ၅ ပါးလုံး ညီညီညာညာ အလုပ်လုပ်ကြရပါမယ်။ ဝိပဿနာပညာက သမာဓိအားကောင်းမှ ဖြစ်နိုင်ပါတယ်။ စူးစိုက်မှုသမာဓိ မပါရင် ဝိပဿနာပညာ မဖြစ်နိုင်ပါ။ ဒါကြောင့် ရှုမှတ်ရတဲ့အာရုံနောက် ကပ်ကပ်ပါပါသွားတဲ့ သမာဓိများအောင် ကြိုးစားပေးရပါတယ်။ အမှတ်ခံအာရုံနောက် အကြမ်းဖျင်း၊ အပေါ်ယံလောက်ပဲ ကပ်ပါသွားအောင် မှတ်နိုင်ရင် အကြမ်းဖျင်းလောက်ပဲ သိပါတယ်။ အပေါ်ယံလောက်ပဲ သိပါတယ်။ အသေးစိတ်၊ စူးစူးစိုက်စိုက် ကပ်ပါသွားအောင် မှတ်နိုင်မှသာ အသေးစိတ် သိနိုင်ပါတယ်"

"သမာဓိကလည်း သတိ၊ ဝီရိယတို့ရဲ့ အကူအညီကို ရယူရပါတယ်။ သတိ၊ ဝီရိယတို့ရဲ့ အကူအညီကို ရမှ သမာဓိက အားကောင်းပါမယ်။ သူငယ်ချင်း ၃ ယောက် ဥယျာဉ်ထဲသွားတယ်။ ပန်းပင်တစ်ပင်က ပန်းတွေကို တစ်ယောက်က လှမ်းခူးရာ မမီဖြစ်နေလို့ တစ်ယောက်က အောက်က ခါးကုန်းပေးတယ်။ ကျန်တစ်ယောက်က ခူးတဲ့လူ ငြိမ်ငြိမ်နဲ့ ခူးလို့ရအောင် သူ့ပခုံးကို ကိုင်ပြီး ခူးဖို့ ဘေးနားက ရပ်ပေးတယ်။ ခူးတဲ့သူဟာ ပန်းတွေကို ငြိမ်ငြိမ်နဲ့ ခူးလို့ ရသွားတယ်။ အဲဒီဥပမာမှာ သမာဓိက ပန်းခူးသူ၊ သတိက ဘေးကရပ်ပေးသူ၊ ဝီရိယက အောက်က ကျောကုန်းပေးသူနဲ့ တူပါတယ်။ သတိ၊ ဝီရိယတွေရဲ့ အကူအညီကို ရပါမှ သမာဓိ ဖြစ်နိုင်ပါတယ်။"

ဆရာဝန်ကြီးဟာ နောက်တစ်ခါ တရားလာသျှောက်တော့ ခန္ဓာကိုယ်အမူအရာကို ဖြည်းဖြည်းပြုလုပ်ကာ စူးစိုက်မှတ်လာပါတယ်။ သိပုံတွေကို အသေးစိတ် တော်တော်လေး ပြောလာနိုင်ပါတယ်။

http://www.dhammadownload.com

# ပဟေဠိ

၃ ပျောက်လို့ ၅ ကွာ
ကောင်းရာနဲ့ လွဲ
လူပြည်မှာ မောင် (မယ်) ကျင်ရတယ်။
၄ ဘုံက ဆွဲ။

၃ ကိုးလို့ ၅ ပါ
ကောင်းရာနဲ့ မြဲ
လူပြည်မှာ မောင် (မယ်) ကျင်ရတယ်။
၄ ဘုံနဲ့ လွဲ။

၄ ပျောက်လို့ ၈ ကွာ
ချမ်းသာနဲ့ လွဲ
ကာမမှာ မောင် (မယ်) ပျော်ရတယ်။
ဆင်းရဲက ကဲ။

၄ ပွားလို့ ၈ လာ
ချမ်းသာနဲ့ မြဲ။
ဓမ္မမှာ မောင် (မယ်) ပျော်ရတယ်။
ဆင်းရဲနဲ့ လွဲ။

http://www.dhammadownload.com



(၁-၅-၂၀၀၆) နေ့ နေ့ဆွမ်းဝိုင်းမှာ အထက်ပါလက်ကလေးတွေပါ ၃၊ ၅၊ ၄၊ ၈ ဂဏန်းတွေရဲ့ အဖြေတွေကို အာမိသဒါနရှင် မာတိကာမာတာအဖွဲ့ကို ဆရာတော်ကြီးက အဖြေရှာခိုင်းပါတယ်။ မဝိသုတဉာနီကို မြန်မာလိုရော၊ ကိုရီးယားလိုပါ ဆရာတော်ကြီးက အဆိုခိုင်းပါတယ်။ အဲဒီပဟေဠိဂဏန်းတွေရဲ့ အဖြေတွေကို မာတိကာမာတာအဖွဲ့က ကိုယ်ထင်သလို ဖြေကြပါတယ်။ မှန်တာလည်း ပါသလို မှားတာလည်း ပါပါတယ်။

၃ က ရတနာသုံးပါး (ဘုရား၊ တရား၊ သံဃာ)

၅ က ငါးပါးသီလ

၄ ဘုံက အပါယ် ၄ ဘုံ (ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်)

၄ က သတိပဋ္ဌာန်(၄)ပါး(ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မအနုပဿနာ)

၈ က မဂ္ဂင် (၈) ပါး။

ကောင်းရာက - သုဂတိဘုံ (ဘဝကောင်း)

http://www.dhammadownload.com

# ကင်ခ္ျိ

ကင်ခ္ျိ - ကင်ခ္ျိ
ကိုရီးယား အိမ်တိုင်းမှာ ရှိ
ကင်ခ္ျိရဲ့ အရသာ
သူတို့လျှာထဲမှာ စွဲနေပါ
ကင်ခ္ျိဆိုတာ မုန်ညင်းချဉ်
ကင်ခ္ျိဆိုတာ မုန်လာဥချဉ်
ကင်ခ္ျိဆိုတာ အခြားအခြား အချဉ် (၅၅) မျိုးတောင် ရှိသည်ပင်။
ကင်ခ္ျိမပါရင် စားမဝင်
ကိုရီးယားတွေရဲ့ ဓလေ့ပင်
ကင်ခ္ျိနဲ့ ကိုရီးယား
ကိုရီးယားနဲ့ ကင်ခ္ျိ
ထာဝရ တွဲလျက်ရှိ။

ကိုရီးယားရောက်တုန်း
မြန်မာဘုန်းကြီး သာမဏေကျော်
စားကြည့်လိုက်ပါသနော်
ထူးခြားပါသော် ထိုကင်ခ္ျိ

http://www.dhammadownload.com



ရွှေပြည်တော် ပြန်သည်ထိ
ရင်ထဲမှာတော့ စွဲနေမိ
ဩော် . . . ကင်ချိ၊ ကင်ချိ

ကိုရီးယားတွေရဲ့ အသည်းစွဲ ကင်ချိလုပ်ပုံကို ချက်ပြုတ်ရေး စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လိုင်စင်ရထားတဲ့ ဒေါ်ရူပနန္ဒီကို မေးကြည့်ပါတယ်။ သူက ဒီလို ပြောပြပါတယ်။

"ဆောင်းအခါမှာ ကိုရီးယားမြောက်ဘက်ပိုင်းက၊ နွေအခါမှာ ကိုရီးယားတောင်ဘက်ပိုင်းက မုန်ညင်း၊ မုန်လာဥက ပိုကောင်းပါတယ်။ အရိုးက ပါးပြီး နုနေရင် ကောင်းပါတယ်။ အဲဒီမုန်ညင်း၊ မုန်လာဥကို ဆားနဲ့ ၄ နာရီကြာအောင် စိမ်ရပါတယ်။ တရုတ်ပြည်က ဆားနဲ့စိမ်ရင် မုန်ညင်း၊ မုန်လာဥက ပျော့အိသွားတတ်လို့ မကောင်းပါ။ ကိုရီးယားဆားနဲ့ပဲ ကောင်းပါတယ်။ ဆောင်းတွင်းမှာ ၄ နာရီမှ ၆ နာရီကြာထိ နွေမှာတော့ ၄ နာရီသာ စိမ်ရပါတယ်။ ဆားစိမ်တာ ၄ နာရီပြည့်ရင် ၃ ခါ ရေနဲ့ ဆေးရပါတယ်။ ဆန်ခါပေါ်မှာ တင်ပြီး ရေစစ်ရပါတယ်။ ကိုရီးယားတောင်ဘက်ပိုင်းမှာ ငံပြာရည်များများ ထည့်ကြပါတယ်။ မြောက်ဘက်ပိုင်းမှာတော့ ငံပြာရည်နည်းနည်းပဲ ထည့်ကြပါတယ်။ ပင်လယ်ကမ်းနားအရပ်တွေမှာ ငါး ထည့်ကြပါတယ်။

ငရုတ်သီးမှုန့်၊ ငံပြာရည်၊ မုန်လာဥဖြူပါးပါး၊ နှမ်း၊ ကန်စွန်းရွက်၊ ကြက်သွန်မြိတ်၊ ပင်လယ်ရေညှိ၊ ကောက်ညှင်းဆန်ပြုတ်အရည်၊ သကြားနည်းနည်း၊ သစ်တော်သီးအမှုန့်တွေကို ထည့်စရာဇလုံထဲမှာ ထည့်ပါ။ ၁၂ နာရီကြာအောင်ထားပါ။ ချဉ်ရည် ထွက်လာပါမယ်။ အဲဒီ အချဉ် ရည်က ကျန်းမာရေးကို ကောင်းစေပါတယ်။

ချဉ်ရည်ကို ၄ ပိုင်းခွဲထားတဲ့ မုန်ညင်းရွက်တိုင်းမှာ သုတ်ပေးရပါတယ်။ တစ်ဝက် ခေါက်ရပါတယ်။ ပန်းကန်၊ သို့မဟုတ် မြေအိုးထဲမှာ ထည့်ရပါတယ်။

http://www.dhammadownload.com



ဆောင်းတွင်းဆိုရင် ၁ လကြာမှ အကောင်းဆုံး ဖြစ်ပါတယ်။ နွေမှာဆိုရင် ၃ ရက်ကြာရင် စားလို့ရပါတယ်။ အာဟာရဓာတ်တွေ အကုန်ထွက်လာပါတယ်။ စားလို့အကောင်းဆုံး အချိန်ဖြစ်ပါတယ်။

မြေအိုးထဲ ထည့်ပြီး မြေကြီးထဲ မြှုပ်ရင် အရသာပိုကောင်းပါတယ်။ မုန်ညင်းကင်ချို၊ မုန်လာဥကင်ချိတွေလို အစားများကြပါတယ်။

ကင်ချိဖြူဟာ ရှေးက ဘုရင်အစာ ဖြစ်ပါတယ်။ ရှေးက နန်းတော်မှာ လုပ်ပါတယ်။ ခါးနဲ့ မလှီးဘဲ ထားရင် လှပါတယ်။

ဒေါ်ရူပနန္ဒီက ကင်ချိလုပ်ပုံကို အဲဒီလို ပြောပြပါတယ်။ ကိုရီးယားတွေက ကင်ချိ မရှိရင် မနေနိုင်ကြပါလို့လည်း ပြောပါတယ်။ ကင်ချိလုပ်တာဟာ အခမ်းအနားကြီးတစ်ခုလုပ်သလိုပဲ အရေးကြီးကိစ္စ ဖြစ်ပါတယ်တဲ့။ ဘုန်းကြီးကျောင်းတွေမှာဆိုရင် စားမယ့်သူများလို့ တစ်နှစ်စာအတွက် များများ လုပ်ထားတတ်ကြပါတယ်တဲ့။

မုန်ညင်းရွက်ဖြူဖြူကင်ချို၊ ငရုတ်မှုန့်ပါလို့ နီနေတဲ့ မုန်ညင်းရွက်ကင်ချို၊ မုန်လာဥနီနီ (ငရုတ်သီးမှုန့်ကြောင့် နီနေတဲ့ မုန်လာဥ ) ကင်ချိစသည်တွေကို သာမဏေကျော်တို့ နေ့တိုင်းစားရပါတယ်။ နေ့တိုင်း စားရတဲ့ ကင်ချိအကြောင်း သိချင်လာပါတယ်။ ပြီးတော့ ရေးချင်လာပါတယ်။ ကိုယ်သိရသလို မြန်မာစာဖတ်ပရိသတ်ကိုလည်း သိစေချင်တာကိုး။ သိစေချင်လို့ မဝိသုတဉာဏီရဲ့ အကူအညီကို ယူကာ မေးရပါတယ်။ ဒေါ်ရူပနန္ဒီက အားရပါးရ အသေးစိပ် ရှင်းပြပါတယ်။ ကိုရီးယားတွေရဲ့အသည်းစွဲကင်ချိကို ကဗျာလေးပါ ဖွဲ့စပ်ချင်စိတ် ပေါက်လာပါတယ်။ ဒါကြောင့် ကဗျာပါရေးလျက် ကင်ချိကို မှတ်တမ်းတင်လိုက်ရပါတယ်။ ကင်ချိအစာကြောင့် ကိုရီးယားတွေမှာ ကြက်ငှက်တုပ်ကွေး ရောဂါ မဖြစ်တာပါလို့ ခိုင်မြဲစွာ ယုံကြည်နေကြပါတယ်။

## အခေါ်အဝေါ်

ကင်ချိန်နဲ့ ပတ်သက်ပြီး ရေးစပ်ထားတဲ့ ကဗျာလေးထဲမှာ ရွှေပြည်တော်လို့ ရေးစပ်လိုက်ပါတယ်။ ရွှေပြည်တော်ဆိုတာ ကိုယ့်မြန်မာနိုင်ငံကို ရည်ရွယ်ပါတယ်။ ပြည်ပရောက်မြန်မာတွေက ကိုယ့်မြန်မာတွေကို 'ရွှေတွေ'လို့ ခေါ်ဝေါ်ကြပါသတဲ့။ မြန်မာတွေက ရွှေကို မြတ်နိုးဖွယ်ရတနာတစ်ပါးအနေနဲ့ ယူဆကြပါတယ်။ ဒါကြောင့် သူတို့ မြတ်နိုးတန်ဖိုးထားတဲ့ ရွှေနဲ့ တင်စားပြီး မြန်မာတွေကို 'ရွှေ'လို့ ခေါ်ကြပုံပေါ်ပါတယ်။ တောင်ကိုရီးယားရောက် မောင်ဟိန်းက အာရှနိုင်ငံသားတွေကိုလည်း နိုင်ငံနာမည်ရဲ့ အစဆုံး စကားလုံးကို ယူကာ ရွှေမြန်မာတွေက ခေါ်ဝေါ်ကြပုံတွေကို ဒီလို ပြောပြပါတယ်။

| | |
|---|---|
| ကိုရီးယားတွေကို | (က) ကြီး |
| ဂျပန်တွေကို | (ဂ) ငယ် |
| စင်ကာပူတွေကို | (စ) လုံး |
| မလေးရှားတွေကို | (မ) |
| ထိုင်း(ယိုးဒယား)တွေကို | (ယ)ပက်လက် |
| ရုရှားတွေကို | (ရ) ကောက် |
| ဘင်္ဂလားဒေ့ရှ်တွေကို | (ဘ) ကုန်း |
| ဗီယက်နမ်တွေကို | (ဗျိုင်း) |

http://www.dhammadownload.com



ဖိလစ်ပိုင်တွေကို (ဖား)
မွန်ဂိုလီးယားတွေကို (မြင်း)
ပါကစ္စတန်တွေကို (ပါကေး)

လို့ ခေါ်ဝေါ်သုံးနှုန်းကြပါသတဲ့။

ဗီယက်နမ်တွေကို “ဗျိုင်း” လို့ ခေါ်ဝေါ်ကြမယ့်အစား (ဗ) ထက်ခြိုက်တွေ၊ ဖိလစ်ပိုင်တွေကို (ဖ) ဦးထုပ်တွေ၊ မွန်ဂိုလီယားတွေကို (မွန်) တွေလို့ ခေါ်ဝေါ် သုံးနှုန်းကြမယ်ဆိုရင် ပိုမိုအဆင်ပြေသွားပါမယ်။ ရှေ့ကနာမည်တွေနဲ့လည်း လိုက်ဖက်ညီသွားပါမယ်။ကိုယ့်နိုင်ငံနာမည်ကို ရှေ့လို့ လှပတဲ့ မြတ်နိုးဖွယ် စကားလုံးလေးနဲ့ သုံးထားသလို သူတို့နိုင်ငံတွေကိုလည်း လှပတဲ့ မြတ်နိုးဖွယ် စကားလုံးတွေနဲ့ ခေါ်ဝေါ်သုံးနှုန်းတာကို ကြိုက်ကြပါလိမ့်မယ်။ ကိုယ့်နိုင်ငံကို မလှပတဲ့ ရွံ့မုန်းဖွယ်စကားလုံးနဲ့ ခေါ်ဝေါ်သုံးနှုန်းရင် ကျေနပ်နိုင်ကြမယ် မဟုတ်ပါ။ မြန်မာလို နားမလည်တဲ့ ဗီယက်နမ်တွေ၊ ဖိလစ်ပိုင်တွေ၊ မွန်ဂိုတွေအဖို့တော့ ဘယ်လိုပဲ ခေါ်ဝေါ် ခေါ်ဝေါ် စိတ်ဆင်းရဲမယ် မဟုတ်ပါ။ တရုတ်၊ အိန္ဒိယ၊ လာအို၊ ကမ္ဘောဒီယား၊ အင်ဒိုနီးရှားတွေကိုတော့ သူတို့နာမည်အတိုင်းပဲ ခေါ်ဝေါ်ကြပါသတဲ့။ သူတို့ကိုလည်း အစဆုံးစကားလုံးနဲ့ ခေါ်ဝေါ်ရင် ရတာပါပဲ။

http://www.dhammadownload.com

# ဘုန်းကြီး ဦးတောက်ထိန်

(၂. ၅. ၂၀၀၆)နေ့ အရုဏ်ဆွမ်း ဘုဉ်းပေးတုန်း ဆရာတော်ကြီးက "သာမဏေကျော်တော့ ဒီမှာ စားလို့ အတော်ကောင်းနေပုံရတယ်။ ဘုန်းကြီး ဦးတောက်ထိန် ပြောသလို ဖြစ်နေပြီနဲ့တူတယ်" လို့ မိန့်ကာ ဘုန်းကြီးဦးတောက်ထိန် အကြောင်းကို ဒီလိုဆက်ပြီး မိန့်ပါတယ်။

"ဘုန်းကြီးဦးတောက်ထိန်ဆိုတာ ရှိခဲ့တယ်။ အလှူပွဲတစ်ခုမှာ သူ့ကို တရားဟောဖို့ တိုက်တွန်းကြတယ်။ သူက မဟောတတ်လို့ သူ တရားမဟောပါရစေနဲ့လို့ ငြင်းပယ်တယ်။ အကြိမ်ကြိမ် ငြင်းပယ်ပေမယ့် ငြင်းပယ်လို့မရတာနဲ့ နောက်ဆုံးမှာ တရားဟောပေးရတယ်။ အဲဒီ အလှူပွဲမှာ ဆိုင်းတွေ၊ ဗုံတွေနဲ့ ဆိုင်းဝိုင်းကလည်းပါတယ်။ အဲဒီ အလှူပွဲမှာ ကျွေးတာက ဝက်သားဆီပြန်တုံးနဲ့ ငါးကြော်ဟင်းတွေ ဖြစ်တယ်။ ဘုန်းကြီးဦးတောက်ထိန်က အလှူပွဲမှာဆက်ကပ်တဲ့ အဲဒီဝက်သား ဆီပြန်တုံးနဲ့ ငါးကြော်ဟင်းတွေကို အားရပါးရ ဘုဉ်းပေးတယ်။ ညနေ အလှူပွဲ တရားဟောတဲ့အခါ တရားကို ဒီလို ဟောလိုက်ပါတယ်။

ပလုတ်တုတ်တုတ်　　　ဗြုန်း
ပလုတ်တုတ်တုတ်　　　ဗြုန်း
ဝက်သားဆီပြန်　　　ငါးကြော်တုံးနဲ့

http://www.dhammadownload.com



စားလို့သောက်လို့ အမြိန်ဆုံးကွဲ့
နိဗ္ဗာန်ဆိုတာ ဘယ်လိုတုံးဟဲ့
ကုန်း၍သာ ဆုတောင်းလိုက်ကြကုန်။

ဆရာတော်ကြီးက သာမဏေကျော်စားသောက်ကောင်းနေတာကို သဘောကျပြီး ရယ်စရာအနေနဲ့ မိန့်တာ ဖြစ်ပါတယ်။ ရယ်လည်း ရယ်ရပါတယ်။ "စားလို့ သောက်လို့ အမြိန်ဆုံးကွဲ့။ နိဗ္ဗာန်ဆိုတာ ဘယ်လိုတုံးဟဲ့" ဆိုတဲ့ စကားလောက်ကိုသာ ဆရာတော်ကြီးက ရွတ်ပြလေ့ ရှိပါတယ်။ ဒီလိုအကြောင်းအရာအပြည့်အစုံကို ပြောမပြဖူးသေးပါ။ ကြားရတဲ့ ဆိုင်းသံနဲ့ စားရတဲ့ဟင်းတွေကိုပါ ကဗျာလုပ်ပြီး ဘုန်းကြီးဦးတောက်ထိန်က ဟောသွားပါတယ်။ စားလို့သောက်လို့ ကောင်းတာပဲ သိပါတယ်။ နိဗ္ဗာန်ဆိုတာတော့ ဝက်သားဆီပြန်၊ ငါးကြော်တုံးလောက်ကောင်း၊ မကောင်း သူ မသိရပါတဲ့။ နိဗ္ဗာန်ဆိုတာ ဘယ်လိုလဲလို့ အသေအချာမသိရပေမယ့် ဒကာ၊ ဒကာမ၊ တရားနာပရိသတ်တို့ရေ ခါးကုန်းပြီးတော့သာ "နိဗ္ဗာန်မြန်မြန် ရရပါလို၏" လို့ ဆုတောင်းလိုက် ကြပါလို့ ဦးတောက်ထိန်က တိုက်တွန်းကာ သူ့တရားကို အဆုံးသတ် သွားပါတယ်။ ဒီတရားစခန်းမှာ ဆိုင်းသံကို မကြားရပေမယ့် မဟာယာနဘုန်းကြီးဘုရားရှိခိုးရင်း ခေါက်တဲ့တုံးသံကိုတော့ ကြားရပါတယ်။ ဘုန်းကြီးဦးတောက်ထိန်လိုသာ ကဗျာစပ်တတ်ရင်တော့ ကြားရတဲ့တုံးသံနဲ့ စားရတဲ့ဟင်းတွေကိုပါအောင် ကဗျာစပ်မိမှာ သေချာပါတယ်။

http://www.dhammadownload.com

# ကင်ချိကို မုန်းချင်မုန်းပါ

မဝိသုတဉာနီက ပြောပါတယ်။

“အမျိုးသားတွေက ရုံးတက်ရ၊ အလုပ်သွားရမို့ အမျိုးသမီးတွေလောက် တရားအားထုတ်ဖို့ အခွင့်မသာရှာကြပါ။ အမျိုးသားတွေက အမျိုးသမီးတွေလောက် ကံမကောင်းရှာကြပါ” တဲ့။

ဒေါ်ပုညရတနာရဲ့ ခင်ပွန်းဟာ တရားအားထုတ်လို့ ၃ ရက်ပြည့်တော့ ပြန်ရပါတယ်။ ၃ ရက်မြောက်မှာ မှတ်လို့ကောင်းလာတဲ့အတွက် တရားအပေါ် ကျေနပ်အားရကာ သဒ္ဓါဖြစ်ပေါ်သွားပါတယ်။ ဒေါ်ပုညရတနာနဲ့ သူမရဲ့သားက ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်းမှာ တရားအားထုတ်သွားကြပါတယ်။ မြန်မာဗုဒ္ဓသာသနာ့ရိပ်သာသို့ သွားကြတုန်းက သာမဏေကျော်ကို ဒေါ်ပုညရတနာတို့ရဲ့ ကားပေါ် စီးအောင် ပင့်ကြပါတယ်။ သာမဏေကျော်က အေးမှာ ကြောက်လို့ မစီးခဲ့ပါ။ သူတို့ စိတ်မကောင်းဖြစ်ပုံရပါတယ်။ ဗုဒ္ဓသာသနာ့ရိပ်သာမှ အပြန်မှာတော့ ဆရာတော်ကြီးက အဲဒီကားပေါ် စီးသွားပါတယ်။ သူတို့ ကျေနပ်အားရဝမ်းသာကာ ပျော်ရွှင်သွားကြပါတယ်။ ပြန်ခါနီးမှာ ဒေါ်ပုညရတနာရဲ့ ခင်ပွန်းဒကာကြီးက သာမဏေကျော်ကို ကျေးဇူးတင်စကားတွေ ပြောနေပါတယ်။ သူ့ကို တရားစကားတွေ ပြောလိုက်ပါသေးတယ်။

http://www.dhammadownload.com



"ကင်ချိထက် ဝိပဿနာကို ပိုကြိုက်နိုင်အောင် ကြိုးစားပေါ့။ ကင်ချိ မစားတဲ့နေ့ ရှိသလား"

"တစ်ရက်တလေ ရှိဖူးပါတယ်"

"ကင်ချိမစားတဲ့နေ့ ရှိပေမယ့် ဝိပဿနာအားမထုတ်တဲ့ နေ့မရှိအောင် ကြိုးစားပါ"

"ကင်ချိကို မုန်းနိုင်ပါ့မလား"

"မမုန်းနိုင်ပါ"

"ကင်ချိကို မုန်းချင်မုန်းနိုင်ပေမယ့် ဝိပဿနာကိုတော့ မမုန်းလိုက်ပါနဲ့"

"နှလုံးသားထဲမှာ ပေါက်လာတဲ့ သတိပဋ္ဌာန် ဝိပဿနာသစ်ပင်လေးကို ဆက်လက်ရှင်သန်ထွားကျိုင်းလာအောင် ပြုစုစောင့်ရှောက်ပေးပါ။ အဲဒီသစ်ပင်လေး ကြီးထွားလာရေးအတွက် ဥယျာဉ်မှူးလုပ်ရမှာက မိမိကိုယ်တိုင်ပဲ ဖြစ်ပါတယ်"

သာမဏေကျော်ရဲ့ ပြောပြတဲ့ စကားတွေက သူ့ခန္ဓာကိုယ်မှာကြက်သီးမွေးညင်း ထသွားစေပါတယ်တဲ့။ ရက်အနည်းငယ်ပဲ အားထုတ်ခွင့်ရရှာတဲ့ ပုဂ္ဂိုလ်တွေကို အချိန်ပေးပြီး ရှုမှတ်တတ်သွားအောင် ပြောပြပေးရပါတယ်။ ဒေါ်ပုညရတနာတို့ရဲ့ ကားက ကောင်းပါတယ်။ "ကားမောင်းကျွမ်းကျင်သလို သတိပဋ္ဌာန်ဝိပဿနာကားကိုလည်း ကျွမ်းကျင်စွာ မောင်းတတ်အောင် ကြိုးစားပေါ့" လို့ သာမဏေကျော် ပြောလိုက်တဲ့ စကားကို ဒေါ်ပုညရတနာခင်ပွန်းက ပြန်ပြောပြသွားပါတယ်။

http://www.dhammadownload.com

# ကာလနဲ့ ပဋာစာရာ

ဒေါ်ပုညရတနာနဲ့ သူမရဲ့ခင်ပွန်းတို့က သာမဏေကျော် စာရေးဖို့ စာရေးပက် ၃ ခုနဲ့ ဘောလ်ပင်တွေအပြင် နဝကမ္မကိုလည်း လှူဒါန်းပါတယ်။ သူမတို့ရဲ့ သား ၂ ယောက်ထဲက အကြီးသားက ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်းမှာ တရားအားထုတ်သွားပါတယ်။ သားအငယ်ကိုလည်း တရားအားထုတ်ဖို့ တိုက်တွန်းပေးပါလို့ ပြောလိုက်တော့"သားအငယ်ကတော့ တိုက်တွန်းလို့မရဘူးဘုရား။ အပျော်အပါးဘက်မှာပဲ စိတ်သန်နေပါတယ်" လို့ ပြန်ပြောကြပါတယ်။ "အခြေအနေ၊ အချိန်အခါ ကြည့်ပြီး အခွင့်သင့်ရင် သင့်သလိုတိုက်တွန်းပေးရတယ်။ အသီးဟာ မှည့်ချိန်တန်ရင် မှည့်လာတာပါပဲ"လို့ ပြောလိုက်ပါတယ်။ ပြီးတော့ အနာထပိဏ် သူဌေးရဲ့သား ကာလအကြောင်းကိုလည်း ပြောပြလိုက်ပါတယ်။ မဝိသုတဉာဏီက ဘာသာပြန်ပေးပါတယ်။ အယူလွဲမှားနေတဲ့ သားကာလကို ပိုက်ဆံပေးပြီး တရားဘက်ပါလာအောင် ဆွဲဆောင်ပုံအကြောင်းကို ပြောပြပါတယ်။ ကာလအကြောင်းကို မဝိသုတဉာဏီက ကိုရီးယားလို ဘာသာပြန်ရင်း သူတို့ဇနီးမောင်နှံက သဘောကျကာ အခါများစွာ ရယ်ကြပါတယ်။ ဘယ်နေရာ၊ ဘယ်အချက်တွေကို သဘောကျပြီးရယ်ကြတယ်ဆိုတာကိုတော့ မသိရပါ။ သူတို့သား အနေအထားနဲ့ တိုက်ဆိုင်မှုတွေ ပါလို့ ဖြစ်ပါလိမ့်မယ်။

http://www.dhammadownload.com



စိတ်သောကရောက်လာကြတဲ့ ယောဂီတွေကိုလည်း တွေ့ရပါတယ်။ သူတို့ကိုတော့ သောကုမ္မတ္တက = သောကရူး ရူးသွားရှာတဲ့၊ တစ်နည်းစကားလုံးအသုံးအနှုန်းနဲ့ သုံးနှုန်းရရင် ဗျသနုမ္မတ္တက=ခင်ပွန်း၊ သား ၂ ယောက်၊ မိဘ ၂ ဦး၊ အစ်ကိုဆိုတဲ့အားကိုးရာပုဂ္ဂိုလ်တွေ သေကျေပျက်စီးသွားလို့ ရူးသွားရှာတဲ့ ပဋာစာရာအကြောင်းကို ပြောပြရပါတယ်။ သောကကြောင့် အရူးဘဝတောင် ရောက်သွားရှာတဲ့ ပဋာစာရာဟာ အသက် ၂၀ ဝန်းကျင်ပဲ ရှိသေးတာမို့ ငယ်ရွယ်လှပါသေးတယ်။ သူဌေးသမီး မိန်းမချောလေးဟာ ကြမ်းတမ်းလှတဲ့ လောကဓံတွေကြောင့် အရူးဘဝ ရောက်သွားရပေမယ့် အားကိုးထိုက်တဲ့ ဘုရားရှင်ထံ ရောက်ပြီး သောကဖြေဆေး တရားရေအေးတွေကို သောက်သုံးရလို့ သောကတွေ ပြေပျောက်ကာ ရင့်ကျက် တည်ငြိမ် အေးချမ်းလှတဲ့ ဘဝကို ပိုင်ဆိုင်သွားရပါတယ်။ အဲဒီလို ဘဝပြောင်းသွားအောင် လုပ်ပေးရာမှာ သတိပဋ္ဌာန် မပါရင် မရနိုင်ပါ။ သတိပဋ္ဌာန်ကြောင့်သာ ပဋာစာရာဘဝဟာ အပူတွေ ကင်းစင်ကာ ကြည်လင်အေးမြလာရပါတယ်။ စိတ်သောက ရောက်လာကြတဲ့ ယောဂီတွေအား သောကသည် ပဋာစာရာအကြောင်းကို ပြောပြရပါတယ်။ သောကသည် ပဋာစာရာကို ကယ်ဆယ်လိုက်တဲ့ ဒီသတိပဋ္ဌာန်ဟာ သောကသည်ယောဂီတွေကိုလည်း ကယ်တင်နိုင်ပါတယ်။ ဘုရားရှင်က သတိပဋ္ဌာန်အကျိုး ၇ မျိုးထဲမှာ သောကကို လွန်မြောက်တဲ့ အကျိုးကိုလည်း ထည့်ဟောခဲ့ပါတယ်။ သတိပဋ္ဌာန် အမှတ်များရင်များသလောက် သောကတွေ ပါးပါးသွားပါတယ်။ နည်းနည်း မှတ်ရင် နည်းနည်း ပါးပါတယ်။ အပြည့်အဝ မှတ်နိုင်ရင်တော့ အပြည့်အဝပဲ ပါးသွားပါမယ်။

http://www.dhammadownload.com

# အေးမြတဲ့ အလှ

မမနာပိကာရဲ့ညီမလေး ၆ ရက် တရားအားထုတ်မယ်တဲ့။ မမနာပိကာက“သူ့ရဲ့ညီမလေးက ဉာဏ်လည်း ကောင်းတယ်၊ ရုပ်လည်းချောတယ်၊ အရင်ကဆို သူ့ညီမနောက် ကောင်လေးတွေက တအားပဲ လိုက်ကြတယ်။ ခုတောင်ကိုရီးယားမှာ နာမည်ကြီးနေတဲ့ ရုပ်ရှင်မင်းသားတွေတောင် ပါတယ်”လို့ပြောပါတယ်။ ဟုတ်ပါတယ်။ မမနာပိကာ ပြောသလို သူ့ညီမက တရားအတွေ့အကြုံလျှောက်ထားပုံကို ကြည့်ရလို့ ဉာဏ်လည်း ကောင်းပါတယ်၊ ရုပ်လည်း ချောပါတယ်။ သူမ တရားမလျှောက်ခင် ကိုရင်ပဏ္ဍိတလေးအကြောင်း ပြောပြပါတယ်။ ကိုရင်ပဏ္ဍိတ အကြောင်းပြုပြီး ဘုရားဟောခဲ့တဲ့ စကားကိုလည်း ပြောပြပါတယ်။

“ရေကို အလိုရှိသူတွေက ရေကို ကိုယ်လိုရာအရပ်သို့ မြောင်းနဲ့ သယ်ဆောင်ကြတယ်။ မြားလုပ်သမားတွေက ကောက်တဲ့ မြားကို ဖြောင့်အောင် လုပ်ကြတယ်။ သစ်ခွေသမားတွေက သစ်သားကို ကိုယ်လိုသလို ခုတ်ခွေကြတယ်။ ပညာရှိတွေက ကိုယ့်ကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကြတယ်”

“လောကမှာ ဘယ်သူ့ကို အချစ်ဆုံးလဲ”

“အမေ့ကိုပါ” တဲ့။

http://www.dhammadownload.com



ကောသလမင်းရဲ့ မိဖုရားမလ္လိကာအကြောင်းကို ပြောပြပါတယ်။ ကိုယ့်ကိုယ်ကို အချစ်ဆုံးပါပဲ။ တရားရှုမှတ်တာဟာ အကောင်းဆုံး ချစ်နည်းနဲ့ ကိုယ့်ကိုယ်ကို ချစ်နေတာပါပဲ။ "အချစ်ရဆုံး အမေထက် တရားကို ပိုချစ်နိုင်အောင် ကြိုးစားပါ"လို့ ပြောလိုက်ပါတယ်။ ပြီးတော့ ဒီလိုလည်း ပြောလိုက်ပါသေးတယ်။

"အလှက ၂ မျိုး ရှိတယ်။ ပူလောင်တဲ့အလှနဲ့ အေးချမ်းတဲ့အလှပါပဲ။ တရားမပါဘဲ လှတဲ့ အလှကတော့ ပူလောင်တဲ့ အလှပါပဲ။ တရားပါပြီး လှတဲ့အလှကတော့ အေးမြတဲ့အလှပါပဲ။ အေးမြတဲ့အလှကို ပိုင်ချင်ရင် တရားများများ ရှုမှတ်ရမယ်။ တရားများများ ရှုမှတ်နိုင်လေလေ အေးမြတဲ့အလှနဲ့ လှလာလေလေပဲ"

သား၊ သမီး၊ ခင်ပွန်းတွေထက် နိဗ္ဗာန်ရောက်ကြောင်းတရားကို ပိုချစ်ပါတယ်လို့ပြောတဲ့ တစ္ဆေမလေးတစ်ယောက်အကြောင်းကိုလည်း ပြောပြလိုက်ပါသေးတယ်။ ပုနဗ္ဗသုမိခင်ပါပဲ။ ဆင်းရဲတွေမှ လွတ်မြောက်စေနိုင်လို့ တရားကို ပိုချစ်ရပါတယ်လို့ တစ္ဆေမလေးက ဆိုပါတယ်။ တစ္ဆေမလေးမှာ သားလေးပုနဗ္ဗသုနဲ့ သမီးလေးက ဥတ္တရာ ရှိပါတယ်။ ခင်ပွန်းလည်း ရှိပါတယ်။ ဘုရားတရား နာနေတုန်း သားလေးနဲ့ သမီးလေးက ဆာနေလို့ ပူဆာတဲ့အတွက် "မေမေက သားလေးကိုလည်း ချစ်ပါတယ်။ သမီးကိုလည်း ချစ်ပါတယ်။ ခင်ပွန်းကိုလည်း ချစ်ပါတယ်"လို့ ပြောကာ ချော့ရှာပါသေးတယ်။

http://www.dhammadownload.com

# နောက်ဆုံးမှာတော့

မမနာပိကာက ပြောပါတယ်။ မနက်ဖြန် (၅. ၅. ၂၀၀၆) နေ့က တောင်ကိုရီးယားမှာ ဗုဒ္ဓနေ့ဖြစ်ပါသတဲ့။ တရားစစ်လည်း နားပါသတဲ့။ ဒီမဟာယာနဘုန်းကြီးကျောင်းမှာ ဗုဒ္ဓနေ့ ဖြစ်လို့ လာကြမယ့် ပရိသတ်တွေကလည်း များပါမယ်။ ဒီဗုဒ္ဓနေ့မှာ တစ်နိုင်ငံလုံး ရုံးပိတ်ရက်မို့ အားလပ်ကြပါတယ်။ ဗုဒ္ဓနေ့ရောက်လာချိန်မှာတော့ သစ်ပင်တွေက အရွက်တွေဝေဆာကာ စိမ်းလန်းစိုပြည်နေကြပါပြီ။ တောင်တွေကို ကော်ဇောစိမ်းကြီးတွေနဲ့ လွှမ်းခြုံထားသလိုပါပဲ။ ကိုရီးယားဒကာမတွေက ဆရာတော်ကြီးကိုရော သာမဏေကျော်ကိုပါ လမ်းလျှောက်ပေးဖို့ ပြောကြပါတယ်။ သူတို့ကိုရီးယားမှာ ဒီစကားလေးက ခေတ်စားနေပါတယ်တဲ့။ အဲဒီစကားလေးက -

"ကျန်းမာရေးအတွက် တစ်နေ့မှာ ခြေလှမ်းပေါင်း တစ်သောင်းအနည်းဆုံး လမ်းလျှောက်ပါ"တဲ့။

ပဏ္ဍိတာရာမဆရာတော်ကြီးက မောင်ဟိန်းကို ဒီလို မိန့်ပါသတဲ့။

"ဆွမ်းစားပြီးချိန်မှာ ခြေလှမ်းပေါင်း ၂၀၀ လျှောက်ရင် အစာကြေတယ်"တဲ့။

ဆိုးလ်မြို့က အာဆန်ဆေးရုံကြီးမှာ ဆေးစစ်တော့ ဆရာတော်ကြီးမှာရော၊ သာမဏေကျော်မှာရော၊ မဝိမလဉာနီမှာရော၊ မမနာပိကာမှာပါ ၄ ဦးလုံးမှာ အစာအိမ်အနည်းငယ်ရောင်နေတယ်လို့ ပြောပါတယ်။ "အစာစားပြီးချိန်မှာ ၄ စဦးလုံးမှာ အလေ့အထတစ်ခုခု ရှိပါလိမ့်

http://www.dhammadownload.com



မယ်။ အဲဒီအလေ့အထကို ပြုပြင်ပါ”လို့ ပြောတော့ လဲလျောင်းအိပ်တဲ့ အလေ့အထရှိကြောင်း သိသွားလို့ စားပြီး ၂ နာရီအတွင်း လဲလျောင်း မအိပ်ဖို့ ဆရာဝန်က ညွှန်ကြားပါသတဲ့။ ရေကိုလည်း စားပြီး ၂ နာရီ ကျော်မှ သောက်ဖို့ တစ်ဦးက ပြောပါသေးတယ်။ စိမ်းစိုနေတဲ့ တောင် တွေပေါ် သွားတဲ့ လမ်းလေးတွေ ရှိပါတယ်။ ဒါပေမဲ့ “သာမဏေကျော် မှာ အရိုးပွရောဂါ ရှိနေပါတယ်။ ကျိုးရင်အရိုးတွေက အစိတ်စိတ်အမြွာ မြွာ ကျိုးသွားပါမယ်”လို့ ဆရာဝန်က ပြောထားတဲ့အတွက် တောင် အဆင်းအတက်မှာ ချော်လဲမှာ ကြောက်လို့ တောင်ပေါ် သွားတဲ့ တော လမ်းလေးတွေကို လျှောက်ကြည့်ချင်ပေမယ့် မလျှောက်ရဲပါ။ ဆေးရုံ က ဓာတ်မှန်ရိုက်ပြီးရတဲ့ အဖြေ ဖြစ်လို့ အရိုးပွရောဂါအတွက် သတိပြု ဆင်ခြင်ကာ သွားလာရပါတော့တယ်။ အမှုမဲ့အမှတ်မဲ့ သွားလာလို့ မရ တော့ပါ။ ချော်မလဲရအောင် အသွားအလာတွေမှာ သတိထားရပါ တော့တယ်။

အသက်၅၀ဆိုတာ မငယ်တော့သလို ရောဂါတွေကလည်း ကွယ် လာပါပကော။ အသက်ကြီးကြီးလာလေလေ ရောဂါတွေကလည်း တစ်မျိုးပြီး တစ်မျိုး တိုးတိုးလာလေလေပါပဲလား။ သြော် ဇရာတရား က ဗျာဓိအဖော်ကိုပါ ခေါ်လာပါလား။ ဇရာက နောက်ဆုံးမှာတော့ မရဏမင်း(သေမင်း)ဆီကို အသေအချာ ပို့မှာပါပဲလေ။ သာမဏေ ကျော်ဟာ ဇရာဗျာဓိတွေရဲ့ ဖိစီးမှုဒဏ်ကို ကောင်းကောင်းကြီး ခံရသလို မရဏမင်းရဲ့ ညှဉ်းပန်းနှိပ်စက်မှုကိုလည်း ကောင်းကောင်းကြီး ခံပေဦး မပေါ့။

http://www.dhammadownload.com

# တောင်ကိုရီးယားက ဗုဒ္ဓနေ့

ဘုန်အင်ဘုန်းကြီးကျောင်းအတွင်းမှာ ကားတွေကလည်း များမှ များ၊ လူတွေကလည်း ရှုပ်မှ ရှုပ်၊ ဘာလုပ်နေကြတာလဲ။ ၅. ၅. ၂၀၀၆ နေ့က ဗုဒ္ဓနေ့ ဖြစ်နေလို့ပါ။ မြန်မာလိုတော့ ကဆုန်လဆန်း ၉ ရက်နေ့ပဲ ရှိပါသေးတယ်။ 'ကဆုန်လပြည့် ဗုဒ္ဓနေ့' လို့ မြန်မာတို့က ယူဆထားကြပါတယ်။ သိဒ္ဓတ္ထမင်းသားဟာ ဘုရားအဖြစ်သို့ ရောက်တော်မူရာနေ့ ဖြစ်လို့ ဗုဒ္ဓနေ့လို့ ယူဆကြပါတယ်။ ၁၁ နာရီ မိနစ် ၄၀ မှာ ဆရာတော်ကြီးက ဘုန်အင်ဘုန်းကြီးကျောင်းက ကျင်းပပြုလုပ်တဲ့ ဗုဒ္ဓနေ့အခမ်းနားမှာ တရားဟောပါတယ်။ ဆရာတော်ကြီးက ဒီဗုဒ္ဓနေ့အကြောင်းကို အမေရိကမှာ အကြိမ်ကြိမ်ဟောခဲ့ပါတယ်။ သာမဏေကျော်လည်း ၃ ကြိမ် ကြုံဖူးပါတယ်။ ဒီတောင်ကိုရီးယားမှာတော့ ဗုဒ္ဓဘာသာဝင်တွေရဲ့ နေ့ထူးနေ့မြတ်အဖြစ်နဲ့ ရုံးတွေပိတ်ကာ အားလပ်ရက်အဖြစ် သတ်မှတ်ထားကြောင်း သိရှိရပါတယ်။ သိဒ္ဓတ္ထမင်းသား ဖွားမြင်ရာနေ့ကို 'ဗုဒ္ဓနေ့'လို့ တောင်ကိုရီးယား ဗုဒ္ဓဘာသာဝင်တွေက ယူဆကြပါတယ်။ သူတို့က ကြာပန်းကြီးတွေ ပြုလုပ်ကြပါတယ်။ ဘုရားကျောင်းထဲမှာရော အပြင်သစ်ပင်တွေမှာပါ ချိတ်ဆွဲထားတဲ့ ကြာပန်းလုပ်ထားတဲ့ စက္ကူတွေမှာ သေသွားသူတွေနဲ့ အလှူရှင်တွေရဲ့ နာမည်တွေ ရေးထားတဲ့ စာရွက်လေးတွေကိုမြင်တွေ့ရပါတယ်။ ဘုရားကျောင်းဆောင်ထဲမှာ လူအများ

http://www.dhammadownload.com



စုပေါင်းကာ ဓမ္မတေးဖြစ်ပုံ ရတဲ့ တေးသီချင်းတွေကို သံပြိုင်ရွတ်ဆိုကြပါတယ်။

ပြီးတော့ ဆရာတော်ကြီးရဲ့တရားကိုနာယူကြပါတယ်။ ကဆုန်လပြည့်နေ့မှာ ဘုရားလောင်းက မွေးဖွားခဲ့တဲ့အပြင် ဘုရားအဖြစ်သို့လည်း ရောက်ခဲ့ပါတယ်။ ပရိနိဗ္ဗာန်လည်း စံခဲ့ပါတယ်။ ဘုရားဖြစ်ပြီး ကပိလဝတ်ကို စတင်ကြွရာနေ့လည်း ဖြစ်ပါတယ်။ အောက်ပါလင်္ကာ(၂)ပုဒ်ကို သရုပ်ပေါ်အောင် ဆရာတော်ကြီးက ဟောခဲ့ပါတယ်။

* အာမိသပူဇာ၊ သာသနာ ရှည်စွာဆောင်မနိုင်။

* ဓမ္မပူဇာ၊ သာသနာ ရှည်စွာဆောင်ထားနိုင်။

ဆရာတော်ကြီး ဟောပြီးတဲ့အခါ တုံးလေးကို တီးကာ တီးကာ ရွတ်ဖတ်ပူဇော်သံကို အချိန်ကြာမြင့်စွာ ကြားရပါသေးတယ်။ ဘုရားလောင်းရုပ်ပွားတော်ကို ရေလောင်းသပ္ပါယ်ပေးဖို့ ပြောပေမယ့် ဆရာတော်ကြီးက မလိုက်လျောတော့ပါ။ သာမဏေကျော်ပဲ သွားလိုက်ပါလို့ ပြောပါတယ်။ သာမဏေကျော်လည်း အခန်းပြန်သွားရာ လာမပင့်လို့ မသွားဖြစ်တော့ပါ။ ဈေးရောင်းတဲ့ ဈေးဆိုင်ကိုလည်း တွေ့ရပါတယ်။ စားကြ၊ သောက်ကြနဲ့ ပျော်ပျော်ပါးပါး ရှိနေကြပါတယ်။ ကလေး၊ လူကြီး၊ အမျိုးသား၊ အမျိုးသမီး စုံလင်လှပါတယ်။ တိုင်းရင်းသားဝတ်စုံ ဝတ်သူ အနည်းငယ်ကိုပဲ တွေ့ရပါတယ်။ အနောက်တိုင်းဝတ်စုံတွေကိုပဲ များစွာ ဝတ်ဆင်လာကြပါတယ်။ ဒီလိုနေ့မှာ ထမင်းသုပ်စားလေ့ရှိကြပါတယ်လို့ မမနာပိကာက ပြောကာ နေ့ဆွမ်းဝိုင်းမှာ ငချိတ်ဆွမ်းကို ဟင်းတွေနဲ့ သုပ်ကာ ကပ်ပါသေးတယ်။ သူတို့ဓလေ့တွေကို စုံစွာ သိရအောင် ထမင်းသုပ်ကို ဘုဉ်းပေးလိုက်ပါတယ်။

http://www.dhammadownload.com

# ကြောက်ကြတယ်တဲ့

မပေမက်ရာရဲ့ခင်ပွန်းကလည်း ဆယ်မိုင်ကုန်း ပဏ္ဍိတာရာမမှာ တရားအားထုတ်ဖူးပါတယ်။ မပေမက်ရာက သီလရှင်ဝတ်နဲ့ သူ့ခင်ပွန်းက ရဟန်းဝတ်နဲ့ အားထုတ်ခဲ့ကြပါတယ်။ သာမဏေကျော်ထံ တရားလျှောက်ခဲ့ကြပါတယ်။ သူ့ခင်ပွန်းရဲ့ ရဟန်းဘွဲ့က မဟာနာမ ဖြစ်ပါတယ်။ မဟာနာမဟာ အလုပ်က မအားလပ်လို့ ဒီတရားစခန်းမှာ လာရောက်ချိန် နည်းပါတယ်။ မပေမက်ရာနဲ့ ဒေါ်သုဒန္တာတို့က အချိန်များစွာမှာ ရှိနေကြပါတယ်။ အခု ဗုဒ္ဓနေ့ ဝန်းကျင်တစ်ပတ်အတွင်း ဦးဇနပ္ပိယရော အငယ်ဆုံး သမီးလေးပါ တရားအားထုတ်နေကြပါတယ်။ မဟာနာမက ဗုဒ္ဓနေ့မှာ အားလပ်လို့ သာမဏေကျော်ထံလည်း ရောက်ပါတယ်။ နှိပ်ပေးချင်တယ်လို့ ပြောပါတယ်။ ဆရာတော်ကြီးကိုလည်း နှိပ်ပေးခဲ့ပါတယ်တဲ့။ နှိပ်ပေးတာကို ငြင်းပယ်ဖို့ပြင်ဆင်နေပေမယ့် သူက နှိပ်ပေးလိုတဲ့ ဆန္ဒ ထက်သန်နေတာမို့ ၅ မိနစ်ပဲ နှိပ်ပါလို့ ပြောလိုက်ပါတယ်။ သူက အနှိပ်ကောင်းကောင်း နှိပ်ပေးတတ်ပါတယ်။ နာရီဝက်လောက် ကြာသွားပါတယ်။ "ဆယ်မိုင်ကုန်းမှာ သာမဏေကျော်ထံ တရားလျှောက်ခဲ့တုန်းက သာမဏေကျော်က တည်တည်နေတဲ့အခါ ကြောက်ခဲ့ရပါတယ်။ ရယ်လိုက်တဲ့အခါမှာတော့ ကလေးငယ်လေးလိုပါပဲ" လို့ ပြောပါတယ်။

http://www.dhammadownload.com



ဒေါ်သုဘဒ္ဒါနဲ့ ဒေါ်ဝိဇယာတို့ဟာ မမနာပိကာနဲ့အတူ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းကို ရောက်လာခဲ့ကြပါတယ်။ သူတို့ကို သာမဏေကျော်က ပြုံးရွှင်စွာနဲ့ စကားပြောခဲ့ပါတယ်။ ဒေါ်သုဘဒ္ဒါက "သာမဏေကျော် ပြုံးတာကို ဒီသာမဏေကျော် မဟာဂန္ဓာရုံမှာပဲ တွေ့ရတယ်" လို့ ပြောလာပါတယ်။ "ဆယ်မိုင်ကုန်းမှာက ကမ္မဋ္ဌာန်းဆရာ လုပ်နေရတာကိုး" လို့ ပြောလိုက်ရပါတယ်။ တောင်ကိုရီးယား ရောက်လာတော့လည်း ပဏ္ဍိတာရာမအဖွဲ့ ဥက္ကဋ္ဌရဲ့ဇနီး ဒကာမကြီးကလည်း "သာမဏေကျော်က ဆယ်မိုင်ကုန်းမှာ တရားစစ်တဲ့အခါ တည်တည်ကြီးနေလို့ ကြောက်ခဲ့ရပါတယ်"လို့ ပြောနေပြန်ပါတယ်။ ဆယ်မိုင်ကုန်းပြန် အခြားဒကာမကြီးတစ်ယောက်ကလည်း "ဒီတရားစခန်းကို သာမဏေကျော် ပါလာမယ်။ သာမဏေကျော်က ဆူတတ်တယ်"လို့ ကြားထားရလို့ ကြောက်နေမိပါတယ်လို့ ပြောလာပြန်ပါတယ်။ ဒီဒကာမကြီးကိုတော့ သာမဏေကျော် အမေရိက ရောက်နေခိုက်မို့ မတွေ့လိုက်ရပါ။ သာမဏေကျော်ဟာ ဒီယောဂီတွေအမြင်မှာ ကြောက်စရာလို့ မြင်နေကြပါတယ်။ သာမဏေကျော်က ကိုယ့်ကိုယ်ကို ပြန်တွေးကြည့်တော့ ပုံမှန် တည်တည်နေခဲ့တာပါပဲလို့ မြင်မိပါတယ်။ ထူးပြီးတော့ မျက်နှာ တင်းမနေမိပါ။ ရဟန်းဣန္ဒြေ၊ ကမ္မဋ္ဌာန်းဆရာ ဣန္ဒြေနဲ့တော့ နေခဲ့ရပါတယ်။ ဒီတရားစခန်းမှာ လာရောက်ကြတဲ့ ပဏ္ဍိတာရာမ ယောဂီဟောင်းထဲမှာ သာမဏေကျော်ထံ တရားလျှောက်ဖူးတဲ့ ယောဂီတွေ များစွာ ပါဝင်နေကြတာကို တွေ့ရပါတယ်။ ဓမ္မသွေးတော်စပ်ထားသူတွေ ဖြစ်ကြလို့ ခင်မင်ရင်းနှီးဖော်ရွေမှုတွေ ပေါ်ကြွယ်နေပါတယ်။

http://www.dhammadownload.com

# တင့်တယ်သူ

၆-၅-၂၀၀၆ နေ့ဟာ ဗုဒ္ဓနေ့ရဲ့နောက်နေ့ ဖြစ်ပါတယ်။ မနေ့က မိုးမရွာဘဲ ဒီနေ့မှပဲ မိုးရွာလို့ တော်ပါသေးတယ်။ မနေ့ကသာ မိုးရွာခဲ့ရင် မနေ့က ဗုဒ္ဓနေ့ အခမ်းအနားဟာ ကသိကအောက်ဖြစ်ဖွယ် ရှိပါတယ်။ ဒီနေ့က စနေနေ့ ဖြစ်ပါတယ်။ မနက်ဖြန်က တနင်္ဂနွေ ဖြစ်လို့ ဦးဇနပ္ပိယ ရော သမီးအငယ်ဆုံးလေးပါ မနက်ပိုင်းမှာ တရားထွက်ကြပါမယ်တဲ့။ သမီးငယ်လေးကိုတရားအားထုတ်ပြီးမှ ပါဠိနာမည်ပေးမယ်လို့ဆရာတော် ကြီးက မိန့်ထားရာ အခုပေးလိုက်ပါပြီ။ ဝေရောစနာ-တင့်တယ်တဲ့ မိန်း ကလေးလို့ အဓိပ္ပာယ်ရပါတယ်။ (၆-၅-၂၀၀၆)နေ့ နံနက်ပိုင်းမှာ မဝေ ရောစနာ သာမဏေကျော်ထံ တရားလာလျှောက်ပါတယ်။ “သတိရှိသူ ဟာ တင့်တယ်တယ်။ သမာဓိရှိသူဟာ တင့်တယ်တယ်။ ပညာရှိသူဟာ တင့်တယ်တယ်။ ဘဝခရီး ဖြတ်သန်းရတဲ့အခါ ဝမ်းသာစရာလည်း တွေ့ရတယ်။ ဝမ်းနည်းစရာလည်း တွေ့ရတယ်။ ပျော်စရာလည်း တွေ့ ရတယ်။ စိတ်ညစ်စရာလည်း တွေ့ရတယ်။ အကောင်းကို တွေ့ရသလို အဆိုးကိုလည်း တွေ့ရတယ်။ ကောင်းတာနဲ့ တွေ့တော့လည်း အလွန် အကဲ ဝမ်းမသာမိအောင်၊ အဆိုးနဲ့ တွေ့တော့လည်း အလွန်အကဲ ဝမ်း မနည်းမိအောင် သတိရှိဖို့ လိုတယ်။ သတိဆိုတာ ပိုတယ်မရှိဘူး။ သတိ ဆိုတာ ရှိနိုင်လေကောင်းလေပဲ” လို့ ပြောလိုက်ပါတယ်။ ပြီးတော့ ဒီလို လည်း ပြောလိုက်ပါသေးတယ်။

http://www.dhammadownload.com



"မောင်ချမ်းသာ လို့ နာမည်ရှိသူဟာ ဆင်းရဲနေရင် နာမည်နဲ့ မလိုက်ဖက်ပါ။ မောင်ဖြူဆိုသူက အသားမည်းနေရင် နာမည်နဲ့ မလိုက်ဖက်ပါ။ 'ဝေရောစနာ=တင့်တယ်သူ'လို့ နာမည်ရထားသူက သတိကင်းမဲ့သွားရင် နာမည်နဲ့ မလိုက်ဖက်ဘဲ ဖြစ်သွားမယ်။ နာမည်နဲ့လိုက်ဖက်အောင် ကြိုးစားပါ"

မဝေရောစနာလေးဟာ အသက် ၂၇နှစ် ရှိနေပါပြီတဲ့။ တက္ကသိုလ်ဘွဲ့ ရိုးရိုးအပြင် ဘွဲ့လွန်တစ်ခုကိုလည်း မကြာခင် ရပါတော့မယ်။ မဝေရောစနာဟာ တရားကို ရှိရှိသေသေ စေ့စေ့စပ်စပ် လေးလေးစားစား အားထုတ်ကြပါတယ်။ သူ တရားအားထုတ်စဉ် ဖြစ်ပေါ်လာတဲ့ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာတရားတွေက သူမရဲ့စိတ်အစဉ်ကိုလည်း တင့်တယ်စေပါတယ်။ ရုပ်အသွင်ကိုလည်း တင့်တယ်စေပါတယ်။ မမနာပိကာတို့ ညီမ ၃ယောက်ထဲမှာ မဝေရောစနာက အလှဆုံး၊ ဉာဏ်အကောင်းဆုံး ဖြစ်ပါသတဲ့။ ဦးဇနပ္ပိယ၊ ဒေါ်သုဒန္တာ၊ မပေမက်ရာ၊ မဟာနာမ (ပေမက်ရာရဲ့ ခင်ပွန်း) တို့ဟာ မြန်မာနိုင်ငံ ပဏ္ဍိတာရာမမှာ လာရောက်အားထုတ်ခဲ့ကြပေမယ့် မဝေရောစနာကတော့ မြန်မာနိုင်ငံ ပဏ္ဍိတာရာမမှာ အားမထုတ်ရသေးပါ။ မဟာစည်သာသနာ့ရိပ်သာကြီးမှာတော့ အားထုတ်ဖူးပါသတဲ့။ ဓမ္မမိသားစု ဖြစ်နေရတာဟာ ကံထူးတာပါပဲ။

http://www.dhammadownload.com

## ဂဝေသီ

ဆိုးလ်မြို့ ပဏ္ဍိတာရာမရိပ်သာအဖွဲ့ ဥက္ကဋ္ဌဒကာကြီးဟာ အားလပ်တဲ့ရက်မှာ တရားလာဝင်ပါတယ်။ ၆-၅-၂၀၀၆ နေ့မှာ သာမဏေကျော်ထံ တရားလျှောက်ပါတယ်။ ဥက္ကဋ္ဌဒကာကြီးရဲ့ ပါဠိနာမည်က ဂဝေသီ ဖြစ်ပါတယ်။ ဂဝေသီဥပါသကာအကြောင်းကို ပြောပြလိုက်ပါတယ်။ ဂဝေသီက ခေါင်းဆောင်ပုဂ္ဂိုလ် ဖြစ်ပါတယ်။ သူ့နောက်လိုက်ပုဂ္ဂိုလ်တွေထက် အမြဲသာအောင် ကုသိုလ်တွေကို ရယူပါတယ်။ ပဏ္ဍိတာရာမအဖွဲ့ဥက္ကဋ္ဌဖြစ်လို့ အပ္ပမာဒအရာမှာ အဖွဲ့ဝင်တွေထက် သာနိုင်အောင် ကြိုးစားပါ။ ပမာဒအရာမှာတော့ မသာလွန်ပါစေနဲ့လို့ ပြောလိုက်ပါတယ်။ ဆရာတော်ကြီးက ပဏ္ဍိတာရာမ ဓမ္မမိသားစုအဖွဲ့ဝင် ၂၀ လောက်အား ဗုဒ္ဓနေ့မှာ ဗုဒ္ဓဟောခဲ့တဲ့ သာသနာ ကြာရှည်စွာ တည်ကြောင်းတရား ၇ ပါးကို ဟောပါတယ်။ အဲဒီ ၇ ပါးထဲမှာ အပ္ပမာဒဟာ တစ်ခုအပါအဝင် ဖြစ်ပါတယ်။ အပ္ပမာဒရဲ့ အဓိပ္ပာယ်ကို ဆရာတော်ကြီးက ဒီလိုလင်္ကာလေး သီကုံးထားပါတယ်။

* ဆောင်ဖွယ်အချက်, ဆောင်ဖို့တွက်, မပျက်ကွက်တာက အပ္ပမာဒ။
* ရှောင်ဖွယ်အချက်, ရှောင်ဖို့တွက်, မပျက်ကွက်တာ အပ္ပမာဒ။

ရှောင်ဖွယ်ကို ရှောင်ဖို့, ဆောင်ဖွယ်ကို ဆောင်ဖို့ မပျက်ကွက်ပါစေနဲ့လို့ သတိပေးလိုက်တဲ့ သတိပေးချက်ကို ဂဝေသီဒကာကြီးက

http://www.dhammadownload.com



အထူးပဲ သဘောကျနေပါတယ်တဲ့။ သာသနာ ကြာရှည်စွာ တည်နိုင်ကြောင်း တရား ၇ ပါးထဲက ၆ ပါးကိုပဲ ဂဝေသီက မှတ်မိနေပါတယ်။ ၁။ ဘုရားကို ရိုသေမှု။ ၂။ တရားကို ရိုသေမှု။ ၃။ သံဃာကို ရိုသေမှု။ ၄။ အကျင့် သိက္ခာကို ရိုသေမှု။ ၅။ အပ္ပမာဒကို ရိုသေမှု။ ၆။ ပဋိသန္ထာရ ဆက်ဆံရေးကို ရိုသေမှုတို့ပဲ ဖြစ်ပါတယ်။ ၇ ပါးပြည့်ဖို့ရာ တစ်ပါးလိုနေပါတယ်။ သာမဏေကျော်လည်း စဉ်းစားကြည့်ပေမယ့် ပေါ်မလာပါ။ မဝိမလညာနီထံ အင်တာကွန်းနဲ့ မေးကြည့်လိုက်ပါတယ်။ သမာဓိဖြစ်နေပါတယ်။ သမာဓိကို ရိုသေမှုပါပဲ။ အဲဒီတရား ၇ ပါး ဗုဒ္ဓသာသနာဝင်တွေမှာ ရှိရင် သာသနာကြာရှည်စွာ တည်ပါမယ်။ မရှိရင် မတည်နိုင်ပါ။ ဒါကြောင့် အဲဒီတရား ၇ ပါးအပေါ် ရိုသေမှုရှိကြဖို့ ဆရာတော်ကြီးက တိုက်တွန်းပါတယ်။

ဝိသာခါနဲ့ အနာထပိဏ်တို့ဟာ ရဟန်းသံဃာတွေရဲ့ အကြိုက်ကို ရော ရဟန်းသံဃာတွေအား သင့်လျော်တဲ့ ကိစ္စတွေကိုပါ အလွန်အကဲပဲ သိကြပါတယ်။ ဒါကြောင့် သူတို့စီမံတဲ့ပွဲမှာ ရဟန်းသံဃာတွေဟာ စိတ်တိုင်းကျ ဘုဉ်းပေးကြရပါတယ်တဲ့။ ဆရာတော်ကြီးကတော့ သာသနာရဲ့ လိုအပ်ချက်နဲ့ သင့်တော်ချက်ကို အလွန်အကဲ နားလည်ပြီး ဝိသာခါ၊ အနာထပိဏ်တို့လို ဆောင်ရွက်နိုင်အောင် ကြိုးစားကြဖို့ တရားကိုအရင်အားထုတ်ကြဖို့ တိုက်တွန်းပါတယ်တဲ့။ နာယူရတဲ့ ပရိသတ်တွေကတော့ အလွန်အကဲပဲ ဝမ်းသာအားရ ပျော်ရွှင်နေကြပါတယ်။ မဝိသုတညာနီကတော့ “တောင်ကိုရီးယားမှာ ဝိပဿနာထွန်းကား လာတော့မှာပါ” လို့ ပြောနေကြပါတယ်။

http://www.dhammadownload.com

# အလျှင်အမြန်

၇-၅-၂၀၀၆ တနင်္ဂနွေမှာ သာမဏေကျော်ဟာ ယောဂီတွေ အား တရားဟောရမယ်တဲ့။ သံယုတ်ပါဠိမှ သတ္တိသုတ်ကို ဟောဖို့ ရည်ရွယ် ထားပါတယ်။ အဲဒီသတ္တိသုတ်ကို မဟာစည်ဆရာတော်ကြီးက တက္က သိုလ်ဝိပဿနာ တရားတော်စာအုပ်မှာ ဟောကြားထားတာပဲ။ အဲဒီ တရားစာအုပ်ကို ကြည့်ပြီး ဟောရင် လွယ်ပါတယ်။ သာမဏေကျော် က မိနစ် ၃၀ လောက်ပဲ မြန်မာလို ပြောရမယ်။ ဘာသာပြန် မဝိသုတ ညနီက ကိုရီးယားလို မိနစ် ၃၀လောက်ပြောမယ်။ သတ္တိသုတ်မှာ ဗြဟ္မာ တစ်ဦးက ဘုရားရှင်ကို ဒီလို လျှောက်ပါတယ်။

ရင်ဝမှာ လှံစူးနေသူဟာ အဲဒီလှံကို နုတ်ပြီး ကုသဖို့ အလျှင်အမြန် အားထုတ်သင့်ပါတယ်။ ခေါင်းမှာ မီးဆွဲလောင်နေတဲ့သူဟာ အဲဒီမီးကို ငြိမ်းသတ်ဖို့ အလျှင်အမြန်အားထုတ်သင့်ပါတယ်။ အဲဒီလိုပါပဲ သံသရာ ဘေးကို ရှုမြင်တဲ့ ပုဂ္ဂိုလ်ဟာ ကာမရာဂကို သမထစျာန်နဲ့ ပယ်ရှားဖို့ သတိရှိကာ အလျှင်အမြန် အားထုတ်သင့်ပါတယ်။

ဘုရားရှင်ကတော့ ဒီလို ပြန်မိန့်တော်မူပါတယ်။

ရင်ဝမှာ လှံစူးနေတဲ့သူဟာ လှံကို နုတ်ပြီး ကုသဖို့ အမြန် အား ထုတ်သင့်သလို၊ ခေါင်းမီးလောင်နေတဲ့ သူဟာ အဲဒီမီးကို ငြိမ်းသတ်ဖို့ အမြန် အားထုတ်သင့်သလို၊ သက္ကာယဒိဋ္ဌိကို ပယ်ရှားဖို့ သတိရှိကာ အလျှင်အမြန် အားထုတ်သင့်ပါတယ်။

http://www.dhammadownload.com



ဗြဟ္မာက ဒီလို ထင်မြင်ထားပါတယ်။

"ကာမရာဂကင်းအောင် ကျင့်လို့ စျာန်ရရင် ဗြဟ္မာပြည်လောက ရောက်ပြီး ကမ္ဘာနဲ့ချီကာ အသက်ရှည်မယ်။ ခဏ ခဏ မသေရတော့ဘဲ အသေရ သက်သာသွားမယ်"

ဘုရားရှင်ကတော့ ဒီလို မြင်ပါတယ်။

"သက္ကာယဒိဋ္ဌိ မကင်းသေးသူဟာ ဗြဟ္မာ့ပြည်ရောက်နေပေမယ့် အဲဒီဗြဟ္မာပြည်က စုတေပြီး လူ့ဘဝ၊ နတ်ဘဝ ပြန်ရောက်ကာ မကြာ မကြာ သေရဦးမှာပဲ။ အပါယ်လေးပါးလည်း ကျရောက်ပြီး ဆင်းရဲဒုက္ခ တွေ ခံစားသွားရဦးမှာပဲ။ သက္ကာယဒိဋ္ဌိ ကင်းရင်တော့ အပါယ်လေးပါး လည်း မကျတော့ဘူး။ လူ့ဘဝ၊ နတ်ဘဝမှာ ဖြစ်ရရင်လည်း ၇ ဘဝ ထက် ပိုလွန်ပြီး မဖြစ်ရတော့ဘူး။ အများဆုံး ၇ ဘဝမျှသာ ဖြစ်ရတော့ မယ်။ ၇ ခုမြောက်ဘဝမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံဝင်ရတော့မယ်။ ဗြဟ္မာ့ပြည်မှာ တက်ရောက်ပြီး ဖြစ်ရရင်လည်း အဲဒီဗြဟ္မာ့ပြည်မှာပဲ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံရမယ်။ ဒါကြောင့် သက္ကာယဒိဋ္ဌိကို အရိယ မဂ်နဲ့ ပယ်သတ်ဖို့က အရေးအကြီးဆုံး ဖြစ်တယ်။

သက္ကာယဒိဋ္ဌိ ပယ်ရှားနိုင်ဖို့ သတိပဋ္ဌာန် ၄ ပါး အားထုတ်ရတာ ပါပဲ။ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဆိုတဲ့ အာရုံတွေကို ပေါ်ခိုက် ပေါ်ခိုက် မှာ ဖြစ်ပေါ်တဲ့အတိုင်းလိုက်ပြီး ရှုမှတ်ရတာပါပဲ။ ဝိပဿနာဉာဏ်၊ မဂ် ဉာဏ်တွေနဲ့ သက္ကာယဒိဋ္ဌိကို ပယ်သွားရပါတယ်။ ရှုမှတ်ရင် ဝိပဿနာ ဉာဏ်ရော၊ မဂ်ဉာဏ်ပါ ဖြစ်ပေါ်လာတာပါပဲ။

http://www.dhammadownload.com

# ညီမ (၃) ဖော်

"အခု အားထုတ်တဲ့ တရားကို ကမ္မဋ္ဌာန်းဆရာတွေထံ အပ်နှံခဲ့ပြီလား"

"ယူသွားမှာပါဘုရား"

"ပိယာနို တီးဖူးသလား"

"ကောင်းကောင်း တီးတတ်ပါတယ်ဘုရား"

"ပိယာနိုအတတ်သင်ယူပြီး ပိယာနိုရှိရာ နေရာမှာ ထိုင်ကာ မလေ့ကျင့်ရင် တီးကွက် သံစဉ်တို့ မှန်နိုင်ပါ့မလား"

"မမှန်နိုင်ပါဘုရား"

"မှန်အောင် ဘယ်လိုလုပ်မလဲ"

"အမြဲ လေ့ကျင့်ရပါမယ်ဘုရား"

"နားလည်တယ်နော်"

"နားလည်ပါတယ် ဘုရား"

မနေ့က (၆-၅-၂၀၀၆)နေ့က မိုးရွာနေသလောက် (၇-၅-၂၀၀၆) နေ့မှာတော့ နေအလွန်သာနေပါတယ်။ နေ့ဆွမ်းစားချိန်မှာ ကောင်းကင်တစ်ပြင်လုံး ကြည်လင်ကာ ပြာလဲ့နေပါတယ်။ စိမ်းစိုညိုမှိုင်းလာနေတဲ့ ရှုခင်းတွေကို နေသာနေလို့ ထင်ထင်ရှားရှား မြင်တွေ့နေရပါတယ်။ မမနာပိကာက တောင်ကိုရီးယားမှာ ဒီလိုနေသာပြီး လှပသာယာတဲ့ သဘာဝမြင်ကွင်းတွေကို မြင်ရတဲ့ နေ့တွေလည်း ရှိပါတယ်လို့ ဝမ်းသာ

http://www.dhammadownload.com



စွာ ပြောလာပါတယ်။ မမနာပိကာရဲ့ ညီမလေးမဝေရောစနာကို ပဏ္ဍိတာရာမဆရာတော်ကြီးက အထက်ပါ မေးခွန်းတွေကို မေးပါတယ်။ မဝေရောစနာက ဖြေပါတယ်။ တရားအားထုတ်မှုကို ပီယာနိုတီးမှုနဲ့ နှိုင်းယှဉ်ကာ ဆရာတော်ကြီးက တိုက်တွန်းသွားပါတယ်။ မဝေရောစနာလည်း တရားမှန်မှန် ရှုမှတ်ဖို့ တိုက်တွန်းတဲ့ ဆရာတော်ကြီးရဲ့ ပီယာနို ဥပမာစကားကို နားလည်ပါတယ်။

မပေမက်ရာ၊ မမနာပိကာ၊ မဝေရောစနာဆိုတဲ့ ညီမ (၃) ဖော်မှာ ဘယ်သူ အလှဆုံးလဲလို့ မေးခဲ့ရင်တော့ ကြည့်ရှုသူအပေါ် မူတည်ပြီး အဖြေ ကွဲပြားမယ် ထင်ပါတယ်။ အခု စာရေးနေတုန်းမှာ ပေမက်ရာရဲ့ ခင်ပွန်းဖြစ်သူ မဟာနာမ ရောက်လာလို့ အဲဒီမေးခွန်းကို မေးကြည့်ရာ မဟာနာမက ရယ်ကာ မောကာ ဖြေသွားပါတယ်။ ပေမက်ရာတဲ့။ မဝေရောစနာမှာ ရည်းစားရှိနေပါတယ်တဲ့။ အဲဒီရည်းစားကောင်လေးကို သွားမေးရင်တော့ 'မဝေရောစနာ' လို့ပဲ ဖြေမှာ မလွဲပါပဲ။ တစ်မိုးအောက်မှာ တစ်ယောက်တည်းပါအရှင်ဘုရားရယ်လို့များ အပိုဆောင်းကာ အဖြေပေးနေလေဦးမလား။ မမနာပိကာပဲ ကျန်ပါတော့တယ်။ လူတစ်ကိုယ် အကြိုက်တစ်မျိုးစီ မဟုတ်လား။ မမနာပိကာမှ မမနာပိကာလို့ မမနာပိကာကို သဘောကျနေသူအဖို့တော့ ကျန်တဲ့သူတွေကို ဖွဲ၊ ဆန်ကွဲပမာ ထင်ချင်ထင်နေမှာပါလေ။

http://www.dhammadownload.com

# ဘုန်းကြီးကိုယ်တိုင် ကားမောင်းပို့

၈-၅-၂၀၀၆ နေ့ နံနက် ၉ နာရီ မိနစ် ၄၀ မှာ ငါးပြတိုက်ကို ဘုန်အင်ဘုန်းတော်ကြီးက လိုက်ပို့ပေးချင်လို့ မဝိမလဉာဏီ၊ မဝိသုတဉာဏီ၊ မသုဘဒ္ဒါတို့ပါ ငါးပြတိုက်ကို လိုက်ခဲ့ကြပါတယ်။ ဘုန်းကြီး ကိုယ်တိုင်ပဲ ကားမောင်းပါတော့တယ်။ ကားက ဘုန်းကြီးပိုင်ကား ဖြစ်ပါတယ်။ ငါးပြတိုက်နဲ့ မျက်နှာချင်းဆိုင်မှာ ကားလမ်းခြားလျက် မဟာယာနဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ရှိပါတယ်။ ကျောင်းဆောင်တွေက ရှေးဟောင်းလက်ရာတွေနဲ့ ကြီးကျယ်ခမ်းနားကြပါတယ်။ ကျောင်းဝင်းကြီးကလည်း ကျယ်ဝန်းပါတယ်။ ဘုရားဝတ်ပြုရာကျောင်းဆောင်၊ တရားထိုင်ကြရာ ကျောင်းဆောင် စသည်တွေကို ဘုန်အင်ဘုန်းကြီးက လိုက်ပြပါတယ်။ အဲဒီ ကျောင်းတိုက်ကြီးကို မသွားကြသေးခင် ထမင်းဆိုင်တစ်ဆိုင်မှာ သက်လွတ်တရုတ်အစားအစာတွေကို ရောင်းတာမို့ အဲဒီဆိုင်မှာ နေ့ဆွမ်းစားကြပါတယ်။ ဘုန်းတော်ကြီးရဲ့ ကျောင်းတိုက်မှ ရုံးခန်းအလုပ်လုပ်သူတစ်ဦးလည်း ပါပါတယ်။ ကိုယ်တိုင် ယူစားစနစ် (ဘူဖေးစနစ်) နဲ့ စားကြရပါတယ်။ သာမဏေကျော်ကိုတော့ မဝိမလ၊ မဝိသုတ၊ မသုဘဒ္ဒါ တို့က ယူပေးပြီး ကပ်ကြပါတယ်။ အဲဒီနေ့ဆွမ်းကို ဘုန်အင်ကျောင်းဘုန်းကြီးက လှူတာဖြစ်ပါတယ်။ ငါး

http://www.dhammadownload.com



ပြတိုက်ဝင်ကြေးက တစ်ယောက်အတွက် ဝမ်တစ်သောင်းလေးထောင် ကုန်ကျပါသတဲ့။

ငါးပြတိုက်ကို အချိန်တော်တော်ကြာအောင် ကြည့်ရပါတယ်။ ငါးမျိုးစုံကို တွေ့ရပါတယ်။ ငါးတွေရဲ့အရောင်တွေကလည်း အနီ၊ အဝါ၊ အဖြူ၊ အပြာ၊ အကြား၊ အနက် စသည်ဖြင့် စုံလှပါတယ်။ ပင်လယ်ထဲ မသွားရဘဲနဲ့ ပင်လယ်ထဲက ငါးမျိုးစုံကို တွေ့ရပါတယ်။ မြစ် စသည် တွေမှာ နေတဲ့ ငါးတွေကလည်း စုံနေတာပါပဲ။ မြေအောက်လိုဏ်ခေါင်း ထဲမှာ ငါးပြတိုက် လုပ်ထားပါတယ်။ ငါးမျိုးစုံကို တွေ့ရတဲ့အခါ သတ္တဝါ တွေရဲ့ စိတ်ဆန်းကြယ်မှုကြောင့် အဆန်းတကြယ် သတ္တဝါတွေ ဖြစ်နေ ကြတာပါလားလို့ တွေးမိပါတယ်။ မဟာယာနဘုန်းတော်ကြီး ကျောင်း မရောက်ခင်လေးမှာ အမေရိကရောက် ဦးဇဋ္ဌိလထံမှ မဝိမလညာနီထံ ဖုန်းလာနေပါတယ်။ သာမဏေကျော်ရဲ့ ဇာတိရပ် စပါးတွင်းရွာက မူလတန်းကျောင်းဆောင်လေးအတွက် လွှိုင်က သိန်း၅၀ လှူပါတယ် လို့ ဦးဇဋ္ဌိလက ပြောပါတယ်။ အဲဒီလို လှူဖြစ်အောင် ဦးဇဋ္ဌိလက နိဗ္ဗာန်ဆော် လုပ်ပါတယ်။ ငါးပြတိုက် ကြည့်ပြီးလို့ ကင်ချီပြတိုက်ကို သွားတော့ ပိတ်ထားတဲ့ရက် ဖြစ်နေလို့ မကြည့်ခဲ့ရပါ။ စာအုပ်၊ စာရေး ကိရိယာတွေကို ရောင်းတဲ့နေရာတွေကို လိုက်ပြပါသေးတယ်။ တောင် တွေ အထပ်ထပ် ဝိုင်းရံကာ စိမ်းစိုနေတဲ့ တောင်တွေကြား ဖြတ်သွားတဲ့ မြစ်ကမ်းတစ်လျှောက် ကားပတ်မောင်းလျက် ရှုခင်းနေရာတွေ လိုက်ပို့ ပါသေးတယ်။ တောင်ရဲ့ မြင့်မြင့်နေရာမှာ ဟီးနေအောင် ဆောက်ထား တဲ့ ၄ ထပ်ရှိ ဘိက္ခုနီ (မဟာယာနသီလရှင်) ကျောင်းကြီးကို လိုက်ပြ လို့ ကြည့်ခဲ့ရပါသေးတယ်။

http://www.dhammadownload.com

# ခေတ်စားလာလေလေ

ဆိုးလ်မြို့မှာ အပြည်ပြည်ဆိုင်ရာ ပဏ္ဍိတာရာမတရားရိပ်သာ ရှိနေပါတယ်။ ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်းတရားရိပ်သာမှာ လာရောက်တရားအားထုတ်သွားကြတဲ့ ပဏ္ဍိတာရာမယောဂီဟောင်း ကိုရီးယားတွေက စုပေါင်းကာ တရားအားထုတ်ရာနေရာလေး ရှိလို့ လာကြပါတယ်။ ရှိလာအောင် ကြိုးစားကြပါတယ်။ အခန်းငှားကြပါတယ်။ အဲဒီအခန်းမှာ စုပေါင်းကာ တရားရှုမှတ်ကြပါတယ်။ တရားအားထုတ်ဖူးသူအဖို့ ကိုယ့်ဘာသာ အားထုတ်တတ်ကြပေမယ့် အားမထုတ်တတ်သေးသူတွေအဖို့တော့ တရားရှုမှတ်ပုံရှုမှတ်နည်းကို သင်ပြပေးဖို့ လိုလာပါတယ်။ မမနာပိကာရဲ့ မိခင်ဒေါ်သုဒန္တာနဲ့ အစ်မဖြစ်သူ မပေမက်ရာတို့က သူတို့အားထုတ်ခဲ့စဉ်က ရခဲ့တဲ့ တရားရှုမှတ်နည်းတွေကို မရှုမှတ်တတ်သေးတဲ့ ပုဂ္ဂိုလ်တွေအား ကူညီကာ ပြောပြပေးပါတယ်။ ကိုရီးယားဆရာလေး မဝိသုတညာနီက ဒီလို ပြောပြပါတယ်။

"ဒေါ်သုဒန္တာနဲ့ မပေမက်ရာတို့က တကယ့်ကို ရိုးရိုးသားသား ဖြူဖြူစင်စင် မေတ္တာထားကာ တရားရှုမှတ်နည်းတွေကို သေသေချာချာ ပြောပြပေးကြပါတယ်။ ပိဋကစာပေဗဟုသုတ မရှိပေမယ့် ကိုယ်တိုင်တွေ့ကြုံ သိရှိခဲ့ရတဲ့အတိုင်း ကူညီပေးကြပါတယ်။ သူတို့ကိုယ်တိုင်လည်း ပါဝင်အားထုတ်ကြပါတယ်။ ပဏ္ဍိတာရာမဆရာတော်ကြီးရဲ့

http://www.dhammadownload.com



တရားတိတ်ခွေကို ဖွင့်ပြီး နာယူကြပါတယ်။ သူတို့မှာ ရှိတဲ့ စီးပွားတွေကို သာသနာအတွက် မြှုပ်နှံကာ ဆောင်ရွက်ပေးနေကြပါတယ်။ ဒီတရားစခန်းမှာ အောက်ခြေသိမ်းအလုပ်တွေကို လုပ်ဆောင်ပေးနေကြပါတယ်။ သူတို့ကို ပတ်ဝန်းကျင်လူတွေက ရှိသေမြတ်နိုးအားကိုးလေးစားကြပါတယ်။ ဝိပဿနာဟာ တောင်ကိုရီးယားမှာ တဖြည်းဖြည်း ကျယ်ပြန့်လာမှာပါ။ ဝိပဿနာရောင်ခြည် လင်းလာနေပါပြီသတဲ့။"

ဘုန်အင်ကျောင်းမဟာယာနဆရာတော်ကလည်း မနေ့က ငါးပြတိုက်ကို လိုက်ပို့မောင်းရင်း ကားပေါ်မှာ ဒီလိုပြောပါတယ်။

"နောင် ၁၀ နှစ်လောက် ကြာလာရင်တော့ ဝိပဿနာကို အခြားမဟာယာနတွေပါ စိတ်ဝင်စားလာကာ အားထုတ်လာကြပါမယ်။ အားပေးလာကြမယ်လို့ မျှော်လင့်ရပါတယ်။ သူလည်း ချမ်းမြေ့မှော်ဘီ ရိပ်သာမှာ ၂ ကြိမ် တရားအားထုတ်ခဲ့ဖူးပါတယ်။ အသိအမြင် ကျယ်ပြန့်တဲ့ မဟာယာနဘုန်းကြီးတွေ၊ သီလရှင်တွေက ဝိပဿနာအားထုတ်တာကို အထင်မသေးကြပါ။ မကဲ့ရဲ့၊ မရှုတ်ချကြပါ"

တကယ့်အနှစ်သာရကို ရှာဖွေလိုသူတွေ တောင်ကိုရီးယားမှာ များလာလေလေ ဝိပဿနာဟာ ခေတ်စားလာလေလေ ဖြစ်မယ်လို့ ယူဆရပါတယ်။

http://www.dhammadownload.com

# မေခနဲ့ မေလိခပမာ

ဆိုးလ်မြို့ ဟန်မြစ်ကို ဖြတ်သွားတဲ့ တံတားတွေထဲမှာ အိုလံပစ် တံတားလည်း ပါဝင်ပါတယ်။ အိုလံပစ်မီးတိုင်ပုံစံ လုပ်ထားပါတယ်။ အိုလံပစ်အားကစားကွင်းကြီးကိုလည်း မြင်တွေ့ရပါတယ်။ ဟန်မြစ်ကို ဖြတ်ကူးထားတဲ့ တံတားတစ်ခုမှာ တံတား ၂ ထပ် ရှိနေပါတယ်။ အောက်ထပ်မှာ ရထားသွား၊ အထက်ထပ်မှာ ကား သွားပါတယ်။ တောင်တွေ နေရာတကာမှာ ပေါများလှတဲ့ တောင်ကိုရီးယားမှာ တောင်တွေကို ဖောက်လုပ်ထားတဲ့ မြေအောက်လိုဏ်ခေါင်းထဲက ကား လမ်းတွေ၊ ရထားလမ်းတွေကိုလည်း တွေ့ရပါတယ်။ မြေအောက် ကား လမ်းတွေ ဖောက်ထွင်းတည်ဆောက်ရာမှာ ကိုရီးယားတွေက အလွန် ပဲ ကျွမ်းကျင်ပါတယ်တဲ့။ တောင်တွေ ပေါတော့ တောင်တွေကို ဖောက် ထွင်းထားတဲ့ မြေအောက်ကားလမ်းတွေကလည်း ပေါများလှပါတယ်။ မြေအောက်က ကားလမ်းတွေ၊ ရထားလမ်းတွေ၊ ငါးပြတိုက်စတဲ့ နေရာ တွေမှာ လျှပ်စစ်မီးတွေ အချိန်ပြည့်လင်းထိန်နေကြပါတယ်။ ဒီလိုနေရာ တွေမှာ မီးပျက်ခဲ့ရင်တော့ ဒုက္ခပါပဲလို့ ပြောမိရာ သူတို့တောင်ကိုရီးယား တွေက ရယ်ကြပါတယ်။ “ဒီနိုင်ငံမှာ မီးပျက်တယ် ဆိုတာ လုံးဝမရှိပါ” လို့ ပြန်ပြောကြပါတယ်။ သူတို့က ရယ်ကြတော့ ပြောမိတဲ့ကိုယ်ပဲ ရှက် ရမလိုလို ဖြစ်သွားရပါတယ်။

မြောက်အရပ်မှ တောင်အရပ်သို့ စီးဆင်းလာတဲ့ မြန်မာက ဧရာ ဝတီမြစ်ဟာ မေခနဲ့မေလိခမြစ်နှစ်သွယ်မှာ မြစ်ဖျားခံသလို ဒီတောင် ကိုရီးယားက ဟန်မြစ်ဟာလည်း မြောက်ကိုရီးယားက စီးဆင်းလာတဲ့

http://www.dhammadownload.com



မြစ်တစ်သွယ်နဲ့ အခြားအရပ်က စီးဆင်းလာတဲ့ မြစ်တစ်သွယ်မှာ မြစ်ဖျားခံပါတယ်။ အဲဒီမြစ်နှစ်သွယ် ပေါင်းဆုံရာ နေရာလေးကို မြင်ခဲ့ရပါတယ်။ ဟန်မြစ်ဟာလည်း မြောက်မှ တောင်ကို စီးဆင်းသွားတာပါပဲ။ မြစ်နှစ်သွယ်ပေါင်းဆုံရာနေရာကနေ မြောက်ကိုရီးယားက စီးဆင်းလာတဲ့ မြစ်ရဲ့ဘေးနှစ်ဖက်မှာ တောင်အထပ်ထပ် ရှိနေပါတယ်။ တောင်ကိုရီးယားမှာ တောင်တွေ ပေါတယ်ဆိုတာ ဟုတ်ပေတာပဲလို့ တွေးမိပါတယ်။ အဲဒီမြစ်ရဲ့ဘေး ၂ ဖက်မှာ ကားလမ်းတွေ ရှိပါတယ်။ ကားလမ်းဘေးတစ်လျှောက်မှာ မြင်တွေ့ရတဲ့ တောင်တွေမှာ သစ်ပင်တွေ စိမ်းစိုနေကြပါတယ်။ အဖြူ၊ အနီ၊ ခရမ်းရောင်ပန်းတွေကလည်း ကားလမ်းတစ်လျှောက်က အိမ်တွေမှာ အလှစိုက်ထားလိုက်ကြတာကလည်း ပုံစံအမျိုးမျိုးပါပဲ။ ၈-၅-၂၀၀၆ မှာ နေသာသာနဲ့ ဘုန်အင် ဘုန်းတော်ကြီးကားမောင်းလိုက်ပို့လို့ အဲဒီမြင်ကွင်းတွေကို မြင်တွေ့ခဲ့ရပါတယ်။ ဆိုးလ်မြို့ထဲမှာ မမြင်တွေ့ရတဲ့ တော၊ တောင်သဘာဝရှုခင်းတွေကို ဒီလိုတောမြို့လေးတွေမှာ မြင်တွေ့ရပါတယ်။ အသွားမှာ ဒီဘက်လမ်းက သွားပြီး အပြန်မှာ ဟိုဘက်ကမ်းက ပြန်လာကြပါတယ်။ မြစ်ရဲ့ကမ်းနှစ်ဖက်ရှိ ကားလမ်းတွေမှာ ရှိတဲ့ မြင်ကွင်းတွေကို မြင်တွေ့ခဲ့ရပါတယ်။

http://www.dhammadownload.com

# အမှန်ကို သိနိုင်ဖို့ရာ

"ကွေတယ်၊ လှမ်းတယ်၊ ချတယ်"လို့ မှတ်ရုံတင်မက "ကွေချင်တယ်၊ လှမ်းချတယ်၊ ချချင်တယ်" လို့ ဦးဆောင်စိတ်လေးတွေကို မှတ်ကြောင်း ယောဂီတချို့ ပြောကြပါတယ်။ အဲဒီယောဂီတွေကို"တကယ် ဖြစ်ပေါ် နေတဲ့ ဦးဆောင်စိတ်ကို မှတ်တာလား၊ စိတ်ကူးနဲ့ရှာပြီး မှတ်နေတာ လား"လို့ မေးတဲ့အခါ "တကယ်ဖြစ်ပေါ်နေတာ မဟုတ်တဲ့ ဦးဆောင် စိတ်ကို ရှာပြီး မှတ်တဲ့အခါ မှတ်နေမိပါတယ်"လို့ တချို့က ပြောလာ တယ်။ စတင်ပြီး တရားရှုမှတ်တဲ့အခါ ထင်ရှားတဲ့ ရုပ်ကစပြီး မှတ်ရ တယ်။ မကြည်လင်သေးတဲ့ မှန်ကို ပွတ်တိုက်ပေးလို့ ကြည်လင်လာတဲ့ အခါ မှန်ထဲမှာ မျက်နှာဟာ ထင်ထင်ရှားရှား ပေါ်လာသလို သတိ သမာဓိအားကောင်းလာလို့ စိတ်ကြည်လင်လာတဲ့အခါ အသေးအမွှား ဦးဆောင်စိတ်တွေကိုပါ မှတ်နိုင်လာပါတယ်။ ယထာပါကဋ္ဌ ဝိပဿနာ ဘိနိဝေသော - ဝိပဿနာစရှုတဲ့အခါ ထင်ရှားရာကစပြီး ရှုရမယ်လို့ ဝိသုဒ္ဓိမဂ် မဟာဋီကာလာ ဝိပဿနာပရိဘာသာစကား ရှိထားတာပဲ။ ထင်ရှားပြီး လွယ်ကူတဲ့ အာရုံက စပြီး ရှုမှတ်ရတယ်။ စာသင်ယူတဲ့အခါ လွယ်တာက စပြီး သင်ရတယ်။ နည်းနည်းနဲ့ စရတယ်။

ပဏ္ဍိတာရာမ ဆရာတော်ကြီးက ၉-၅-၂၀၀၆ နေ့က နေ့ဆွမ်း ဘုဉ်းပေးဖို့ သာမဏေကျော်နေရာကျောင်းဆောင်သို့ ကြွအလာမှာ လမ်းသွားရင်း မိန့်ကြားပါတယ်။ နတ်တွေ၊ ဗြဟ္မာမှာတော့ နာမ်က ထင်

http://www.dhammadownload.com



ရှားလို့ နာမ်ကစပြီး ရှုလို့ရပါတယ်။ ဆရာတော်ကြီးက ဒီလိုလည်း မေးပါသေးတယ်။

"ဆေးပညာ သင်ယူကြတဲ့အခါ ဆေးကျောင်းသားတွေဟာ အတူတူ သင်ယူကြရပြီး ကုသတဲ့အခါမှာတော့ ကုသပုံက ကိုယ့်အယူအဆနဲ့ကိုယ် ကွဲပြားတတ်ကြပါတယ်။ အခုလည်း အဲဒီလိုမျိုး ဖြစ်နေကြတာလား"

"ဆေးပညာမှာ ကုသပုံ ကွဲပြားတတ်ကြပေမယ့် ကုသတဲ့နည်းက သဘာဝကျပြီး မှန်ကန်တဲ့နည်းပဲ ဖြစ်သင့်ပါတယ်။ ဖြစ်ရပါမယ်။ ကိုယ့်မှီခိုရာ ဆရာသမားနည်းအတိုင်း၊ ဩဝါဒအတိုင်း တရားပြန်လည် ပြသပေးကြရာမှာ ပိဋကစာပေနဲ့အညီ ညွှန်ကြားရေးသားထားတဲ့ ဆရာသမားဩဝါဒကို မှန်မှန်ကန်ကန် တိတိကျကျ လိုက်နာကာ ပြသပေးကြမှ ကောင်းပါမယ်။ ကိုယ်ထင်ရာ အလွဲတွေကို ပြသပေးမိရင် တပည့်တွေက အဲဒီအလွဲကို အမှန်ကို ထင်ကာ စွဲနေတတ်ကြပါတယ်။ တပည့်ဖြစ်သူတွေမှာ အမှန်မသိရတဲ့အတွက် နစ်နာဆုံးရှုံးမှုတွေကို ကြုံတွေ့ကြရရှာပါတယ်။ ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော - အမှန်အတိုင်း သိနိုင်ဖို့ ဆရာကောင်းကို ရှာမှီးရမယ်လို့ ဆိုထားတဲ့ စကားဟာ မှန်ပေတာပါပဲ။

ဆရာတော်ကြီးမေးတဲ့ အမေးရဲ့အဖြေကို သာမဏေကျော်က အဲဒီလို တွေးနေမိပါတယ်။

http://www.dhammadownload.com

# အီးမေးလ်မှတစ်ဆင့်

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းက အခြေအနေလေးတွေကို သိလိုလို့ မဝိမလညာနီကို ပဏ္ဍိတာရာမ ရန်ကုန်သို့ အီးမေးလ် အပို့ခိုင်းကာ မေးရပါတယ်။ မော်ဘီမြို့ ဈေးသူဈေးသားတွေက စုပေါင်းပြီး လှူကြမယ့် မုခ်ဦးကို စပြီး ဆောက်လုပ်နေပြီလား။ စပါတော့မယ်တဲ့။ ကိုရင်ဘယ်လောက်၊ ဖိုးသူတော်ဘယ်လောက် ရှိနေပါသလဲ။ ကိုရင် ၂၀ ပါး ဖိုးသူတော် ၅ ပါး ရှိနေပါတယ်တဲ့။ လျှပ်စစ်မီးအခြေအနေကဘယ်လိုရှိနေပြီလဲ။ လျှပ်စစ်မီးရအောင် ဒေါ်သန်းမေနဲ့ ဦးလေးမောင်တို့ ကြိုးစားနေကြပါတယ်တဲ့။ ဒုတိယအကြိမ် ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းမှာ ရိုက်ထားတဲ့ ဗီဒီယိုခွေကို ကူးပြီးပြီလား။ မပြီးသေးပါတဲ့။ မောင်လှဝင်းမှာ အလုပ်ရှုပ်နေလို့ လှည်းကူး သစ်ဆန်း ဗီဒီယိုရိုက်တဲ့ မောင်ဇော်ထံ မသွားနိုင်လို့ ထင်ပါရဲ့။ သာမဏေကျော်ရဲ့ ဇာတိရပ်စပါး တွင်းရွာမှ စိတ္တသုခမာရ်အောင်ရတနာကျောင်းဆရာတော် ဦးညာနဝရ ပြန်သွားပြီလို့ သိရပါတယ်။ ဦးညာနဝရအပြန်မှာ ပါသွားအောင် မောင်လှဝင်း ကြိုးစားမပေးလိုက်ဘဲကိုး။ မညိုမီလှိုင်က အဲဒီ ဗီဒီယိုခွေ ရိုက်ရအောင် ငွေတစ်သိန်းကို မောင်လှဝင်းအား ပေးထားပြီးပြီပဲ။ မညိုမီလှိုင်ဟာ မဇဝနညာနီအမည်နဲ့ သီလရှင်ဝတ်ကာ ပဏ္ဍိတာရာမဆယ်မိုင်ကုန်း

http://www.dhammadownload.com



မှာ တစ်လပြည့်အောင်တရားအားထုတ်ဆဲ ဖြစ်နေသေးလို့ မောင်လှဝင်းက အေးအေးဆေးဆေး လုပ်နေတာ ဖြစ်မှာပါလို့ တွေးမိပါတယ်။

ညီဖြစ်သူ မောင်အောင်ဆန်းက ကိုရီးယားမှ ဦးထုပ်ကို လိုချင်ပါတယ်လို့ ပဏ္ဍိတာရာမက အီမေးလ်နဲ့ မှာလိုက်ကြောင်းကို မဝိမလညာနီကပြောပါတယ်။ မောင်အောင်ဆန်းက အသက် ၃၀ ရှိပေမယ့် မျက်နှာကလည်း ကလေးလို၊ ပြောဆိုပြုမူတာကလည်း ကလေးလိုပါပဲ။ အငယ်ဆုံးမို့ ထင်ပါရဲ့၊ အခုလည်း သာမဏေကျော်ထံ ဦးထုပ်ပူဆာနေပါတယ်။ ညီမောင်လှဝင်းကတော့ ဖုန်းနဲ့ စကားပြောတုန်း ညီ ဦးသြဘာသအား 'သာမဏေကျော်ကိုလျှောက်လိုက်ပါ။ လက်ဆောင် လက်ဆောင်' လို့ ပြောခိုင်းနေပါတယ်။ သာမဏေကျော်က "လက်ကို ဆောင်လာရမှာပေ့ါ။ လက်ကိုဆောင်လာတာဟာ လက်ဆောင်ပဲပေ့ါ" လို့ ပြောလိုက်ပါတယ်။ ဦးသြဘာသက ရယ်ပါတယ်။ အဲဒီအခါရောက်မှ မောင်လှဝင်း ဖုန်းအနီးအနား ရောက်နေမှန်း သိရတဲ့အတွက် မောင်လှဝင်းနဲ့ စကား ပြောလိုက်ရပါသေးတယ်။ မောင်အောင်ဆန်းနဲ့ မောင်လှဝင်းတို့ပူဆာလို့ မဝိမလညာနီခမျာ အလုပ်ရှုပ်ရပါတယ်။ သူတို့အလိုဆန္ဒကို ဖြည့်ပေးဖို့ ဈေးကို သွားရရှာပါတယ်။ မဝိမလညာနီက အကင်းပါးပြီး ဖျတ်လတ်သွက်လက်ကာ အကွက်ကျကျ ဆောင်ရွက်ပေးတတ်သူ ဖြစ်ပါတယ်။ မောင်အောင်ဆန်းနဲ့ မောင်လှဝင်းတို့ရဲ့ဆန္ဒကို မဝိမလညာနီကပဲ ဖြည့်ပေးမှာ ဖြစ်ပါတယ်။

http://www.dhammadownload.com

# ရွှေလက်တွဲ၍

အမျိုးသမီးယောဂီတစ်ယောက် တရားလာလျှောက်ပြီးချိန်မှာ သူမကို "ဘာလို့ တရားလာအားထုတ်တာလဲ" လို့ မေးလိုက်ပါတယ်။ သူမက မိတ်ကပ်အလှပြင်ပေးသူ ဖြစ်ပါတယ်။ သူမက "ခင်ပွန်းက တရားအားထုတ်ခိုင်းလို့ပါ။ ခင်ပွန်းက ဝိပဿနာဟာ လောကမှာ တန်ဖိုးအရှိဆုံးအရာပါ လို့ ပြောပါတယ်" လို့ ဖြေပါတယ်။ "သြော် ဒီယောဂီက သူ့ခင်ပွန်းရဲ့စကားကို နားထောင်လိုက်နာပေတာပါပဲ" လို့ တွေးကာ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီး ရေးခဲ့တဲ့ ဂါထာလေး တစ်ပုဒ်ကို သတိရလာပါတယ်။ အဲဒီဂါထာလေးရဲ့အဓိပ္ပာယ်ကို ပြောပြလိုက်ပါတယ်။

"အခြားသူရဲ့စကား အခွန်းပေါင်းတစ်ရာထက် ချစ်သူရဲ့စကား တစ်ခွန်းကပဲ ပိုမိုတန်ဖိုး ရှိပါတယ်။ ဒါကြောင့် ကိုယ်ချစ်ခင်ရသူအား အကျိုးစီးပွားနဲ့ဆက်စပ်တဲ့ ချစ်ဖွယ်စကားကို ပြောကြားပေးရပါတယ်"

အထက်ပါစကားအရ ဒီယောဂီကလည်း သူ့ခင်ပွန်းစကားကို လိုက်နာလို့ သူ့ခင်ပွန်းကို ချစ်ပုံရပါတယ်။ သူ့ခင်ပွန်းကလည်း သူမကို ချစ်ပုံရပါတယ်။

"လောကမှာ အံ့ဩဖွယ်ကို မြင်တွေ့ရရင်၊ သို့မဟုတ် ရခဲတာကို ရခဲ့ရင် ချစ်ခင်သူကို သတိရတတ်ကြတာဟာ လောကဓမ္မတာပါ"

http://www.dhammadownload.com



ရခဲတဲ့ တန်ဖိုးအရှိဆုံး ဝိပဿနာကို ရတဲ့အခါ သူမရဲ့ခင်ပွန်းက ချစ်ဇနီးကို သတိရပါလိမ့်မယ်။ ရစေချင်ပါတယ်။ ဒါကြောင့် သူ့ရဲ့ ချစ်လှစွာသော ဇနီးကို အခုလို တိုက်တွန်းခဲ့တာ ဖြစ်ပါတယ်။ အဲဒီ ယောဂီကို အထက်ပါစကား(၂) ရပ်ကို ပြောပြတဲ့အခါ သဘောကျစွာ ရယ်ပြန်ပါတယ်။

နကုလမာတာနဲ့နကုလပိတာအား ဘုရားမိန့်ကြားခဲ့တဲ့ အောက်ပါ စကားကို ပြောပြလိုက်ပါတယ်။

"နောင်ဘဝသံသရာမှာလည်း တစ်ဦးကိုတစ်ဦး အမြဲမြင်တွေ့လိုကြရင်သဒ္ဓါတူရမယ်၊ ဒါနတူရမယ်၊ သီလတူရမယ်၊ တရားအသိပညာတူရမယ်။"

အဲဒီဘုရားစကားတော်အရ သံသရာခရီးတစ်လျှောက်မှာလည်း ရွှေလက်တွဲကာ လျှောက်လှမ်းလိုကြရင် သဒ္ဓါ၊ ဒါန၊ သီလ၊ ပညာတွေ တူဖို့ လိုပါတယ်။ ယောဂီက ဒီစကားကို ကြားရတဲ့အခါ ကြိတ်ပြုံးပြုံးနေပါတယ်။ ဒီယောဂီတို့ဇနီးမောင်နှံဟာ နကုလမာတာ၊ နကုလပိတာတို့လောက် တစ်ဦးပေါ် တစ်ဦး ချစ်ကြပါရင် သဒ္ဓါ၊ ဒါန၊ သီလ၊ ပညာတူအောင် ကြိုးစားကြပါလိမ့်မယ်။ နကုလမာတာတို့စုံတွဲလို ထာဝရရွှေလက်တွဲလိုကြပါရင် အထက်ပါဘုရားစကားတော်အတိုင်း ဖြစ်အောင် ကြိုးစားဖို့ လိုပါတယ်။

http://www.dhammadownload.com

# ကဆုန်လပြည့်နေ့

၁၁. ၅. ၂၀၀၆ နေ့က ကဆုန်လပြည့်နေ့ ဖြစ်ပါတယ်။ ရဟန်း (၂) ပါးတည်း ရှိတာမို့ ပါရိသုဒ္ဓိဥပုသ် ပြုလိုက်ကြပါတယ်။ ရေသပ္ပါယ်ဖို့ မမနာပိကာက စီစဉ်ထားပါတယ်။ ယောဂီတွေလည်း ပါပါတယ်။ ဘုန်အင်ကျောင်းမဟာယာန ဘုန်းတော်ကြီးလည်း ပါပါတယ်။ မမနာပိကာက အနေဇာတင်ပါဠိတွေကို ကိုရီးယားလို ဘာသာပြန်ပေးကာ ယောဂီတွေအား ပေးထားပါတယ်။ ဆရာတော်ကြီးက "အဂ္ဂေါ ဟမသ္မိ လောကဿ၊ ဇေဋ္ဌောဟမသ္မိ လောကဿ၊ သေဋ္ဌောဟမသ္မိ လောကဿ" လို့ ဘုရားလောင်းလေး ရဲရဲတောက် မိန့်ကြားခဲ့တဲ့ စကားလေးကို ရွတ်ဆိုကာ မေတ္တာသုတ်နဲ့ ဘုရားဂုဏ်တော် စသည်ကို ရွတ်ဖတ်ပူဇော်ပါတယ်။ ဒိဝါ တပတိဂါထာကို ရွတ်ဆိုကာ နိဂုံးချုပ်လိုက်ပါတယ်။ ရေသပ္ပါယ်မှာက ဗောဓိပင်လည်း မဟုတ်ပါ။ ဘုရားရုပ်ပွားတော်လည်း မဟုတ်ပါ။ ဘုရားလောင်းကလေး ဖြစ်ပါတယ်။ ရဲရဲတောက် စကား ၃ ခွန်းဖြစ်တဲ့ အထက်ပါစကားတွေကို မိန့်ဆိုနေပုံဖြစ်ပါတယ်။ မြန်မာလို အဓိပ္ပာယ်က-

" ငါဟာ လောကရဲ့ခေါင်ထိပ်က သူ ဖြစ်တယ်။
ငါဟာ လောကရဲ့ အကြီးဆုံးသူ ဖြစ်တယ်။
ငါဟာ လောကရဲ့ အမြတ်ဆုံးသူ ဖြစ်တယ်" တဲ့။

http://www.dhammadownload.com



ရွှတ်ဖတ်ပူဇော်ပြီး ဘုရားလောင်းရုပ်ပုံလေးကို ရေသပ္ပါယ်ရမှာ ဖြစ်ပါတယ်။ အချိန်က နံနက်ပိုင်း ၇ နာရီဖြစ်ပါတယ်။ ဒါကြောင့် ဆရာတော်ကြီးက ဘုရားလောင်းလေးကို ရေလောင်းမပေးတော့ပါ။ မဟာယာနဆရာတော်နဲ့တကွ ယောဂီတွေက ရေသပ္ပါယ်ကြပါတယ်။ ပန်းတွေနဲ့လည်း ပူဇော်ကြပါတယ်။ ၁၁-၄-၂၀၀၆ နေ့က ရန်ကုန်မှ ထွက်လာခဲ့ကြတာဖြစ်လို့ ၁၁-၅-၂၀၀၆ နေ့မှာ တောင်ကိုရီးယားမှာ တစ်လပြည့်သွားပါပြီ။ ဒီနေ့ရတဲ့ ကာလအတွင်း ကိုရီးယားက သစ်ပင်၊ ပန်းပင်တွေရဲ့အပြောင်းအလဲကို ကောင်းကောင်း မြင်တွေ့ရပါတယ်။ တစ်လပြည့်သွားချိန်မှာတော့ သစ်ပင်တိုင်းဟာ စိမ်းစိုညိုမှိုင်းနေကြပါပြီ။ အပွင့်ရှိတဲ့ အပင်တွေက အပွင့်အလှ၊ အရွက်ပဲ ရှိတဲ့ သစ်ပင်တွေက အရွက်အလှနဲ့ ပြည့်စုံနေကြပါတယ်။ တောင်တွေပေါများလှတဲ့ တောင်ကိုရီးယားက တောင်အားလုံးမှာ ကြီးကြီး၊ ငယ်ငယ်၊ ရှယ်ရှယ်၊ လတ်လတ် သစ်ပင်တွေက မှိုခိုကာ စိမ်းစိုနေကြပါတယ်။

ဒီနေ့မှာ နေသာပါတယ်။ မြန်မာနိုင်ငံမှာတော့ မိုးရွာနေပြီလား မပြောတတ်ပါ။ တောင်ကိုရီးယားမှာ ဗုဒ္ဓနေ့နဲ့ ပတ်သက်ပြီး ဗုဒ္ဓဘာသာဝင်တွေက သူတို့ယဉ်ကျေးမှုနဲ့အညီ ပူဇော်ကြကျင်းပကြပါတယ်။ မြန်မာနိုင်ငံမှာလည်း ကဆုန်လပြည့် ဗုဒ္ဓနေ့မှာ ကဆုန်ညောင်ရေသွန်းပွဲတွေ ပြုလုပ်ကြပါတယ်။ တချို့ရွာ၊ တချို့မြို့တွေမှာ ခြိမ့်ခြိမ့်သဲပါပဲ၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ကပွဲတွေလည်း ပါကြလေရဲ့၊ ဘုရားအလိုတော်ကျ၊ မကျ မစဉ်းစားကြတော့ပြီလား။

http://www.dhammadownload.com

# လိုရင် ရှာက နည်းလမ်း ရ

တရားအားထုတ်နေတဲ့ ဆရာဝန်ကြီးမှာ ဆေးရုံဖွင့်ထားပါတယ်။ ဝန်ထမ်း ၁၈၀ ရှိပါတယ်။ အထူးကုဆရာဝန် ၁၈ ယောက် ရှိပါတယ်။ ဝန်ထမ်း ၁၈၀ ထဲမှာ ခရစ်ယာန်ဘာသာဝင် ဦးရေက ၅၀၊ ဗုဒ္ဓဘာသာဝင်က ၂ ယောက် ၃ ယောက်၊ ဘာသာမဲ့တွေက ကျန်ဝန်ထမ်းတွေပါပဲ။ သူက ဝိပဿနာကို အားထုတ်လာတာ ၅ နှစ် ရှိပါပြီ။ သူ့ကို ဆရာဝန်တစ်ဦးက ဝိပဿနာအားထုတ်နည်းကို စတင်ပြောပြပါတယ်။ လူမှုကိစ္စ၊ စီးပွားရေးကိစ္စနဲ့ပဲ ရှုပ်ထွေးကာ အချိန်ကုန်နေရတဲ့သူ့ဘဝကို သူမကျေနပ်၊ အားမရခဲ့ပါ။ အခြားလူတွေကတော့ သူ့ကို ချမ်းသာတယ်လို့ ထင်ကြပါတယ်။ တကယ်တော့ သူ့မှာ မချမ်းသာပါ။ လူအများနဲ့ အလုပ်လုပ်လုပ်ရတော့ ပြဿနာတွေက ရှုပ်ထွေးပါတယ်။ သူ့မှာ ဆရာဝန်ဖြစ်နေပေမယ့် စိတ်ရှုပ်ထွေးစရာ၊ စိတ်ဆင်းရဲစရာ ပြဿနာမျိုးစုံ ကြုံတွေ့တဲ့အခါ ဖြေရှင်းပေးနိုင်တဲ့အရာကို ရှာဖွေခဲ့ပါတယ်။ ဗုဒ္ဓဘာသာကို တွေ့ခဲ့ရပါတယ်။ ဗုဒ္ဓဘာသာထဲမှာလည်း ဝိပဿနာကို တွေ့လာရပါတယ်။ ဝိပဿနာဟာ သူ့ဘဝပြဿနာကို ဖြေရှင်းပေးပါတယ်။ ဝိပဿနာ စတင်တွေ့ရှိလာကတည်းက နေ့စဉ်တတ်နိုင်သမျှ အားထုတ်ခဲ့ပါတယ်။ အခုလို ဒီတရားစခန်းမှာ တစ်လကြာ အားထုတ်ခွင့်ရအောင် အခက်အခဲများစွာကို ကျော်လွှားခဲ့ရပါတယ်။

http://www.dhammadownload.com



ဝိပဿနာကို သူ့ဆေးရုံက ဝန်ထမ်းတွေကို အားထုတ်စေချင်ပါတယ်။ တတ်နိုင်သမျှ ကြိုးစားကြည့်နေပါတယ်။ ဘာသာမတူသူတွေ၊ ဘာသာမဲ့သူတွေကိုလည်း သတိထားပြီး ပြောရပါတယ်။ အငြင်းမပွားရအောင်လို့ပါ။ တောင်ကိုရီးယားက ဆရာဝန်အားလုံးကိုရော တောင်ကိုရီးယားပြည်သူပြည်သားအားလုံးကို ဖြစ်နိုင်ရင် အားထုတ်စေချင်ပါတယ်တဲ့။ ကြီးကျယ်တဲ့ ဆရာဝန်ကြီး ဖြစ်နေပေမယ့် မာနအရိပ်အယောင်ကို သူ့မှာမတွေ့ရပါ။ ရိုးသားမှုကိုလည်း မြင်တွေ့ရပါတယ်။ သူတတ်သိထားတဲ့ ဆေးပညာက တစ်ဘဝတာ စားဝတ်နေရေး အဆင်ပြေမှုအတွက်ပါပဲ။ ဝိပဿနာပညာက တစ်ဘဝစာ ချမ်းသာဖို့အတွက်သာမက ဘဝသံသရာခရီးတစ်လျှောက် ချမ်းသာဖို့အတွက်ပါ ဖြစ်ပါတယ်။

သိဒ္ဓတ္ထမင်းသားမှာ ဒီလိုအတွေးပေါ်ခဲ့ပါတယ်။

"အပူရှိသလို အအေးရှိတယ်။ အမှောင်ရှိသလို အလင်းရှိတယ်။ အဲဒီလိုပါပဲ အအို ရှိသလို မအိုရာ ရှိရမယ်။ နာတာ ရှိသလို မနာရာရှိရမယ်။ သေတာရှိသလို မသေတာရှိရမယ်။ အအို၊ အနာ၊ အသေကင်းတဲ့တရားဟာ ရှိကိုရှိရမယ်။ ရအောင် ရှာမယ်"

ရှာတော့လည်း တွေ့သွားပါတယ်။ ဆရာဝန်ကြီးမှာလည်း ပူလောင်ရှုပ်ထွေးတဲ့ အခြေအနေတွေမှ လွတ်ထွက်အောင် နည်းလမ်းရှာဖွေရာ ဝိပဿနာကို တွေ့သွားပါတယ်။ 'လိုရင် ရှာက နည်းလမ်းရ' လို့ ဆိုရမှာပါပဲ။

http://www.dhammadownload.com

# ရှေ့သို့ တက်လှမ်း

မမနာပိကာက သူ့အဘိုး အသည်းအသန် ဖြစ်နေလို့ အဘိုးထံ သွားပါတယ်။ နေဝင်ချိန်ရောက်နေပုံ ရပါတယ်။ မမနာပိကာ မရှိလို့ မဝိသုတညာနီဘာသာပြန်နဲ့ သာမဏေကျော် တရားဟောဖို့ အလှည့်ကျ ပါတယ်။ အင်္ဂုတ္တရနိကာယ်၊ ပဥ္စကနိပါတ်လာ၊ ဒုတိယဓမ္မဝိဟာရီသုတ် ကို ဟောဖို့ ရည်ရွယ်ထားပါတယ်။ ရဟန်းတစ်ပါးက ဘုရားရှင်ထံ သွား ပြီး ရှိခိုးကာ ထိုင်လျက် ဓမ္မဝိဟာရီစကားလုံးရဲ့ အဓိပ္ပာယ်ကို မေးလို့ ဘုရားရှင်က ဖြေပေးပါတယ်။ ပုဂ္ဂိုလ် ၅ မျိုး ခွဲခြားကာ ဟောပြပါတယ်။ ဘုရားစကားတော်တွေကို သင်ယူမှုများတဲ့ ပုဂ္ဂိုလ်၊ ဘုရား စကားတော် တွေကို ဟောပြောပို့ချမှုများတဲ့ ပုဂ္ဂိုလ်၊ ဘုရားစကားတော်တွေကို ရွတ် အံမှုများတဲ့ပုဂ္ဂိုလ်၊ ဘုရားစကားတော်တွေကို ကြံတွေးစဉ်းစားမှုများတဲ့ ပုဂ္ဂိုလ်နဲ့ တရားနဲ့နေတဲ့ ပုဂ္ဂိုလ်တို့ပဲ ဖြစ်ပါတယ်။ ရှေ့ပုဂ္ဂိုလ် ၄ ဦးဟာ ဝိပဿနာပညာ၊ မဂ်ပညာတွေကို ရအောင် တရားမရှုမှတ်သေးရင် တရားနဲ့နေတဲ့ ပုဂ္ဂိုလ် မဟုတ်ကြသေးပါ။ ဘုရားစကားတော်တွေကို သင်ယူပြီး ဝိပဿနာပညာ၊ မဂ်ပညာရအောင် တရားရှုမှတ်တဲ့ပုဂ္ဂိုလ် သာ တရားနဲ့နေတဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။

http://www.dhammadownload.com



တပည့်တွေရဲ့ အကျိုးစီးပွားကို လိုလားပြီး သနားတတ်တဲ့ ဘုရားရှင်ဟာ သနားမှုကို အကြောင်းပြုပြီး ဟောပြောရမယ့်ကိစ္စကို ဘုရားရှင်က ပြုလုပ်ပြီးပြီလို့ မိန့်ပါတယ်။ ကျင့်ဖို့ကတော့ တပည့်တွေရဲ့ တာဝန်ပဲ ဖြစ်ပါတယ်။ သစ်ပင်အောက်အရပ်နဲ့ လူသူကင်းဆိတ်ရာအရပ်တွေဟာ တရားအားထုတ်ဖို့သင့်လျော်တဲ့အတွက် အဲဒီနေရာတွေကို ဘုရားရှင်က တပည့်တွေအား အမွေအဖြစ်နဲ့ အပ်နှင်းခဲ့ပါတယ်။ "တရားရှုမှတ်ကြပါ။ အမှတ်မလွတ်ကြပါစေနဲ့"လို့ ဘုရားရှင်က တိုက်တွန်းခဲ့ပါတယ်။ နောင်အခါ မကျန်းမာရာအခါ၊ အိုတဲ့အခါ၊ သေခါနီးအခါ၊ တရားအားထုတ်ဖို့ အခွင့်မသာတဲ့အခါတွေမှာ နောင်တမရကြပါစေနဲ့လို့ သတိပေးခဲ့ပါတယ်။ ဘုရားရှင်တွေဟာ အဲဒီလိုပဲ တိုက်တွန်းသတိပေးကြမြဲ ဖြစ်ပါတယ်။

အထက်ပါအဓိပ္ပာယ်တွေဟာ ဒုတိယဓမ္မဝိဟာရီသုတ်ရဲ့ အဓိပ္ပာယ်တွေပဲ ဖြစ်ပါတယ်။ ဘုရားစကားတော်တွေကို သင်ယူမှု၊ ဟောပြောပို့ချမှု၊ ရွတ်အံမှု၊ ကြံတွေးစဉ်းစားမှုတွေလောက်ကိုသာ ပြုလုပ်ကြပြီး ကျေနပ် အားရနေကြတဲ့ ပုဂ္ဂိုလ်တွေ သတိပြုကာ ဆက်လက်ကျင့်သုံးဖို့ လိုအပ်နေတာကို လေးလေးနက်နက် သတိပြုကြရပါမယ်။ မဟာယာန ဗုဒ္ဓဘာသာဝင်တွေရော ထေရဝါဒဗုဒ္ဓဘာသာဝင်တွေပါ ဒီသုတ္တန်လာ စကားတော်တွေကို သတိပြုကာ တရားရှုမှတ်ဖို့ ဆက်လက်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဓမ္မဝိဟာရီ - တရားနဲ့နေတဲ့ ပုဂ္ဂိုလ်လို့ ခေါ်လို့ရတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်အောင် ဆက်လက်ကြိုးစားကြရမှာ ဖြစ်ပါတယ်။

သာမဏေကျော်က အောက်ပါလင်္ကာလေးကို သီကုံးထားပါတယ်။

* ဘုရားစကားတော်တွေ ဘယ်လောက်ပဲ သင်ယူနေနေ
တရားမရှုမှတ်သေးရင် တရားနဲ့နေသူ စာရင်းမဝင်။

http://www.dhammadownload.com



* ဘုရားစကားတော်တွေ ဘယ်လောက်ပဲ ဟောပြောနေနေ
တရားမရှုမှတ်သေးရင် တရားနဲ့နေသူ စာရင်းမဝင်။

* ဘုရားစကားတော်တွေ ဘယ်လောက်ပဲ ရွတ်အံနေနေ
တရားမရှုမှတ်သေးရင် တရားနဲ့နေသူ စာရင်းမဝင်။

* ဘုရားစကားတော်တွေ ဘယ်လောက်ပဲ ကြံတွေးနေနေ
တရားမရှုမှတ်သေးရင် တရားနဲ့နေသူ စာရင်းမဝင်။

* သစ်ပင်ရင်းမှာ ချဉ်းကပ် ဆိတ်ငြိမ်တဲ့ အရပ်မှာ နေ
ရှုစရာတွေကို ရှုပွား သတိတရား မလွတ်စေနဲ့။

* အိုတဲ့ဘဝ, ရောက်ခါမှ, နောင်တမရသင့်။
နာတဲ့ဘဝ, ရောက်ခါမှ, နောင်တမရသင့်။
သေခါနီးကာလ, ရောက်ခါမှ, နောင်တမရသင့်။

* မအိုခင်က, မြတ်ဓမ္မ, ကြိုးစားကိုယ်စီကျင့်။
မနာခင်က, မြတ်ဓမ္မ, ကြိုးစားကိုယ်စီကျင့်။
မသေခင်က, မြတ်ဓမ္မ, ကြိုးစားကိုယ်စီကျင့်။

၁၂-၅-၂၀၀၆ နေ့မှာ အထက်ပါတရားတော်တွေကို ယောဂီတွေအား ဟောပါမယ်။ မြန်မာတရားနာပရိသတ်တွေဆိုရင်တော့ အထက်ပါ လင်္ကာလေးတွေကို အဆိုခိုင်းလို့ ကောင်းပါမယ်။ တရားနာ ပရိသတ်တွေက ကိုရီးယားတွေ ဖြစ်နေတော့ ဆိုခိုင်းလို့ မရတော့ပါ။ ဘာသာပြန်ပေးမယ့် မဝိသုတဉာဏီကတော့ အဲဒီလင်္ကာလေးကိုကူးယူသွားပါတယ်။ ဘုန်အင်မဟာယာနဘုန်းတော်ကြီးကျောင်းက ထုတ်ဝေမယ့် စာစောင်လေးမှာ ထည့်ဖို့ ဒီတရားကို ကိုရီးယားဘာသာနဲ့ ရေးကာ ပေးပါမယ်လို့ မဝိသုတဉာဏီက ပြောပါမယ်။ ဒီဒုတိယဓမ္မဝိဟာရီသုတ္တန်ဟာ မဟာယာနတွေနဲ့ အထူးပဲ သင့်လျော်လှပါပေတယ်။ ရှေ့သို့ တစ်လှမ်း ဆက်လှမ်းကြဖို့ လိုအပ်နေသေးကြောင်းကို မဟာယာနတွေအား ဒီသုတ္တန်က သတိပေးထားပါတယ်။

http://www.dhammadownload.com

# သူတို့ ရယ်နေကြတယ်

၁၃-၅-၂၀၀၆ နေ့ နံနက်ပိုင်း တရားလာလျှောက်တဲ့ ယောဂီတွေထဲမှာ တရားလျှောက်ရတာနဲ့ ပတ်သက်ပြီး စိတ်ပျက်နေတဲ့ ယောဂီမလေးကို မဟာဂန္ဓာရုံဆရာတော်ကြီးက တပည့်သံဃာတော်တွေအား နံနက်ခင်း ဩဝါဒပေးရာမှာ ပြောခဲ့တဲ့ "အောင့်မြဲ ဆက်အောင့်လိုက်ပါ၊ မိုးလင်းခါ နီးပါပြီ" ဆိုတဲ့ ပုံပြင်လေးကို ပြောပြပါတယ်။ တရားစခန်းက ပြီးခါနီးလာလို့ "ဆက်ကြိုးစားလိုက်ပါ၊ ပြီးခါနီးပါပြီ" လို့ ပြောရပါတယ်။ "ဆင်ကောင်ကြီး အမြီးရောက်မှ တစ်မနေပါနဲ့" ဆိုတဲ့ မြန်မာစကားပုံလေးကိုလည်း ရှင်းပြရပါသေးတယ်။ မဟာဂန္ဓာရုံဆရာတော်ကြီး မိန့်ခဲ့တဲ့ ပုံပြင်လေးကို နားထောင်ရင်းလည်း ယောဂီမလေးက တခစ်ခစ် ရယ်ကာ သဘောကျနေပါတယ်။ ဆင်ကောင်ကြီးအကြောင်း ပြောပြတော့လည်း ရယ်နေပြန်ပါသေးတယ်။ စိတ်အားငယ်နေတဲ့ ယောဂီကို အားရှိလာအောင် ပြောပေးရပါတယ်။ စိတ်ဓာတ်ကျနေတဲ့ ယောဂီကို စိတ်အားတက်လာအောင် အားပေးစကား ပြောကြားရပါတယ်။

ယောဂီအမျိုးသမီးနောက်တစ်ယောက်ကတော့ "ဝမ်းဗိုက်ကို တမင်ဖောင်းအောင်၊ ပိန်အောင် ကြောင့်ကြစိုက်ကာ လုပ်ယူလို့ ဦးခေါင်းဟာ မူးနောက် တင်းကျပ်လာပါတယ်။" လို့ ပြောလာပါတယ်။ "အင်း ပုံမှန်ပဲ ရှုရ၊ ရှိုက်ရတယ်။ စိတ်ကိုသာ ပိုမိုစူးစိုက်ကာ ဖောင်းတာ၊ ပိန်တာ နောက် ကပ်ပါသွားအောင် မှတ်ရင် ဖောင်းတာ၊ ပိန်တာက ထင်ရှားလာ

http://www.dhammadownload.com



တာပါပဲ။ တမင်လုပ်ပြီး ရှုရှိုက်တာဟာ မှားတယ်လို့ ကိုယ်ကိုတိုင် သဘောပေါက်နေပြီပဲ။ မှားတာကို မှားမှန်း သိလာတာဟာ ကိုယ့် အတွက် အမြတ်ပါပဲ။ မိနစ်ပိုင်းအတွင်းနဲ့ လမ်းမှားကို သိပြီး လမ်းမှန် ကို သိလာရတာဟာ ကောင်းတာပါပဲ။ ဘုရားလောင်း ဒုက္ကရစရိယာ အကျင့်ကို ၆ နှစ်ကြာအောင် ကျင့်လို့ ပိန်ခြောက်နေတဲ့ ဓာတ်ပုံက သာမဏေကျော်နေရာ အခန်းထဲ ရှိနေတာမို့ အဲဒီဓာတ်ပုံကိုပြကာ ၆ နှစ် ကြာသည်အထိ လမ်းမှားနောက်လိုက်ပြီးမှ လမ်းမှန်ကို တွေ့ရတာနဲ့ နှိုင်းစာရင် မိနစ်ပိုင်းအတွင်းမှာ လမ်းမှန်ကို သိသွားရတာဟာ ကောင်း တာပေါ့။ မြန်မာစကားပုံလေးတွေ ရှိတယ်။ မမှားဖူးသော ရှေ့နေ၊ မသေဖူးသော ဆေးသမား မရှိဘူးတဲ့။ အခုလည်း ယောဂီမှာ မှားဖူးတဲ့ အတွက် အမှန်ရလာတာပေါ့။ "မှားဖူးမှ မှန်" တဲ့။ အဲဒီမြန်မာစကားပုံ လေးလည်း ရှိသေးတယ်။ အမှန်ရဖို့အတွက် အမှားကို အရင်းအနှီးပြု လိုက်ရတာပါပဲ" လို့ ပြောလိုက်ပါတယ်။ အဲဒီယောဂီလည်း သာမဏေ ကျော်ပြောတဲ့ အထက်ပါစကားတွေကို မဝိသုတဉာဏီက ဘာသာပြန် ပေးတဲ့အခါ တခစ်ခစ်ရယ်နေပြန်ပါသေးတယ်။ သာမဏေကျော်က တော့ ရိုးရိုးအေးအေးလေး ပြောလိုက်တာပါပဲ။ ယောဂီက သူ့ အဖြစ်၊ သူ့ခံစားချက်နဲ့ တိုက်ဆိုင်လို့ သဘောကျကာ ရယ်နေပုံရပါတယ်။ အား ငယ်သူကို အားပေးဖို့၊ မှားနေသူကို တည့်ပေးဖို့ သာမဏေကျော်မှာ တာဝန်ရှိလို့ လုပ်ပေးရပါတယ်။

http://www.dhammadownload.com

## အသီး၊ အရွက်၊ အသား

တောင်ကိုရီးယား ဝမ်ငွေ ၁၃၅၀ ဟာ မြန်မာငွေ ၁၈၀၀ ကျပ် နဲ့ ညီမျှတယ်လို့ တောင်ကိုရီးယားရောက် မြန်မာတွေက ပြောကြပါတယ်။ တောင်ကိုရီးယားမှာ အသီး၊ အရွက်တွေက ဈေးကြီးတယ်လို့ ပြောကြပါတယ်။ ဘယ်လောက် ဈေးကြီးတာလဲလို့ မေးကြည့်တဲ့အခါ ဒီလို ပြောပြကြပါတယ်။

| | | |
|---|---|---|
| ကန်စွန်းရွက်တစ်စည်း | - | ဝမ်ငွေ (၁၅၀၀) |
| သရက်သီးတစ်လုံး | - | (၁၅၀၀) |
| ဖရဲသီးတစ်လုံး | - | (၈,၀၀၀) မှ (၁၀,၀၀၀) ထိ |
| ပန်းသီးတစ်လုံး | - | (၁,၀၀၀) မှ (၄,၀၀၀) ထိ |
| သစ်တော်သီးတစ်လုံး | - | (၂,၀၀၀) မှ (၄,၀၀၀) ထိ |
| သီးမွှေးငှက်ပျောသီးတစ်ဖီး | - | (၃,၀၀၀) |
| သင်္ဘောသီးတစ်လုံး | - | (၂,၅၀၀) |
| စပျစ်သီးတစ်ခိုင် | - | (၄,၀၀၀) |
| သံပရာသီးတစ်လုံး | - | (၁,၀၀၀) |
| ခရမ်းသီးတစ်လုံး | - | (၅၀၀) |

http://www.dhammadownload.com



| | | |
|---|---|---|
| ဂရိတ်ဖရုတ်တစ်လုံး | - | (၂,၀၀၀) |
| နှင်းဆီပန်းတစ်ပွင့် | - | (၁,၅၀၀) |
| ၆၀သားခန့် ကြက်တစ်ကောင် | - | (၃,၀၀၀) |
| ဂေါ်ဖီတစ်ထုပ် | - | (၁,၈၀၀) |
| ဝက်သားတစ်ပိဿာ | - | (၅,၀၀၀) မှ (၁၂,၀၀၀) |
| အမဲသားတစ်ပိဿာ | - | (၁၇,၀၀၀) မှ (၄၀,၀၀၀) |
| ခွေးသားတစ်ပိဿာ | - | (၁၅,၀၀၀) |
| ဆိတ်သားတစ်ပိဿာ | - | (၅,၀၀၀) |
| (ဆိတ်မည်းအကောင်သေး) | - | (၁) သိန်းခွဲ |
| ငါးတစ်ပိဿာ | - | (၃,၀၀၀) မှ (၂၀,၀၀၀) |
| ရိုးရိုးထမင်းတစ်ပွဲ | - | (၃,၀၀၀) မှ (၅,၀၀၀) |

မြန်မာစာဖတ်ပရိသတ်တွေ တောင်ကိုရီးယားက သစ်သီး၊ သစ်ရွက်၊ အသားဈေးနှုန်းတွေကို သိရှိရအောင် မေးမြန်းကာ ရေးသားဖော်ထုတ်လိုက်ပါတယ်။ ကိုယ့်မြန်မာက အသီး၊ အရွက်၊ အသားဈေးနှုန်းနဲ့ နှိုင်းယှဉ်ကြည့်နိုင်ကြပါတယ်။

http://www.dhammadownload.com

# အသံလွှင့်တရားတော် သောဘနသုတ္တန်

တောင်ကိုရီးယားရုပ်မြင်သံကြားဌာနမှာ ဗုဒ္ဓဘာသာအကြောင်း လွှင့်တဲ့ အစီအစဉ် ပါဝင်ပါသတဲ့။ ပဏ္ဍိတာရာမဆရာတော်ကြီးကို အဲဒီ အသံလွှင့်ဌာနက အဲဒီအစီအစဉ်မှာ တရားဟောပေးဖို့ လျှောက်ထားပါ တယ်။ ၁ နာရီကြာအောင် ဟောရပါမယ်။ မမနာပိကာက ကိုရီးယားလို ဘာသာပြန်ချိန် နုတ်လိုက်ရင် မိနစ် ၃၀ ပဲ ဟောချိန်ရှိပါတယ်။ ၁၄-၅-၂၀၀၆ နေ့ နံနက်၁၀နာရီမှ ၁၁ နာရီထိ ဟောရပါမယ်။ ဆရာတော် ကြီးရော၊ သာမဏေကျော်ရော၊ မဝိမလဉာဏီရော၊ မမနာပိကာရော၊ အခြားအခြားပုဂ္ဂိုလ်တွေပါ အသံလွှင့်ရမယ့်နေရာကို သွားကြပါတယ်။ ကိုရီးယားညီနောင်အမြွာပူး ကိုရင်လေး ၂ ပါးရဲ့ ဖခင် ပါမောက္ခက ဆရာတော်ကြီးကို လာရောက်လျှောက်ထားပါတယ်။

"တရားနာ ပရိသတ်တွေအား သရဏဂုံ သုံးပါးနဲ့ ငါးပါးသီလ ဆောက်တည်ပုံ ပါဠိတွေကို ရိုက်ထားတဲ့ စာရွက်တွေကို ပေးထားပါ တယ်ဘုရား"

တရားနာပရိသတ်က ၂၀၀ ကျော် ၃၀၀ လောက်ရှိပါမယ်။ ဘုရား ရုပ်ပွားတော်တွေပါ တည်ရှိလို့ ဓမ္မာရုံသဖွယ် ဖြစ်နေပါတယ်။ ပရိသတ် က တိတ်ဆိတ် ငြိမ်သက်လှပါတယ်။ အသက်ကြီးသူတွေပဲ များပါ တယ်။ အသက် အလယ်အလတ်အရွယ်တွေလည်း တော်တော် များပါ တယ်။ အသက်ငယ်ရွယ်သူကတော့ တစ်ယောက်တလေပဲ ပါပါတယ်။ ဆရာတော်ကြီးရဲ့ ဟောတရားကို လိုက်ပြီး ရေးမှတ်နေကြသူတွေက

http://www.dhammadownload.com



တော်တော်ပဲ များပါတယ်။ တရားနာရင်း ပုတီးစိပ်နေသူတစ်ဦးတလေကို တွေ့ရပါတယ်။ ဘာသာပြန် မမနာပိကာကို လှမ်းလှမ်းပြီး ကြည့်နေသူတွေကလည်း အတော်ပဲ များပါတယ်။ ဓာတ်ပုံရိုက်သူတွေက ရိုက်၊ အသံလွှင့်ပြီး ရုပ်ကိုပါ ပြဖို့ ရိုက်သူကတော့ အချိန်ပြည့် ဆရာတော်ကြီးကို ရိုက်ယူနေပါတယ်။ ဆရာတော်ကြီးရဲ့တရားကို ဘုန်အင်ကျောင်းမဟာယာနဘုန်းကြီးက ကိုရီးယားဗုဒ္ဓဘာသာဝင်တွေနဲ့အင်မတန်သင့်လျော်တဲ့ တရားလို့ မှတ်ချက်ချပါတယ်။ ဒီလိုတရားမျိုးကို အခုမှပဲ နာရပေတယ်လို့ ဝမ်းသာဝမ်းနည်းဖြစ်ကာ မျက်ရည်ကျသူတွေကလည်း ပါကြပါသတဲ့။ ဆရာတော်ကြီးဟောတဲ့တရားက သောဘန သုတ္တန်ပါပဲ။ အရေအတွက်မှ အရည်အချင်းသို့ နာမည်နဲ့ ဟောလိုရင်း ဖြစ်ပါတယ်။

"ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာတွေဟာ အကျိုးရှိ၊ မရှိ၊ သင့်တော်၊ မတော်ချင့်မြှော်နိုင်ပြီး ထက်မြက်ထင်ရှားတဲ့ အလိမ္မာဉာဏ်ရှိမှု ကိုယ်, နှုတ်, စိတ်ထားသုံးပါးလုံး အချိုးကျ အပိုးသေကာ ယဉ်ကျေးသိမ်မွေ့မှု၊ ကိုယ်ကျင့်တရားနဲ့ စပ်ပြီး ထိုက်တန်သလောက် စိုးရွံ့မှု ကင်းကာ ကျေနပ်ရွှင်လန်းရဲစွမ်းခြင်းရှိမှု၊ မျက်မှောက်တမလွန်မှာ မိမိ သူတစ်ပါးအကျိုး တိုးပွားစေနိုင်တဲ့ ဗုဒ္ဓစာပေကို သင်ကြားပို့ချ ဆွေးနွေးလေ့လာကာ အတွေ့အကြုံများမှု၊ လေ့လာပြီး တရားတွေကို မပျောက်ပျက်အောင် ဆောင်မှတ်ထားနိုင်မှု၊ အရိယာတရား အားလျော်တဲ့ ဝိပဿနာကို ကျင့်မှုတွေရှိရင် သာသနာထွန်းတင့်လာမယ်။ ဗုဒ္ဓဘာသာဝင်အဖွဲ့အစည်း အသရေရှိလာမယ်။"

http://www.dhammadownload.com

# ကျွန်းလေးထဲက စပါးပင်

ဆိုးလ်မြို့က အမျိုးသားပြတိုက်ကို သွားခဲ့ရပါတယ်။ မဟာယာန ဘုန်းကြီးကျောင်း ၂ - ကျောင်းကိုလည်း သွားခဲ့ရပါတယ်။ ဘုန်အင်ကျောင်းမဟာယာနဘုန်းကြီးက သူ့ကားနဲ့ လိုက်ပို့ပါတယ်။ အမျိုးသားပြတိုက်ကြီးကို အလွန်ပဲ ခေတ်မီစွာ ဆောက်လုပ်ထားပါတယ်။ အထပ်ပေါင်းများစွာ ပြုလုပ်ထားပါတယ်။ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ တိဗက်၊ ကိုရီးယားယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်မျိုးစုံကို ပြသထားပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက အခြေအနေတွေကို ကျကျနန ထိန်းသိမ်းစောင့်ရှောက်ကာ ဒီလိုပြသမထားရင် မသိနိုင်ပါ။ အခုတော့ အဲဒီ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းတွေအရ သိရှိရပါတယ်။ တစ်နေရာမှာ ပြုံးတော်မူတဲ့ ကိုရီးယားဗုဒ္ဓရုပ်ပွားတော်တွေရဲ့ ပုံတော်တွေကို နေရာတွေနဲ့အတူ ရိုက်ပြတဲ့ ရုပ်ရှင်လေးကို ပြသနေပါတယ်။ တောင်တွေမှာပါ၊ တောင်စောင်း၊ တောင်ပေါ်တွေမှာပါ ပြုံးတော်မူနေတဲ့ ဗုဒ္ဓရုပ်ပွားတော်တွေကို ဖူးတွေ့ရပါတယ်။ အဲဒီဗုဒ္ဓရုပ်ပွားတော်တွေရှိရာ နေရာတွေကို သွားနေစရာမလိုဘဲ တစ်နေရာတည်းမှာနေကာ ကြည့်ခွင့်၊ သိခွင့်ရတာဟာ ကောင်းလှပါတယ်။

ဆိုးလ်မြို့ကိုတော့ အခေါက်ခေါက် အခါခါ ရောက်နေရပါတယ်။ ဆိုးလ်မြို့က ဟန်မြစ်ကမ်းကို တောင်ဘက်ကရော မြောက်ဘက်ကပါ

http://www.dhammadownload.com



ဖြတ်သွားရပါတယ်။ ဆိုးလ်မြို့အောက်မှာ မြေအောက်သွားရထားလမ်း ရှိပါတယ်။ ၈ လမ်းသွားရထားလမ်း ဖြစ်ပါသတဲ့။ ဆိုးလ်မြို့မှာ ဟန်မြစ်ရဲ့တောင်ဘက်ပိုင်းက ဈေးပိုကြီးပါသတဲ့။ သူဌေးတွေနေရာအရပ် ဖြစ်ပါသတဲ့။ မြောက်ဘက်ပိုင်းက တောင်ဘက်ပိုင်းနဲ့ နှိုင်းယှဉ်ရင် ဈေးပိုနည်းပါသတဲ့။ ၆၆ ထပ်ရှိ အမြင့်ဆုံးအဆောက်အအုံကိုလည်း တောင်ဘက်ပိုင်းမှာ တွေ့ရပါသေးတယ်။ ဟန်မြစ်ရဲ့အလယ်တစ်နေရာမှာ ကျွန်းလေး ဖြစ်နေပါတယ်။ အဲဒီကျွန်းလေးမှာ ကြည့်ရှုချင်စရာ၊ နားနေချင်စရာတွေ ဖြစ်အောင် စီမံထားပါတယ်။ လာနားကြ၊ စားကြ၊ သောက်ကြ၊ ပျော်ပါးကြတဲ့ လူတွေကို တွေ့ရပါတယ်။ တစ်နေ့မှာ ရေကန်ထဲ ကြာတွေ၊ စပါးပင်တွေကို တွေ့ရပါတယ်။ ဆန်က ဒီစပါးပင်က ဖြစ်တယ် ဆိုတာကို လူငယ်တွေ သိရအောင် စပါးပင်တွေကို ပြသထားပါတယ်တဲ့။ ဟန်မြစ်ပေါ်မှာ နှစ်ထပ်တံတားတွေ တစ်ထပ်တံတားတွေ ရှိပြီး ဟန်မြစ်ဘေးနှစ်ဖက်မှာ အနားယူအပန်းဖြေစရာ နေရာတွေ ရှိပါတယ်။ ဟန်မြစ်ဘေး နှစ်ဖက်တစ်လျှောက် ကားလမ်းတွေပေါ်က ကားတွေအပြင် မိုးမျှော်တိုက်ကြီးတွေကို မြင်တွေ့ရပါသေးတယ်။ မိုးမျှော်တိုက်ကြီးတွေရဲ့ နောက်ကွယ်မှ တောင်တန်းတွေကိုလည်း မြင်တွေ့ရပါသေးတယ်။ တောင်တွေ ပေါများလှတဲ့ တောင်ကိုရီးယားမှာ တောင်တွေက နေရာတကာမှာ မြင်တွေ့နေရပါတယ်။

http://www.dhammadownload.com

# ခံနိုင်ရည်

ကိုရီးယားနိုင်ငံဟာ ဂျပန်နိုင်ငံရဲ့ လက်အောက်မှာ နှစ်ပေါင်း ၃၆- နှစ်ကြာ နေခဲ့ရပါသတဲ့။ ဂျပန်ရဲ့ အုပ်ချုပ်မှုကို ခံယူခဲ့ရပါသတဲ့။ ဂျပန်ရဲ့ နယ်ချဲ့မှုကြောင့် ဂျပန်ရဲ့အုပ်ချုပ်ခံနိုင်ငံအဖြစ် ရောက်ခဲ့စဉ်က ဂျပန်ရဲ့ ညှဉ်းပန်းနှိပ်စက်မှုမျိုးစုံကို ခံခဲ့ကြရပါသတဲ့။ ဂျပန်နိုင်ငံက တောင်ကိုရီးယားနိုင်ငံထက် စီးပွားရေးအရာမှာ ၈ ဆသာပြီး ပိုမိုတိုးတက်နေတယ်လို့ ပြောကြပါတယ်။ တောင်ကိုရီးယားနဲ့ ဂျပန်က အိမ်ရှင်နိုင်ငံတွေအဖြစ်နဲ့ ကမ္ဘာ့ဖလားဘောလုံးပွဲ ကျင်းပပေးခဲ့စဉ်က တောင် ကိုရီးယားက ဂျပန်ထက် သာလွန်ခဲ့ပါတယ်။ စီးပွားရေးအရာမှာ မသာလွန်နိုင်သေးပေမယ့် အားကစားအရာမှာ သာလွန်အောင် ကြိုးစားကြပါသတဲ့။ တောင်ကိုရီးယားမှာ လူဦးရေ ၄၈သန်းရှိပါတယ်။ ဂျပန်မှာ လူဦးရေ ၁၂၆ သန်းကျော် ရှိပါတယ်။ ဂျပန်နိုင်ငံက တောင်ကိုရီးယားနိုင်ငံထက် ၇၉၃၅၅ ကီလိုမီတာ ပိုမိုကျယ်ဝန်းပါတယ်တဲ့။ မဝိဇယာလို့ ပဏ္ဍိတာရာမဆရာတော်ကြီး နာမည်ပေးထားတဲ့ Um Hyun Jung က ဂျပန်နိုင်ငံမှာ ၅ နှစ်၊ အင်္ဂလန်နိုင်ငံမှာ ၃ နှစ်ကြာ ပညာသင်ယူခဲ့ပါတယ်။ သူမက ဂျပန်နိုင်ငံအကြောင်းကို ဒီလို ပြောပြပါတယ်။

http://www.dhammadownload.com



"ဂျပန်နိုင်ငံက အင်္ဂလန်နဲ့ ဥရောပနိုင်ငံတွေထံက ယဉ်ကျေးမှုနဲ့ နည်းစနစ်ကို ပိုမိုယူပါတယ်။ တောင်ကိုရီးယားက အမေရိကထံက ယဉ်ကျေးမှုနဲ့ နည်းစနစ်တွေကို ပိုမိုယူပါတယ်။ ဂျပန်က တောင်ကိုရီးယားထက် အရာများစွာမှာ သာလွန်ပါတယ်။ ကွန်ပျူတာပညာအရာမှာတော့ တောင်ကိုရီးယားက ဂျပန်ထက် အခုအခါ သာလွန်လာနေပါတယ်။ တောင်ကိုရီးယားဟာ စီးပွားရေးအရာ။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာမှာ အလွန်လျင်မြန်စွာ တိုးတက်လာနေပါတယ်။ တိုးတက်လာတာနဲ့အမျှ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျမှု၊ စိတ်ဓာတ်တင်းမာမှုတွေရဲ့ ဒဏ်တွေကို ခံနိုင်ရည်အား မရှိကြလို့ တောင်ကိုရီးယားမှာ ကိုယ့်ကိုယ်ကို သတ်သေသူတွေ များများ လာနေပါတယ်။ တောင်ကိုရီးယားထက် ပိုမိုတိုးတက်နေတဲ့ ဂျပန်မှာ တောင်ကိုရီးယားထက် ပိုမိုပြီး ကိုယ့်ကိုယ်ကို သတ်သေသူတွေ ပေါ်များပါတယ်။ အင်္ဂလန်မှာက ဂျပန်၊ တောင်ကိုရီးယားမှာထက်တောင် ကိုယ့်ကိုယ်ကို သတ်သေသူတွေက ပိုပေါ်များပါတယ်။ တပည့်တော်ဟာ ကြီးကျယ်လှတဲ့ လန်ဒန်မှာရော တိုကျိုမှာပါ နေခဲ့ပါတယ်။ အခုအခါ နားလည်သဘောပေါက်လာတာက လူ့ဘဝမှာ နေရာထက် စိတ်ဓာတ်က ပိုအရေးကြီးတယ်ဆိုတာပါပဲ။ နေရာက ဘယ်လောက်တိုးတက်တဲ့ နေရာပဲဖြစ်ဖြစ် စိတ်ဓာတ်က တရားသဘောမတိုးတက်၊ မဖွံ့ဖြိုးဘဲ သေးငယ်နေရင် မကောင်းဘူးလို့ဘဲ နားလည်ပါတယ်"တဲ့။

မဝိဇယာဟာ ဝိပဿနာအားမထုတ်ခင်က ခရစ်ယာန်ဘာသာဝင် တစ်ဦး ဖြစ်ခဲ့ပါတယ်။ ဝိပဿနာအားထုတ်ပြီးချိန်ကစပြီး ဗုဒ္ဓဘာသာဝင် ဖြစ်ခဲ့ပါတယ်။ သူက ဒီတရားစခန်းမှာ အချိန်ပြည့် ဝေယျာဝစ္စကုသိုလ်ယူခဲ့ပါတယ်။ ဒီဇိုင်းပညာကျွမ်းကျင်သူတစ်ဦး ဖြစ်ပါသတဲ့။

http://www.dhammadownload.com

# သာမဏေကျော် မဟာဂန္ဓာရုံက အခြေအနေလေးတွေ

ဒီနေ့ ၁၆-၅-၂၀၀၆နေ့ ဆွမ်းစားပြီး ၁၂ နာရီအချိန်မှာ ဦးဩဘာသထံ ဖုန်းဆက်စကားပြောဖြစ်ပါတယ်။ ကျောင်းက အခြေအနေလေးတွေကို မေးချင်လို့ပါပဲ။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းမှာ လျှပ်စစ်မီးသွယ်ခွင့်ရဖို့ နီးစပ်လာပါပြီတဲ့။ မဖြူ လှူတဲ့ ကျောင်းဆောင်အတွက် ပန္နက်စတင်ပြီးပါပြီတဲ့။ အမရပူရမြို့မဟာဂန္ဓာရုံကျောင်းတိုက်မှ ဘုန်းကြီးဦးဣန္ဒောဘာသာဘိဝံသ၊ ဦးဝိမလဗုဒ္ဓိ၊ ဦးဝိမလ (ဆွမ်းစားကျောင်း)တို့ဟာ သာမဏေကျော် မဟာဂန္ဓာရုံ ကျောင်းကို ရောက်လာကြပါသတဲ့။ အခြေအနေလေးတွေကို မြင်တွေ့ရပြီး အားပေးလိုလို့ ကြွလာကြပါတယ်တဲ့။ မုခ်ဦးလုပ်မယ့် နေရာကိုလည်း ရွေးပြီးပါပြီတဲ့။ ပဲခူးမြို့ သာမဏေကျော်စာသင်တိုက်သို့ ကိုရင်အဂ္ဂဓမ္မနဲ့ ကိုရင်ရာဇိန္ဒတို့ကိုလည်း ပို့ပြီးပါပြီးတဲ့။ ဉာဏ်ကောင်းလို့ သာမဏေကျော် ဖြစ်နိုင်လောက်တဲ့ကိုရင်လေးတွေဖြစ်လို့ မညီမိရဲ့အစ်ကိုတစ်ဝမ်းကွဲ အင်းဝမှ ကိုမောင်မောင်နဲ့ ဇနီး မနှင်းနှင်း၊ အစ်မ မစိန်စိန်မြတို့က ကိုရင် ၂ ပါးရဲ့ ပစ္စည်း ၄ ပါးအတွက် တာဝန်ယူ ထောက်ပံ့ လှူဒါန်းကြပါတယ်။ သာမဏေကျော်ရဲ့ ပဌမရဟန်းဒကာ ဦးသာပို-ဒေါ်ခင်မေတို့ရဲ့ သမီး-မခင်ညွန့်လွင်(မဖြူ)က ကျောင်းမြေနေရာတစ်ကေအပြင် သာမဏေကျော် ပဋိပတ်ဘက်ပိုင်းမှာ နေဖို့ ကျောင်းဆောင်တစ်ဆောင်ကိုပါ လှူဒါန်းပါတယ်။

http://www.dhammadownload.com



မမနာပိကာရဲ့မိဘ ၂ ဦးက သာမဏေကျော်မဟာဂန္ဓာရုံ ကျောင်းတိုက်မှ ကိုရင် ၂၀၊ ဖိုးသူတော် ၅ ပါးအပြင် စာချဆရာတွေအတွက်ပါ ရည်ရွယ်ပြီး ဓမ္မပဒအဋ္ဌကထာ ၂ အုပ်စီ လှူပါမယ်။ အပါး၃၀ စာ လှူမှာဖြစ်လို့ စာအုပ် ၆၀ ဖြစ်ပါမယ်။ ဦးသြဘာသနဲ့ ဦးဇဋိလတို့ ကြည့်ရှုဖို့ မမနာပိကာရဲ့အဘွားက ဇာတ်အဋ္ဌကထာ ၇ အုပ်စီ ၂ စုံ လှူပါမယ်။ ဦးဟုတ်စိန်အဘိဓာန်ကိုလည်း လှူပါမယ်။ သာမဏေကျော်လောင်းလျာလေးတွေအတွက် မညိုမီရဲ့အစ်ကို၊ အစ်မတွေက ထောက်ပံ့ကြလို့ အားရှိလာရပါတယ်။ ကျန်ကိုရင်၊ ဖိုးသူတော်တွေအတွက် မမနာပိကာတို့က လှူကြလို့ အားရှိလာပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းက သာမဏေကျော် နေဖို့ ဆောက်ပြီးပြီဖြစ်တဲ့ စွန်ညီနောင် စွန်မင်း ကျောင်းဆောင် ၂ မှာ သာမဏေကျော်အိပ်ခန်းထဲ ထားဖို့ ဗီရိုကို မညိုမီက လှူပါမယ်။ ဒီနေ့ပဲ သွားဝယ်ပါမယ်လို့ ဦးသြဘာသက ပြောပါတယ်။ သာမဏေကျော် ကျောင်းဆောင်မှာ စာအုပ်တွေ ထည့်ဖို့ ဗီရိုနဲ့ ခုတင်ကို မအရိယဉာနေသီနဲ့ မစာရုဒဿိနီတို့က လှူပါမယ်။ ၂၄. ၅. ၂၀၀၆ နေ့မှာ ရောက်ပါမယ်တဲ့။ ဦးသြဘာသထံ ဖုန်းဆက်ကြည့်လို့ အထက်ပါအခြေအနေလေးတွေကို သိရပါတယ်။ အခုလို ကူညီအားပေးထောက်ပံ့ကြတဲ့ ပုဂ္ဂိုလ်အပေါင်းကို အထူးပဲ ကျေးဇူးကြီးလှပါတယ်လို့ ဆိုချင်ပါတယ်။

http://www.dhammadownload.com

# အဖြေ

၁၇-၅-၂၀၀၆ နေ့ နံနက်တရားစစ်ရာအချိန်မှာ မမနာပိကာက ဒီလိုပြောလာပါတယ်။ သာမဏေကျော်ရဲ့ အရိုးပွရောဂါနဲ့ ပတ်သက်တဲ့ အကြောင်းပါပဲ။

"အရှင်ဘုရားရဲ့ အရိုးပွရောဂါနဲ့ ပတ်သက်ပြီး အာဆန်ဆေးရုံက အဖြေပေါ် ထွက်လာပါပြီ။ သွေးစစ်ပြီး တစ်လကြာမှ သိရတဲ့ အဖြေဖြစ်ပါတယ်။ ဗီတာမင် 'ဒီ'ဓာတ် လိုလို့ဖြစ်တဲ့ ရောဂါမဟုတ်ပါတဲ့။ 'ဒီ' ဓာတ် အပြည့်အဝ ရှိပါတယ်တဲ့။ ဗီတာမင် 'ဒီ' ဓာတ်လိုလို့ဖြစ်တာဆိုရင် ကုသလို့လွယ်ပါတယ်။ အခုပွတာက အခြားအကြောင်းကြောင့် ဖြစ်ပါတယ်။ ဆေးကို နှစ်နဲ့ချီပြီး ရေရှည်စားရပါမယ်။ ဆေးက အခု ဝယ်ရင် ၃ လစာပဲ ရပါမယ်။ တစ်ပတ်မှ တစ်ခါပဲ သောက်ရပါမယ်။ နံနက်အရုဏ်ဆွမ်းမစားခင် တစ်နာရီအလိုမှာ ရေနဲ့ သောက်ရပါမယ်။ ရေနဲ့ဆေးသောက်ပြီးရင် လဲလျောင်းပြီးဖြစ်စေ၊ ထိုင်ပြီးဖြစ်စေ မနေရပါ။ လမ်းလျှောက်ကာ လှုပ်ရှားနေရပါမယ်။ အစာအိမ်အူမှာ ဆေးကပ်သွားရင် အာနိသင်မရှိ ဖြစ်ပါမယ်။ နွားနို့ကို တစ်နေ့မှာ ၂ ခွက်၊ ၃ ခွက်လောက် သောက်ရပါမယ်။"

နွားနို့ကို သာမဏေကျော် မဟာဂန္ဓာရုံကျောင်းနဲ့ ကပ်လျက်တည်ရှိတဲ့ နွားခြံကြီးမှာ ရနိုင်ပါမယ်။ နွားနို့ရဖို့ အဆင်ပြေပါလိမ့်မယ်။ ဒီ

http://www.dhammadownload.com



တောင်ကိုရီးယားမှာ ဒီနေ့ကစပြီး နွားနို့ကို ကပ်ပါတယ်။ အရသာရှိပါတယ်။ ရေမရောတဲ့ နွားနို့မို့ အရသာက ခပ်ဆိမ့်ဆိမ့် ရှိနေပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံမှာလည်း နွားနို့စစ်စစ်ကို ရပါလိမ့်မယ်။ ဒီရောဂါရှိနေပေမယ့် ချော်မလဲသေးရင်၊ မကျိုးသေးရင် ကိုယ်လုပ်ချင်တဲ့ အလုပ်လေးတွေကို လုပ်လို့ရနိုင်သေးတာမို့ တော်ပါသေးတယ်။ မဆိုးလှသေးဘူး လို့ ဆိုရမှာပါပဲ။ နွားနို့မှန်မှန်သောက်၊ ဆေးမှန်မှန်စား၊ ချော်မလဲရအောင်၊ မထိခိုက်မိအောင် သတိထားနိုင်ရင် အသက်ဆက်ရှည်ကာ အလုပ်လုပ်လို့ ရနိုင်ပါသေးတယ်။ အငန်စားတာကို ရှောင်ရပါမယ်တဲ့။ ကိုယ်လုပ်ချင်တဲ့ အများအကျိုးရှိရာရှိကြောင်း သာသနာ့လုပ်ငန်းတွေကို စွမ်းနိုင်သမျှ လုပ်ဆောင်ကာ သေသွားရရင် လူဖြစ်ရကျိုးရော သာသနာနဲ့ တွေ့ရကျိုးပါနပ်မယ်လို့ ယူဆထားပါတယ်။ ကိုယ်ဖြတ်သန်းခဲ့ရတဲ့ သံသရာခရီးတစ်လျှောက်မှာ ဒီရောဂါထက် အဆပေါင်းများစွာ ပိုမိုဆိုးဝါးတဲ့ ရောဂါမျိုးစုံကိုလည်း အကြိမ်ပေါင်းများစွာ ခံစားခဲ့ရမှာပါပဲ။ နောင်သံသရာခရီးမှာလည်း ဘယ်လိုရောဂါတွေကို ခံစားနေရဦးမယ်လို့ မသိနိုင်ပါ။ အရိုးပွရောဂါက အရိုးကင်ဆာနဲ့ နှိုင်းစာရင် များစွာပဲ တော်ပါသေးတယ်။ သေရဖို့အရေး ဝေးနေသေးတယ်လို့ ဆိုနိုင်မယ် ထင်ပါတယ်။ တစ်နေ့မှာ တစ်နာရီကြာ မြန်မြန်လမ်းလျှောက်ပေးရမယ်လို့ ဆိုပါတယ်။

http://www.dhammadownload.com

# သိန်း (၁၀၀) တဲ့

မဝိဇယာက မောင်ဟိန်းနဲ့အတူ ဘုန်အင်ဘုန်းကြီးကျောင်းနဲ့ ခပ်လှမ်းလှမ်းနေရာမှာ ရှိတဲ့ ခရစ်ယာန်သုသာန်တစ်ခုကို လိုက်ပို့ပါတယ်။ တောင်ပေါ်မှာ ဖြစ်ပါတယ်။ ရှင်ဘုရင်ရဲ့ ဂူကိုလည်း တွေ့ခဲ့ရပါသေးတယ်။ လူတစ်ယောက် သေလို့ ကိုရီးယားဗုဒ္ဓဘာသာထုံးစံအရ အသုဘအခမ်းအနားလုပ်ရင် ဝမ်ငွေအနည်းဆုံး သိန်းပေါင်းတစ်ရာ ကုန်ကျပါသတဲ့။ သေပြီး ၄၉ ရက်အတွင်း ၇ ခါ ဘုန်းကြီးကျောင်းမှာ စားစရာတွေကိုပြင်ဆင်ကာ သေသူအတွက် ဆွေမျိုးမိတ်ဆွေတွေက ဆုတောင်းကြပါတယ်။ ၇ ရက်မှာ တစ်ခါစီနဲ့ ၇ ခါလုပ်ရင် အနည်းဆုံး ၁၅ သိန်း၊ များရင် သိန်း ၃၀ ကို ကျောင်းမှာ လှူရပါသတဲ့။ သိန်း၁၀၀ အနည်းဆုံး ကုန်တယ်ဆိုတော့ သေဖို့တောင် ကြောက်စရာကောင်းနေပါတယ်။ တချို့ချမ်းသာသူတွေမှာ သိန်း ၃၀၀ လောက်တောင် ကုန်ကျပါသတဲ့။ ခရစ်ယာန်ဘာသာဝင် ကိုရီးယားတွေသေရင်တော့ အဲဒီလို အကုန်အကျ မများတော့ပါတဲ့။ ခရစ်ယာန်နည်းနဲ့ သေရတာကပဲ ငွေကုန်သက်သာတာမို့ ကောင်းတယ်လို့ ဆိုချင်ပါတယ်။ လူတစ်ယောက် သေရင် အသုဘကိစ္စအတွက် ငွေကုန်မများတဲ့ နည်းကသာ ရေရှည်မှာ လူအများ ကြိုက်စရာနည်း ဖြစ်လာပါလိမ့်မယ်။ ခေတ်မီတဲ့ ကိုရီးယားလူငယ်တွေက အဲဒီငွေကုန်တဲ့ ရှေးထုံးကို မလိုက်နာလိုကြပါတဲ့။

http://www.dhammadownload.com



အသုဘကိစ္စနဲ့ မင်္ဂလာဆောင်ကိစ္စတွေမှာ ဆွေမျိုး၊ မိတ်ဆွေတွေက ဝိုင်းဝန်းကူညီပံ့ပိုးပေးတဲ့ ထုံးစံဟာ တောင်ကိုရီးယားမှာ ယခုတိုင်ရှိနေပါတယ်တဲ့။ ဒါကတော့ ကောင်းလှပါတယ်။ မြန်မာနဲ့ တူနေတာပါပဲ။ အရှေ့တိုင်းယဉ်ကျေးမှုချင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုချင်း တူနေလို့ တူကြပုံပေါ်ပါတယ်။ ကိုယ့်ကို ကူညီထောက်ပံ့သူတွေကို ကိုယ်က ပြန်လည် ကူညီထောက်ပံ့ပေးရပါတယ်။ ဗုဒ္ဓသာသနာကို အကြောင်းပြုပြီး ငွေကုန်မများရအောင် အမရပူမြို့ မဟာဂန္ဓာရုံဆရာတော်ကြီးက ပြုပြင်ရေးစာတွေကို ရေးသားခဲ့ပါတယ်။ ပြုပြင်ရေးတရားတွေကို ဟောခဲ့ပါတယ်။ မဟာဂန္ဓာရုံဆရာတော်ကြီး ရေးသား ဟောကြားသလိုသာ မြန်မာနိုင်ငံက ငွေကုန်များတဲ့ ကိစ္စတွေကို ပြုပြင်နိုင်ကြရင် မြန်မာနိုင်ငံအတွက်ရော ဗုဒ္ဓသာသနာအတွက်ပါ အလွန်ပဲ ကောင်းပါလိမ့်မယ်။ ဘယ်အချိန်ဘယ်ခေတ်ရောက်မှ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့အမြော်အမြင်၊ အလိုဆန္ဒအတိုင်း ဖြစ်လာနိုင်ပါ့မလဲ။ သာမဏေကျော်တို့ တစ်သက်မှာတော့ လွယ်လောက်မယ် မထင်ပါ။ ငွေသာကုန်ပြီး ကောင်းကျိုး မတိုးပွားစေတဲ့ ပွဲလမ်းသဘင်တွေ၊ အခမ်းအနားတွေကို ပြုပြင်နိုင်ရင် ပြုပြင်နိုင်သလောက် မြန်မာနိုင်ငံအတွက်ရော ဗုဒ္ဓသာသနာအတွက်ပါ ကောင်းကျိုးတွေ စည်ပင်တိုးပွားလာမှာ ဖြစ်ပါတယ်။

# တူညီမှုတစ်ခု

သာမဏေကျော်နေရာ ကျောင်းဆောင်ကနေ အရှေ့ဘက်မှာလည်း တောင်၊ အနောက်ဘက်မှာလည်း တောင်၊ မြောက်ဘက်မှာလည်း တောင်၊ တောင်ဘက်မှာလည်း တောင်တွေကိုပဲ မြင်တွေ့ရပါတယ်။ စိမ်းစို ညို့မှိုင်းနေတဲ့ သစ်ပင်ကြီးငယ်တွေနဲ့ လွှမ်းခြုံထားပါတယ်။ ငှက်သံမျိုးစုံကို ကြားရပါတယ်။ တကြော်ကြော် အော်မြည်နေတဲ့ ယောက်ဖခွေးခေါ်ငှက်သံ၊ ချိုးကူသံ၊ ကျီးအော်သံ၊ မင်္ဂလာငှက်သံ စသည်တွေထဲမှာ အိန္ဒိယကူကူငှက်သံလေးက ချိုသာလှပါတယ်။ ကြည်မြလှပါတယ်။ ပီသလှပါတယ်။ အေးမြလှပါတယ်။ ကရဝိက်ငှက်သံဟာ ဒီအိန္ဒိယကူကူငှက်သံလိုပဲ ဖြစ်မယ်လို့ ပဏ္ဍိတာရာမဆရာတော်ကြီးက မိန့်ပါတယ်။ နီပေါနိုင်ငံမှာတုန်းကလည်း အဲဒီအိန္ဒိယ ကူကူငှက်လေးကို မြင်ခဲ့ရပါတယ်တဲ့။ မဝိမလဉာနီကို အဲဒီငှက်လေးကို ဓာတ်ပုံလည်း ရိုက်ထားဖို့ အသံလည်း ဖမ်းယူထားဖို့ မိန့်ပါတယ်။ အဲဒီ ငှက်သံကို သစ်ပင်တွေပေါ် ခပ်လှမ်းလှမ်းနေရာမှာ ကြားရတတ်တာမို့ အသံကိုသာ ဖမ်းယူဖို့ လွယ်နိုင်ပါမယ်။ ဓာတ်ပုံရိုက်ယူဖို့ ခက်ခဲနိုင်ပါတယ်။ မဝိမလဉာနီက အင်တာနက်ထဲ ရှာကြည့်ရာ အိန္ဒိယကူကူငှက်လေးကို ဓာတ်ပုံရော၊ အသံပါ တွေ့ရပါတယ်။ အဲဒီငှက်လေးက ခိုငှက် အရောင်နဲ့ တူပါတယ်။ ချိုးငှက်အောက် ခန္ဓာကိုယ်က ငယ်ပါတယ်။ ချိုးငှက်ခန္ဓာကိုယ်ရဲ့ တစ်ဝက်လောက်ပဲ ရှိမယ် ထင်ရပါတယ်။

http://www.dhammadownload.com



မြတ်စွာဘုရားရဲ့ အသံတော်က ကရဝိက်ငှက်လိုပဲလို့ ဆိုထားလို့ ဘုရားရှင်အသံတော်ကို မှန်းဆကာ အာရုံပြုနိုင်ဖို့ရာ ဆရာတော်ကြီးက မဝိမလညာနီကို ခိုင်းတာ ဖြစ်ပါတယ်။ ကရဝိက်ငှက်တွေက သရက်သီး မှည့်အရည်ကို သောက်ပြီး အားရဝမ်းသာကာ အော်မြည်တတ်ကြပါ တယ်တဲ့။ တောကြက်၊ အိမ်ကြက်သံတွေကိုလည်း ကြားရပါတယ်။ အိမ်ကြက်တွေရဲ့တွန်သံက မြန်မာနိုင်ငံက ကြက်တွေရဲ့ တွန်သံနဲ့ မတူ ပါ။ မြန်မာကြက်တွန်သံက 'အော် အိ အီး အွတ်' လို့ မြည်ပါတယ်။ တောင်ကိုရီးယားကြက်တွန်သံက'အော်အိအီး'လောက်ပဲမြည်ပါတယ်။ တွန်သံပြီးဆုံးခါနီးမှာ လည်ပင်းကို ဆွဲလိမ်ခံရတဲ့ အသံလို ဖြစ်နေပါ တယ်။ ရာသီဥတုအရရော၊ ခန္ဓာကိုယ် တည်ဆောက်ပုံအရပါ ကွာခြား လို့ ဖြစ်ပါလိမ့်မယ်။

'တောက်တဲ့' သတ္တဝါလည်း ရှိပါသတဲ့။ သူကလည်း အသံ မြည်ပုံ ချင်း မတူပါတဲ့။ 'တောက် တောက်'လို့သာ အော်မြည်ပါသတဲ့။ 'တဲ့' အသံ မပါပါတဲ့။ အခြားသတ္တဝါတွေလည်း အမျိုးအစား တူပါလျက် အသံမြည်ပုံ မတူတာတွေ ရှိပါလိမ့်မယ်။ 'ယောက်ဖခွေးခေါ်' လို့ ကိုယ့် မြန်မာနားမှာ ကြားရပေမယ့် သူတို့ကိုရီးယားတွေရဲ့ နားထဲမှာတော့ အဲဒီလိုအသံနဲ့ မကြားရပါ။ ဘယ်လိုအသံပဲဖြစ်ဖြစ် တူညီတာတစ်ခု တော့ ရှိပါတယ်။ အဲဒါက ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားရတာပါ ပဲ။ ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားလို့ မမြဲတဲ့သဘောကတော့ ဘယ်အသံမျိုးမှာမဆို ရှိနေပါတယ်။

http://www.dhammadownload.com

## အအေးမိပြီး

၁၉-၅-၂၀၀၆ နေ့ သိပ် နေမကောင်းပါ။ အအေးမိပြီး ဖျားသလို ဖြစ်နေပါတယ်။ ဒီလိုဖြစ်တာကတော့ သာမဏေကျော်အဖို့ ရိုးနေပါပြီ။ ခဏ ခဏ ဖြစ်တတ်လို့ပါ။ ၁၈-၅-၂၀၀၆ ညက တရားနာမသွားနိုင်ပါ။ ဆရာတော်ကြီးက "သာမဏေကျော်ဆိုတော့ သံပရာရည်နဲ့ မျက်စဉ်း ခတ်ပါ။ ဦးခေါင်းကိုလည်း သံပရာရည်နဲ့ ပွတ်ပါ" လို့ မိန့်ပါတယ်။ အရုဏ်ဆွမ်းစားချိန်မှာ မိန့်လိုက်ပါတယ်။ အရုဏ်ဆွမ်းစားပြီးချိန်မှာ ဒကာဟိန်းက အောက်ထပ်ရှိ မီးဖိုချောင်ထဲက သံပရာသီးနဲ့ လှီးဖို့ ဓား ကို ယူလာကာ လှီးပြီး ပြောင်စင်အောင် ဆေးထားတဲ့ လက်နဲ့ မျက်လုံး နှစ်ဖက်မှာ သံပရာရည် ညှစ်ထည့်ပါတယ်။ သိပ် မစပ်ပါ။ နေ့ဆွမ်းမစား ခင်မှာလည်း ထပ်ခတ်ပါသေးတယ်။ သိပ် မစပ်လှပါ။ ဦးခေါင်းကိုပါ သုတ်လိမ်းပေးပါတယ်။ နှာရည်ယိုထွက်လာပါတယ်။ မျက်ရည်တွေ လည်း ထွက်လာပါတယ်။ အနည်းငယ်အခိုးပွင့်သွားပါတယ်။ နှပ်ညှစ် ထုတ်လိုက်ရပါသေးတယ်။ အရုဏ်ဆွမ်းမှာရော နေ့ဆွမ်းမှာပါ ဆန်ပြုတ်ကိုပဲ သောက်ပါတယ်။ ဆရာတော်ကြီးက "အရည်ကိုပဲ သောက်တာ ကောင်းတယ်။ အဖျားရှိရင် အဖတ်ကို မစားသေးတာ ကောင်းတယ်။ အဖတ်စားရင် အဖျားတာရှည်ပြီး တိုက်ဖို့က် ဖြစ်သွား တတ်တယ်"လို့ မိန့်ပါတယ်။ "ညနေရောက်ရင် ချင်းပြုတ်ရည် သောက်

http://www.dhammadownload.com



ပါ”လို့လည်း မိန့်ပါတယ်။ “ဖျားရင် သက်သောင့်သက်သာ နေရတယ်။ တရားမှတ်နေပေါ့” လို့လည်း မိန့်ပါသေးတယ်။

အဖျားရှိနေရင် ရေချိုးချင်စိတ် မရှိသလို စားချင်စိတ်လည်း မရှိပါ။လေအေးတိုက်ခတ်ခံရမှာလည်း ကြောက်နေတတ်ပါတယ်။ အခန်းအပြင်ထွက်ရမှာလည်း ဝန်လေးနေတတ်ပါတယ်။ မဝိမလညာနီက ပါရာစီတမောဆေးပြားနဲ့ အအေးမိပျောက်ဆေးပြား သောက်ပါလို့ ပြောကာ ပေးထားလို့ သောက်ရပါသေးတယ်။ ကိုရီးယားဒကာမကြီးတွေကတော့ အင်္ဂလိပ်ဆေးကို မသောက်ဖို့ဘဲ ပြောပါတယ်။ ချင်းပြုတ်ရည်ကိုပဲ အခါခါ ကပ်ကြပါတယ်။ ဘယ်လိုနည်းနဲ့ပဲ နေကောင်းကောင်း၊ နေကောင်းဖို့ပဲ အရေးကြီးပါတယ်။ နေမကောင်းဖြစ်တာက သိပ်မဆိုးတာမို့ တရားစစ်တာတော့ မပျက်ကွက်ပါ။ တရားနာတော့ ပျက်ပါတယ်။ အစားလည်း ပျက်ပါတယ်။ မြန်မာနိုင်ငံကို ပြန်ချိန်မှာတော့ ကျန်းကျန်းမာမာနဲ့ ပျော်ရွှင်စွာနဲ့ ပြန်ချင်ပါတယ်။ ၁၉-၅-၂၀၀၆ နေ့မှာ နေမပွင့်ပါ။ အုံ့မှိုင်းမှိုင်း ဖြစ်နေပါတယ်။ ညအချိန်မှာ အအေးမိမှာကြောက်လို့ ဟီတာကို ဖွင့်ထားရပါတယ်။ ဂွမ်းကပ်စောင်ကိုလည်း ခြုံရပါတယ်။ ပူလို့ ညအခါ ချွေးတောင် ထွက်ပါသေးတယ်။ ချွေးထွက်လို့ ခဏ ခဏ ကိုယ်ပတ်သက်န်းကိုလည်း လဲလှယ်ကာ ဝတ်ရပါတယ်။ တရားနာချိန်မှာ သာမဏေကျော်အနီးက တံခါးပေါက်ကို ဖွင့်ထားလို့ အအေးမိသွားပုံရပါတယ်။ အအေးမိပြီး မဖျားအောင် သတိထားနေပါလျက် အအေးမိသွားပါတယ်။

http://www.dhammadownload.com

# ကြိုးဖြတ်လော့မှ

သူမရဲ့မျက်နှာက လှပပါတယ်။ မျက်လုံးရော၊ မျက်ခုံးပါ လှကြပါတယ်။ ဒါပေမဲ့ သူမရဲ့မျက်နှာမှာ သောကအရိပ်အယောင်ကိုအမြဲတွေ့နေရတတ်ပါတယ်။ သူမက အသားဖြူတာမို့ တရားရှုမှတ်မှု ကောင်းလို့ မျက်နှာလေး ကြည်လင်နေရင် ကြည့်ရတာ အသရေရှိလှပါတယ်။ သူမကို မမေးဘဲလည်း "စိတ်တွေက အထွက်များတယ်။ မှတ်ရတာက ခက်ပါတယ်" လို့ ပြောပြောနေတတ်ပါတယ်။ "ဒီတရားစခန်းမှာတော့ စိတ်ကလွင့်ပေမယ့် မှတ်တဲ့အခါမှတ်နိုင်တာမို့ တော်ပါသေးတယ်။ အိမ်ပြန်ရောက်ရင် ဘယ်လို လုပ်ရပါ့မလဲ။ စိတ်ကို နိုင်မှာ မဟုတ်တော့ဘူး" လို့လည်း ပြောလာပါသေးတယ်။

ရောဂါနှိပ်စက်ခံရလို့ အော်ဟစ် ညည်းတွားနေသူရဲ့အနီးဝန်းကျင်မှာ ကျွမ်းကျင်တဲ့ သမားတော်ကြီး ရှိနေတယ်။ သူ့ကုသချက်တွေကလည်း ထက်မြက်ထိရောက်လှတယ်။ အဲဒီလိုအခြေအနေ ရှိနေပါလျက် လူနာက သမားတော်ကြီးထံမသွားရင် သမားတော်ကြီးမှာလည်း အပြစ်မရှိဘူး။ ဆေးမှာလည်း အပြစ်မရှိဘူး။ မသွားတဲ့ လူနာမှာပဲ အပြစ် ရှိတယ်။

ခန္ဓာကိုယ်တစ်ခုလုံး မစင်တွေ လူးပေနေလို့ နံစော်နေတဲ့ လူတစ်ယောက်ရဲ့ အနီးဝန်းကျင်မှာ သန့်ရှင်း ကြည်လင် အေးမြတဲ့ ရေတွေနဲ့

http://www.dhammadownload.com



ပြည့်နေတဲ့ ရေကန်ကြီး ရှိနေတယ်။ အဲဒီလိုအခြေအနေ ရှိနေပါလျက် အဲဒီလူက ရေကန်ကြီးဆီ သွားပြီး မဆေးကြော မသန့်စင်ရင် ရေကန်ကြီးမှာ အပြစ်မရှိပါ။ အဲဒီလူမှာပဲ အပြစ်ရှိပါတယ်။

လူတစ်ယောက်ကို ရန်သူတွေက လေးဖက်လေးတန်မှာ ဝိုင်းရံထားကြတယ်။ တစ်နေရာမှာတော့ ထွက်ပေါက်လေး ရှိနေတယ်။ အဲဒီလို ထွက်ပေါက် ရှိနေပါလျက် ထွက်မပြေးရင် ထွက်ပေါက်မှာ အပြစ်မရှိပါ။ ထွက်မပြေးသူမှာပဲ အပြစ်ရှိပါတယ်။

အခုယောဂီမှာ သတိပဋ္ဌာန်ဆေး၊ သတိပဋ္ဌာန်ရေကန်၊ သတိပဋ္ဌာန်ထွက်ပေါက် ရှိနေပြီပဲ။

ဆရာဝန်ဆိုတာ လူနာကို ဆေးပေးရုံပဲ လုပ်ရတယ်။ ဆေးသောက်ဖို့ကတော့ လူနာရဲ့ တာဝန်ပဲ။ အဲဒီလိုပါပဲ ကမ္မဋ္ဌာန်းပေးသူတွေက နည်းပေးပြီးပြီ။ လက်တွေ့ ကျင့်ဖို့တော့ နည်းယူသူရဲ့ တာဝန်ပါပဲ။

အဲဒီဥပမာလေးတွေနဲ့ ပြောပြတော့ ယောဂီက ပြုံးရယ်ကာ သဘောကျနေပါတယ်။ "လှေကို ချည်ထားတဲ့ ကြိုးကို မဖြုတ်ဘဲ လှော်ရင် လိုရာတစ်ဖက်ကမ်းကို မရောက်နိုင်ပါ။ ကြိုးဖြုတ်လှော်မှသာ ရောက်နိုင်ပါတယ်" လို့လည်း ပြောလိုက်ပါသေးတယ်။ အဲဒီအခါမှာတော့ သူမရဲ့မျက်နှာက တည်နေပါတယ်။ မရယ်နိုင်တော့ပါ။ သူ့မှာ စိတ်ဆင်းရဲစရာလူမှုကိစ္စတွေ တရားစခန်း မလာခင်က ရှိခဲ့ပုံရပါတယ်။ အဲဒါတွေက သူမရဲ့စိတ်ထဲ မကြာခဏ ဝင်ရောက်လာကြပုံ ပေါ်ပါတယ်။

http://www.dhammadownload.com

# ဆိုးလ်က မျှော်စင်ကြီး

ဆိုးလ်မြို့က မျှော်စင်ကို ဆိုးလ်မြို့ထဲ သွားတိုင်း မြင်တွေ့ခဲ့ရပါတယ်။ တောင်ထိပ်ပေါ်က အဲဒီမျှော်စင်မြင့်မြင့်ကြီးကို တစ်နေ့နေ့မှာ ရောက်အောင် လိုက်ပို့မယ်လို့ ပြောကြပါတယ်။ ဒီနေ့ ၂၁-၅-၂၀၀၆ မှာတော့ ရောက်ခဲ့ရပါပြီ။ တနင်္ဂနွေနေ့ ဖြစ်နေလို့ တရားစစ် နားတဲ့အတွက် သွားခဲ့ကြပါတယ်။ မဝိမလညာနီ၊ မမနာပိကာ၊ ဒေါ်သုဒန္တာ၊ ဦးဂဝေသီတို့လည်း ပါပါတယ်။ စီးလာတဲ့ ကားကို တစ်နေရာမှာ ရပ်ထားခဲ့ပြီး ဘတ်စကားကိုစီးရပါသေးတယ်။ မျှော်စင်ပေါ်ရောက်အောင် ဓာတ်လှေကား စီးရပါသေးတယ်။ ဆိုးလ်မြို့တစ်မြို့လုံးကို မျှော်စင်ကြီးပေါ်က ကောင်းကောင်း မြင်ရပါတယ်။ မှန်ပြောင်းနဲ့ ကြည့်ရင် အနီးကပ် ကြည့်ရသလို မြင်ရပါတယ်။ ဦးဂဝေသီက မျှော်စင်ကြီးရဲ့ အရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်၊ မြောက်ဘက်မှာ ရှိတဲ့ မြင်ကွင်းတွေကို ရှင်းပြပါတယ်။ အရပ်လေးမျက်နှာမှာ မီးခြစ်ပုံးကို ထောင်ထားသလို ဆောက်ထားတဲ့ တိုက်မြင့်မြင့်ကြီးတွေကိုရော မီးခြစ်ပုံးကို လှဲထားသလို ဆောက်လုပ်ထားတဲ့ တိုက်တွေကိုပါ မြင်တွေ့ရပါတယ်။ ဆိုးလ်ရဲ့အရှေ့မှ အနောက်ကို စီးဆင်းသွားနေတဲ့ ဟန်မြစ်နဲ့ ဟန်မြစ်ထဲက ၂၀ ကျော်သော တံတားတွေထဲက တံတားတချို့ကို မြင်နေရပါတယ်။ ကားလမ်းတွေပေါ်မှာရော တံတားတွေပေါ်မှာပါ မောင်းသွား

http://www.dhammadownload.com



နေတဲ့ ကားတွေရဲ့ လှုပ်ရှားနေကြပုံတွေကို မြင်ရပါတယ်။ ဆိုးလ်မြို့ထဲက ဘောလုံးကွင်း ၃ ခုမှာ ဘောလုံးကန်နေကြတာကိုလည်း မြင်နေရပါတယ်။

ကောင်းကင်ကြိုးနဲ့ သွားရတဲ့ ခေတ်ရထားကို အဆင်းမှာရော အတက်မှာပါ စီးခဲ့ကြပါတယ်။ လူအယောက် ၄၀ လောက် ပါမယ်ထင်ရပါတယ်။ ဦးဂဝေသီက နန်းတော်တွေကို လှမ်းပြပါတယ်။ နန်းတော်တွေကို တောင်တွေကို နောက်ခံထားပြီး ရှေ့မျက်နှာရှိ ဟန်မြစ်ကို လှမ်းကြည့်လို့ရအောင် တည်ဆောက်ထားပါတယ်တဲ့။ ဆိုးလ်မြို့မှာ လူဦးရေ ၁၀ သန်း ရှိပါတယ်။ တောင်ကိုရီးယားနိုင်ငံမှာ လူဦးရေ ၄၈ သန်း ရှိပြီး မြောက်ကိုရီးယားမှာတော့ လူဦးရေ ၂၂ သန်း ရှိပါတယ်။ ပြည်ပရောက်ကိုရီးယားတွေက ၈ သန်း ရှိပါတယ်တဲ့။ ကမ္ဘာတစ်ဝန်းလုံးမှာ ကိုရီးယားလူမျိုးဦးရေ ၇၈ သန်း ရှိပါတယ်တဲ့။ ဆိုးလ်မြို့က မျှော်စင်ကြီးပေါ်မှာ ဖျော်ရည်သောက်ခဲ့ရသလို ကျင်ငယ်လည်း စွန့်ခဲ့ရပါတယ်။ တနင်္ဂနွေနေ့ဖြစ်လို့ မျှော်စင်ကြီးပေါ်မှာရော မျှော်စင်အောက်မှာပါ လူတွေ များပြားလှပါတယ်။ မျှော်စင်ကြီးနားမှာ တီးမှုတ်ကာ သီဆိုနေကြသူတို့ကို လူတွေက ဝိုင်းကြည့်နေတာကို တွေ့ခဲ့ရပါတယ်။

တွဲတွဲပြီး သွားလာနေကြတဲ့ လမ်းပေါ်က အတွဲတွေကိုရော၊ သားသမီးတွေနဲ့ လာကြတဲ့ဇနီးမောင်နှံ အတွဲတွေကိုပါ မြင်တွေ့ရရာ တစ်ယောက်ကသာ လှပြီး တစ်ယောက် မလှတဲ့ အတွဲတွေကို အတော်များများပဲ တွေ့ရပါတယ်။ ကိုယ့်အမြင်မှာသာ မလှပေမယ့် ပိုင်ရှင်ရဲ့ အမြင်မှာတော့ နတ်သား၊ နတ်သမီးလေးလိုပဲ လှနေပါလိမ့်မယ်။ လှတာနဲ့ မလှတာ တွဲနေကြတဲ့ ကိုရီးယားအတွဲတွေ များသလို အခြားအခြား နိုင်ငံတွေမှာလည်း ဒီလိုပဲ နေကြပါလိမ့်မယ်။

http://www.dhammadownload.com

# ဝမ်းသာရမလိုလို

မနေ့ ၂၁-၅-၂၀၀၆ က နေပူလို့ ဆိုးလ်မြို့မျှော်စင်ကြီးကို သွားကြည့်ခဲ့ရပါတယ်။ ဒီနေ့ ၂၂-၅-၂၀၀၆ မှာတော့ မိုးအုံ့နေတယ်။ မိုးကျတော့မယ်နဲ့ တူပါတယ်။ ရာသီဥတုရဲ့အမျိုးမျိုးပြောင်းလဲပုံကို ကိုရီးယားနိုင်ငံက ဖော်ပြနေပါတယ်။ ရာသီဥတုက ပြောင်းလဲတတ်သလို ကိုရီးယား ပြည်သူပြည်သားတွေရဲ့ စိတ်ဟာလည်း အစဉ်အမြဲ ပြောင်းလဲနေတတ်ပါတယ်။ အခု ဝမ်းသာ၊ တော်ကြာ ဝမ်းနည်း မတည်ကြမြဲပါ။ ကိုရီးယားသားတွေရဲ့ စိတ်သာ အစဉ်အမြဲပြောင်းလဲနေတာ မဟုတ်ပါ။ အခြားနိုင်ငံသူ၊ နိုင်ငံသားတွေရဲ့စိတ်ဟာလည်း အစဉ်အမြဲပြောင်းလဲနေတတ်ပါတယ်။ သတ္တဝါတိုင်းရဲ့ စိတ်ဟာ မတည်မြဲဘဲ အမြဲပြောင်းလဲနေတတ်ပါတယ်။ ကိုရီးယားပြည်သူပြည်သားတွေရဲ့ စိတ်သာ ပြောင်းလဲနေကြတာ မဟုတ်ပါ။ ရုပ်တွေပါ ပြောင်းလဲကာ ယိုယွင်းအိုမင်းလာနေပါတယ်။ ဒီနေ့ ၂၂-၅-၂၀၀၆ နေ့ နံနက် တရားစစ်ပြီးချိန်မှာ သာမဏေကျော်ကို မမနာပိကာက "အရှင်ဘုရားရဲ့မျက်နှာက ၁၀ နှစ်လောက် ငယ်သွားသလိုပါပဲ။ စစ်သွားပါတယ်"လို့ ပြောသွားပါတယ်။ မမနာပိကာရဲ့ စကားက ဝမ်းသာရမလိုလို၊ ဝမ်းမသာရမလိုလိုပါဘဲ။ သာမဏေကျော်ဟာ တောင်ကိုရီးယားမှာ နေခဲ့ရတာ ရက်ပေါင်း

http://www.dhammadownload.com



၄၀ ရှိပြီဆိုတော့ ရုပ်ရဲ့အိုတတ်တဲ့သဘောအရ ရက်ပေါင်း၄၀ စာ ပိုအို သွားပါပြီ။ သာမဏေကျော်ရဲ့ရုပ်ဟာ ရက်ပေါင်း ၄၀ စာ ပိုမိုအိုလာ သလို ကိုရီးယားပြည်သူပြည်သားအားလုံးနဲ့တကွ သတ္တဝါအားလုံးရဲ့ ရုပ်တွေဟာ ပို၍ ပို၍ အိုလာနေကြပါတယ်။

မမနာပိကာက "အရှင်ဘုရား အားလပ်တဲ့တစ်ချိန်ချိန်မှာ တပည့် တော့်မိခင် ဒေါ်သုဒ္ဓာနဲ့အတူ သာမဏေကျော် မဟာဂန္ဓာရုံကျောင်း တိုက်က စာချဆရာ ၂ ပါးနဲ့ စာသင်ကိုရင်အပါး ၂၀၊ ဖိုးသူတော် ၅ ပါးအတွက် လှူမယ့် ဓမ္မပဒအဋ္ဌကထာအုပ်ရေ ၆၀၊ ဇာတ်အဋ္ဌကထာ ၂စုံ (၁၄-အုပ်) နဲ့ ဦးဟုတ်စိန် အဘိဓာန်စာအုပ်တွေကို ရေစက်ချလှူဖို့ လာခဲ့ပါမယ်။ ၂သိန်း ၄သောင်းကုန်ကျပါတယ်။ မကမလဉာနီက အဲဒီ စာအုပ်တွေကို ဝယ်ထားပါပြီ" လို့ လျှောက်ပါတယ်။ ၂ သိန်း ၄ သောင်း တောင် ကုန်ကျတယ်ဆိုတော့ "မနည်းပါလား" လို့ ပြောလိုက်မိတယ်။ သာမဏေကျော် မဟာဂန္ဓာရုံရဲ့ ပရိယတ်စီမံကိန်းကို သာမဏေကျော် က စိတ်ကူးထားပေမယ့် အကောင်အထည်ပေါ် လာအောင် ဖော်နိုင်ဖို့ အတွက် စိတ်အားလျှော့နေမိပါတယ်။ အခုလိုမမနာပိကာ မိခင်ဒေါ်သု ဒ္ဓာနဲ့ အဘွားဖြစ်သူတို့က ပံ့ပိုး ကူညီပေးလာလို့ အားတက်သွားပါ တယ်။သာမဏေကျော်ရဲ့စိတ်ကူးယဉ်ပရိယတ်စီမံကိန်းဟာ အကောင် အထည်ပေါ်ဖို့ နီးစပ်လာပြီနဲ့ တူပါတယ်။ "ခါချဉ်ကောင် မာန်ကြီးလို့ တောင်ကြီး ဖြိုမယ် ကြံ၊ ခါးက မသန်" ဆိုတာလို ဖြစ်နေတဲ့ သာမဏေ ကျော်မှာ တောင်ကြီးကို ဖြိုဖို့ ခါးလေး ပိုမိုသန်မာလာရပါတယ်။

http://www.dhammadownload.com

## ရပ်ရှင်ကြည့်ရသလိုပါပဲ

"ယောဂီက အားကစားတွေထဲမှာ ဘာအားကစားကို ကြိုက်နှစ်သက်ပါသလဲ။"

"ရေကူးတဲ့ အားကစားကိုပါ။"

"ရေကူးတဲ့အခါ လက်မလှုပ်၊ ခြေမလှုပ်ရင် ဘာဖြစ်သွားမလဲ"

"မြုပ်သွားပါမယ်"

"ယောဂီကလည်း မမှတ်ရင် ဘယ်လို ဖြစ်သွားမလဲ"

"ကိလေသာထဲ မြုပ်သွားပါမယ်"

"ဝိပဿနာနဲ့ ရေကူးအားကစားထဲက ဘာကို ပိုကြိုက်သလဲ"

"ဝိပဿနာကိုပါ"

"ဘာကြောင့်ပါလဲ"

"တပည့်တော်မှာ စိတ်အဆင်းရဲရဆုံးအချိန်အခါ ရှိခဲ့ပါတယ်။ အဲဒီတုန်းက ဝိပဿနာကို စတွေ့ခဲ့ပါတယ်။ စိတ်ဆင်းရဲရမှု ညွှန်ထဲက တပည့်တော်ကို ဝိပဿနာက ဆွဲထုတ်ပေးခဲ့ပါတယ်။ ဒါကြောင့်ပါပဲ"

"ဝိပဿနာက စိတ်ချမ်းသာမှုကို ပေးတယ်ပေါ့။"

"မှန်ပါဘုရား။"

http://www.dhammadownload.com



ယောဂီက မျက်ရည်ကျလာနေပါတယ်။ မဝိသုတညာနီက တစ်ရှူး တွေကို ယူပြီး ပေးပါတယ်။ မျက်ရည်၊ နှာရည်တွေကို သုတ်ရအောင်လို့ ပါ။ သူ့အတိတ်က စိတ်ဆင်းရဲရဆုံးအခြေအနေတွေကို ပြန်သတိရလာ ပုံပေါ်ပါတယ်။ သူမရဲ့ပုံစံက ယောက်ျားလေးလိုပါပဲ။ အင်္ဂလိပ်စာ တော်ပါတယ်။ သူမရယ်၊ မဥတ္တရာ၊ မဥတ္တရာရဲ့ရည်းစားရယ် Raindrops in hot summer လို့ အင်္ဂလိပ်လို ရိုက်ထားတဲ့ ရွှေတောင်ကုန်း ဆရာတော်ကြီးရဲ့ အဆိုအမိန့်စာအုပ်ကို ကိုရီးယားလို ဘာသာပြန်ထား ကြပါတယ်။ ၂၈-၅-၂၀၀၆ နေ့ ဆိုးလ်မြို့ပဏ္ဍိတာရာမရိပ်သာဖွင့်ပွဲမှာ အဲဒီ စာအုပ်ကို ဝေငှလှူဒါန်းပါမယ်တဲ့။ ဒီယောဂီမလေးရဲ့ နာမည်က Kim Ji Yean ဖြစ်ပါတယ်။ သူမက ဒီလိုလည်း ပြောပါသေးတယ်။

"တရားရှုမှတ်ရတာဟာ ရုပ်ရှင်ကြည့်ရသလိုပါပဲ။ ရုပ်ရှင်ကြည့်ရ တာထက် ပိုမိုစိတ်ဝင်စားစရာကောင်းပါတယ်။"

သူမက ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်းမှာလည်း လာရောက်အား ထုတ်ဖူးပါတယ်။

"ယောဂီက ခန္ဓာကိုယ်ဆိုတဲ့ ရုပ်ရှင်မှာ သရုပ်ဆောင်အမျိုးမျိုးနဲ့ သရုပ်ဆောင်ပြပုံတွေကို ကျန်တဲ့ရက်တွေမှာ ဆက်လက်ရှုစား ကြည့် လိုက်ဦးပေါ့။ စိတ်ဝင်စားစရာ တွေ့လာဦးမှာပါပဲ။"

http://www.dhammadownload.com

# အပြေးပြိုင်သူလို

၂၃-၅-၂၀၀၆ နေ့မှာ မိုးတော့ မရွာပါ။ နှင်းမှုန်လေးတွေလို အခိုးတွေက အုံ့ဆိုင်းနေကြပါတယ်။ ၂၂-၅-၂၀၀၆ နေ့က ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်းကို လာရောက်အားထုတ်သွားတဲ့ ညီအစ်မနှစ်ယောက်ထဲက ညီမဖြစ်သူ Oh Jeang Hee က ဒီတရားစခန်းရဲ့နောက်ဆုံး ၂ ပတ်လောက်မှာ လာရောက်အားထုတ်ပါတယ်။ အစ်မဖြစ်သူက လိုက်ပို့ပါတယ်။ ညီမအငယ်ဆုံးလေးမို့ အစ်မကြီးက ချစ်ရှာပါတယ်။ မြန်မာနိုင်ငံမှာ မမနာပိကာတို့လို သီလရှင်ဝတ်စေချင်ပါတယ်တဲ့။ ညီမလေးက မဝတ်လိုပါ။ အစ်မဖြစ်သူက တောင်ကိုရီးယားပြန်ရောက်တဲ့အခါ ဗိုက်ခွဲကုသရပါတယ်။ သူတို့အိမ်မှာအစ်မကြီးက သာမဏေကျော်ကို သတိရကြောင်း ခဏခဏ ပြောပါသတဲ့။ သာမဏေကျော်က သူတို့ညီအစ်မနှစ်ယောက်ကို စိတ်ရှည်သည်းခံကာ တရားရှုမှတ်နည်းသင်ပြပေးခဲ့ရပါတယ်။ သူတို့က စကားပြောပြောနေတတ်လို့ အဲဒီတုန်းက အခါများစွာ သတိပေးခဲ့ရပါတယ်။ ညီမဖြစ်သူဟာ ဒီတရားစခန်းမှာ ကြိုးကြိုးစားစား အားထုတ်လို့ တရားအတွေ့အကြုံ ပြောပုံလေးတွေ ကောင်းပါတယ်။

"တရားအားထုတ်ရတာ အားမရသေးဘူးလား"

"အားမရသေးပါ၊ မှတ်ပုံ၊ သိပုံလေးတွေ ပြောတာကောင်းတယ်လို့ အရှင်ဘုရားအားပေးလို့ အားတော့ ရှိပါတယ်။

http://www.dhammadownload.com



"အစ်မကြီး မပါတော့ စကားပြောဖော် မရှိတော့လို့ မှတ်ရတာ ကောင်းနေပုံရတယ်။"

ယောဂီက ရယ်နေပါတယ်။

"ကုသိုလ်တရားတွေမှာ အားရမှု မရှိတာ၊ မရောင့်ရဲတာဟာ ကောင်းပါတယ်။ အဲဒီအားမရ၊ မရောင့်ရဲမှုနဲ့ တရားအားထုတ်ရာမှာ နောက်မတွန့်မှု၊ နောက်မဆုတ်မှုတွေရဲ့ အကျိုးတွေကို ဘုရားရှင်က ကောင်းကောင်း သိခဲ့ပါတယ်။ အဲဒီတရား ၂ ပါးကြောင့် ဘုရား ဖြစ်ခဲ့ရပါတယ်။"

"အပြေးပြိုင်တဲ့သူဟာ ပန်းတိုင်ရောက်ခါနီးလာလေ ပိုမိုအရှိန်မြှင့်ပြီး ပြေးရလေလေပါပဲ။ အခုလည်း ဒီတရားစခန်းက ၂၆-၅-၂၀၀၆ နေ့မှာ ပြီးမှာဆိုတော့ တရားစခန်းပြီးခါနီးလာလေလေ ပိုပြီး ကြိုးစားရလေလေပါပဲ။ ကျန်တဲ့ရက်တွေမှာ အစွမ်းကုန် ကြိုးစားမှတ်လိုက်ပါ"

"မှန်ပါ၊ ကြိုးစားပါ့မယ်ဘုရား"

http://www.dhammadownload.com

# သူ့လှေ၊ ကိုယ့်လှေ

မဟာယာနသီလရှင်တစ်ပါးက ယောဂီအဖြစ်နဲ့ ဝင်ရောက်အား ထုတ်ပါတယ်။ သူမက ဒီနေ့ ၂၃-၅-၂၀၀၆ မှာ ဒီလိုပြောလာပါတယ်။ ထူးခြားတယ်လို့ ဆိုရမှာပဲ။

"ကယ်တင်ရေးထက် လွတ်မြောက်ရေးက ပိုအရေးကြီးတယ် ဆို တာကို သဘောပေါက်လာပါပြီ"

မဟာယာနဝါဒက ကိုယ်ကိုယ်တိုင် သံသရာမှ လွတ်မြောက်အောင် လုပ်ရတာထက် သူတစ်ပါးကို ကယ်တင်ရေးက ပိုအရေးကြီးတယ်လို့ ယူဆပါတယ်။ သူမကို ဒီလို ပြောလိုက်ပါတယ်။

"ပင်လယ်ထဲမှာ လှေနဲ့ ခရီးသွားရာ ကိုယ့်လှေမှာရော သူ့တစ်ပါး လှေမှာပါ အပေါက်ပေါက်ပြီး ရေတွေ ဝင်နေတယ်။ ကိုယ့်လှေ ပေါက် နေတာကို မဖာဘဲ သူတစ်ပါးလှေပေါက်ပြီး ရေဝင်နေတာကို သွားပြော ရမှာလား။ ကိုယ့်လှေကို ဖာရမှာလား။"

"ကိုယ့်အနာ လောက်ကိုက်နေတာကို ဆေးမကုဘဲ သူတစ်ပါး အနာ လောက်ကိုက်နေတာကို သွားပြောရမှာလား။"

"ကိုယ့်မှာ ငွေမရှိဘဲနဲ့ သူတစ်ပါးအား ငွေပေးလို့ ရပါ့မလား။"

"ကိုယ့်မှာ ပညာမတတ်ပါဘဲ အဲဒီမတတ်တဲ့ ပညာနဲ့ သူတစ်ပါး ကို ကူညီလို့ရပါ့မလား"

http://www.dhammadownload.com



"သူတစ်ပါးအား ငွေပေးချင်ရင် ကိုယ့်မှာငွေရှိဖို့ လိုပါတယ်။ ငွေများများ ရှိရင် များများ ပေးလို့ရပါတယ်။ နည်းနည်း ရှိရင်တော့ နည်းနည်းပဲ ပေးလို့ရပါတယ်။ မရှိရင်တော့ ပေးလို့မရပါ။"

"သူတစ်ပါးကို ကယ်တင်ချင်ရင် ကိုယ့်ကိုယ်ကို အရင်ကယ်တင်ရပါမယ်။ ကိုယ့်ကိုယ်ကိုကယ်တင်ပြီးမှ သူတစ်ပါးကိုကယ်တင်ရင် ပိုမိုထိရောက်မှု ရှိပါတယ်။"

အဲဒီမဟာယာနသီလရှင်က "ပဏ္ဍိတာရာမကို လာပြီး အချိန်ကြာမြင့်စွာ တရားလာအားထုတ်ပါအုံးမယ်။ ဝိပဿနာ အားထုတ်ရတာဟာ စိတ်တည်ငြိမ်မှုအရဆုံးပါပဲလို့ ပြောလာပါတယ်။ ဝိပဿနာကို တကယ်အားထုတ်ရင် ဘယ်သူမဆို ကြိုက်နှစ်သက်လာတာပါပဲ။ ဘုရားရှင်ရဲ့ ဝိပဿနာတရားက ဘယ်သူမဆို ကိုယ်တိုင်တွေ့မြင်နိုင်တဲ့ ဂုဏ်နဲ့ ပြည့်စုံတဲ့ တရားတော် ဖြစ်ပါတယ်။

http://www.dhammadownload.com

# ဒေါသကျေးကျွန်

"လောကမှာရုပ်ကို လှအောင်ပြင်သူတွေက များပါတယ်။ စိတ်ကို လှအောင် ပြင်နိုင်သူ၊ ပြင်ချင်သူက နည်းပါးလှပါတယ်။ ရုပ်လှပြီး စိတ် မလှရင် မြတ်နိုးဖွယ် မကောင်းလှပါ။ ရုပ်မလှပေမယ့် စိတ်လှရင် မြတ်နိုး ဖွယ် ကောင်းပါတယ်။ ရုပ်ရော စိတ်ပါ လှရင်တော့ မြတ်နိုးဖွယ် အကောင်းဆုံးပေါ့။"

အသက်ခပ်ရွယ်ရွယ်ရှိ ရုပ်လှသူယောဂီမတစ်ယောက်ကို တရား စခန်းပြီးခါနီးမို့ တရားစကား ပြောကြားလိုက်ပါတယ်။ သူမက ဒီလိုပြော လာပါတယ်။

"တပည့်တော်တို့ တောင်ကိုရီးယားမှာ SAMSUNG ဆိုတဲ့ နာမည်အကြီးဆုံး ကုမ္ပဏီ ရှိပါတယ်။ အဲဒီ ကုမ္ပဏီပိုင်ရှင်သူဌေးဟာ တောင်ကိုရီးယားမှာ ပိုက်ဆံအချမ်းသာဆုံး ပုဂ္ဂိုလ်ပါပဲ။ သူ့နာမည်က အီကွန်ဟီး ဖြစ်ပါတယ်။ သူ့မှာ သမီးချောချောလေး တစ်ယောက် ရှိပါ တယ်။ အသက် ၂၆ ရှိပါတယ်။ အမေရိကမှာ ဘွဲ့လွန်ပညာသင်ယူနေ ပါတယ်။ သူမဟာ ရုပ်ချောသလို ဉာဏ်လည်း ကောင်းပါတယ်။ မာန လည်း နည်းပါးပါတယ်။ သူမဟာ လွန်ခဲ့တဲ့လအနည်းငယ်မှာပဲ သူ့ ကိုယ်ကို အမေရိကမှာ သတ်သေသွားပါတယ်။"

http://www.dhammadownload.com



သနားကရုဏာသက်စရာ ဖြစ်ရပ်ပါပဲ။ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာတိုင်း စိတ်မချမ်းသာနိုင်ကြပါ။ အဲဒီသူဌေးသမီးလေးဟာ သူ့သန္တာန်မှာ ဖြစ်ပေါ်လာတဲ့ ဒေါသကို မထိန်းနိုင်တဲ့အတွက် သူ့ကိုယ်ကို သတ်သေသွားတာပါပဲ။ သူ့ဒေါသက သူ့ကို သတ်လိုက်တာပါပဲ။ ဒေါသကို သတ်နိုင်တဲ့ ဒီသတိပဋ္ဌာန်ရေအေးကို သူမမှာ သောက်သုံးခွင့်ရခဲ့ရင် အသက်ဆက်လက်ရှင်ကာ လှမြဲ ဆက်လှနေမှာပါပဲ။ "စိတ်ဆိုးတယ်၊ စိတ်ပျက်တယ်၊ စိတ်ညစ်တယ်၊ စိတ်ဓာတ်ကျတယ်၊ သတ်သေချင်တယ်" လို့ သူမမှာ ဖြစ်ပေါ်နေတဲ့ စိတ်ဆိုးတာ၊ စိတ်ပျက်တာ၊ စိတ်ဓာတ်ကျတာ သတ်သေချင်တာတွေကိုသာ စူးစိုက်ရှုမှတ်မှု သတိရှိခဲ့ရင် အခုလို အသေဆိုးနဲ့ သေရမယ် မဟုတ်ပါ။ ပစ္စည်းဥစ္စာ ချမ်းသာပေမယ့် ရှုမှတ်မှု သတိ မဲ့တေနေလို့သာ အခုလိုသတ်သေသွားတာ ဖြစ်ပါတယ်။ ဒေါသဖြစ်လာရင် အကျိုးအကြောင်း၊ အဆိုးအကောင်းကို မခွဲခြားနိုင်တော့ပါ။ အမှောင်ကျသွားပါတော့တယ်။ အမှန်ကို မြင်နိုင်စွမ်းမရှိတော့ပါ။ ဒေါသရဲ့ ညှဉ်းပန်းနှိပ်စက်မှုကို ကောင်းကောင်းကြီး ခံပါရတော့တယ်။ ဒေါသစေခိုင်းသမျှ လုပ်ရပါတော့တယ်။ ဒေါသအမိန့်ကို နာခံရပါတော့တယ်။ ဒေါသက အသတ်ခိုင်းလို့ သူမဟာ သူ့ကိုယ်ကို သတ်လိုက်ပါတယ်။ ဒေါသကို တွန်းလှန်နိုင်ခဲ့ရင် သူမဟာ အခုအထိ လူ့လောကမှာ တောင်ကိုရီးယားမှ အချမ်းသာဆုံးလူရဲ့ သူဌေးသမီးအဖြစ် တည်ရှိနေဦးမှာပါပဲ။

http://www.dhammadownload.com

# လာရောက်အားထုတ်ကြသူတွေ

၂၄-၅-၂၀၀၆ နေ့မှာ လာရောက်တရားလျှောက်ကြတဲ့ ယောဂီတွေဟာ နောက်ဆုံးအလှည့် ရောက်နေကြပါတယ်။ ဒါကြောင့် သာမဏေကျော်က သူတို့ကို ထိုက်သင့်တဲ့ အားပေးစကား တိုက်တွန်းစကားတွေကို ပြောကြားပေးရပါတယ်။ မနက်ဖြန် ၂၅-၅-၂၀၀၆ မှာလည်း နောက်ဆုံးအလှည့်အနေနဲ့ ကျန်တဲ့ ယောဂီတွေက တရားအတွေ့အကြုံကို လာရောက်လျှောက်ထားကြပါဦးမယ်။ အဲဒီအခါမှာလည်း အဲဒီလိုပဲ သူတို့နဲ့ သင့်တော်မယ့် တရားစကားတွေကို ပြောကြားပေးရပါဦးမယ်။ သူတို့ သိချင်တာလေးတွေကို မေးကြပါတယ်။ စွမ်းနိုင်သမျှ ဖြေပေးရပါတယ်။ ကိုယ်သိချင်တဲ့ မေးခွန်းတွေကိုလည်း သူတို့ကို မေးရပါတယ်။ သူတို့ရဲ့ အမြင်ကိုယ်စီနဲ့ အဖြေပေးကြပါတယ်။

"ဝိပဿနာကို ဘာလို့ ကြိုက်ပါသလဲ?"

"ဝိပဿနာဟာ ကိုယ့်အတွက် တကယ်ပဲ လိုအပ်ပါသလား?"

"ဝိပဿနာအားထုတ်လို့ ဘယ်လို အကျိုးတွေကို ရရှိသွားပါသလဲ?"

"ဒီဝိပဿနာကို ဆက်လက်အားမထုတ်ပါနဲ့လို့ တစ်ဦးဦးက လာပြောရင် ဘယ်လို ပြန်ပြောလိုပါသလဲ?"

"ဝိပဿနာနဲ့ ကင်းချိ ဘယ်ဟာကို ပိုကြိုက်ပါသလဲ။ ဘာကြောင့် ပိုကြိုက်ပါသလဲ?"

http://www.dhammadownload.com



"ကင်ချီကို မစားတဲ့နေ့ ရှိပါသလား?"

"ဝိပဿနာက သင့်ဘဝအတွက် ဘယ်လို ကျေးဇူးပြုပါသလဲ?"

ဝိပဿနာဆိုတာ ဘယ်လိုလဲလို့ စူးစမ်းလိုလို့ လာရောက်အား ထုတ်ကြသူတွေလည်း ပါပါတယ်။ ဝိပဿနာအပေါ် ယုံကြည်မှုသဒ္ဓါ ရှိကြလို့ လာရောက်အားထုတ်ကြသူတွေလည်း ပါပါတယ်။ စိတ် ဆင်းရဲစရာတွေနဲ့ ကြုံတွေ့နေရလို့ စိတ်ချမ်းသာမှုရအောင် မျှော်လင့် ချက်နဲ့ လာရောက်အားထုတ်ကြသူတွေလည်း ပါပါတယ်။ ခါးနာ၊ ဒူးနာ စတဲ့ ရောဂါတွေနှိပ်စက်ခံရလို့ သံဝေဂရကာ လာရောက် အားထုတ်ကြ သူတွေလည်း ပါပါတယ်။ ပဏ္ဍိတာရာမ ဆရာတော်ကြီး လာရောက် တရားပြသခိုက် အခွင့်အရေးကောင်းကို ရလိုလို့ လာရောက်အားထုတ် ကြသူတွေလည်း ပါပါတယ်။ ဆရာဝန်၊ ယောဂဆရာ၊ ဆရာမ၊ စိတ် ပညာရှင်၊ အလှပြင်ပညာရှင်၊ ဘာသာပြန်ဆရာ၊ တက္ကသိုလ်စာပြဆရာ၊ ချက်ပြုတ်ရေးပညာရှင်၊ မဟာယာနရဟန်း၊ မဟာယာနသီလရှင် စတဲ့ အလွှာမျိုးစုံ၊ အရွယ်မျိုးစုံ၊ နေရာမျိုးစုံက လာရောက်အားထုတ်ကြပါ တယ်။ ၂၆-၅-၂၀၀၆ မှာ တရားစခန်း ပြီးပါမယ်။

http://www.dhammadownload.com

## သူတို့ရဲ့အပြောလေးတွေ

ဒီနေ့ ၂၅-၅-၂၀၀၆ ဟာ တရားစစ်ပေးဖို့ နောက်ဆုံးရက် ဖြစ်ပါတယ်။ ယောဂီတွေက ကမ္မဋ္ဌာန်းဆရာတွေကို ကျေးဇူးတင်စကား၊ ဝမ်းမြောက်စကားတွေ လျှောက်ထားကြပါတယ်။ နောက်တစ်ကြိမ်ထပ်တွေ့လိုပါသေးတယ်လို့လည်း တချို့က ပြောကြပါတယ်။ စိတ်ဆင်းရဲစရာမျိုးစုံတွေကြောင့် လာရောက်အားထုတ်ကြသူတွေ ရှိရာသူတို့မှာ စိတ်ချမ်းသာမှုများစွာ ရလာကြောင်း ပြောကြပါတယ်။ ဝိပဿနာဆိုတာ ဘာမှန်းမသိသူတွေဟာ ဝိပဿနာရဲ့အကြောင်းနားလည်သဘောပေါက်သွားကြပါတယ်။ နည်းမျိုးစုံနဲ့ အားထုတ်ခဲ့ကြလို့ ဘယ်နည်းက မှန်တယ်၊ ဘယ်နည်းက မှားတယ်လို့ မဝေခွဲနိုင်သူတွေကလည်း ဝေခွဲသွားနိုင်ကြပါပြီ။ အမှန်ကို သိရှိသွားကြပါပြီ။ "ဝိပဿနာကို မပစ်ရက်နိုင်တော့ပါ။ တစ်သက်လုံး ကျင့်သုံးသွားပါတော့မယ်" လို့ ပြောသူက ပြောပါတယ်။ "ကင်ချိကို မုန်းချင်မုန်းမယ်။ ဝိပဿနာကိုတော့ ဘယ်တော့မှ မမုန်းနိုင်ပါ" လို့ ဆိုသူကဆိုပါတယ်။ "အပြင်လောကရှိ လူမှုကိစ္စ၊ အလုပ်ကိစ္စတွေကို မဖြစ်မနေ ဆောင်ရွက်ရမှာမို့ ဒီလိုကောင်းတဲ့ တရားအခြေအနေတွေ အရှိန်ပျက်သွားနိုင်ပါတယ်။ ဘယ်လိုလုပ်ရပါ့မလဲ" လို့ စိုးရိမ်သူတွေက စိုးရိမ်ကြပါတယ်။

http://www.dhammadownload.com



"အခု ဒီတရားစခန်းမှာ တရားအားထုတ်ရတာ အားမရသေးလို့ မြန်မာနိုင်ငံလာပြီး ပဏ္ဍိတာရာမမှာ တရားကြာကြာထုတ်အုံးမယ်" လို့ အားခဲသူတွေက အားခဲနေကြပါတယ်။ ပြင်ဆင်သူတွေက ပြင်ဆင်နေကြပါတယ်။ "ဒီ ဝိပဿနာကမှ ဘဝရဲ့ တကယ့်အနှစ်သာရပါပဲ" လို့ ပစ္စည်းကြွယ်ဝ ချမ်းသာတဲ့ ဆရာဝန်ကြီးက ပြောပါတယ်။ "နှစ်နဲ့ချီပြီး ဝိပဿနာ အားထုတ်နိုင်အောင် ကြိုးစားပါ့မယ်။ ကြွယ်ဝထားတဲ့ ပစ္စည်းဥစ္စာတွေကို ဝိပဿနာသာသနာလုပ်ငန်းအတွက် အသုံးပြုပါမယ်။ ထောက်ပံ့ပါမယ်" လို့လည်း အဲဒီဆရာဝန်ကြီးက သူ့ရည်ရွယ်ချက်ကို ပြောပြပါသေးတယ်။ ခါးနာ၊ ဒူးနာ စတဲ့ ရောဂါတွေ သက်သာပျောက်ကင်းလာလို့ ဝိပဿနာအပေါ် များစွာ အံ့သြသူတွေကလည်း အံ့သြနေကြပါတယ်။ ကိုယ်ဆင်းရဲမှု ဒုက္ခဝေဒနာတွေကို ရန်သူပဲလို့ အစပိုင်းမှာ ထင်မှတ်ခဲ့ကြပေမယ့် အခုအခါ တကယ့်မိတ်ဆွေလို ဖြစ်သွားပါပြီလို့ ပြောသူက ပြောပါတယ်။ ဒုက္ခဝေဒနာတွေက ပေးတဲ့ အကျိုးတွေကို သည်းခံပြီး ရှုမှတ်တဲ့အတွက် ရခဲ့ပါတယ်လို့ဆိုကာ အားရသူက အားရနေပါတယ်။ ဒုက္ခဝေဒနာတွေကို ကျေးဇူးတင်စရာ အဖြစ်နဲ့တောင် မြင်နေပါသေးတယ်။

http://www.dhammadownload.com

# အောင်နိုင်ခဲ့တဲ့ စစ်ပွဲ

အမျိုးသားယောဂီတစ်ယောက်က တရားစခန်းပြီးခါနီး တစ်ပတ်လောက်အလိုရောက်မှ လာအားထုတ်ပါတယ်။ သူ့အမေ၊ သူ့ညီမနဲ့ ရန်ဖြစ် စကားများပြီး တရားလာအားထုတ်တာ ဖြစ်ပါတယ်တဲ့။ သူက ပဲခူးမြို့သာမဏေကျော် ပရိယတ္တိစာသင်တိုက်ဆရာတော် ဦးဝိစက္ခဏာဘိဝံသနဲ့ ညီအစ်ကိုတော်စပ်သလား အောက်မေ့ရပါတယ်။ ရုပ်တူနေပါတယ်။ သူက တရားအားထုတ်လို့ ၃ ရက်လောက်အရောက်မှာ အိမ်ပြန်သွားရင် သူ့အမေနဲ့သူ့ညီမကို တောင်းပန်ပါမယ်တဲ့။ "သြော် သူ့စိတ်တွေ သိမ်မွေ့လာနေပြီပဲ" လို့ တွေးမိပါတယ်။ တရားလျှောက်ဖို့ ဝန်လေး နေမိတတ်ပေမယ့် သာမဏေကျော်ရှေ့ရောက်လို့ သာမဏေကျော် ပြုံးနေတာကို တွေ့လိုက်ရရင် သူ့မှာ စိတ်ပေါ့ပါး ရွှင်လန်းသွားပါတယ်တဲ့။

သာမဏေကျော်က အောက်ပါစကားတွေကို ပြောပြလိုက်ပါတယ်။

"ကိုယ်က ဒေါသထွက်ပြီး ဒေါသအလျောက် သူတစ်ပါးတွေကို ဒေါသစကား ပြောမိရင် ကိုယ့်မှာ အရင်ဆုံး ပူလောင်ပင်ပန်းရပါတယ်။ မစင်ကို ကိုင်ပြီး သူတစ်ပါးကို မစင်နဲ့ပစ်ပေါက်ရင် ကိုယ့်မှာမစင် အရင်လူးပေသွားပါတယ်။ အဲဒီ ဥပမာလိုပါပဲ။"

http://www.dhammadownload.com



"ကိုယ့်အပေါ် ဒေါသထွက်သူကို ကိုယ်က ဒေါသမထွက်ဘဲ သည်းခံရင် အဲဒီသည်းခံနိုင်သူဟာ အောင်နိုင်ခဲ့တဲ့ စစ်ပွဲကို အောင်နိုင်သူပါပဲ။"

"ရှေ့တန်းစစ်မြေပြင်မှာ ရန်သူတစ်သန်းကို နိုင်အောင် တိုက်ခိုက်နိုင်တဲ့ ပုဂ္ဂိုလ်ထက် ကိုယ့်သန္တာန်က ကိလေသာကိုနိုင်အောင် တိုက်နိုင်သူက သာလွန်မြင့်မြတ်ပါတယ်။ ဒီတောင်ကိုရီးယားမှာ ဂျပန်တွေ ကျူးကျော်အုပ်ချုပ်ခဲ့စဉ်က ပြန်လည်တွန်းလှန်တိုက်ခိုက်ရာမှာ အာဇာနည်ခေါင်းဆောင်ဖြစ်တဲ့ Lee Sun Shin ထက် ကိုယ့်သန္တာန်က ဒေါသကို နိုင်အောင် တိုက်ခိုက်နိုင်သူက ပိုမိုမြင့်မြတ်တယ်လို့ ဆိုရပါမယ်။"

"အိမ်ပြန်ရောက်ရင် ကိုယ့်အမေ၊ ကိုယ့်ညီမတွေကို ကိုယ့်အပြုအမူ၊ ကိုယ့်အပြောအဆို၊ ကိုယ့်စိတ်နေစိတ်ထားတွေနဲ့ ကိုယ့်ဝိပဿနာအပေါ် စိတ်ဝင်စားလာအောင် ပြုမူပြောဆိုဆက်ဆံပါ။ သူတို့ စိတ်ချမ်းသာအောင် ပြောဆိုပါ။"

"သူတို့ကို စိတ်ဆိုးပြီး တရားအားထုတ်ဖြစ်တာဆိုတော့ သူတို့ကိုတောင် ကျေးဇူးတင်ရပါအုံးမယ်။"

အဲဒီယောဂီဟာ ပြုံးပြုံးရွှင်ရွှင်နဲ့ နေရာက ထသွားပါတယ်။

http://www.dhammadownload.com

# အောင်ပွဲနေ့

ဒီနေ့ ၂၆-၅-၂၀၀၆ မှာ တရားစခန်းအောင်ပွဲ ရှိပါတယ်။ ၂ နာရီမှာ စပါမယ်တဲ့။ ဒီနေ့မှာ နေပူပါတယ်။ တောင်တွေရဲ့ နေရာအားလုံးမှာ စိမ်းစိုညို့မှိုင်းနေပါတယ်။ တောင်တွေမှာ ပေါက်နေတဲ့သစ်ပင်ကြီးတွေက ကြီးမားကြပါတယ်။ နေရောင်ရဲ့အောက်မှာ သစ်ပင်တွေရဲ့ စိမ်းစိုညို့မှိုင်းနေတာကို ထင်ရှားစွာ မြင်နေရပါတယ်။ ဒီနေ့ နံနက် ၉ နာရီမှာ ယောဂီတွေက ဆရာတော်ကြီးကို ကန်တော့ကြပါတယ်။ ဘုန်အင်ကျောင်းဆရာတော်လည်း ဆရာတော်ကြီး ဒီလို ကြွရောက်ပြီး ဟောပြော ပြသပေးလို့ ဝမ်းသာပါကြောင်း နောင်နှစ်တွေမှာလည်း ကြွရောက်ပေးဖို့အကြောင်း လျှောက်ထားပါသတဲ့။ ယောဂီတွေမှာ တရားရှုမှတ်ရမှု ကုသိုလ်စတဲ့ ကုသိုလ်အစုစု၊ ဆရာတော် ၂ ပါးရဲ့ တရားဟော၊ တရားပြ ကုသိုလ်တွေ၊ ဘာသာပြန်ဆရာလေး ၂ ပါးရဲ့ ကုသိုလ်တွေ၊ ဝေယျာဝစ္စ ဆောင်ရွက်ကြတဲ့ ဒကာ၊ ဒကာမတွေရဲ့ ကုသိုလ်တွေနဲ့ မွှမ်းထုံထားတဲ့ ဘုန်အင်ကျောင်းဟာ ကျက်သရေမင်္ဂလာတွေ စုဝေးတည်နေရာနေရာ ဖြစ်ပါတယ်။

http://www.dhammadownload.com



ဒီနေ့ နံနက် ၇ နာရီကျော်လောက်မှာ မမနာပိကာ၊ ဒေါ်သုဒန္တာ၊ ဦးဇနပ္ပိယ၊ ဦးမဟာနာမ၊ မပေမက်ရာ မိသားစုဟာ သာမဏေကျော် ထံ ရေစက်လာချကြပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်း တိုက်က စာသင်သားတွေနဲ့ စာချဆရာတော်တွေအတွက် လိုအပ်တဲ့ စာအုပ် ၇၅ အုပ် လှူဒါန်းလို့ ရေစက်လာချကြတာ ဖြစ်ပါတယ်။ အဲဒီ စာအုပ်အလှူဟာ စာသင်ပုဂ္ဂိုလ်တွေအတွက် အလွန်လိုအပ်နေတာမို့ အလွန်ပဲ ကျေးဇူးများလှပါတယ်။ ရေစက်ချတာကို ပါဠိဘာသာနဲ့ပဲ ချပေးလိုက်ပါတယ်။ သူတို့ကလည်း ပါဠိလိုပဲ လိုက်ဆိုကြပါတယ်။

ဣဒံ နော ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

ဣမံ နော ပုညဘာဂံ သဗ္ဗသတ္တာနံ ဝိဘာဇေမ။

ဣမံ နော ပုညဘာဂံ လဘိတွာ သဗ္ဗေ သတ္တာ သုခိတာ ဘဝန္တု။

တပည့်တော်တို့ရဲ့ ဒီကောင်းမှုဟာ နိဗ္ဗာန်ရဲ့ အထောက်အပံ့ ဖြစ် ပါစေ။

တပည့်တော်တို့ရဲ့ ဒီကောင်းမှုဝေစုကို သတ္တဝါအားလုံးတို့အား မျှဝေကြပါတယ်။

တပည့်တော်တို့ရဲ့ ဒီကောင်းမှုဝေစုကို ရပြီး သတ္တဝါအားလုံးဟာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

http://www.dhammadownload.com

# အောင်ပွဲအစီအစဉ်

၂၆-၅-၂၀၀၆ နေ့ နေ့လယ် ၂ နာရီမှာ တရားစခန်းအောင်ပွဲ စတင်ပါတယ်။ ယောဂီတွေက ငါးပါးသီလ ယူကြပါတယ်။ ဘုန်အင် မဟာယာနဘုန်းတော်ကြီးက ကျေးဇူးတင်စကား ပြောပါတယ်။ ပဏ္ဍိတာရာမဆရာတော်ကြီး ဟောသွားတဲ့ ကမ္မာ့အလင်း (ကံ၊ ကံရဲ့ အကျိုးကို ယုံကြည်သိမြင်တဲ့ ဉာဏ်) နဲ့ သာသနာ့အလင်း (ဝိပဿနာ ဉာဏ်၊ မဂ်ဉာဏ်) တွေနဲ့ ပြည့်စုံအောင် ကြိုးစားကြပါစို့လို့ နှိုးဆော်သွား ပါတယ်။ ဆိုးလ်မြို့ ပဏ္ဍိတာရာမအဖွဲ့ဝင် ဒကာကြီးတစ်ဦးက ကမ္မဋ္ဌာန်း ဆရာ ၂ ပါး၊ ဆရာလေး ၃ ပါး၊ ဘုန်အင်ကျောင်းဘုန်းကြီး၊ ပဏ္ဍိတာ ရာမအဖွဲ့ဝင်များ၊ ဝေယျာဝစ္စလုပ်အားပေးသူများ၊ ယောဂီများအားလုံး ကို ကျေးဇူးများကြောင်း၊ နောင်နှစ်တရားစခန်းတွေမှာ လိုအပ်တာတွေ ကို ပိုမိုဖြည့်စွက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း လျှောက်ထားသွားပါ တယ်။ ယောဂီအားလုံးကိုယ်စား အမျိုးသမီးယောဂီလေးတစ်ယောက် က တရားအားထုတ်ရာမှာ သူမတွေ့ကြုံရတဲ့ အခက်အခဲတွေ၊ ကမ္မဋ္ဌာန်း ဆရာတွေရဲ့ အားပေးပြုပြင်ပုံ၊ ကျော်လွှားနိုင်ပုံတွေကို ပြောပြသွားပါ တယ်။

http://www.dhammadownload.com



ဆရာတော်ကြီးကတော့ သာသနာသွေး အေးမနေကြဘဲ နွေးနွေးထွေးထွေး ရှိကြဖို့ နှိုးဆော်တိုက်တွန်းသွားပါတယ်။ သတိပဋ္ဌာန် ဝိပဿနာအလုပ်နဲ့ သာသနာသွေး နွေးနွေးထွေးထွေး ရှိအောင် မိန့်သွားပါတယ်။ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီး ရေးသားသွားတဲ့ "ဘုရားရှင် မပွင့်ပေါ်လျှင်" စတဲ့ လင်္ကာ ၃ ပုဒ်ကို သွေးနဲ့ ဆက်စပ်ရှင်းလင်းပြသွားပါတယ်။ သွေး အေးပြီး ခဲသွားရင် လူ သေသွားမယ်။ သာသနာသွေး အေးပြီး ခဲသွားရင် သာသနာ ကွယ်မယ်။ အကြီးမားဆုံး ကျေးဇူးတော်ရှင် ဘုရားရှင်ကို နေ့စဉ်မပြတ် ကျေးဇူးဆပ်ပေးဖို့ရာ တရားအားထုတ်နည်း လေ့လာနာယူမှတ်သားမှု ပရိယတ်တာဝန်၊ လက်တွေ့ရှုမှတ်မှု ပဋိပတ်တာဝန်ဆိုတဲ့ တာဝန်နှစ်ရပ်ကို အလွန်အကဲ ကြိုးပမ်းအားထုတ်ကာ အစွမ်းပြကြပါစို့လို့ မိန့်သွားပါတယ်။ ပဏ္ဍိတာရာမ ဆရာတော်ကြီးရဲ့ အဆိုအမိန့်စာအုပ်ကို ကိုရီးယားလို ဘာသာပြန်ကာ ရိုက်နှိပ်ပြီးစ စာအုပ်လေးကို ဆရာတော်ကြီးက ယောဂီတွေနဲ့ လာရောက်ကြတဲ့ ပရိသတ်တွေအား လှူဒါန်းပါတယ်။ အားလုံးစုပေါင်းကာ မှတ်တမ်းတင်ဓာတ်ပုံလည်း ရိုက်ကြပါသေးတယ်။

http://www.dhammadownload.com

# အကြီးဆုံး ဗုဒ္ဓဘာသာတက္ကသိုလ်ကြီး

၂၆-၅-၂၀၀၆ နေ့ ညနေ ၅ နာရီခွဲလောက်မှာ ဘုန်အင်မဟာယာနကျောင်း ဘုန်းတော်ကြီးက ဆိုးလ်မြို့ရှိ ကမ္ဘာတစ်ဝန်းလုံးမှာ အကြီးဆုံး ဗုဒ္ဓဘာသာကျောင်းတော်ကြီးကို လိုက်ပြပါတယ်။ အဲဒီကျောင်းကြီးနာမည်က Dong Guk ဖြစ်ပါတယ်။ သူ့ကားနဲ့ သူကိုယ်တိုင်မောင်းကာ လိုက်ပို့ပါတယ်။ အဲဒီလိုလိုက်ပို့ရတာကို ပျော်ရွှင်ကြည်နူးကာ တက်ကြွနေပါတယ်။ မဝိမလညာနီလည်း ပါပါတယ်။ မမဏိသာရာရယ် (သာမဏေကျော်ထံ ပါဠိနာမည်တောင်းလို့ ပေးထားတဲ့ ပါဠိနာမည်)၊ မသုခဝတီရယ် (Oh Jeang Hee ရဲ့အစ်မ)၊ မဓမ္မဝတီရယ် (Oh Jeang Hee)၊ မဝီရညာနီ (ယခင်က ဆရာတော်ကြီးက ပေမက်ရာလို့ ပေးခဲ့တဲ့ ကလေးမ) ရယ် လိုက်လာကြပါသေးတယ်။ ဘုန်အင်ဘုန်းကြီးနဲ့ မသုခဝတီတို့က အဲဒီဗုဒ္ဓဘာသာ ကျောင်းတော်ကြီးမှာ ပညာသင်ယူခဲ့ကြပါတယ်တဲ့။ အဲဒီကျောင်းတော်ကြီးက အဆောင်ကောင်းကြီးတွေထဲမှာ ဗုဒ္ဓဘာသာဆိုင်ရာ စာအုပ်ပေါင်းများစွာ သူ့အပိုင်းနဲ့သူ ခွဲထားပါတယ်။ လာရောက်ဖတ်ရှုကြသူတွေ များစွာပဲ ရှိပါတယ်။ လူငယ်အမျိုး

http://www.dhammadownload.com



သား၊ အမျိုးသမီးတွေပဲ များပါတယ်။ ကွန်ပျူတာပေါင်းများစွာနဲ့ လေ့လာနေကြတဲ့ လူငယ်တွေကို တွေ့ခဲ့ရပါတယ်။ အဲဒီကျောင်းတော်ကြီးမှာ နှစ် ၁၀၀ ပြည့်လာလို့ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်ပွဲ ပြုလုပ်ပါတော့မယ်တဲ့။

အနုပညာဆိုင်ရာပညာရပ်သင်ယူရာ ကျောင်းဆောင်ကြီးကလည်း မြင့်မားပြီး ဟီးနေပါတယ်။ မြန်မာနိုင်ငံမှာ နာမည်ကြီးနေကြတဲ့ ကိုရီးယားရုပ်ရှင်မင်းသား၊ မင်းသမီးတွေဟာ အဲဒီကျောင်းတော်ကြီးမှာ ပညာသင်ယူသွားကြသူတွေ များပါသတဲ့။ အဲဒီကျောင်းတော်ကြီးမှာ ပညာသင်ယူသွားကြတဲ့ နာမည်ကြီး ရုပ်ရှင်မင်းသား၊ မင်းသမီးတွေရဲ့ ဓာတ်ပုံတွေ၊ နာမည်ကြီး စာရေးဆရာကြီးတွေ၊ အားကစားသမား အကျော်အမော်တွေရဲ့ ဓာတ်ပုံတွေကိုပါ ပြသထားပါတယ်။ ကိုရီးယားနိုင်ငံလွတ်လပ်ရေးရဖို့ အကြီးအကျယ်တိုက်ပွဲဝင်ခဲ့တဲ့ မဟာယာနဘုန်းတော်ကြီးရဲ့ ဓာတ်ပုံ လှုပ်ရှားမှု ရုပ်ရှင်မှတ်တမ်းပုံတွေကို ပြသထားပါတယ်။ နှစ် ၁၀၀ ဖြတ်သန်းခဲ့ရစဉ်က မှတ်တမ်းတင်ရိုက်ကူးထားတဲ့ ရုပ်ရှင်ကိုလည်း ပြသပါတယ်။ ည ၉ နာရီနီးပါးမှာ ပြန်လာခဲ့ကြပါတယ်။ ကိုရီးယားသူတွေအဖွဲ့တွေက တစ်နေရာမှာ ဆင်းကျန်ရစ်ခဲ့ကာ သူတို့အိမ်ကို ပြန်သွားကြပါတယ်။

http://www.dhammadownload.com

# ဗုဒ္ဓဟူးသမီး

“အဲဒီယောဂီမလေးရဲ့ မျက်နှာက ခင်မင်ချင်စရာကောင်းတယ် နော်”

တရားစစ်ရာမှာ ကိုရီးယားလို ဘာသာပြန်ပေးတဲ့ မဝိသုတ ညာနီက ပြောပါတယ်။ ဟုတ်ပါတယ်။ သူမကို ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်းမှာ တရားအားထုတ်ခဲ့တုန်းက ပဏ္ဍိတာရာမက ဝေယျာဝစ္စလုပ်နေသူတွေကလည်း လှတယ်လို့ ပြောကြပါသတဲ့။ သူမက အခုတော့ နည်းနည်းလေး ဝနေပါတယ်။ လှတာကတော့ လှပပါတယ်။ ကိုရီးယားရုပ်ရှင် မင်းသမီးလေး တစ်ယောက်လိုပဲ လှပပါတယ်။ သူမမှာ ရည်းစားရှိပါတယ်။ သူမရဲ့ရည်းစားနဲ့အတူ ပဏ္ဍိတာရာမဆယ်မိုင်ကုန်းမှာ တရား လာအားထုတ်ဖူးပါတယ်။ သူမက ဆရာတော်ကြီးထံမှာ တရားစစ်ခံခဲ့ပါတယ်။ သူမရဲ့ ရည်းစားက သာမဏေကျော်ထံမှာ တရားစစ်ခံခဲ့ပါတယ်တဲ့။ အဲဒီရည်းစားက ဟော်လန်နိုင်ငံသား ဖြစ်ပါတယ်။ ကမ္ဘာ့အားကစားနည်းတစ်ခုမှာ သူက တစ်ကမ္ဘာလုံးမှာ တတိယ ရပါတယ်တဲ့။ အဲဒီယောဂီမလေးက Dong Guk တက္ကသိုလ်ကြီး သွားကြည့်တဲ့အခါ ပါလာပါတယ်။ လာမယ့်ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်း အထူး (၂) လ တရားစခန်းမှာ သူမက လာရောက်အားထုတ်ပါမယ်တဲ့။ သီလရှင်

http://www.dhammadownload.com



ဝတ်ပါမယ်တဲ့။ ပါဠိနာမည်တောင်းလို့ "ဝီရညာနီ" လို့ နာမည်ပေးလိုက်ပါတယ်။

သူမအား ကောသလမင်းကြီးရဲ့ မိဖုရား မလ္လိကာက ကိုယ့်ကိုယ်ပဲ အချစ်ဆုံးပါလို့ ပြောခဲ့တဲ့ စကားကို ပြောပြပါတယ်။ သား၊ သမီး၊ ခင်ပွန်း တွေထက် နိဗ္ဗာန်ရောက်ကြောင်းတရားကိုပဲ ပိုချစ်ပါတယ်လို့ ပြောခဲ့တဲ့ တစ္ဆေမလေးအကြောင်းကိုပါ ပြောပြလိုက်ပါတယ်။ သူမက စိတ်ပညာ နဲ့ ပတ်သက်ပြီး ဘွဲ့ရထားပါတယ်။ သူမမိဘဆွေမျိုးအသိုင်းအဝိုင်းက မဟာယာန ဘုန်းကြီးအသိုင်းအဝိုင်း ဖြစ်ပါသတဲ့။ တစ္ဆေမလေးလို တရားအပေါ် ချစ်မြတ်နိုးနိုင်လာအောင် ကြိုးစားပေါ့လို့ ပြောလိုက်ပါ တယ်။ သူမအား ပဏ္ဍိတာရာမဆရာတော်ကြီးက ပေမက်ရာလို့ ပါဠိ နာမည် ပေးထားခဲ့ပါတယ်။ အခုအခါ မမနာပိကာရဲ့ အစ်မရဲ့ နာမည်နဲ့ တူနေလို့ ပါဠိနာမည်အသစ် လိုချင်ပါတယ်လို့ ပြောလာပါတယ်။ ဒါကြောင့် ရုပ်ချောသူလို့ အဓိပ္ပာယ်ထွက်တဲ့ ဝဏ္ဏဝတ၊ သို့မဟုတ် ရူပ ဝတီလို့ နာမည်ပေးလိုက်ပါတယ်။ လေးနက်တဲ့ အဓိပ္ပာယ်ရှိတဲ့ နာမည် ကို လိုချင်ပါတယ်တဲ့။ ဒါကြောင့် ဝီရညာနီလို့ နာမည်ပေးလိုက်ပါတယ်။ ဗုဒ္ဓဟူးသမီး ဖြစ်ပါသတဲ့။

http://www.dhammadownload.com

# ခွဲခွာခါနီး

ဘုန်အင်မဟာယာနကျောင်းဘုန်းကြီးက ဆိုးလ်မြို့ရဲ့ ညအလှကို ပြချင်ပါတယ်တဲ့။ ဘယ်လိုများ လှနေလို့ပါလိမ့်လို့ ကြားရစဉ်က တွေးမိလိုက်ပါသေးတယ်။ Dong Guk တက္ကသိုလ်ကြီးကို ည ၉ နာရီလောက်မှာ ကြည့်ပြီးပါတယ်။ ကိုရီးယားသူ ၄ ယောက်ထဲမှာ ညီအစ်မနှစ်ယောက်ထဲက အစ်မဖြစ်သူက ခွဲခွာခါနီးမှာ I Love You လို့ အင်္ဂလိပ်လို ပြောသွားပါတယ်။ ကြားရတာ တစ်မျိုးကြီးပဲ။ တပည့်တော်က အရှင်ဘုရားကို ကြည်ညိုခင်မင်ပါတယ်လို့ ဆိုလိုပုံရပါတယ်။ ညီမဖြစ်သူ တက္ကသိုလ်ကျောင်းသူကတော့ လက်အုပ်ချီရင်း I miss you လို့ အင်္ဂလိပ်လို ပြောလာပြန်ပါတယ်။ အရှင်ဘုရားကို တပည့်တော် လွမ်းပါတယ်လို့ ဆိုလိုပုံ ရပါတယ်။ ခွဲခွာခါနီးမို့ အလွမ်းသယ်နေကြတာလေလားလို့ တွေးမယ်ဆိုရင် တွေးချင်စရာပါပဲ။ အရှင်ဘုရားကို တပည့်တော်တို့ ညီအစ်မနှစ်ယောက်က ခင်မင်ကြည်ညိုလေးစားလို့ အောက်မေ့အမှတ်ရနေကြပါမယ်လို့ ပြောလိုကြပုံပေါ်ပါတယ်။ သာမဏေကျော်က သူတို့ညီအစ်မနှစ်ယောက်ကို တည်တည်မှန်မှန်ပဲ ဆက်ဆံခဲ့ပါတယ်။ သာမဏေကျော်ကျောင်း ဖုန်းနံပါတ်နဲ့ လိပ်စာကို မဝိမလညာနီထံ အစ်မဖြစ်သူက တောင်းနေပါတယ်။

http://www.dhammadownload.com



တောင်ကိုရီးယားရုပ်ရှင်မင်းသမီးလေးလို လှပတဲ့ ကလေးမက တော့ See you again လို့ နှုတ်ဆက်သွားပါတယ်။ ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်းမှာ သူမ တရားလာရောက်အားထုတ်တဲ့အခါ နောက်ထပ် တွေ့ချင်ပါသေးတယ်လို့ ပြောလိုပါတယ်။ သူမလို ပြောတဲ့ အခြား ယောဂီတွေလည်း ရှိကြပါသေးတယ်။ တချို့ယောဂီတွေကလည်း "နောက်တစ်ခေါက် အရှင်ဘုရား တောင်ကိုရီးယားမှာ ကြွလာပြီး အရှင်ဘုရားကို ထပ်မံဖူးတွေ့လိုပါသေးတယ်"လို့ ပြောကြပါသေးတယ်။ အဲဒီအခါ "အနာဂတ်က အနတ္တပါ"လို့ သာမဏေကျော်က ပြန်ပြောလိုက်ပါတယ်။ တွေ့ကြုံဆုံကွဲ ဖြစ်မြဲတံထွာ ဓမ္မတာပါပဲလေ။ သူတို့နဲ့ တစ်ခဏတာ ကာလလေးမှာ တွေ့ကြုံ ဆုံစည်းကြရပါတယ်။ ပြီးတော့ ကိုယ့်လမ်းခရီးအတိုင်းခရီးဆက်ကြရပြန်ပါတယ်။ ခွဲခွာကြရပါတယ်။ တရားစခန်းအတွင်းမှာ လာပြီး ဆုံစည်းကြရပါတယ်။ စခန်းပြီးတော့ သူတို့လည်း သူတို့လုပ်ငန်းအသီးသီးသို့ ပြန်ဝင်ကြရပါတယ်။ သာမဏေကျော်က သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်ကို ၂-၆-၂၀၀၆ နေ့မှာ ရောက်ပါမယ်။

http://www.dhammadownload.com

# ညရှုခင်းအလှ

ဟန်မြစ်ထဲမှာ ရေတွေထဲ မီးရောင်တွေ တွေ့နေရပါတယ်။ အဝါရောင်၊ အနီရောင်၊ အဖြူရောင်တွေပါပဲ။ ညမှောင်မှောင်ထဲ လင်းလက်ထိန်ဝင်းနေတဲ့ အဝါရောင်၊ အနီရောင်၊ အဖြူရောင်တွေဟာ ရေထဲမှာရော ဟန်မြစ်ပေါ်က တံတားတွေမှာပါ လင်းနေကြပါတယ်။ ဟန်မြစ်ပေါ် ဖြတ်သွားတဲ့ တံတားတွေပေါ်မှာရော ဟန်မြစ်ကမ်းဘေးက ကားလမ်းတွေပေါ်မှာပါ ပြည့်ညှပ်နေအောင် မောင်းသွားနေတဲ့ ကားတွေရဲ့ ရှေ့ဘက်မီးတွေရဲ့အဖြူရောင်၊ ကားတွေရဲ့နောက်မီးက အနီရောင်တွေဟာ ဟန်မြစ်ရေထဲ ထင်ဟပ်နေကြပါတယ်။ ဟန်မြစ်ရဲ့ ဝဲယာနှစ်ဖက်ရှိ တိုက်ကြီး၊ တိုက်ငယ် အသွယ်သွယ်ထဲမှာ အနီရောင် လျှပ်စစ်မီး အဝါရောင်၊ အဖြူရောင်၊ အစိမ်းရောင်၊ အပြာရောင် လျှပ်စစ်မီးရောင်တွေကို တွေ့ရပါတယ်။ ဆိုးလ်မျှော်စင်ကြီးပေါ်က အနီ၊ အဝါ၊ အဖြူ လျှပ်စစ်မီးရောင်တွေကိုပါ မြင်ရပါတယ်။ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများစွာရဲ့ ထိပ်ဆုံးမှာ တပ်ထားတဲ့ ကြက်ခြေခတ်တိုင်မှ အနီရောင်လျှပ်စစ်မီးကိုလည်း နေရာများစွာမှာ မြင်တွေ့ရပါတယ်။

မီးရောင်မျိုးစုံနဲ့ ညအမှောင်ထဲ လှချင်တိုင်းလှနေတဲ့ ဆိုးလ်မြို့နဲ့ တင့်တယ်ချင်တိုင်း တင့်တယ်နေတဲ့ ဟန်မြစ်ရဲ့ ညရှုခင်းက မြင်ရသူ

http://www.dhammadownload.com



တွေရဲ့ စိတ်ကို ဆွဲဆောင်နိုင်အား ရှိပါပေတယ်။ ဒီညရှုခင်းက လှလို့ပဲ ဘုန်အင်ဘုန်းကြီးက လိုက်ပြပေးချင်နေပုံရပါတယ်။ ည ၉ နာရီကျော် နေပြီ ဖြစ်ပေမယ့် ဘုန်းကြီးက ဟန်မြစ်ပေါ် က တံတားတော်တော်များ ပေါ် မှာရော ဟန်မြစ်ရဲ့ဘေးနှစ်ဖက်က ကားလမ်းတွေပေါ် မှာပါ အေး အေးဆေးဆေး မောင်းကာ ပြပေးနေပါတယ်။ ဆိုးလ်မြို့ရဲ့ ညရှုခင်း အလှကို အားရအောင် ကြည့်ရှုပြီး ပြန်လာရာ ကျောင်းကို ၁၀ နာရီ မတီးခင်လေးမှာ ပြန်ရောက်ပါတယ်။ ဘုန်အင်ဘုန်းကြီးက အဲဒီလို လိုက်ပြပေးရတာကို ပင်ပန်းပေမယ့် အားရကျေနပ်ကာ ရွှင်လန်းတက် ကြွနေပါတယ်။ ၂၇-၅-၂၀၀၆ နေ့မှာ တစ်နေ့လုံး ကျောင်းမှာပဲ နားနေ ပါတယ်။ မိုးလည်း ရွာပါတယ်။ ဘယ်ကိုမှ မသွားဖြစ်ပါ။ ရေးချင်တဲ့ စာလေးတွေကို ပြီးအောင် ရေးရပါတယ်။ ဖတ်ချင်တဲ့ စာလေးတွေကို လည်း ဖတ်ရပါတယ်။ ၂၈-၅-၂၀၀၆ မှာ ဆိုးလ်မြို့ပဏ္ဍိတာရာမရိပ်သာ ဖွင့်ပွဲကို သွားရပါမယ်။

http://www.dhammadownload.com

# ဖွင့်ပွဲ

၂၈-၅-၂၀၀၆ နေ့ နေ့လယ် ၁ နာရီမှာ ဆိုးလ်မြို့ ပဏ္ဍိတာရာမ ရိပ်သာဖွင့်ပွဲ စတင်ပြုလုပ်ပါတယ်။ ပင့်သံဃာ ၁၈ ပါး၊ ကိုရီးယား ထေရဝါဒဘုန်းကြီး ၃ ပါးနဲ့ ကျန်မြန်မာရဟန်းတွေ ပါပါတယ်။ တိပိဋကဓရ ဦးဂန္ဓမာလာနဲ့ ဒွိပိဋကဓရ ဦးပညာသိရိ၊ ဦးကုန္ဒက၊ ဦးထုတိဝရဲ စတဲ့ ရဟန်းတွေ ဖြစ်ကြပါတယ်။ ပဏ္ဍိတာရာမအဖွဲ့ ဥက္ကဋ္ဌ ဦးဂဝေသီရယ်၊ အတွင်းရေးမှူး မပေမက်ရာရယ်တို့က ပဏ္ဍိတာရာမ ရိပ်သာဖွင့်ပွဲနဲ့ ပတ်သက်ပြီး ပြောပါတယ်။ အမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝရကာမိနီက လည်း ပြောပါသေးတယ်။ မပေမက်ရာ လျှောက်ထားလို့ သိရပါတယ်။ တရားစခန်းအကြိမ် ၂၀ လောက် အဘိဓမ္မာသင်တန်း၊ တရားပွဲတွေကို ပြုလုပ်ပါတယ်တဲ့။ အဘိဓမ္မာသင်တန်းကို ၂ ပတ်ကြာ မမနာပိကာက ပို့ချခဲ့ပါတယ်။ တရားစခန်းတွေကို မမနာပိကာရဲ့မိခင် ဒေါ်သုဒန္တာနဲ့ မပေမက်ရာတို့က ဦးစီးပြုလုပ်ပေးကြပါတယ်။ အခမ်းအနား အစီအစဉ်ထဲမှာ အနေကဇာတင်တာလည်း ပါပါတယ်။ အနေကဇာ တင်ကြပါသေးတယ်။ အနေကဇာတိ သံသာရံ ဂါထာရဲ့ အဓိပ္ပာယ်ကို ပဏ္ဍိတာရာမ ဆရာတော်ကြီးက တရားဟောတော့ ရှင်းပြပါတယ်။ စေတီ ၄ မျိုးနဲ့ ဓမ္မစေတီကို ကောဏာဂမန ဘုရားရှင်ကိုယ်တိုင် တည်ခဲ့ကြောင်းကို ကောဏာဂမနဘုရားရှင်ရဲ့ ဗုဒ္ဓဝံသကျမ်းလာ အကြောင်းပြဂါထာတစ်ပုဒ်နဲ့ ရှင်းပြပါတယ်။

http://www.dhammadownload.com



နှလုံးသားထဲမှာ ဓမ္မစေတီ တည်ဖို့ရာ ဒီပင်္ကာတာရာမရိပ်သာ ဖွင့်လှစ်ပြီးပါပြီ။ ဓမ္မစေတီတည်ရင် အုတ်၊ ကျောက်၊ သဲ၊ ဘိလပ်မြေ၊ မြေနေရာ ဘာမှ မလိုပါ။ ကြိုက်သလောက် ကြီးကြီးတည်လို့ ရပါတယ်။ ကျယ်ကျယ်လည်း တည်လို့ရပါတယ်။ ဓမ္မစေတီအရ ဗောဓိပက္ခိယတရား ၃၇ ပါးကို ဖွင့်ပြထားပါတယ်။ ဒါကြောင့် သတိပဋ္ဌာန်လေးပါးကို အားထုတ်ရင် အခြားဗောဓိပက္ခိယ တရား ၃၃ ပါးကိုလည်း ပွားများပြီး ဖြစ်တဲ့အတွက် ဓမ္မစေတီကို နှလုံးသားထဲမှာ တည်လိုက သတိပဋ္ဌာန် ပွားရပါမယ်။ သတိပဋ္ဌာန်တရား အားထုတ်ရာဖြစ်တဲ့ ဒီဌာနဟာ ဓမ္မစေတီကို နှလုံးသားမှာ တည်ပေးရာနေရာ ဖြစ်နေပါတယ်။ တရားနာ ပရိသတ်ကတော့ အဆောင်ထဲမှာတင် မလောက်လို့ အပြင်ဘက်တွေမှာပါ ထိုင်ကြရပါတယ်။ မဟာယာနဘုန်းကြီးတွေ သီလရှင်တွေလည်း လာကြပါတယ်။ သံဃာတွေအား ဆွမ်းဆက်ကပ်တဲ့အပြင် လှူဖွယ်တွေကိုလည်း လှူကြပါတယ်။ ညှော့ပရိသတ်တွေအားလည်း ကျွေးမွေး ညှော့ခံကြပါသေးတယ်။ ၄ နာရီကျော်လောက်မှ ပြီးစီးပါတယ်။ ၅ နာရီကျော်လောက်မှာ ရှေ့ဟောင်းမြို့တော်တွေကို ပြသဖို့ ပင့်လို့ ကား ၂ စီး နဲ့ ခရီးဆက်ခဲ့ကြပါတယ်။ ၉ နာရီကျော် ၁၀ နာရီလောက်မှ တည်းခိုမယ့် ရိပ်သာနေရာကို ရောက်ခဲ့ကြပါတယ်။

http://www.dhammadownload.com

## အရိယာရှာနေတဲ့ ဒကာမကြီး

"တောင်တွေကို ဖောက်ပြီး ဥမင်လိုဏ်ခေါင်းလုပ်ကာ ကားလမ်း၊ ရထားလမ်းလုပ်ရာမှာ တောင်ကိုရီးယားဟာ အတော်ဆုံးပါပဲ" လို့ ဘုန်အင်ကျောင်း မဟာယာနဘုန်းကြီးက ပြောပါတယ်။ တောင်တွေ ပေါလွန်းလှတဲ့ တောင်ကိုရီးယားမှာ တောင်တွေကို ဖောက်ထားတဲ့ မြေအောက်ကားလမ်း(လိုဏ်ခေါင်း)တွေကလည်း ပေါများလှပါတယ်။ ဘုန်အင်ဘုန်းကြီး ပြောတာ မှန်ပါလိမ့်မယ်။ တချို့မြေအောက်ကား လမ်းတွေအပေါ်မှာ တောင်တွေအပြင် အဲဒီ တောင်တွေအပေါ်မှာ တိုက်တာအဆောက်အအုံတွေတောင် ရှိနေလိုက်ပါသေးတယ်။ တောင်တွေအကြားမှာ မြစ်ကဖြတ်ကာ စီးဆင်းနေပါတယ်။ ဟန်မြစ်ကို သွားတဲ့ မြစ်၂ သွယ်ထဲက မြစ်တစ်သွယ်ကို အခု ခရီးရဲ့ လာလမ်း တစ်လျှောက်မှာ တွေ့ခဲ့ရပါတယ်။ တောင်တက်လမ်းမို့ အကွေ့ အကောက်တွေ ရှိပါတယ်။ မြေအောက်လိုဏ်ခေါင်းလမ်းတွေလည်း များပါတယ်။ အခုခရီးရဲ့ ကားလမ်းတစ်လျှောက်မှာ မြေပြန့်ဧရိယာက နည်းပါးလှပါတယ်။ Hyum Jung ရိပ်သာမှာ ၂ည အိပ်ပါတယ်။ အဲဒီ

http://www.dhammadownload.com



ရိပ်သာက Gyeong- sangbuk.do ခရိုင်၊ Yeongju မြို့မှာ တည်ရှိပါတယ်။ ဆိုးလ်မြို့နဲ့ ကီလိုမီတာ ၂၀၀ လောက် ဝေးပါသတဲ့။ တောင်ကိုရီးယားရဲ့အရှေ့ပိုင်းမှာ တောင်ဧရိယာပဲ များပါတယ်။ အနောက်ပိုင်းမှာတော့ တောင်နဲ့မြေပြန့် ရောနှောနေပါတယ်။ ဒီရိပ်သာက တောင်ပေါ်မှာ တည်ရှိပါတယ်။ ဒကာမကြီးတစ်ဦးတည်းကပဲ ဆောက်လုပ်ထားပါတယ်။ အရိယာ ပုဂ္ဂိုလ်ကို ရှာနေပါတယ်တဲ့။ အရိယာပုဂ္ဂိုလ်ကိုတွေ့ရင် သူမရဲ့ ရိပ်သာမှာ ပင့်ထားလိုပါတယ်တဲ့။ ကောင်းမွန်ခမ်းနားလှတဲ့ အဆောက်အအုံကြီး၄ လုံး ရှိပါတယ်။

ဒီခရီးမှာ လိုက်ပါလာသူတွေက ဂဝေသီ၊ သုဘဒ္ဒါ၊ မဏိသာရာ၊ ဝိမလဉာဏီ၊ ဝိသုတဉာဏီ၊ မောင်ဟိန်း၊ ဦးဝင်းနိုင်၊ ရူပနန္ဒီ တို့ပါပဲ။ ဆရာတော်ကြီး ဒီခရီးမှာ လိုက်ပါလာလို့ သူတို့တစ်တွေ ပျော်နေကြပါတယ်။ ဘုန်အင်ကျောင်း မဟာယာနဘုန်းကြီးလည်း ပါပါတယ်။ ဒီရိပ်သာမှာလည်း အိန္ဒိယ ကူကူငှက်သံ၊ ယောက်ဖခွေးခေါ်ငှက်သံ၊ တောကြက်သံတွေကို ကြားနေရပါတယ်။ ဒီခရီးထွက်လာခါနီးမှာ တိုင်းရင်းဆေးဆရာက “သာမဏေကျော်မှာ လေဖြတ်နိုင်တဲ့အခြေအနေမရှိတော့ပါ” လို့ လက်မှ သွေးကို စမ်းသပ်ကာ ပြောလိုက်ပါတယ်။ ဒါပေမဲ့ ဂရုစိုက်ပြီးတော့ နေရမှာပါပဲ။ ဆိုးလ်မြို့ ပဏ္ဍိတာရာမမှ ထွက်ခါစလေးမှာ ကျန်ရစ်တဲ့ ပဏ္ဍိတာရာမ ဓမ္မမိသားစု ကိုရီးယားတွေက မြန်မာဘာသာစကားနဲ့ “ပြန်လာခဲ့ပါဘုရား” လို့ ဝိုင်းပြောလိုက်ကြပါတယ်။ ကိုယ့်မြန်မာစကားနဲ့ အဲဒီလို လှိုက်လှိုက်လှဲလှဲ ဖော်ဖော်ရွေရွေ အော်ဟစ်ကာ ပြောကြားလိုက်ကြတဲ့ စကားတွေက သာမဏေကျော့်ရင်ကို ထူးထူးခြားခြား ရိုက်ခတ်သွားပါတယ်။ ဆွေမျိုးတွေလို ခင်မင်ရှာကြတဲ့ သူတို့ကို သနားလည်း သနားသွားမိပါတယ်။ တရားကို လိုလားကြတဲ့ သူတို့ရဲ့ စိတ်ထားကို များစွာပဲ လေးစားမိပါတယ်။

http://www.dhammadownload.com

# ရှေးဟောင်းရွာလေး

၂၉-၅-၂၀၀၆ နေ့ နေ့ဆွမ်းစားအပြီးမှာ ဘုန်အင်ကျောင်းဘုန်းကြီးကားနဲ့ ရှေးပုံစံမပျက် တည်ဆောက်ထားတဲ့ ရွာကို သွားကြည့်ကြပါတယ်။ တောင်တွေ၊ မြစ်တွေ ကာရံထားလို့ စစ်ဘေးအန္တရာယ်ကင်းခဲ့ပြီး ရှေးဟောင်းပုံစံအတိုင်း တည်ရှိနေတဲ့ အဲဒီရွာလေးကို လာရောက်ကြည့်ရှုကြသူတွေ ပေါများလှပါတယ်။ ရုပ်ဝတ္ထုတွေ တိုးတက်တဲ့ နိုင်ငံဖြစ်နေလို့ မတိုးတက်သေးခင်က ရှေးဟောင်းအိမ်ပုံစံ၊ တံတိုင်းပုံစံ၊ အိမ်သာပုံစံ စတဲ့ အခြေအနေတွေဟာ ရှားပါးတဲ့အခြေအနေတွေ ဖြစ်နေကြပါတယ်။ ကိုယ့်မြန်မာနိုင်ငံသားတွေအဖို့ အဲဒီရှေးဟောင်းရွာလေး အခြေအနေတွေဟာ အထူးအဆန်း မဟုတ်ကြပါ။ နေရာတကာမှာ မြင်တွေ့နိုင်ပါတယ်။ တောင်ကိုရီးယားမှာတော့ ရှားပါးတဲ့ မြင်ကွင်း ဖြစ်နေလို့ ရှေးမူမပျက်စီးရအောင် ထိန်းသိမ်းစောင့်ရှောက်ထားပါတယ်။ မျက်နှာဖုံးအစွပ်ပုံစံမျိုးစုံကို နိုင်ငံမျိုးစုံအလိုက် ပြထားတဲ့ ပြတိုက်ကိုလည်း ကြည့်ခဲ့ကြရပါသေးတယ်။ နာမည်ကြီးရှေးဟောင်းပုံစံ စာသင်ကျောင်းတစ်ကျောင်းနဲ့ နာမည်ကြီးမဟာယာန ကျောင်းအဆောက်အအုံတွေရှိရာ မဟာယာနကျောင်းတစ်ကျောင်းကိုလည်း ကြည့်ရှုခဲ့ရပါသေးတယ်။

http://www.dhammadownload.com



ရှေးဟောင်းပုံစံ မပျက်ရအောင် အိမ်သာ၊ ကျင်ငယ်စွန့်ရာနေရာတွေကို ထိန်းသိမ်းထားတာတော့ ကောင်းပါတယ်။ ညစ်ပေနံနေတာတော့ မကောင်းပါ။

စပါးပျိုးပင်တွေကို စက်ထွန်နဲ့ တစ်ခါတည်း ၆ ပင်ကို စိုက်စိုက်သွားရာ စပါးပင်လေးတွေဟာ တန်းစီ ညီညာနေကြပါတယ်။ စပါးတစ်ခင်းကို စက်နဲ့ စိုက်လို့ ခဏနဲ့ပဲ ပြီးနိုင်ပါတယ်။ ကိုယ့်မြန်မာနိုင်ငံက လယ်သမားတိုင်း ဒီလိုစက်နဲ့သာ စိုက်နိုင်ကြရင် သိပ်ပြီး မြန်ကာ သက်သာမှာပါပဲ။ တောင်ကိုရီးယားက ရှေးဟောင်းပုံစံမပျက် တည်ရှိနေသေးတဲ့ တောရွာလေးကို မြင်တွေ့ရတဲ့အခါ ကိုယ့်မြန်မာနိုင်ငံကို ပိုမိုသတိရလာပါတယ်။ စက်မှုထွန်းကား တိုးတက်တဲ့ နိုင်ငံ ဖြစ်လို့ စိုက်ပျိုးရာမှာလည်း သက်သာလွယ်ကူထိရောက်လှပါတယ်။ တောင်အထပ်ထပ်ကို ဖြတ်ကျော်သွားရတဲ့ ခရီးလမ်းမှာ အကွေ့အကောက်တွေကို တွေ့ရပေမယ့် မအန်ရတာဟာ ထူးဆန်းနေပါတယ်။ တည်းခိုရာရိပ်သာကို ည ၉ နာရီ မတီးခင် ပြန်ရောက်ကြပါတယ်။ မနက်ဖြန် ၃၀-၅-၂၀၀၆ မှာ ပုဂံမြို့ သဖွယ်ဖြစ်တဲ့မြို့ဟောင်းကို သွားကြည့်ကြပါမယ်။ အခြားရိပ်သာတစ်ခုကို ပြောင်းရွှေ့ကာ ညအိပ်ကြပါမယ်။ နံနက်အရုဏ်ဆွမ်း ဘုဉ်းပေးချိန် လောက်ထွက်မှ အခြားရိပ်သာကို နေ့ဆွမ်းအပြီးအချိန်လောက် ရောက်နိုင်ပါမယ်။ ဒါကြောင့် အဲဒီ မဟာဗောဓိရိပ်သာကို ညအိပ်အမီ သွားကြပါမယ်။

http://www.dhammadownload.com

# တောင်ကိုရီးယားရဲ့ပုဂံတဲ့

တောင်ကိုရီးယားနိုင်ငံရဲ့ ရှေးဟောင်းမြို့တော်ဖြစ်ခဲ့တဲ့ Kyongju မြို့မှာ ဗုဒ္ဓဘာသာနဲ့ ပတ်သက်တဲ့ ရှေးဟောင်းအဆောက်အအုံတွေ၊ စေတီတွေ၊ ရုပ်ပွားတော်တွေ တည်ရှိပါတယ်။ ရှီလ (Shilla) ခေတ်ရဲ့ မြို့တော်ဟောင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ရောက်ဖူးပြီး ပုဂံမြို့ကို သွားဖူးတဲ့ တောင်ကိုရီးယားတွေက တောင်ကိုရီးယားရဲ့ပုဂံလို့ ရှေးဟောင်းမြို့တော်ပါပဲလို့ ပြောကြပါတယ်။ ဒီမြို့ထဲက အဆောက်အအုံ စတဲ့ ရှေးဟောင်းအမွေအနှစ်တွေကို ရှေးကပုံစံအတိုင်း မပျက်စီးရအောင် ထိန်းသိမ်းထားပါတယ်။ ရှေးဟောင်းပုံစံ မပျက်အောင် အဆောက်အအုံတွေကို ဆောက်ရပါတယ်။ အိမ်အမိုးတွေက တရုတ်ဘုရားကျောင်းက အဆောက်အအုံတွေရဲ့ အမိုးတွေလိုပါပဲ။ နှစ်ပေါင်း ၁၂၅၀ ကျော်က ထုလုပ်ခဲ့တဲ့ ရုပ်ပွားတော်ကြီးတစ်ဆူဟာ သပ္ပါယ်ပါတယ်။ ကြီးမားပါတယ်။ ကျောက်နဲ့ ထုလုပ်ထားပါတယ်။ စေတီ ၂ ဆူကလည်း ထင်ရှား ကျော်ကြားပါသတဲ့။ မြန်မာနိုင်ငံပုဂံမြို့က ရှေးဟောင်း အမွေအနှစ်တွေနဲ့ နှိုင်းယှဉ်လိုက်တော့ တောင်ကိုရီးယားမှာ ကြီးကျယ်လှပါတယ်လို့ ပြောနေကြတဲ့ အဲဒီရှေးဟောင်းအမွေ

http://www.dhammadownload.com



အနှစ်တွေဟာ ဘာမှမကြီးကျယ်လှပါ။ မြန်မာနိုင်ငံသားတို့အဖို့တော့ ကြီးကျယ်ခမ်းနားတယ်လို့ မယူဆမိပါ။ တောင်ကိုရီးယားမှာတော့ ရှားပါးပစ္စည်းတွေဖြစ်နေလို့ ကြီးကျယ်တယ်လို့ ယူဆကြပုံပေါ်ပါတယ်။

ကိုယ့်မြန်မာနိုင်ငံမှာတော့ ဗုဒ္ဓဘာသာနဲ့ ပတ်သက်တဲ့ ရှေးဟောင်း အမွေအနှစ်တွေက ပေါများလှပါတယ်။ သူတို့ ကိုရီးယားတွေကတော့ အဲဒီအမွေအနှစ်တွေကို အံ့သြစရာ အထူးအဆန်းအနေနဲ့ ပြသကြပါတယ်။ မြန်မာနိုင်ငံသားတို့အဖို့တော့ အံ့သြစရာအထူးအဆန်းအနေနဲ့ မမြင်မိပါ။ စိတ်လည်း သိပ်မဝင်စားမိပါ။ တောင်ကိုရီးယား ကျောင်းသူကျောင်းသားတွေ အဖွဲ့ကြီးအလိုက် လာရောက်လေ့လာကြည့်ရှုကြတာကို မြင်တွေ့ခဲ့ရပါတယ်။ နေ့ဆွမ်း ၃၀-၅-၂၀၀၆ အတွက် ထမင်းဆိုင်မှာ မဟာဗောဓိရိပ်သာကျောင်းဆရာတော် ဦးဉာဏလောက နဲ့ ဆွမ်းဒကာတို့က လာစောင့်နေကြပါတယ်။ နေ့ဆွမ်းကို ဆွမ်းဆိုင်မှာ စားကြပါတယ်။ ပန်းကန်ပေါင်း ၃၀ လောက်နဲ့ အလီလီ ပြောင်းကာ ဆွမ်းဟင်းတွေကို ကပ်ကြပါတယ်။ ပဏ္ဍိတာရာမ ဆရာတော်ကြီးက "အင်း ဒီတောင်ကိုရီးယားက ပန်းကန်တွေကို စားရသလို ဖြစ်နေပြီ။ အမေရိကမှာတော့ ဇွန်း၊ ခက်ရင်းတွေက များတယ်။ ဇွန်း၊ ခက်ရင်းတွေကို စားရသလိုပဲ" လို့ မိန့်ပါသေးတယ်။

http://www.dhammadownload.com

## အံ့သြစရာ မြင်ကွင်း

ဒေဂူးမြို့ (တတိယမြို့တော်) မှ ဆိုးလ်မြို့ (ပထမမြို့တော်) ကို နေ့လယ် ၂ နာရီမှာ ကျည်ဆန်ရထားနဲ့ ထွက်ခဲ့ကြပါတယ်။ တစ်ယောက်အတွက် ရထားခက ၅ သောင်းနီးပါး ကုန်ကျပါတယ်။ ဆရာတော်ကြီးရယ်၊ သာမဏေကျော်ရယ်၊ မဝိမလညာနီရယ်၊ ဇနပ္ပိယရယ်၊ ရူပနန္ဒီရယ်၊ ဦးဝင်းနိုင်ရယ်ပါပဲ။ ဆိုးလ်မြို့ကို ၄ နာရီမတီးခင်လေးမှာ ရောက်ပါတယ်။ ကားနဲ့ ၄ နာရီ၊ ၅ နာရီလောက် မောင်းရတဲ့ခရီးကို အဲဒီ ရထားနဲ့ ၂ နာရီကြာပဲ မောင်းရပါတယ်။ ဥမင်လိုဏ်ခေါင်းများစွာကို ဖြတ်သန်းခဲ့ရပါတယ်။ ဘုန်အင်ဘုန်းကြီးရယ်၊ မသုဘဒ္ဒါရယ်၊ မောင်ဟိန်းတို့က ဘုန်အင်ကျောင်းဘုန်းကြီးကားနဲ့ သွားကြပါတယ်။ နေ့ဆွမ်းကို ဆွမ်းဆိုင်မှာ ဒကာတစ်ဦးက ဆက်ကပ်ပါတယ်။ ရှင်ဘုရင်၊ မိဖုရားတွေရဲ့ သုသာန်ကို ကြည့်ခဲ့ရပါတယ်။ မြေပုံကြီးတွေထဲမှာ အလောင်းတွေကို မြှုပ်နှံကြပါတယ်တဲ့။ ဒယ်အိုးအကြီးကြီးကို မှောက်ထားသလို ထင်ရပါတယ်။ အဲဒီလို မြေပုံကြီးတွေကို တစ်နေရာတည်းမှာ များစွာ ရှိနေပါတယ်။ မြေပုံကြီးတစ်ခုထဲမှာ လိုဏ်ခေါင်းလုပ်ထားကာ အလောင်းနဲ့ ရှင်ဘုရင်သုံးပစ္စည်းမျိုးစုံကို မြှုပ်နှံထားပါတယ်။ ရှီလခေတ်က ကျော်ကြားလှတဲ့ ကျောင်းတိုက်ဟောင်းကြီးရဲ့ အပျက်အစီး အကြွင်းအကျန်တွေကိုလည်း ကြည့်ခဲ့ရပါသေးတယ်။

http://www.dhammadownload.com



ဆွမ်းဆိုင်ထဲ မဝင်ခင် အဲဒီဆိုင်အနီးရှိ အိမ်သာတစ်ခုထဲ ဝင်ပါတယ်။ မတ်တတ်ရပ်ပြီး ဆီးသွားစရာ နေရာများစွာ ပြုလုပ်ထားပါတယ်။ အဲဒီနေရာတွေမှာ ဘုရားရုပ်ပွားတော်ဓာတ်ပုံလေးတွေ ချိတ်ထားကြပါတယ်။ ထေရဝါဒဗုဒ္ဓဘာသာဝင်တွေအဖို့ ဆီးစွန့်ဖို့ လုံးဝ မဝံ့ရဲနိုင်ပါ။ အဲဒီမြင်ကွင်းကို မြင်ရတော့ အံ့လည်း အံ့ဩမိ၊ တုန်လည်း တုန်လှုပ်မိပါတယ်။ မဟာယာနဝါဒရှင်တွေက "ဆီးသွားရာမှာတောင် ဘုရားကို မမေ့ရအောင် ရည်ရွယ်ကာ အဲဒီလို ထားကြပါတယ်" လို့ ပြောကြပါတယ်။ ဒီခရီးတစ်လျှောက်မှာ သာမဏေကျော်က မအန်ခဲ့ရပါ။ ကျန်းမာရေး ပိုကောင်းလာတယ်လို့ ပြောတာ ဟုတ်ပုံရပါတယ်။ မဟာဗောဓိရိပ်သာမှ အရုဏ်ဆွမ်းစားပြီး သာမဏေကျော်တို့က ထွက်ခွာခဲ့ကြပါတယ်။ ဆရာတော်ကြီးက သာမဏေကျော်တို့နဲ့ အတူမလိုက်ဘဲ ဆွမ်းဆိုင်မှာ နေ့ဆွမ်းအမီမှ ထွက်လာပါတယ်။ ဆွမ်းဆိုင်မှ ဒေရှုးကို တစ်နာရီခွဲကြာ ကားနဲ့ သွားရပါသေးတယ်။

http://www.dhammadownload.com

# ခရီးနိဂုံး

ဒီနေ့ ၁-၆-၂၀၀၆ ညနေ ၅ နာရီလောက်မှာ ဆရာတော်ကြီးနဲ့ မဝိမလဉာဏီတို့က ထိုင်ဝမ်ကို ခရီးဆက်ကြပါမယ်။ မနက်ဖြန် ၂-၆-၂၀၀၆ နံနက် ၁၀ နာရီ မိနစ် ၄၀ မှာ သာမဏေကျော်နဲ့ မဝိသုတဉာဏီ တို့က မြန်မာနိုင်ငံကို ပြန်ကြပါမယ်။ ဟောင်ကောင်ကို ခရီးသည်တင်ဖို့ ဆင်းဦးမယ်လို့ ပြောပါတယ်။ ပြီးမှ ဗန်ကောက်ကို ခရီးဆက်ပါမယ်။ ဗန်ကောက်မှ ရန်ကုန်ကို သွားရပါမယ်။ ရန်ကုန်ကို ၇ နာရီတီးဖို့ ၁၅ မိနစ်အလိုမှာ ရောက်မယ်လို့ ပြောပါတယ်။ ၃၁-၅-၂၀၀၆ နေ့က မဟာ ဗောဓိရိပ်သာမှ ထွက်ခွာကာ ဘုန်အင်မဟာယာနကျောင်းကို ပြန် ရောက်ခဲ့ကြပါတယ်။ ဘုန်အင်ကျောင်းမှာ ၂ ည အိပ်ရပါမယ်။ ၂-၆-၂၀၀၆ နေ့ နံနက် အရုဏ်ဆွမ်းစားအပြီး ဘုန်အင်ကျောင်းမှ ထွက်ခွာပါ မယ်။ လေယာဉ်ကွင်းကို သွားကြပါမယ်။ ၁-၆-၂၀၀၆ နေ့ နေ့ဆွမ်းကို မမနာပိကာတို့ မိဘအိမ်မှာ သွားဘုဉ်းပေးကြရပါမယ်။ ဆရာတော်ကြီး နဲ့ မဝိမလဉာဏီတို့က မမနာပိကာတို့ရဲ့ အိမ်ကနေ လေယာဉ်ကွင်းကို သွားကြပါမယ်။ တောင်ကိုရီးယားမှာ အတွေ့အကြုံအဖုံဖုံကို ကြုံတွေ့ခဲ့ ရပါတယ်။ အဲဒီအတွေ့အကြုံ အဖုံဖုံတွေကို မြန်မာစာဖတ်ပရိသတ် တွေ သိရှိခွင့်ရစေချင်ပါတယ်။ ဒါကြောင့် တောင်ကိုရီးယားကို ရောက် ခိုက် စာအုပ်တစ်အုပ် ဖြစ်အောင် ကြိုးစားလိုက်ပါတယ်။

http://www.dhammadownload.com



ဘဝသံသရာခရီးကြီးမှာလည်း တစ်ဘဝမှ တစ်ဘဝသို့ ပြောင်းရွှေ့သွားလာနေရတာဟာလည်း ဒီတောင်ကိုရီးယားခရီးစဉ်လို နေမှာပါပဲလေ။ ဒီတောင်ကိုရီးယားခရီးစဉ်မှာ လူအမျိုးမျိုး၊ အတွေ့အကြုံအဖုံဖုံကို ကြုံတွေ့ရသလို ဘဝသံဝရာခရီးကြီးမှာလည်း သတ္တဝါ အမျိုးမျိုး၊ ဘဝအမျိုးမျိုး၊ အတွေ့အကြုံအမျိုးမျိုးကို တွေ့နေရကြတာပါပဲ။ သတိပဋ္ဌာန်ဝိပဿနာ အားထုတ်ခွင့်ရလို့ ဝိပဿနာဉာဏ် အဆင့်ဆင့်မြင့်တက်ပြီး အရိယမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုလို့ သောတာပန် ဖြစ်သွားပြီဆိုရင်တော့ အပါယ်လေးပါးတံခါး ပိတ်သွားမှာပါပဲ။ ဘဝဆိုးခရီး နိဂုံးချုပ်သွားပါမယ်။ ဘဝကောင်းခရီးနဲ့ ဆက်လက်ခရီး ဆက်ရမှာပါမယ်။ အဲဒီလို ဘဝကောင်းခရီးနဲ့ချည်းပဲ ဘဝသံသရာခရီးကို ဆက်လက်သွားနိုင်အောင် သတိပဋ္ဌာန်ကို အပါယ်တံခါး ပိတ်သည်အထိ အားထုတ်ထားသင့်ကြပါတယ်။

**သာမဏေကျော်**

**သာမဏေကျော်၊ မဟာဂန္ဓာရုံကျောင်းတိုက်၊**

**လှော်ကားဉယျာဉ်အနီး၊**

**မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။**

**သီတင်းကျွတ်လဆန်း (၉) ရက်၊ ၁၃၆၈ – ခု**

**၁–၁၀–၂၀၀၆**

http://www.dhammadownload.com

## သာဓုခေါ်ပါလေ

* ပညာဆိုတာ, လောကမှာ, အရာရာကို သိနိုင်ပေ။
* စာအုပ်လှူရာ, ပညာပါ, လှူရာရောက်ပါပေ။
* ဗုဒ္ဓသာသနာ, လောကမှာ, ရှည်ကြာတည်ပါစေ။
* ဤသို့ ရည်မှန်း, ငါ လှူဒါန်း, ရွှင်လန်း သာဓုခေါ်ပါလေ။

## သာမဏေကျော်စာပေ
## ပညာဒါန အလှူရှင်များ

၁။ ကိုမျိုးခိုင်ကို ရည်စူး၍ ကျန်ရစ်သည့် မောင်နှမတစ်စု
အမှတ် (၃၄) (A)၊ အင်းယားမြိုင်လမ်း၊
ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်း။ ၁,၅၀၀,၀၀၀/-

၂။ မခင်ညွန့်လွင် (ခ) မဖြူ မန္တလေးမြို့။ ၃၀၀,၀၀၀/-

၃။ ကိုတိုးတိုး (ခ) ကိုသန်းထွန်း - မခင်ဝင်းရီ၊
သမီး - ယွမ်ယွမ်း၊ ဝမ်ဝမ်း။ ၂၀၀,၀၀၀/-

၄။ ကိုစိန်ကျော်နှင့် မောင်နှမတစ်စု၊
ဘုရင့်နောင်ပွဲရုံ ၃၀၀,၀၀၀/-

http://www.dhammadownload.com

| | | |
|---|---|---|
| ၅။ | ကိုရဲ၊ ရွှေမဟာအထွေထွေရောင်းဝယ်ရေး၊ အမှတ် (၈၇)၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ | ၂၀၀,၀၀၀/- |
| ၆။ | ကိုကြည်လင် မိသားစု၊ ကောင်းဆက်ပွဲရုံ။ | ၁၅၀,၀၀၀/- |
| ၇။ | ကိုမောင်မောင် - မစန်းနု၊ ကောင်းဆက်ပွဲရုံ။ | ၁၅၀,၀၀၀/- |
| ၈။ | မသုဘဒ္ဒါ၊ မဝိဇယာ၊ ကိုရိုးယား။ | ၁၁၅၅၀၀/- |
| ၉။ | ကိုမျိုးအောင် - မစန်းစန်းဝင်း မိသားစု၊ (၅၇) ကမ်းနားလမ်း၊ ပုသိမ်မြို့။ | ၁၀၀,၀၀၀/- |
| ၁၀။ | ဦးအောင်ထွန်း - ဒေါ်မြင့်မြင့်အေး၊ သား - ကျော်ကျော်ထွန်း၊ ဟန်လင်းအောင်၊ သမီး - မသဇင်အောင်၊ တောင်ကြီးမြို့။ | ၁၀၀,၀၀၀/- |
| ၁၁။ | ဦးအောင်သန်း + ဒေါ်ဝေ၊ ဒေါ်နုနုဝေ၊ ဒေါ်အေးအေးလွင်၊ ဒေါ်ခင်လေးဝင်း၊ တောင်ကြီးမြို့။ | ၁၀၀,၀၀၀/- |
| ၁၂။ | ဦးစိမ်း မိသားစု။ | ၁၀၀,၀၀၀/- |
| ၁၃။ | ဦးခင်ဇော် - ဒေါ်စန်းစန်းအေး မိသားစု။ | ၁၀၀,၀၀၀/- |
| ၁၄။ | ဦးကုလားဖြူ မိသားစု။ | ၁၀၀,၀၀၀/- |
| ၁၅။ | ကိုထင်ကျော် - မအေးအေးခိုင်၊ သား - အောင်အောင်ဦး၊ ဟိန်းထက်ဇော်။ | ၁၀၀,၀၀၀/- |
| ၁၆။ | ကိုဇင်မျိုးနိုင် - မဝင်းမာဦး မိသားစု။ | ၁၀၀,၀၀၀/- |
| ၁၇။ | ကောင်းဆက်ပွဲရုံ မိသားစု။ | ၁၀၀,၀၀၀/- |

http://www.dhammadownload.com

၁၈။ မခင်ခင်ဦး၊ ညီမ မနန်းမိုးသီတာ၊
ပဲရစ် (စ) ရတနာကုမ္ပဏီလီမိတက်၊
မန္တလေးမြို့။ ၁၀၀,၀၀၀ိ/-

၁၉။ ဦးအောင်မြင့်သိန်း၊ ကားဝပ်ရှော့၊
(၄၇၂) သစ္စာလမ်း၊ တောင်ဥက္ကလာ။ ၁၀၀,၀၀၀ိ/-

၂၀။ ဦးတင်ဝင်း - ဒေါ်ဝမ်းဝမ်း မိသားစု။ ၃၆,၀၀၀ိ/-

၂၁။ ဦးအောင်သူဆန်း - ဒေါ်ငွေးငွေးရီ မိသားစု။ ၃၀,၀၀၀ိ/-

၂၂။ ဦးတင်အောင်၊ ဒေါ်ကျင်ပု၊ စံပြရွှေဆိုင်၊
(၅၃)၊ ဝါးတန်းလမ်း၊ ရန်ကုန်မြို့။ ၃၀,၀၀၀ိ/-

၂၃။ သာသနာမိခင်ကြီး ဒေါ်ကျင်ယုံ၊
မဟာစည်သာသနာ့ရိပ်သာ၊ သဃ်န်းကျွန်း။ ၁၅,၀၀၀ိ/-

၂၄။ ဒေါ်ညွန့်ညွန့်၊ သား - ကိုထွန်းနိုင် မိသားစု။ ၁၀,၀၀၀ိ/-